
www.burmeseclassic.com

စာပေတိုက်

# လမင်းမိုမို

# ကျွန်မ မရှိတော့တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို
**ကျွန်မ မရှိတော့တဲ့အခါ**
ပထမအကြိမ်၊ ၂၀၁၆ ဩဂုတ်လ
**ဖြန့်ချိရေး**
မိဖုရားစာအုပ်တိုက်
ဖုန်း - ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
NIGHTLY Design
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၂၅၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက် (မြ-၀၀၀၀၅၀)၊ အမှတ်(၅/ခ' ဖေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ-၀၀၁၃၅) အမှတ် (၁၄၀)၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| ကျွန်မ မရှိတော့တဲ့အခါ၊ | လမင်းမိုမို၊ ရန်ကုန်။ |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၅ | |
| ၂၈၈-စာ၊ ၁၂ x ၁၈ စင်တီ။ | |
| ကျွန်မ မရှိတော့တဲ့အခါ | |


# လမင်းမိုမို

## ကျွန်မ... မရှိတော့တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

မိဖုရားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏
ထွက်ရှိပြီးသော စာအုပ်များ

၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်
၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...
၃။ ချစ်သူရဲ့ လက်အစုံဖြင့် ဆူးထွင်လှည့်ပါ
၄။ ကျွန်မကမ္ဘာပြိုသောအခါ
၅။ အာဒမ်များနှင့်နံရိုးများ
၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်
၇။ တသွင်သွင်
၈။ ချစ်ကြိုးနိုင်နိုင်ချည်
၉။ အသစ်သောနှောင်ကြိုး
၁၀။ ရုပ်သေးကလေးရဲ့ရာဇဝင်
၁၁။ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံစည်းသာ
၁၂။ မောင် (ဒုတိယအကြိမ်)
၁၃။ တစ်ယောက်အတွက် နောက်တစ်ယောက်



(၁)

သူ့ကို ပြောချင်တဲ့
စကားတွေတော့ ရှိခဲ့တယ်
ဒါတွေဟာ... ကျွန်မ မရှိတော့တဲ့အခါ
သူ့လွမ်းဆွတ်မှု တမ်းတမှုကို
ပိုပြီးပြင်းထန်နာကျင်စေမလားလို့လည်း
ကျွန်မ စိုးရိမ်မိတယ်။

ကျွန်မ မရှိတော့တဲ့အခါ
သူခံစားပြီး ကျန်ရစ်ခဲ့ရမှာချင်းတူတူ
ခံစားမှုအနည်းဆုံး
အသက်သာဆုံးဖြစ်မယ့်
အခြေအနေမျိုးနဲ့သာ
သူ့ကို ထားခဲ့ချင်တာပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



## ညိုချစ်ဆိုင်

မီးပွိုင့် မီးအစိမ်းကို စိတ်မရှည်စွာ ရင်မောစွာ မျှော်တကြည့်ကြည့်နှင့် "ညိုချစ်ဆိုင်" စိတ်စောနေပါသည်။ သားတို့ကျောင်းဆင်းသွားပြီ။ မီးစိမ်းသွားသည့်တိုင် ရှေ့ကကား တန်းဟာ ကျောင်းလမ်းဘက်ကို တသီတတန်း အစဉ်လိုက်ချီး ကွေ့နေကြသည်မှာ ကြာလွန်းလှတယ်ဟု ထင်မိလေသည်။

နဖူးပြင်အစပ်မှာ စို့တက်နေသော ချွေးမှုန်တို့ကို လက်ဖဝါးနှင့် ပွတ်သုတ်လိုက်ရင်း သားများ လမ်းမပေါ်ထွက် နေမလား လည်ပင်းရှည်ကာ မျှော်ကြည့်မိသည်။ သားကိုတော့ "ဖေဖေ နောက်ကျရင် လမ်းမပေါ် မထွက်ကြည့်ရဘူးနော်၊ ဟောဒီ အုတ်ခုံကလေးကပဲ အမြဲထိုင်စောင့်"ဟု သေသေချာချာ မှာထားပါသည်။ သားကလည်း သေသေချာချာ ခေါင်းညိတ်ပြခဲ့ပါသည်။

သားက "ပန်း"နှင့်တူသည်။ အမေတူသား။ နူတ်စကားနည်းပြီး မျက်လွှာကို ပင့်လှန်ကာ စူးစိုက်ကြည့်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဆံညိုညိုကြီးများနှင့်သာ သူပြောချင်တာကို အသံတိတ် ပြသတာဖြစ်သည်။ ထိုမျက်ဆံညိုညိုကြီးကြီးတို့ကို ဖတ်ရှု၍ ဘာကိုပြောချင်သလဲ ခွဲခြမ်းစိတ်ဖြာရသည်မှာ သူ့အဖို့ Puzzle တစ်ခု ကစားရသလို အမြဲစိတ်လှုပ်ရှားစရာ ကောင်းခဲ့ပါသည်။ သူ အတော်အသင့်လည်း ကျွမ်းကျင်နေပါပြီ။ သူ့မေမေ "ပန်း" ကိုလည်း သူထိုသို့အားဖြင့်သာ သိနားလည်အောင် ကြိုးစားခဲ့ ကျင့်သားရခဲ့တာမို့ပင်။

သားကို မြင်ရပြီ။

လူရှင်းစပြုသော ကျောင်းရှေ့က ကလေးအနည်း ငယ်ထဲတွင် သားရဲ့ မျက်နှာဖောင်းဖောင်းကလေးက ထင်းနေ သည်။ အင်မတန်ချောတဲ့ သား။ ကလေးတစ်ယောက်နှင့်ပင် မလိုက်ဖက်အောင် သားရဲ့မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းတို့ က ပြတ်သားထင်ရှားပြီး ရုပ်ရည်က လင်းထွက်နေပါသည်။ သားရဲ့မျက်ဝန်းများမှလွဲ၍ တစ်မျက်နှာလုံး သူနှင့်သာ ဆင်တူ သည်။ သို့ပေမဲ့ လူဘယ်လောက်များများကြားထဲ ရောညပ်နေပါ စေ ထင်းခနဲ လင်းထွက်နေတာကတော့ သူ့အမေနှင့် တစ်ထပ် တည်းတူတာပင်။

ညိုချစ်ဆိုင်က ကားကို ကျောင်းရှေ့ သားထိုင်နေ ရာလမ်းဘက်ခြမ်း ရောက်အောင် ဂ,ငယ်ကွေ့ ပြန်ကွေ့လိုက် သည်။ သူ့ကားကို မြင်သည်နှင့် သားက အုတ်ခုံမှထ,လာသည်။ သားမျက်နှာဟာ သုံးတန်းကျောင်းသားနှင့် မလိုက်ဖက်အောင် ကျွန်ုးကြီးပေသည်။





"ကျောင်းဆင်းတာ ကြာပြီလား သား"

ကားတံခါးဖွင့်ကာ သူ့နံဘေး ဝင်ထိုင်လိုက်သော သားကိုမေးလျှင် သားက သူ့ကိုပြုံးပြကာ ခေါင်းကလေးယမ်း ပါသည်။ ဘယ်မကြာပဲ ရှိပါ့မလဲ။ ကျောင်းသား နှစ်ထောင်ကျော် ရှိတဲ့ ကျောင်းမှာ ကျောင်းရှေ့၌ ကျောင်းသားလက်ကျန် ဆယ် ယောက်လောက်သာ ရှိတော့တဲ့ဟာ။

"မီးပွိုင့်တွေက ကြာတော့ ဖေဖေ ကားပိတ်နေလို့"

"ရပါတယ် ဖေဖေ၊ စောင့်ရတာ သား မပျင်းပါဘူး"

သား စကားပြောတာ တစ်ခါတစ်ရံ လူကြီးဆန်လှ ၍ သူ့စိတ် စနိုးစနောင့် ဖြစ်ရတတ်သည်။ သား၌ ကလေးတစ် ယောက်တွင် ရှိတတ်သော အမှားအယွင်း အပြစ်မျိုး အင်မတန် နည်းလေသည်။ အမြဲတမ်း ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင်ခြင် ခြင်ကလေး နေတတ်သော သားကို သူ တစ်ခါတစ်ရံ အားမရပါ။ ကလေးပီပီ ဆော့တာ ကဲတာ အပြစ်လုပ်တာမျိုးတွေ သား၌ အင်မတန်နည်းတာကို ကျေနပ်ဖို့ထက် အားမရစရာလို့ သူက ထင်သည်။

"နေ့လယ် ကျောင်းဆင်းတော့ ဆော့သေးလား သား"

သားက ခေါင်းခါသည်။

"မဆော့ပဲ သား ဘာလုပ်နေလဲ"

"သား ပုံပြင်စာအုပ် ယူလာတာ ဖတ်နေတယ်"

စာဖတ်ဝါသနာပါခြင်းကိုလည်း သားက သူ့အမေ ထံမှ အမွေဆက်ခံယူထားပါသည်။ ဘာစာမဆို ဖတ်ဖို့စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားသည်။ သင်ပုန်းကြီး သင်ကာစက ကားဖြတ်သွားရာ လမ်းဘေးတစ်လျှောက်မှ ဆိုင်းဘုတ်တို့ကို တစ်ခုချင်း အသံထွက်ဖတ်၍ ကားပေါ်ပါလာတတ်သည်။ ပန်းသည်လည်း သူကြိုက်တဲ့ စာအုပ်တစ်အုပ်ရလျှင် အားလုံးကိုပစ်ကာ ငြိမ်နေတတ်တော့တဲ့ သူပင်။ ထို့အပြင် စာဖတ်အားနည်းလှတဲ့ စာဖတ်ပျင်းလှတဲ့ သူ့ကိုလည်း ပန်းက အံ့သြစိတ်ပျက်ပုံရသည်။

"သားအတွက် ပုံပြင်စာအုပ်အသစ်တွေ နောက်အပတ်ကျရင် ဖေဖေ ရှာဝယ်လာပေးဦးမယ်"

"သားမှာရှိတာတွေ မှတ်သွားဦးနော်"

"အေးပါကွာ"

"မြန်မာ့ရိုးရာပုံပြင်များဆို ဖေဖေ ဝယ်လာတာတွေ ထပ်၊ ထပ်နေတာ"

"အေးပါကွာ၊ ဒီတစ်ခါ ဖေဖေ သေချာမှတ်သွားပါ့မယ်"

ကားရှေ့ မှန်ပြင်ကို ထွင်းဖောက်ငေးကာ ငြိမ်နေသည့်သားကို ညိုချစ်ဆိုင် ခိုးကြည့်ရင်း ...

"သား အိမ်ကျရင် ကိုယ့်ဘာသာ ခြေလက်ဆေးနော်၊ မေမေ မပြောရစေနဲ့ ကြားလား၊ အိမ်စာပါရင် ကိုယ့်ဘာသာလုပ်နော်၊ မေမေက အားရင် နေကောင်းရင်လည်း သားကို စာမေးတာ စာသင်တာ လုပ်လိမ့်မယ်၊ သူ မအားလို့ မသင်ရင်လည်း ထားလိုက်နော်၊ မေမေ နားပါစေ ... ဟုတ်လား"

"ဟုတ်ကဲ့ ဖေဖေ"





နာခံနားလည်စွာ ဖြေလိုက်သံကလေးကြောင့် သူ့ရင်ထဲ နင့်ရသည်။ ဘာကို သနားမှန်းမသိ သားကို သနားကရုဏာသက်လှသည်။ ရင်ခွင်ထဲထည့်ပြီး တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်ချင်သည်။ သူ့ရင်ဘတ်နှင့် သားရင်ဘတ် ဖိကပ်ထားရင်းက သူ့ရင်ထဲ နှလုံးသားထဲက နာကျင်ခြင်းများ သက်သာရာရမလားလို့ မျှော်လင့်မိသည်။

❖ ❤ ❖

သူ့နှလုံးသားများ နာကျင်ပင်ပန်းရခြင်းသည် သူမကို စတင်ဆုံစည်းရကတည်းက စတင်ခဲ့ပါသည်။

Arranged Marriage ဆိုတာကို ခေတ်ရဲ့ လုလင်ပျို တစ်ယောက်ဖြစ်တဲ့ ညိုချစ်ဆိုင် အဖို့ နှစ်သက်စရာ စီစဉ်ဖန်တီးမှုဟု ဘယ်တုန်းကမှ မယူဆခဲ့ပါ။ မေမေ အတန်တန် တဖွဖွပြောနေတဲ့ကြားက အဲဒီအိမ်ကို လိုက်ဖို့ငြင်းဆန်ရှေ့ဆိုင်းနေခဲ့တာ လ,အတန်ကြာပါသည်။ မိသားစုထဲမှာ ဖေဖေ တစ်ယောက်သာ ခပ်မဆိတ်ရှိပြီး မေမေရော မမကြီးရောက အဲဒီ "ဦးဆောက်ပန်း" ဆိုတဲ့ မိန်းကလေးကို ဘယ်ရေစက်ကြောင့်များ ချွေးမ ယောက်မ ဤမျှ တော်စပ်ချင်နေရသည်ကို သူ နားမလည်နိုင်အောင်ပင်။

"သားက မေမေတို့ လက်မခံနိုင်တဲ့ မိန်းကလေးမျိုးနဲ့ ကြိုက်နေတာမျိုးရှိလည်း တစ်မျိုးပေါ့၊ ခြေငြိမ်အောင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပေးစားမယ်ဆိုပြီး ဆိုးသွမ်းနေတဲ့သားမို့ စိစဉ်ရတာဆိုလည်း တစ်မျိုးပေါ့၊ သားလည်း သားဘာသား အေးအေးဆေးဆေး နေနေတာကိုဗျာ"

"ညို… နင် ပန်းလေးကိုတွေ့ရင် ငြင်းခဲ့တဲ့ အချိန်တွေအတွက် နောင်တတွေ အကြီးအကျယ် ရသွားမှာပါဟာ၊ နင်လည်း တစ်နေ့ မိန်းမယူရမှာပဲလေ၊ ခုထိလည်း ရည်းစားမထားသေးဘူး၊ အသက်က နှစ်ဆယ့်ရှစ်ထဲ ရောက်နေပြီလေ၊ ပြီးတော့… နင် ငါ့ကိုစာနာတယ် ညှာတာတယ်ဆိုရင် ငါ့ရဲ့အားနည်းချက်တစ်ခုအပေါ် နင် ကရုဏာသက်တယ်ဆိုရင် ငါတို့မိသားစုရဲ့ မျိုးဆက်အဖြစ် နင့်ဆီကရလာမယ့် ရင်သွေးကလေးတွေကိုပဲ ဖေဖေမေမေတို့ ငါတို့မျှော်လင့်နေရတယ်ဆိုတာ နားလည်ဖို့ ကောင်းပါတယ်မောင်လေးရာ"

"အာ… မမကလည်း၊ ညိုက အခု မိန်းမ မယူတာနဲ့ပဲ လူပျိုကြီး ဖြစ်တော့မှာမှ မဟုတ်တာ၊ ပြီးတော့ မမ ကိုယ့်ကိုယ်ကိုယ် အာနည်းချက် အားနည်းချက်နဲ့ ဒါကြီးကိုနေရာတကာထည့် စဉ်းစားမနေစမ်းပါနဲ့"

"နင်က ကာယကံရှင် ငါမှ မဟုတ်တာ ညိုရယ်"

အစ်မဖြစ်သူ ယဉ်မင်းဆိုင်နှင့် ညိုချစ်ဆိုင်က အသက်ရှစ်နှစ် ကွာပါသည်။ မမဟာ ငယ်ငယ်ကတည်းက အပျိုဖော်ဝင်စအရွယ်ကစပြီး ရင်သားမှာ အကြိတ်စုစုကလေးတွေ မကြာ





ခဏထွက် မကြာခဏလည်း ခွဲထုတ်ရတတ်ကာ နောင်လည်းထပ်ထွက်တတ်သေးတာပင်။ မမအသက် နှစ်ဆယ့်ငါးနှစ်လောက်ကျတော့ သားအိမ်မှာ ရေအိတ်ကလေးတွေ ခွဲစိတ်ထုတ်ရ သားဥပြွန်မှာ အလုံးအကြိတ်လေးတွေ ခွဲစိတ်ထုတ်ရ နှစ်ကြိမ်လောက်ခွဲရအပြီး နောက်ဆုံးတစ်ကြိမ်မှာတော့ သားအိမ်မှာ စပျစ်နိုင်လိုအလုံးအကြိတ် အတွဲလိုက်လေးတွေ ပွားလာကာ ဘိုင်ရော့ဖ်စီလုပ်ကြည့်တဲ့ အဖြေရလဒ်ကို မီးယပ်သားဖွားပါရဂူက မကြိုက်လှ၍တစ်ကြောင်း၊ မေမေနှင့် မမတို့ကိုယ်တိုင် နောင်အရှည်အတွက် အသက်အန္တရာယ် ခြိမ်းခြောက်နိုင်မည့် ကင်ဆာဝေဒနာမျိုးအတွက် စိုးရိမ်ပူပန်ကြ၍တစ်ကြောင်း၊ သားအိမ်ကို ထုတ်ပစ်ခဲ့ရတဲ့ အဖြစ်အပျက်ဟာ မမကို များစွာ စိတ်ဒဏ်ရာ ပေးခဲ့ပါသည်။

မမဟာ သူ့ရဲ့အားနည်းချက်ကြီးကို စိတ်အစွဲအလမ်းကြီးလှပြီး သူ့ချစ်သူကိုပင် လက်ထပ်ဖို့ မရည်ရွယ်တော့ဘဲ ဖြတ်တောက်ခဲ့ပါသည်။ သို့ပေမဲ့ ယောက်ဖလုပ်သူက လက်မခံခဲ့ပါ။ သူ့မေတ္တာစစ် မေတ္တာမှန်ကြောင့် နှစ်နှင့်ချီကာ မမကို ဆက်လက်ချဉ်းကပ် ဖျောင်းဖျတိုးလျှိုးပြီး မဖြစ်မနေ လက်ထပ်ခွင့်တောင်းဆိုခဲ့တာမို့ အသက်သုံးဆယ်အရွယ်ကျမှ နောက်ဆုံး ပြန်လည်လက်ခံ ခေါင်းညိတ်ပြီး လက်ထပ်ဖြစ်ခဲ့ကြတာ။

"မင်း စဉ်းစားရင်လည်း စဉ်းစားဦးပေါ့၊ ဒါပေမဲ့ သေချာလေး စဉ်းစားဆုံးဖြတ်နိုင်အောင်တော့ ပန်းလေးကို မင်းအပြင်မှာ မြင်ဖူးအောင်တော့ လိုက်တွေ့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အဲဒီအချိန်မှာ ဦးဆောက်ပန်းရဲ့ သာမန်ဓာတ်ပုံကလေး တစ်ပုံကိုတော့ ညိုချစ်ဆိုင် မြင်ဖူးပါပြီ။ မျက်နှာတည့်တည့်လေးနှင့် မတ်တတ်ရပ်လျက်လေး ရိုက်ထားတဲ့ ရိုးရိုးဓာတ်ပုံလေး။ ပိန်သွယ်ရှည်လေးနှင့် သူမက မပြုံးမရယ် မတ်တတ်ရပ်လျက်သား။ ချောမောလှပသူလေး ဆိုတာလည်း ညိုချစ်ဆိုင် လက်ခံပါသည်။

မိန်းကလေး တစ်ယောက်ကို ချောတယ် လှတယ် ချစ်စရာ ကောင်းတယ်ဆိုရုံမျှဖြင့်တော့ ချစ်မိသွားဖို့ဆိုတာ အလှမ်းဝေးနေသေးပေမယ့် မေမေနှင့် မမ ကျေနပ်ပါစေတော့ရယ်လို့ ညိုချစ်ဆိုင်က "ဦးဆောက်ပန်းကို အပြင်မှာမြင်ဖူးအောင် ကြည့်ပါမည်"ဟု ကတိပေးခဲ့လိုက်တာ။ သို့သော် မေမေနှင့်အတူ အဲဒီအိမ်ကို လိုက်ပါသွားပြီး ကြည့်ဖို့က ဘလိုင်းကြီး ဖြောင်ကျလှတဲ့အတွက် သူမရဲ့အလုပ်ခွင်ကိုသွားပြီး သူမ မမြင်နိုင်တဲ့ တစ်နေရာက မသိမသာ စောင့်ကြည့်ဖို့ကို သဘောတူခဲ့ကြပါသည်။

Arranged Marriage ကို မယုံကြည်သော ညိုချစ်ဆိုင်သည် love at first sight ကိုလည်း ယုံကြည်ခဲ့သူ မဟုတ်ပေ။ အဲဒီနေ့က တကယ်တော့ သူမကို မြင်ဖူးရုံ ကြည့်ရုံသက်သက်သာပင်။ သူမရဲ့တာဝန်ချိန် ဇယားကို မေမေကတစ်ဆင့် သူမအမေထံမှ သိခွင့်ရပြီးတဲ့နောက် အဆင်ပြေသော နေ့တစ်နေ့မှာ လေဆိပ်ကို သူ ရောက်ခဲ့ပါသည်။ ကားပါကင်နေရာမှာ ကားကိုရပ်ထားခဲ့ပြီး လူချည်းသက်သက် အပြည်ပြည်ဆိုင်ရာဆိုက်ရောက်ဘက်သို့ သူဝင်ခဲ့ကာ ပေါ်တီကို အကျယ်ကြီးအောက် ဝင်ပေါက် ထွက်ပေါက်တို့နှင့် ကားလမ်းခြားသော တစ်ဖက်ခြမ်းမှာ ခွာကွက်စီသမားအချို့အနီး ရောနှောပြီး လက်ပိုက်ရပ်နေခဲ့ပါသည်။

သူမ ပါလာမယ့်လေယာဉ် ဆိုက်ရောက်လာတာ လေယာဉ်ပေါ် ပါလာတဲ့ ခရီးသည်တွေ တဖွဲဖွဲတစစ အပြင်ကို ထွက်လာကြတာတွေကို စောင့်ဆိုင်းပြီး အတန်ကြာတဲ့အခါမှာတော့ လေဆိပ်အဆောက်အအုံထဲက သူမတို့ ထွက်လာခဲ့ပါပြီ။ သူမတို့လေကြောင်းလိုင်းရဲ့ယူနီဖောင်း မီးခိုးနှင့် ကြက်သွေးရောင် အပေါ်အောက် လှပစွာ စပ်ဟပ်ထားသည့် ဘလောက်စ်လက်စက ဒူးနားချိတ်လုံချည်လေးတို့နှင့် မိန်းကလေးသုံးဦး ယှဉ်တွဲထွက်လာတဲ့အထဲက လက်ယာဘက်ဆုံး တစ်ယောက်ဟာ ဦးဆောက်ပန်းဆိုတာလည်း သူ မှတ်မိလိုက်ပါသည်။

အပြင်ဘက်ရောက်လျှင် ကျန်တဲ့နှစ်ယောက်က နှုတ်ဆက်၍ တစ်ဖက်ကို လမ်းခွဲထွက်သွားချိန်မှာ သူမ တစ်ယောက်တည်း လက်ဆွဲကိုင်းနှင့် လပ်ဂေ့ချ် အသေးလေးကို ဆွဲရင်း အဆောက်အအုံထဲဘက် တစ်ချက်လှည့်စောင့် လည်ပြန်ငေးဖနေခဲ့သည်။ စောင်းငဲ့နေတဲ့အတွက် ဆံပင်အပြောင်သိမ်းထားသော သူမရဲ့နဖူးပြင် ဝင်းဝင်းရှင်းရှင်းလေး၊ လှပပြေပြစ်သော နှာတံစင်းစင်းလေးနှင့် သွယ်ရှင်းချောမွတ်သော လည်တိုင်ကလေးတို့ရဲ့အလှက ထင်ရှားနေသည်။







www.burmeseclassic.com

www.burmeseclassic.com



အင်း… လှတဲ့ မိန်းကလေးပါ။ ချစ်စရာ ကောင်းလွန်းသူလေးပါ။

ထိုစဉ်တုန်း သူမ မျှော်စောင့်နေပုံရတဲ့ သူက အပြင်ဘက် ထွက်လာပါသည်။ ခြောက်ပေကျော်အရပ်နှင့် လေယာဉ်မောင် လူရွယ် သူမအနား ရပ်လိုက်ချိန်မှာ ပြုံးကော့သွားတဲ့ သူမရဲ့နှုတ်ခမ်းဖူးလေးများ၊ နူးညံ့ရွှန်းလဲ့သွားတဲ့ သူမရဲ့မျက်နှာထား။ အဲဒီအပြင် ထိုလူရွယ်ကို ရွှန်းရွှန်းစားစားလေးမော့ကြည့်လိုက်တဲ့ အရည်လဲ့ဖြာသော သောက်ရူးကြယ်ညီနောင်လိုတင်စားရမည့် မျက်ဝန်းအကြည့်။ အဲဒီအကြည့်။ အဲဒီအကြည့်နှင့် အပြုံးကလေးထဲမှာ ညိုချစ်ဆိုင်ရဲ့ အာရုံများ စူးနစ်တွယ်ငြိလျက် သူ့ကိုယ်သူ ဘာဖြစ်သွားတယ် မသိအောင် ခေတ္တခဏမျှ အသက်ရှူရှိုက်ခြင်းမဲ့ကာ အသက်ရှင်လျက်နှင့် သေဆုံးခဲ့ရသလိုပင်။

ဦးဆောက်ပန်းရဲ့ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းကြည့်နှင့် ချစ်ခင်မြတ်နိုး အားကိုးသော ကိုယ်ဟန်အလုံးစုံကို ခံယူပိုင်ဆိုင်ခွင့် ရသူဟာ ကိုယ်သာလျှင် ဖြစ်လိုက်ချင်တော့တဲ့ ပြင်းပြသောဆန္ဒက ညိုချစ်ဆိုင်ရဲ့ ကိုယ်စိတ်အလုံးစုံကို တစ်မုဟုတ်ချင်း လွှမ်းခြုံသွားခဲ့လေသည်။

❖ ❤ ❖





## ညီစေ

ဘားထဲ ဝင်လိုက်သည်နှင့် ထောင့်စားပွဲတစ်ခုမှာ စွမ်းထက်ကို လှမ်းမြင်သည်။ ညီစေက လက်ထောင်ပြလိုက်ရင်း အဲဒီစားပွဲရှိရာ လျှောက်လာခိုက် ဖြတ်ကျော်လာတဲ့ အထဲက မျက်မှန်းတန်းသူ တချို့ကို ပြုံးပြ နှုတ်ဆက်လာခဲ့ပါသည်။ သူ့ကို လှမ်းနှုတ်ဆက်တဲ့ သူတို့ဟာ အမျိုးသမီးများသာ ဖြစ်နေခြင်းကတော့ သူ့ဘဝမှာ ဘယ်တုန်းကမှ တကူးတကလည်း မဖန်တီး တကူးတကလည်း ရှောင်လွှဲမရခဲ့တဲ့ မွေးရာပါ သူ့ရဲ့ဇာတာပါ၊ ပီယစန်းတစ်မျိုးတည်း။

"ကြာပြီလား ရောက်တာ"

"ခုနကမှပါ"

"နက်ဖြန်ညမှ အေးဆေးတွေ့ရအောင်ပါဆို၊ သန်ဘက်ခါ ငါ ဖလိုက်မရှိဘူး အားတယ်လေ၊ ဒီတော့ ညဉ့်နက်ထိနေလို့ သောက်လို့ ကဲလို့ ရတယ် မင်းက ဒီညမှ ဒီညဖြစ်နေတယ်၊ နက်ဖြန် ငါက ဖလိုက်ရှိပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ပိုင်းဆို"

"အေးလေ... ဒါတော့ ဒါပေါ့"

"မနက်စောစောမှ မဟုတ်တာကွာ"

"ဒါပေမဲ့ ငါညဥ့်နက်နက်တော့ နေလို့မရဘူးလေ"

"နည်းနည်းတော့ သောက်လို့ရတယ် ဟုတ်လား"

ညီစေက စွမ်းထက်ကို မဖြေတော့ဘဲ အနားရောက်လာတဲ့ ဝိတ်တာကို လက်နှစ်ချောင်းသာ ထောင်ပြလိုက်ပါသည်။ သူသောက်နေကျကို သိနေသော ဝိတ်တာလေးက နှစ်ပက်ထည့်လာလိမ့်မည်။

ညီစေက စားပွဲပေါ်လက်ပိုက်တင် ရှေ့ကိုကိုင်း၍ စွမ်းထက်ကို စေ့စေ့ကြည့်ကာ...

"မင်း... ဘာလဲ၊ အသည်းကွဲနေလို့လား"

"မင်းအဘ အသည်းကွဲစရာလား"

"မဖုံးကွယ်စမ်းပါနဲ့ကွာ၊ မင်းအသည်းမကွဲဘဲနဲ့ ငါ့ကို အခုဆိုအခု ဒီညပဲ တွေ့ချင်တယ် ဖြစ်စရာ အကြောင်းမှ မရှိတာ"

"မင်းကို သက်သက်တွေ့ချင်တာပါ ညီစေရာ၊ အသည်းကွဲစရာတွေ ဘာတွေ မရှိပါဘူး"

"ငါကြားတယ်လေ၊ မင်း'...'ဂေါ့ဖ်ကွင်းကို မသွားတော့ဘူးဆိုတာ၊ မင်းမိန်းမ နည်းနည်းပါးပါး ရိပ်မိသွားလို့ မင်းဘရိတ်အုပ်လိုက်ရတယ် မဟုတ်လား၊ ကွင်းတောင်





ချိန်းလိုက်ရတယ် ဆိုတော့ အနည်းနဲ့အများကတော့ မင်းထိနေမှာ အသေအချာပေါ့"

"ဟာကွာ... မဟုတ်ပါဘူးကွာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ငါ့ကို မင်းတို့ တူတူရိုက်တဲ့ အုပ်စုထဲကပဲ ကိုကျော်မင်းကြီး ပြောတာတောင် ကြာပြီ၊ ကောင်မလေးက ခုမှ ဖိုင်နယ်လ်ယီးယားဆိုလား၊ ငါ့ကို လာဖုံးဖိမနေနဲ့"

"မဖုံးဖိပါဘူးကွ၊ ငြင်းလည်း မငြင်းပါဘူး၊ အသည်းကွဲတယ်ဆိုတာသာ မဟုတ်ပါဘူးလို့ ပြောတာပါ"

"အေးလေ... အသည်းမကွဲရင် ကောင်းပါတယ်၊ ဒါတွေက ပျော်စေ ပြက်စေလောက်ပဲ ကောင်းပါတယ် စွမ်းထက်ရာ၊ နစ်ကျွံသွားမှာမျိုး အထိတော့ ငါ သဘောမကျပါဘူး၊ အေးဆေးနေပါ စွမ်းထက်ရာ"

"အမယ်လေး... သူက ပြောရှာတယ်၊ အေးဆေးနေတဲ့"

"ပြောတယ်လေ"

"မင်းကျတော့ရော"

"ဟော့ကောင်..."

ညီစေက ကိုယ်ကို ရှေ့သို့ ထပ်ကိုင်းလိုက်ရင်း စွမ်းထက်ကို မျက်လုံးချင်း စူးစူးရဲရဲ ဆိုင်လိုက်ပါသည်။

"မင်း ဘာလဲ၊ ငါ ဘာလဲ၊ မင်း အိမ်ထောင်သည် ငါ လူပျိုကွ၊ ငါ့ဟာငါ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် ငါ့ရေ



www.burmeseclassic.com

www.burmeseclassic.com



ငါနိုင်ရင် ပြီးတယ်၊ မင်းက မပြီးဘူး၊ မင်း အဲသလိုနေချင်ရင် အစကတည်းက မီးမီးကို လက်မထပ်နဲ့၊ လူပျိုပဲ နေခဲ့ပေါ့ကွ၊ အခု မင်းမှာ မီးမီးနဲ့လေ၊ မိန်းမနဲ့လေ၊ ကိုယ်ယူထားတဲ့ မိန်းမကွာ စွမ်းထက်ရာ၊ ကိုယ်မှ သစ္စာမရှိရင် သူတို့ ဘာလုပ်ရမလဲကွာ၊ မင်း စဉ်းစားပါ၊ သနားစမ်းပါ စွမ်းထက်ရာ"

"အေးပါကွာ… မင်းကလည်း၊ ငါ ဘာမှမဟုတ်ပါဘူးဆို၊ ဒီလိုပဲ ဝေလေလေလောက်ပါ"

"မဟုတ်ပါဘူး… ငါ ကြားပါတယ်ဆို"

"အေးလေ… ဝေလေလေထက် နည်းနည်းကလေးပဲ ပိုတာပါကွာ၊ ကဲ… အခု… ငါ အဲဒီကွင်းတောင် ဂေါ့ဖ်သွားမရိုက်တော့ဘူးလေ၊ ငါလုပ်ရမှာ ငါသိပါတယ်၊ အခု လုပ်သင့်တာ လုပ်လိုက်တယ်ဆိုရင် ပြီးပြီ မဟုတ်လား၊ မင်းက တကယ်ပဲ၊ လူကိုတွေ့တာနဲ့ လက်ချာရိုက်တော့တာပဲ၊ ဆရာကြီးရယ်… မှားပါတယ်၊ သစ္စာရှင်ကြီးရယ်"

"အေး… ပြီးရော"

"ကဲ… ပြောပါဦး၊ သစ္စာဆိုတာ လင်မယားမှာမှ ရှိရတာလား၊ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတဲ့ အကြောင်းလေး ပြောပါဦး၊ ပလေးဘွိုင်းကြီး ကျနေတာပဲ၊ စွန်ချက်ကတော့ လန်ထွက်နေတယ်၊ မင်းရော ဒါတွေ ဘယ်တော့မှ ရပ်မှာလဲ"





"လိုအပ်ရင်တော့ ရပ်မှာပေါ့ကွာ၊ မလိုသေးတော့လည်း မရပ်သေးဘူးပေါ့၊ ရပ်တယ် မရပ်ဘူး ဆိုတာလည်း ငါဆိုတဲ့ကောင်က ငါ့နေရာ ငါရပ်နေတဲ့ကောင်ပါ စွမ်းထက်ရာ၊ မင်း သိပါတယ်၊ ငါ ဘယ်သူ့ဘဝထဲမှ လိုက်ဝင်နေတာ မဟုတ်ဘူးလေ၊ ငါ့ဘဝထဲ ဝင်ဖို့ကြိုးစားနေကြတဲ့ သူတွေသာ ငါ့အဝန်းအဝိုင်းထဲ ရောက်ရောက်လာတာလေ၊ မင်းတို့မြင်နေတာ အဲဒါတွေလေ…

"ငါ သူတို့ကို သစ္စာရှိရအောင်က ဘာကတိမှလဲ ပေးထားတာ မဟုတ်ဘူး၊ သစ္စာရှိပါ့မယ်လို့လည်း တစ်ခွန်းမှ မပြောဖူးဘူး။ သစ္စာရှိဖို့လည်း မလိုလောက်ပါဘူးကွာ၊ ငါနားလည်ထားတာတော့ အချစ်ရေးမှာ သစ္စာဆိုတာ ကိုယ်သိပ်ချစ်ရတဲ့ သူအတွက်သာ ရှိပေးနိုင်မယ့် အရာမျိုးပါ၊ ကိုယ်သိပ်ချစ်တဲ့ သူကလွဲရင် ငါ ဘယ်သူ့မှ သစ္စာရှိပေးနေဖို့ မလိုဘူး ထင်တာပဲ"

စွမ်းထက်က ညီစေ့ကို စိုက်ကြည့်ကာ အားယူနေပါသည်။ သူ ဒီည ညီစေ့ကို ခေါ်ချိန်းရခြင်းမှာ စကားတစ်ခွန်းတည်းကိုသာ ပြောလို အသိပေးလို၍ ဖြစ်သည်။ ဒါလေးပြောပြီးရင် ပြီးပြီ။ သို့သော် ဒါကိုပြောဖို့ သက်သက်ခေါ်ယူတာလို့လည်း ညီစေ မထင်စေလို။ ပေါ့ပေါ့ပါးပါးသာ သိသွားစေရုံလောက်သာ သူလိုချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒါဆိုလည်း ဆိုပါတော့ကွာ၊ မင်း ခုလိုကောင်မလေးတွေ ထည့်လဲတွဲနေတာ ဦးဆောက်ပန်း အပေါ်ရော သစ္စာရှိတယ် မရှိဘူး ဘယ်လိုသဘောထားလဲ"

ညီစေရဲ့ ရယ်ဟဟ အသွင်သဏ္ဍာန်ဟာ တမုဟုတ်ချင်းပင် အေးစက်သွားပါသည်။ ပေါ့ပေါ့ပါးပါး ကိုယ်ဟန်ကလည်း အတန်ကြာ တောင့်တင်း ငြိမ်သက်သွားရပြီးမှ...

"စွမ်းထက်... မင်း မဆီမဆိုင် ဘာလို့ သူ့နာမည်ထည့်ပြောတာလဲကွာ"

"မဟုတ်ပါဘူးကွာ... ဆောရီးပါ၊ ဟိုအရင် ခါတိုင်းလည်း တစ်ခါတစ်ရံ မင်းကိုယ်တိုင်တောင် ထည့်ပြောနေတာပဲမို့လို့ပါ၊ မင်းက သိပ်ချစ်တဲ့သူအပေါ်သာ သစ္စာရှိနိုင်မယ် ပြောလို့ ငါက ဘာရယ်မဟုတ် ကောက်မေးလိုက်မိတာပါ"

ညီစေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။

"ငါ သူ့ကို သစ္စာရှိရမယ် မရှိရဘူး၊ ရှိသင့်တယ် မရှိသင့်ဘူးတောင် မစဉ်းစားတတ်ပါဘူးကွာ၊ ခုထိ သစ္စာရှိပေးနေရင်ပဲ သူ့အတွက် ထိခိုက်မလား၊ ငါ ငရဲကြီးမလား၊ သစ္စာမရှိရတော့ဘူးလား၊ သူ့အတွက် တစ်စုံတစ်ရာ လုပ်ပေးနေရမှာလား၊ အဲလို လုပ်ပေးနေလို့ရလား၊ အာ... အဲဒါတွေ မသိဘူးကွာ၊ မင်း ငါ့ကို သက်သက်ဒုက္ခပေးပြီကွာ၊ ငါ နက်ဖြန် ခရီးစဉ်ရှိပါတယ်ဆို"





"ဆောရီးပါကွာ... ငါ သတင်းတစ်ခုကြားလို့ ခေါင်းထဲကို သူ ရောက်နေလို့ ပြောမိတာပါ"

"ဘာသတင်းလဲ"

"ဩော်... သတင်းထူးကြီးတော့လည်း မဟုတ်ပါဘူး၊ ဟိုဟာပါ၊ ဦးဆောက်ပန်း သိပ်နေမကောင်းဘူးလို့ စကားစပ်ပြီး ကြားမိလို့ပါ၊ ဘာမှ မဟုတ်ပါဘူး"

စွမ်းထက်က စကားကို ညှိမျှနှင့် ရပ်လိုက်ပါသည်။ အဲသလောက်ပဲ ပြောချင်ပါသည်။ ငြိမ်သက် အေးစက်ပြီး သိသိသာသာ စကားနည်းသွားတော့တဲ့ ငယ်ပေါင်းသူငယ်ချင်း ညီစေ့ကိုလည်း သူ စိတ်မကောင်းစွာ အရိပ်တကြည့်ကြည့် လုပ်နေမိပါသည်။

❖ ❤ ❖

သူမရဲ့နာမည်ကို စကားတွေထဲမှာ မကြားတာကြာပြီမို့ ပြန်ကြားရချိန်မှာ ညီစေ့ စိတ်တွေ အရင်အတိုင်း ပြန်လည်လှုပ်ရှားရပါသည်။ မကြားချင်လောက်အောင် နာကြည်းခြင်းမျိုး သူ့ရင်မှာ ဘယ်တုန်းကမှ တစိုးတစိ မရှိခဲ့သော်လည်း အသိုင်းအဝိုင်း အပေါင်းအသင်းတို့က တမင်တကာ ဆင်ခြင်ကာ မပြောဘဲ နေခဲ့ကြ၍ ဖြစ်မည်။ သူမရဲ့အမည်ကို သူမရဲ့အကြောင်းကို စကားတွေထဲမှာ မကြားရတာ အတန်ကြာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲကြာကြာ သူမကို အတန်ကြာမေ့လျော့နေသည်ရယ်လို့ ညီစေ့အချိန်ကာလများ၌ မရှိခဲ့ပါ။ သူ့အနား မိန်းကလေးတစ်ယောက်ယောက် ရှိနေလျှင် ပန်းနှင့်သာသူ လက်တွဲဖြစ်ခဲ့ပါက ဒီမိန်းကလေး သူ့အနား အခုလို ရှိနေခွင့်ရမည်မဟုတ်ဟု တွေးသည်။ လေယာဉ်ပေါ်ရောက်တိုင်း သူမကို လေကြောင်းလိုင်းယူနီဖောင်းလေးနှင့် ပြန်မြင်ယောင်သည်။ ခရီးတစ်ခုခု တစ်နေရာရာကိုရောက်လျှင် ပန်းနဲ့သာ သူဆုံစည်းခဲ့ပါက နံဘေးမှာ သူမပါလာမှာပဲဟု စဉ်းစားမိသည်။ သူမကြိုက်တဲ့ အစားအစာ၊ ပစ္စည်းတစ်ခုခု စသည်တို့ကို တွေ့တိုင်းသတိရသည်။ သူမ နှစ်သက်တဲ့ မင်းသား မင်းသမီး အဆိုတော်တို့ကို အရင်ကထက် သူပိုကြိုက်နှစ်သက်လာမိသည်။ သူမ မကြိုက်တဲ့ အရာတို့ကို ခုထိ သူ ရှောင်ရှားတုန်းပင်။ ကိစ္စတစ်ခုခုနှင့် ဖုန်းပြောဖို့ ဖုန်းကိုင်လိုက်ရတိုင်းလည်း ပန်းဆီသို့ ဖုန်းဆက်လိုစိတ် အမြဲတမ်း ပြင်းပြဆဲပါပင်။

အချိန်တော်များများတွင် သူ့ခါးကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်း သိမ်းကာဖက်ပြီး မေးစေ့လေးမော့ကာ တီတီတာတာ စကားပြောတတ်တဲ့ ဦးဆောက်ပန်းကို သူလွမ်းဆွတ်မိပါသည်။ သူမရဲ့မျက်ခုံးလေးပင့်ပုံ၊ မျက်လုံးလေးကြည့်ပုံ၊ လုံးဝန်းသွယ်ကော့နေတဲ့ နှာသီးဖျားလေး၊ ပန်းနုရောင် နှုတ်ခမ်းထူထူအာအာလေး၊ သိပ်ပြီး မညီညာလှတဲ့ သွားကလေးတွေ၊ ဒါတွေကို အသေးစိတ် တစ်ခုချင်း အမှတ်ရ အောက်မေ့ပြီး ငိုချင်လာအောင်





သူ တမ်းတလွမ်းဆွတ်ပါသည်။ လွမ်းဆွတ်မိလို့ ငရဲကြီးတတ်တယ်ဆိုရင်တော့ ငရဲကြီးပါစေတော့။ အလွမ်းဆိုတာဟာ သူကလုပ်ယူတာ မဟုတ်ဘဲ သူ့အလိုလို ဖြစ်လာတတ်သော ဝေဒနာတစ်ရပ်မို့ မလွမ်းချင်တောင် သူ မလွမ်းဘဲ နေလို့မှမရခဲ့တာ။

သူမက ချစ်စရာကောင်းလွန်းတဲ့ အပြုအမူလေးများကို လုပ်တတ်ခဲ့သူလည်း ဖြစ်ခဲ့ပါသည်။

"အောက်ပါမေးခွန်းများကို အပုဒ်စေ့ ဖြေပါ။ (၁၀)မှတ်

(၁) သင် ဒီနေ့ အိပ်ရာထထချင်း သတိရသူမှာ မည်သူနည်း။ (၁)မှတ်

(၂) မနေ့က ဦးဆောက်ပန်းနှင့် ဖုန်းပြောအပြီး ဖုန်းချလိုက်သော အချိန်နာရီ အတိအကျကို ဖြေပါ။ (၁)မှတ်။

(၃) ဦးဆောက်ပန်းကို သင်ပေးထားသော ကတ်နှစ်ခုအနက်မှ နှစ်သက်ရာတစ်ခုကို ဖော်ပြပါ။ (၁)မှတ်

(၄) ဦးဆောက်ပန်း၌ အသည်းနှလုံး တစ်ခုသာရှိသည်။ ထိုတစ်ခုကို ညီစေ့အား ပေးလိုက်သောအခါ သူမ၌ မည်မျှကျန်သနည်း။ (၁)မှတ်

... ... ... ... ... ...

... ... ... ... ... ..."

ထိုသို့သော မေးခွန်းစာရွက်လေးတွေနှင့် သူ မကြာခဏ စာမေးပွဲဖြေရတတ်ပါသည်။ တစ်ခါတစ်ရံလည်း ပန်းက



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကရ မေးခွန်းမျိုးတွေ ခပ်ညစ်ညစ် မေးတတ်သည်။ သူ့ကို စိတ်တိုတဲ့အခါ စိတ်ကောက်တဲ့ အခါတွေမှာ ကတ်သီးကတ်သတ် အဖြေခက်တာမျိုးတွေလည်း မေးတတ်သည်။ ထိုမေးခွန်းစာရွက်လေးတွေ ရတဲ့အခါတိုင်း သူ့မှာ ပန်းကိုချစ်ရလွန်း၍ ပြုံးပြုံးကြီး ဖြစ်မနေမိအောင် သူ့ကိုယ်သူ ထိန်းမရပါ။

ဒီလို ဘာမဟုတ်တဲ့ မေးခွန်းလွယ်လွယ်ကလေးတွေကိုပဲ သူ့မှာ ဂရုတစိုက် ကြိုးစားဖြေနေမိတတ်ကာ အမှတ်ပြည့် ဆယ်မှတ်ရရင်ကိုပဲ အလွန်ပျော်နေခဲ့ရဖူးတာကို ပြန်တွေးမိတော့ မချိပြုံးလေး ပြုံးမိတတ်ပါသည်။

တကယ်တော့ ခြောက်တန်းနှစ်ကစပြီး သူတို့နှစ်ယောက် တစ်ကျောင်းတည်း တစ်တန်းတည်း ဖြစ်ခဲ့ကာ ခင်မင်ရင်းနှီးခဲ့သော သံယောဇဉ်က ခိုင်မာနက်ရှိုင်းလှလွန်းပါသည်။ ကိုးတန်း ဆယ်တန်း အချိန်ကာလများမှာတော့ တစ်ယောက်ကိုတစ်ယောက် အသည်းပို အကြင်နာပို ဂရုစိုက်ပိုကြတဲ့ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေက စ,ချင် ပြောင်ချင်ပြီ။

"အေးဟယ်... အဲဒီတော့ ဘာဖြစ်သေးလဲ၊ ညီစေ့ကို ငါက ပိုဂရုစိုက်တယ်... ဟုတ်တယ်၊ ဘာဖြစ်လဲ... ကဲ"

သူ ရယ်ကျဲကျဲ လုပ်နေခိုက်မျိုးမှာ ပန်းကတော့ ခပ်ရွှတ်ရွှတ် အဖြေပေးတတ်သည်။ အဲဒီတုန်းကတည်းက ပန်းသူ့ကို သိပ်ချစ်တာ သူသိနေ ခံစားနေခဲ့ရပြီး သူ ပန်းကို သိပ်ချစ်တာကိုလည်း ပန်း ခံစားနားလည်နေမှာ သူသိသည်။ တကယ်





တော့ ကလေးဘဝရဲ့ ဖြူစင်နက်ရှိုင်းသော သံယောဇဉ် ဆိုသည်မှာ အလွန်တရာ ခိုင်မာတာမျိုးကလား။ အဲဒီ အဖြူရောင်သံယောဇဉ်ပေါ်မှာ အခြေခံပြီး စည်ပင်ဖွံ့ဖြိုးလာခဲ့တဲ့ သူတို့ရဲ့ အချစ်များကို ဘယ်အရာကမှ ဘယ်တော့မှ ဖျက်ဆီးဖြိုခွဲလို့ ရလိမ့်မည်ဟု သူ မထင်ခဲ့။

ယုံကြည်ခဲ့သည်။ သူတို့နှစ်ယောက် အတူလက်တွဲကာ နှစ်ယောက်အတူ ကြီးပြင်းအိုမင်းကြရမည်လို့...။ ဆုံးဖြတ်ချက် ခိုင်မာခဲ့သည်။ ဦးဆောက်ပန်းကလွဲလျှင် ဘယ်မိန်းမတစ်ယောက်ကိုမှ သူ့နှလုံးသား သူ့ဘဝတို့ နှင်းအပ်ပြီး သူ လက်မထပ်နိုင်ပါဘူးလို့...။ နောက်ဆုံး အချိန်ထိ။ သူမရဲ့စကားတစ်ခွန်းကို မကြားခင်အထိ။ ထိုစကားကိုတော့ မျက်ရည်များ ရှိုက်သံများနှင့် သူမ ပြောခဲ့တာပါ။

"ညီစေ... ငါ သူ့ကို လက်ထပ်လိုက်တော့မယ် သိလား၊ လက်ထပ်ကြရမှ နင်နဲ့ ငါ့ရဲ့အချစ်တွေက ရှင်သန်နေမှာမှ မဟုတ်ဘဲ၊ ငါ သူ့ကို မချစ်ဘူး။ နင့်ကို သိပ်ချစ်တယ်ဆိုတာ နင် ယုံနော်"တဲ့။

အဲဒီတုန်းကများ ကိုယ့်နားကိုယ် မယုံနိုင်၊ ကိုယ့်ကိုယ်ကိုယ် အသက်ရှင်ရက်နှင့် အသက်သေခဲ့ပြီလို့ သူ ထင်မှတ်ခဲ့မိသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၂)

"အဲဒီနေရာက ဖေဖေ့အတွက် ရည်ရွယ်ပြီးသား၊ ဖေဖေ့နာမည် အကြမ်းထွက်ပြီးသား၊ အတွင်းစကားလည်း သေချာရထားပြီးသား၊ အဲဒီမိန်းမသွားပြီး ကန့်တော့ပန်း ဆင်လိုက်တာလေ၊ ယောက်ျားက မတော်တော့ မိန်းမက နောက်ကွယ်ကနေ လှုပ်ရှားသလား မမေးနဲ့၊ သူ့ယောက်ျား ဒီနေရာထိရောက်လာတာလည်း တောက်လျှောက် သူ့မိန်းမ အဝင်အထွက်ကောင်းလို့ပဲ၊ ဒေါ်သင်းမော်တို့က ဒါမျိုးသိပ်ကျွမ်းကျင်တာလေ ...

ကိုယ်တွေကတော့ သူ့လိုလည်း မိဘအမွေအနှစ်တွေ အလကား ရမထားဘူး၊ ငွေလည်းမပေါ်ဘူး၊ နောက်ဖေးပေါက်က တက်ပြီးလည်း ဂါရဝတွေ ပြုမနေနိုင်ဘူး၊ ကိုယ့်အစွမ်းအစ ကိုယ့်အရည်အချင်းပဲ တန်ဖိုးထားတယ်၊ လာဘ်ထိုးကန်တော့ပြီး ရသွားတဲ့ ပရိုမိုးရှင်းမျိုးလည်း အထင်မကြီးဘူး၊ မရလည်း နေပစေ၊ ကိုယ့်ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းရှိတာ တစ်ဌာနလုံးသိတယ်၊ သူရသွားတော့လည်း အားလုံး ပါးစပ်အဟောင်းသားဖြစ်တယ်၊ အဲလို အမှန်တရားကို အများသိတာနဲ့တင် ကျေနပ်တယ်"

ထိုစကားကို မေမေ ပြောနေစဉ်က သူ့စကားထဲက "ကျေနပ်တယ်"နှင့် လုံးလုံးလျားလျား ဆန့်ကျင်ကာ တရိရိ တနုံ့နုံ့ မကျေနပ်ခြင်းများဟာ မေမေ့ မျက်နှာသွင်ပြင်မှာ အထင်းသား မြင်ရအောင် ပူပြင်းတောက်လောင်နေခဲ့ပါသည်။ မေမေနှင့် အန်တီသင်းမော်တို့ရဲ့ နှစ်ဦးကြားက အာဃာတတွေဟာ ဘယ်တုံးက ဖြည်းဖြည်းချင်း တစ်စစချင်း အစပျိုး စုဖွဲ့လာသည်ဟု ပြန်ပြောရခက်နေပြီ ဖြစ်ပေမယ့် သတိထားမိချိန်မှာ အဆောက်အအုံက အင်မတန် ကြီးထွားနေပါပြီ။

အန်တီသင်းမော်တို့အိမ်၊ သူတို့မိသားစုအကြောင်း မေမေ့ထံမှ ကြားရတိုင်း ဦးဆောက်ပန်းသည် သူမနှင့် မဆိုင်သလို မနေတတ်ခဲ့ပဲ တစ်နည်းနည်း သက်ဆိုင်နေသလို အမြဲ မျက်နှာပူပူနှင့် ခံစားခဲ့ရတာသည် "ညီစေ" တစ်ယောက်ကြောင့်တည်း။

"ဟိုအငယ်မ… ကြပ်ကြပ်သတိထား"

"မေမေကလည်း… ပန်းနဲ့ ဘာဆိုင်လို့လဲ အသားလွတ်ကြီး"

"ဘာဖြစ်လို့ မဆိုင်ရမှာလဲ၊ ဒီလောက် ကိုယ့်အမေမျက်နှာကြောမတည့် သဘောမတွေ့တဲ့ မိသားစုမှန်း သိသိနဲ့





ညည်း သူ့သားနဲ့ လုံးထွေးခင်မင်နေတာ တားမရ ဆီးမရ ပြောစကား နားမထောင်"

"မေမေကလည်း… ရာထူးကိစ္စတွေ၊ ဌာနတွင်းအလုပ်ကိစ္စတွေ သမီးတို့ ကလေးတွေနဲ့ ဘာဆိုင်လို့လဲ၊ ဘာမှမဆိုင်တာ၊ ညီစေနဲ့ သမီးက ငယ်ငယ်ကတည်းက ခင်ခဲ့တဲ့ဟာကို အလကားနေရင်း ဘယ်လိုလုပ် မခေါ်မပြောနေလို့ ဖြစ်ပါ့မလဲ"

"ငယ်ငယ်က ပေါင်းခဲ့လည်း ကြီးမှ ခပ်တန်းတန်း ခပ်ခွာခွာလုပ်လည်း ရတယ်၊ ပစ်ပစ်ခါခါ မခေါ်မပြောဖို့ထိ ပြောနေတာ မဟုတ်ဘူး၊ တရင်းတနှီး လုပ်မနေဘဲ ခပ်တန်းတန်းနေဖို့ ပြောနေတာ"

"မေ့သမီးလား ခပ်တန်းတန်းနေမှာ၊ ခုချိန် ကြိုက်မနေကြရင် ကံကောင်း"

"မမကြီးနော်… မီးလောင်ရာ လေပင့်နေပြန်ပြီ"

"ဟုတ်တယ်လေ… နင်တို့ကို ကြည့်လိုက်ရင် ပြုံးစိပြုံးစိနဲ့ အကြည်ပဲဆိုက်နေတာ၊ လူအတော်များများက နင်တို့နှစ်ယောက်ကို သမီးရည်းစား ထင်နေတာ၊ ငါဖြင့် သူ့အမေလည်း ကြည့်မရ၊ သူ့သားလည်း ကြည့်မရပါဘူး၊ မာနက မိုးထိနေတာ၊ ဒေါ်သင်းသင်းမော်လည်း ကြည့်လို့မရဘူး၊ ညီစေ ဆိုတဲ့ကောင်လည်း ကြည့်လို့ကို မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လေး သနရုပ်ပ ဖြစ်တာကိုပဲ မာန်ချီနေတာ၊ သူ့အမေကလည်း သူ့သားကို မိန်းကလေးတစ်သိန်းလောက် ဝိုင်းအုံကြိုက်နေသလို လျှောက်ပြောပြီး မာန်တက်နေတာ၊ နင်ပါ အပြောခံရမယ်… ဟွန်း"

"ဘာလို့ အပြောခံရမှာလဲ"

ကမ္ဘာ့ရှုံးထိုး ငြင်းပစ်လိုက်ရသော်လည်း အဲဒီဆယ်တန်းနှစ်မှာ တကယ်တော့ ပန်းနှင့် ညီစေတို့ရဲ့ မေတ္တာဇာတ်လမ်း တစ်ပုဒ်ဟာ တည်ဆောက် အစပျိုးနေနှင့်ခဲ့ပြီ ဖြစ်ပါသည်။ သူငယ်ချင်းတချို့သာသိတဲ့ လျှို့ဝှက်ဇာတ်လမ်းလေး ဖြစ်ပေမယ့် ချစ်ရည်ရွှန်းလဲတဲ့ သူတို့ရဲ့ မျက်ဝန်းကြည့်တွေ၊ အကြင်နာပိုလှတဲ့ အပြန်အလှန် ဂရုစိုက်ခြင်းတွေဟာ မဖုံးနိုင် မဖိနိုင်လောက်အောင် ဖြစ်နေခဲ့တာမို့ ကျောင်းက လူအတော်များများ အတိအကျ မသိတောင် သို့လော သို့လော ရိပ်မိသံသယဝင်နေကြတာမျိုးပါ။

"ဦးဆောက်ပန်း"

မေမေ နာမည်ကို သံပြတ်နှင့် ခေါ်ပြီဆို အခြေအနေဟာ စိုးရိမ်မှတ်ဖြစ်သည်။

"ရှင်"

"မှန်မှန်ပြောစမ်း၊ ညည်း သူ့သားနဲ့ ကြိုက်နေပြီလား"

"မကြိုက်ပါဘူး… မေမေကလည်း"

ပန်းက ဖွတ်မိုတ် ညာလိုက်ရပါသည်။





"အဲဒီစကား မှန်ပါစေနော်၊ တစ်ခုခုများ ခိုင်ခိုင်လုံလုံ သတင်းကြားလို့ကတော့ ညည်း မသက်သာဘူးမှတ်၊ ဒီကောင်ကို ငါ ပိုးစိုးပက်စက် ပြောမှာနော်"

"မေမေကလည်း"

"ဘာမေမေကလည်းလဲ၊ ဘာကိစ္စ ဒီကောင် ပြောခံရမှာ စိုးရိမ်နေရတာလဲ၊ ညည်းမပတ်သက်ရင် ဘာမှ မေမေ ပြောစရာ အကြောင်းမရှိဘူး၊ ညည်း သွားပတ်သက်လို့ကတော့ သေပြီသာမှတ်"

"မေမေတို့ကလည်း အလကားနေရင်း အာဃာတတွေကြီးနေတာပဲ၊ အန်တီသင်းမော်ကလည်း မေမေ့ကို တိုက်ရိုက် ဘာမှလဲ စော်စော်ကားကား မလုပ်ဘူး၊ သူ့ဟာသူ မာန်ပဲ တက်တက် ဘာပဲဖြစ်ဖြစ်ပေါ့လို့၊ အမွေတွေရလို့ ငွေဂုဏ်မောက်နေလည်း ကိုယ်နဲ့ ဘာဆိုင်လို့လဲ၊ သူလည်း သူ့ဟာသူ နေနေတာပဲဟာ၊ သူ့ဟာသူ နောက်ဖေးပေါက်က တက်တာလည်း သူ့အကြောင်းပေါ့"

"ဘာပြောတယ် ဦးဆောက်ပန်း၊ ညည်းက ဘာဖြစ်လို့ သူ့ကိုပြောတာကို ကာဆီး ကာဆီး လုပ်နေရတာလဲ၊ ညည်းဘာနာစရာရှိလဲ၊ အာဃာတက ငါပဲကြီးတာ မဟုတ်ဘူး၊ သူလည်း ငါ့အပေါ် အသားလွတ် ကြီးနေတာပဲ၊ ကိုယ့်အဖေရရမယ့်နေရာ အတင်းငွေနဲ့ပေါက် လုယက်သွားတဲ့ မိသားစု၊ ညည်းမို့မနာဘဲ ရွှေပြည်အေး လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါ ဘာသဘောတုံး၊ ညည်းနော်... ကြပ်ကြပ် သတိထားနေပါ၊ ငါ ဒါပဲ ပြောလိုက်မယ်"

ဤသို့သော သံတူကြောင်းကွဲ အဖြစ်မျိုးတွေဟာ ဦးဆောက်ပန်းတို့အိမ်မှာ မကြာခဏလေး ဖြစ်တတ်တဲ့ အိမ်တွင်းပြဿနာပင်။ ကိုယ့်အဆင့် အတန်းနှင့် ကိုယ်မို့ နင်ပဲငဆ ရန်ဖြစ်ကြတာမျိုးတော့ နှစ်ဦးနှစ်ဖက် မရှိကြပေ။ ဌာနဆိုင်ရာ ပွဲလမ်း အခမ်းအနား သာရေးနာရေးတို့မှာ မဖြစ်မနေ ကြုံကြဆုံကြရမြဲမို့ တစ်ဦးကိုတစ်ဦး နှုတ်ဆက်ပြုံးပြကြသည်မှာလည်း ဟန်မပျက် မူမပျက်ပါ။ မေမေ့အတွင်းစိတ်မှာတော့ အခုလိုခါးခါးသီးသီး အမြင်ကတ်နေတာ ကိုယ်သိနေရတော့ ညီစေ့မေမေ အန်တီသင်းမော်ရော အဲသလိုပဲလားဆိုတာ ဦးဆောက်ပန်း စိတ်ဝင်စားမိသည်။

မျက်ခုံးလေးပင့် မျက်ကြောစင်းစင်းနှင့် သူမကို ပြုံးပြုံးပြတတ်သော ညီစေ့မေမေကို ဦးဆောက်ပန်းက သဘောကောင်းသူရယ်လို့ ထင်မြင်ယူဆမိသည်။

❖ ❤ ❖

"တင်တင်... လက်သေချာဆေး၊ သားသားပုစွန်တုပ်ကို အခွံခွာပေးစမ်း၊ သားက အခွံထည့်ချက်တာ ကြိုက်တာ မဟုတ်ဘူး"





"ရပါတယ်၊ သားဘာသာ လုပ်မယ်"

"သားက ဖွန်းခက်ရင်းနဲ့ စားနေတာဥစ္စာ၊ ခွာရခက်တာ ပေါ့ သားရဲ့"

"သားဟာသား ခွာပါ့မယ် မေကြီးကလည်း"

"တင်တင်... ထမင်းစားခန်းထဲ ယင်ကောင်တစ်ကောင် ရှိနေတယ်၊ ယပ်ခပ်စမ်း... ယပ်ခတ်စမ်း၊ ထမင်းစားပွဲနား ရောက်မလာစေနဲ့၊ နင်တို့တွေ ခြင်ဆန့်ကာတံခါးကို သေချာ ပြန်ပြန်မပိတ်ကြဘူး၊ ဆင်းလိုက် တက်လိုက် ထွက်လိုက် ဝင်လိုက် လုပ်နေတာ၊ တံခါးကို ဟစိလုပ်လုပ်သွားတာကိုး"

ဒေါ်သင်းသင်းမော်က ကိုယ်စားနေတဲ့ ကိုယ့်ပန်းကန်ထဲက ထမင်းထက် သားဖြစ်သူ စားနေတာကိုသာ အရိပ်တကြည့်ကြည့် လုပ်နေမိသည်။ သားကိုယ်ဝန် ခုနစ်လလောက်မှာ သွေးတွေဆင်းလာပြီး ပျက်ပြီလား၊ စောမွေးပြီလား စိုးရိမ်ပူပန်ခဲ့ရကာ အိပ်ရာထဲ နှစ်လလုံးလုံး မလှုပ်မယှက်နေ၍ စောင့်ရှောက်မွေးဖွားခဲ့ရတဲ့သား။

အဖေဆီက အမေဆီက အချောအလှဆုံး အကောင်းဆုံး ရုပ်လက္ခဏာလေးတွေ ရွေးပြီးတပ်ဆင်ပေးထားသလို အဖေတူသယောင် အမေတူသယောင်နှင့် နှစ်ယောက်စလုံးထက် ချောမောလှပ ခန့်ညားတဲ့ သား။ သည်တစ်ဦးတည်းသော သားကို ကြည့်မဝ ရှုမဝ တန်ဖိုးထား ဂုဏ်မောက်ရသည်မှာ အမောပါပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော... ကြည့်၊ ငါ့သား သူ့ဒွေးမင်းကတော့ ပုစွန်ကို ရင်အုပ်သား အနုကလေးပဲစားပြီး အမြီးပိုင်းတစ်ဝက်တောင် မစားဘူး၊ ပေး... မစားရင် မေမေ့ပန်းကန်ထဲထည့်"

"ချဉ်ပေါင်ကြော်က ပိုစားလို့ကောင်းလို့ပါ"

"ပုစွန်တုပ်ထက် ချဉ်ပေါင်ကြော် ပိုမက်ရတယ်လို့ ငါ့သားရယ်၊ ကြီးလာရင် ဘယ်လိုမိန်းကလေးမျိုး ရွေးလာမှာပါလိမ့်၊ ဟင်းသာ ချဉ်ပေါင်ကြော် ကြိုက်ရင်ကြိုက်၊ ချဉ်ပေါင်ကြော်လောက် မိန်းမမျိုးတော့ ရွေးမလာနဲ့ ငါ့သားရေ"

"မေကြီးကလည်း..."

"ဟုတ်တယ်လေ၊ တော်ရိ လျော်ရိတော့ မေမေ လက်မခံနိုင်ဘူးနော် သား၊ ဒီအချိန်လောက်မှာလည်း ရင်ခုန်ဖို့ ရည်းစားထားဖို့ စိတ်ကူးမနေနဲ့၊ သား ကြီးလာရင် သားအတွက် အကောင်းဆုံး မိန်းမကို မေမေကိုယ်တိုင် ရှာပေးစားမှာ၊ ရုတ်ရုတ် ရုတ်ရုတ် မလုပ်နဲ့၊ ဟိုဟိုဒီဒီ သတင်းတွေ မကြားချင်ဘူး သားလေး"

ညီစေက အနေရခက်ကာ ကိုယ်ကိုပြင်ထိုင်ရင်း မေမေ့ကို တစ်ချက်ကြည့်မိသည်။ မေမေဟာ အင်မတန်ကို လှစ်လှစ်ပါးတာ။ မေမေ့ရဲ့ အဲဒီလို ပါးနပ် ကွက်ကျော်မြင်မှု အခြေအနေကိုလိုက်ပြီး တက်နဲ့လှော်လိုက် လက်နဲ့လှော်လိုက် ကိုယ်





တိုင် လက်ပစ်ကူးလိုက် စရိုက်အမျိုးမျိုးချိန်းကာ သရုပ်ဖော် က, ပြတင်ဆင်မှုတို့ကို ဖေဖေကိုယ်တိုင် မကြိုက်သလိုလိုနှင့်ပဲ လက်သင့်ခံ ကျေနပ် ကျိတ်ချီးမွမ်းနေရတဲ့အထိ ဖြစ်နေတာ။

"ဘာကြည့်တာလဲ မေကြီးကို"

"သားကြီးလာရင် သားကြိုက်တဲ့မိန်းမ သားယူမှာ"

"အမယ်လေး အပြောမကြွယ်စမ်းပါနဲ့ ညီစေရယ်၊ ငါ့သား ငယ်ပါသေးတယ်၊ ငယ်တုန်း စိတ်ကစားတာအထိ ခွင့်ပြုတယ်၊ ဒီထက်တော့ မပိုဘူး ဒါပဲ"

"သားက ချစ်ရင် ချစ်တယ်ပဲ၊ စိတ်မကစားတတ်ပါဘူး"

ညီစေက မပွင့်တပွင့် ပြောသည်။

"အို... စိတ်ကစားတာကိုပဲ အချစ်လို့ ထင်ချင်ထင်နေဦးမှာ၊ ဒါကို ကွဲပြားသိနိုင်တဲ့အရွယ် မရောက်သေးပါဘူး၊ တင်တင်ရေ... လာသိမ်းတော့၊ သားသားဖို့ စထရော်ဘယ်ရီနို့အေးလေး ယူပေး..."

မင်းကို မေမေက အုထားတာ၊ ဖေဖေ့ရာထူးရာခံနဲ့ မေမေ့ဘက်က စည်းစိမ်ဥစ္စာနဲ့ ငါ့သားအတွက် နတ်သမီးတောင် ခေါင်းခေါက်ပေးစားလို့ရတယ်၊ သူများကောင်းစားတာ မနာလိုလိုက်၊ မရှိ ရှိတာလေးနဲ့ လိုက်ဂုဏ်တုဂုဏ်ပြိုင်လိုက်၊ ဘာမှမရှိတဲ့ မာန်ကို ခေါင်းပေါ်ရွက်ပြီး အဆံချောင်နေတဲ့ မိသားစုမျိုးထဲက မိန်းကလေးတော့ ဆောရီးပဲ ညီစေရေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ဘာတွေပြောနေမှန်းလဲ မသိဘူး"

"တကယ် မသိရင် ပြီးရော၊ သိရင်လည်း ကောင်းတယ်၊ ဟိုက ဒီက ကြားနေတယ်နော်၊ ရုပ်ကလေးပဲရှိပြီး ကျန်တာ ဘာမှမရှိရင် ဘာသွားလုပ်ရမှာလဲ၊ အဓိက,က သူ့အမေကိုလည်း ငါ ကြည့်လို့ကို မရဘူး၊ ကိုယ်တိုင်လည်း လူမှုဆက်ဆံရေး အရည်အချင်းမရှိ၊ ရှိတဲ့သူကိုလည်း မနာလို ဝန်တို အူပုပ်၊ အဲသလိုမိန်းမ သမီးနဲ့တော့ နီး... နဲဗားပဲ"

မေမေ ဘယ်သူ့ကို ပြောနေလဲ မသိပါဘူးလို့ ညီစေ လိမ်နေလည်း အပိုပင်။ သိနေတာပဲဟာ၊ ဒါမျိုးပြောတာလည်း ဒါပထမဆုံးမှ မဟုတ်တာ။

"မေမေ့ဘာသာ သူ့အမေ ကြည့်မရတာနဲ့ သားက ဦးဆောက်ပန်းကို မကြိုက်ရတော့ဘူးလား"

သိပ်သွယ်ဝိုက်ကွေ့ပတ် မတတ်သူမို့ ညီစေက ဘွင်းဘွင်းကြီးသာ ပြောချလိုက်ပါသည်။

"ပြောပြီးပြီလေ၊ စိတ်ကစားလို့ ရပါတယ်လို့၊ ကဲပါ... ကြိုက်ချင်လည်း ကြိုက်လိုက်ဦး၊ ပြီးရင် အဲဒီမှာတင်ရပ်၊ လက်တွဲဖို့ ပေးစားဖို့ကတော့ လုံးဝစိတ်ကူးမယဉ်လေနဲ့ပဲ"

"မေမေက ဘာမှန်းလဲမသိဘူး၊ ဦးဆောက်ပန်းက အရမ်းအေးချမ်း ဖြူစင်တာ၊ သားကိုလည်း အရမ်းချစ်တာ"





"ဩော်... ငါ့သားက ဝန်ခံကြေညာခြင်းတောင် လုပ်နေပြီကိုး၊ သူ့ဟာသူ အေးချမ်းရုံမကလို့ အေးခဲခဲ၊ ဖြူစင်ရုံမကလို့ ငွေရောင်တောက်တောက်၊ မင်းကို အရမ်းချစ်တယ်ဆိုတော့ ဘာလုပ်ရမှာလဲ၊ ဘယ်မိန်းမမဆို ကိုယ့်ကို ကောင်းကောင်းရှာကျွေး အလှုပြယ်ဆင်ပြီး ရွှေဘုံပေါ်တင်ထားရင် အဲဒီယောကျ်ားကို သိပ်ချစ်တာချည်းပဲ၊ မင်းကို သိပ်ချစ်မယ့် မိန်းမမျိုးနဲ့ပဲ ပေးစားမှာပါ မပူနဲ့၊ ကိုယ့်သားကို မချစ်မယ့် မိန်းမနဲ့ အမေလုပ်တဲ့သူက ပေးစားပါ့မလား"

"သားကလည်း ချစ်ဦးမှလေ"

"မင်းအသက်လေး ဆယ့်ခြောက် ဆယ့်ခုနစ်ပဲ ရှိပါသေးတယ် သားရယ်၊ အသက် အစိတ် သုံးဆယ် မတိုင်ခင် စောင့်ကြည့်ပါဦး၊ တစ်သက်မှာ ဒီမိန်းကလေးတစ်ယောက်တည်းကိုပဲ ချစ်မိပါ့မယ်လို့ မင်းကို ဘယ်သူက ဗေဒင်ဟောထားသလဲ"

"ဟင့်အင်းဗျာ၊ သား နောက်ထပ် ဘယ်သူ့ကိုမှ ချစ်တော့မှာ မဟုတ်ဘူး၊ မေမေ စောင့်ကြည့်ပေါ့"

"စောင့်ကြည့်ဖို့ မလိုပါဘူးလေ။ သူ့ကို သူ့အမေကို သဘောမကျပါဘူးလို့ ပြောနေမှပဲ၊ ဘာစောင့်ကြည့်နေစရာလိုလဲ၊ ကဲပါ... ညီစေရယ်၊ မအေကို ခွန်းတုံ့ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာ ရပ်လိုက်စမ်းပါ၊ မေမေက ကိုယ့်သားကို ကိုယ်ပြောနေတာနော်၊ ကိုယ့်သားကမှ ပြောဆိုမရ ကန္တကောဇလုပ်နေမယ်ဆိုရင် ဟိုတစ်ဖက်ကို သွားပြောရမယ့် အဖြစ်မျိုးထိ မေမေက ဘယ်ရောက်ချင်ပါ့မလဲ၊ သားက အဲသလိုဖြစ်အောင် တွန်းမပို့ပါနဲ့"

ညီစေသည် မှုန်တေတေနှင့် ပါးစပ်ကို တင်းတင်းစေ့ထားလိုက်ပါသည်။ သူ့မေမေဟာ သူဖြစ်ချင်တဲ့အတိုင်း မဖြစ်ဖြစ်အောင်ရတဲ့နည်းနဲ့ ကြိုးပမ်းလုပ်ယူတတ်သူဆိုတာ ညီစေကောင်းကောင်းသိသည်။ ပြောတဲ့အတိုင်းလုပ်မှာ။ ဘယ်သူ့မျက်နှာမှလဲ ထောက်မှာမဟုတ်။

ခုချိန်ထိ ဦးဆောက်ပန်းဟာ သူမကို ညီစေ့မေမေက သဘောမကျဘူးရယ်လို့ ယောင်ယောင်ကလေးမျှ မထင်ရှာမသိရှာပါ။ ကားပေါ်ကနေ မျက်လွှာစင်းနှင့် လှမ်းပြုံးပြတတ်တဲ့ မေမေ့ကို ဦးလေးညွှတ်ကာ ညွှတ်ကာ တရိုတသေ နှုတ်ဆက်ရင်း သူမကို ပြုံးပြသွားတာကိုပဲ ရင်တဖိုဖိုနှင့် စိတ်ချမ်းသာ ကျေနပ်နေရှာတဲ့သူပါ။

မျက်နှာခပ်တင်းတင်းနှင့် ညီစေ့ကို ဟက်ဟက်ပက်ပက် မပြုံးပြ မခေါ်ငင်ချင်တဲ့ သူမရဲ့မေမေ ဒေါ်မာလာနွယ်အတွက် ညီစေ့ကို အမြဲအားနာ မျက်နှာပူနေရှာတဲ့သူပါ။ တကယ်တော့ ပန်းရဲ့မေမေနှင့် ညီစေ့မေမေတို့ဟာ စိတ်ထဲ အမှန်တကယ်





ရှိတာကို မျက်နှာမူရာမှာ ဖော်ပြသူနှင့် မဖော်ပြသူအဖြစ်သာ ကွာခြားတာ။ ရင်ထဲကိုယ်စီ ရှိကြတာချင်းက ဆင်တူ။

မေမေက ဟန်ဆောင်သည်။ ညီစေလည်း တကယ်တော့ ဟန်ဆောင်တတ်ခဲ့ပါသည်။ ပန်းကို မေမေ လက်မခံ၊ မနှစ်မြို့ ဆိုတာကို ပန်း မသိရစေအောင် ဖုံးကွယ်ခဲ့သည်။ ပန်းကလေး စိတ်ဆင်းရဲမှာ သူ မကြည့်ရက်လို့ပင်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဆယ်တန်းစာမေးပွဲ နောက်ဆုံးရက်ကို ကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။ ဦးဆောက်ပန်းတို့ မိန်းကလေးတစ်စုသည် စာမေးပွဲ မတိုင်ခင် တစ်ပတ်ကတည်းက ရုံတင်ထားတဲ့ ရုပ်ရှင်ကားတစ်ကားကို စာမေးပွဲ နောက်ဆုံးဘာသာဖြေပြီးလျှင် သွားကြည့်ကြဖို့ ကြိုတင်စီစဉ် တိုင်ပင်ပြီးသား။ နောက်တစ်ရက်ကစလို့ မိန်းကလေးအုပ်စုက တရားစခန်းတစ်ပါတ် ဝင်ကြမှာမို့ ထိုညနေသာကြည့်ဖို့ အခွင့်အရေးရှိသည်။

ယောက်ျားလေးတစ်စုကတော့ ဘောလုံးဝါသနာအိုးတွေမို့ အိမ်ခဏပြန် ခဏနားပြီးလျှင် ညနေ နေအေးချိန်၌ ဘောလုံးကွင်းမှာ ဘောလုံးကန်ကြဖို့ တစ်ဖက်နှင့် တစ်ဖက် ချိန်းချက်လူစုနေပါသည်။ သူတို့ ဘောလုံးချိန်းမကန်ဖြစ်ကြတာ လတွေချီနေပြီ။ စာမေးပွဲအတွက် ကျောင်းစာတွေနှင့်သာ နပန်းလုံးနေခဲ့ရတာမို့ ကိုယ်ပျော်ရွှင် စိတ်ဝင်စားရာတွေနှင့် ဝေးကွာနေကြတာ ကြာပြီလေ။





"ညီ... နင် ငါတို့နဲ့ လိုက်ခဲ့ဟာ၊ လိုက်ခဲ့ရမယ်"

"အာ... ငါ အဲဒီကားကြီး မကြည့်ချင်ပါဘူး၊ အဲဒီမင်းသားနင်တို့မိန်းကလေးတွေသာ ကြိုက်တာ၊ ငါတို့မှ မကြိုက်တာဟ"

"ကြိုက်ကြိုက် မကြိုက်ကြိုက်ဟာ။ စာမေးပွဲ ပြီးတဲ့ရက်လေး စိတ်လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနဲ့ ပျော်တဲ့အခါ အနားမှာ နင့်ကိုပါ ရှိစေချင်တာ၊ ငါကသာ အဲလိုဖြစ်ရတယ်၊ နင်ကတော့ ငါ အဲလို ပြောခေါ်တာတောင် မလိုက်ချင်ဘူးပေါ့လေ"

"ပန်းလေးရယ်... ငါလည်း နင်နဲ့ လိုက်တော့ လိုက်ချင်တာပေါ့၊ မကြိုက်တဲ့ မင်းသားလည်း နင်နဲ့တွဲကြည့်ရမယ်ဆိုရင် ကိစ္စမရှိပါဘူး၊ ရုပ်ရှင်ကို မကြည့်ဘဲ နင့်ကိုကြည့်နေလို့ ရတာပဲဟာ၊ အခုကလေ စိုးမောင်မောင်တို့က ဘောလုံးကန်ဖို့ ကြိုချိန်းပြီးသား ဖြစ်နေလို့လေဟာ"

"ဘောလုံးက ဘယ်နေ့ကန်ကန် ရတာပဲကို၊ ငါက နက်ဖြန် တရားစခန်း ဝင်ရတော့မှာ၊ တွေ့လို့ရမှာလည်းမဟုတ်ဘူး၊ ဒီတစ်ညနေလေးပဲ ကျန်တာကို နင်က ငြင်းတာကယ်ပဲ၊ ငါ့ကို မချစ်ပါဘူး"

"ဟာ... အဲလိုတော့ မပြောပါနဲ့ ပန်းရယ်"

"အဲဒါဆို လိုက်ခဲ့ပေါ့လို့၊ ဘောလုံးကန်ဖို့ကို နောက်ရက်တွေမှ ချိန်းပေါ့၊ ဒီညနေပဲလျှောက်လည် ရုပ်ရှင်ကြည့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ည့် မေမေ့ကို ခွင့်တောင်းထားတာ၊ နောက်နောက်တွေကျ နင်နဲ့ငါ ဘယ်လိုအကြောင်းနဲ့ တွေ့လို့ရမယ် မရဘူးလည်း သေချာမသိတာကို"

ပန်းက ညီစေ့ကို မော့မော့လေးကြည့်ရင်း ဝမ်းပန်းဘနည်းပြောရင်း တကယ် မျက်ရည်လည်လာခဲ့ပါသည်။ စာမေးပွဲပြီးဆုံးသွားခြင်းဟာ သူမတို့နှစ်ယောက် တွေ့ဆုံခွင့်ရဖို့ အခွင့်အလမ်းတွေ ပိတ်သွားခြင်းပဲဖြစ်သည်။ ခုနကတည်းကကို ကြိုပြီး ခံစားလွမ်းဆွတ်နေမိပြီ။ တွေးရင်း ဝမ်းနည်းနေမိပြီ။

ညီစေက မျက်ရည်လဲ့လဲ့ စိုစွတ်သော ဦးဆောက်ပန်းရဲ့ ဝမ်းနည်းတဲ့ မျက်ဝန်းလေးတွေကို ကြင်ကြင်နာနာ ကြည့်ရင်း ရင်ထဲမှာ နေလို့မရအောင် ယောက်ယက်ခတ်သွားရပါသည်။

"ငါလည်း နင်နဲ့တွေ့ဖို့ ခက်မှာကို စိတ်ညစ်နေတာပဲ၊ ကဲပါဟာ ဘောလုံးကန်ဖို့ ငါဖျက်လိုက်ပါ့မယ်၊ ဟိုကောင်တွေ ပွဲမဖျက်ချင်လည်း သူတို့ဘာသာပဲ ကန်ကြပါစေတော့၊ ငါမပါတော့ပါဘူး၊ နင်နဲ့ပဲ လိုက်ခဲ့မယ်နော်… ပန်း၊ ခဏ နေဦး၊ ငါမပါတော့ဘူး သွားပြောရင်း တစ်ယောက်လောက် အဖော်ခေါ်ခဲ့ဦးမယ်၊ နင်တို့ မိန်းကလေးတွေက ခုနစ်ယောက် ရှစ်ယောက်တောင်၊ ငါက တစ်ယောက်တည်း မဖြစ်သေးပါဘူး၊ အဖော်ခေါ်လိုက်ဦးမယ်"

ညီစေက သူငယ်ချင်းတွေဆီ အပြေးလာကာ ညနေချိန်းပွဲကနေ နုတ်ထွက်လျှင် သူငယ်ချင်းတွေက မကျေမနပ်





အော်ဟစ်ကြလေသည်။ ညီစေ့မျက်နှာကလေးက ရယ်ကျဲကျဲနှင့် သူနှင့် အဖော်လိုက်ပေးဖို့ တစ်ယောက်ကိုပါ တောင်းတောင်းပန်ပန် ခေါ်ရပါသည်။

"မင်းက လုံးဝကို မမိုက်ပါဘူးကွာ၊ ငါတို့နဲ့က အစောကြီး ကြိုချိန်းထားပြီးသားကိုကွာ"

ညီစေက ဘောလုံးကန်ကောင်းတဲ့အတွက် ညီစေ့ကို သူတို့ အလိုရှိကြပါသည်။

"နက်ဖြန် ငါ လာကန်ပါ့မယ်ကွာ၊ ပန်းတို့က နက်ဖြန် တရားစခန်းဝင်မယ်ဆိုတော့ ဒီတစ်ညနေပဲ တွေ့စရာရှိလို့ ပါကွာ"

"ဦးဆောက်ပန်း တရားစခန်းဝင်မှာ အကြောင်းပြပြီး၊ မင်းက ငါတို့ကို မတရားစခန်း လုပ်သွားတာပဲ"

"ဟက်… ဟက်… ဟက်…၊ ငါတို့က ဘယ်တော့မှ ဘာအကြောင်းပြပြီး ပြန်ချိန်းလို့ ရမလဲတောင် မသိတာ မင်းတို့လည်း သိတာပဲကွာ၊ ဆောရီးပါ… နော်၊ ငါတောင်းပန်ပါတယ်"

"လွှတ်လိုက်ပါ ရဲမင်းရာ၊ ပြောမနေပါနဲ့၊ သနားဖို့တောင် ကောင်းလာပြီ၊ မင်း ဘယ်လောက်ပြောနေနေ ဦးဆောက်ပန်းက ခေါ်နေမှတော့ ဒီကောင် ဦးဆောက်ပန်းနောက်ပဲ လိုက်တော့မှာပေါ့၊ မင်းစကားလည်း အောင်မှာမဟုတ်ဘူး၊ လေကုန်မခံနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ညီစေ တောင်းတောင်းပန်ပန်ခေါ်တဲ့အတွက် ညီစေ့နောက်ကို အဖော်လိုက်ဖို့ ဖွမ်းထက်နှင့် သီဟကျော် နှစ်ယောက်ပါ ပါလာပါသည်။ သူတို့ ဆယ်ယောက်လောက် အုပ်စုကြီး တပျော်တပါးနှင့် ရှမ်းဆိုင်တစ်ဆိုင်မှာ ရှမ်းခေါက်ဆွဲ မြီးရှည် အရင်ဝင်စားကြသည်။ ရုပ်ရှင်ချိန် စောနေသေး၍ အဖြူ အစိမ်း ဝတ်စုံတွေနှင့်ပင် စကော့ဈေးထဲ ပတ်လိုက်ပါသေးသည်။ စကော့ဈေးက ထွက်ကာ ရုပ်ရှင်ရုံတွေဘက်အလျှောက် ဈေးရဲ့ကားထွက်ပေါက်ထိပ်မှာ သစ်သားချောင်းကျဲကျဲနှင့် ရိုက်ထားတဲ့ ခြင်းသေတ္တာကြီးများထဲမှာ ခွေးပေါက်စလေးတွေထည့်ကာ ရောင်းနေတာကို မြင်လျှင်...

"ဟယ်... ညီ၊ ခွေးလေးတွေ... ခွေးလေးတွေ၊ ငါလိုချင်လိုက်တာ"

ဦးဆောက်ပန်းက ဆွေ့ဆွေ့ခုန် လိုချင်ပါတော့သည်။

"အေးဟာ... ချစ်စရာလေးတွေ"

"လိုချင်တယ် ညီ၊ အဲဒါလေးတွေ တစ်ကောင် ဘယ်လောက်လဲဟင်"

"လေးသောင်းခွဲ... ငါးသောင်း... ခြောက်သောင်း အမျိုးမျိုးပဲ"

"ဘာခွေးတွေလဲဟင်"





"ဒါက အယ်လ်စေးရှင်း၊ ဒါက ဒိုဘာမဲင်"

"ဟား... ဦးဆောက်ပန်းကလည်းဟာ၊ ရုပ်ရှင်သွားကြည့်မယ့်ဟာကို ခွေးဝယ်ချင်တယ် ဖြစ်နေသေးတယ်၊ နင်ကတော့ ပြဿနာပဲ"

"ငါချစ်လို့ပါဟယ်၊ ငါ့မှာ ပိုက်ဆံစုထားတာ ရှိတယ်၊ ဝယ်လိုက်မယ်နော် ညီ"

ညီစေသည် ဦးဆောက်ပန်းကို ဘယ်သောအခါမှ ကန့်ကွက်ဆန့်ကျင်စကား ပြောလေ့ရှိသူ မဟုတ်ရကား ဝင်ကန့်ကွက်နေတဲ့ သူ့သူငယ်ချင်းတို့ကို ရယ်ကျဲကျဲကြည့်ကာ ဘာပြန်ပြောရမည်မသိ ဖြစ်နေပါသည်။ ရုတ်တရက်ကြီး ခွေးဝယ်ဖို့ အစီအစဉ်လည်း မရှိဘဲ လမ်းမှာသွားရင်းလာရင်းတွေ့တဲ့ခွေးကို ချစ်လို့ လိုချင်သည် ဝယ်ချင်သည် ဆိုတာဟာ ညီစေ့အတွက်ဆော့ ဘယ်တော့မှ လုပ်ဖြစ်မယ့်ကိစ္စမျိုး မဟုတ်ပေမယ့် ဦးဆောက်ပန်းက ဆွေ့ဆွေ့ခုန် လိုချင်နေတဲ့အခါ တားမြစ်ဖို့ နေနေသာသာ သူ့မှာသာ ပိုက်ဆံပါရင် ထုတ်ဝယ်ပေးလိုက်ချင်မိတာမျိုးဖြစ်သည်။

"မိပန်းရာ... နင်ကလည်းဟာ၊ နင့်မှာ ပိုက်ဆံရောပါလို့လား"

"အဲလောက်ကြီးတော့ မပါဘူးပေါ့ဟာ၊ ဒါပေမဲ့ ငါတို့ လူအများကြီးပဲဟာ၊ ဘယ်သူဘယ်လောက်ပါလဲ စုလိုက်ရင် ပြည့်နိုင်တာပေါ့၊ ငါ ဈေးတာပါဟာ ပြန်ဆပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ... နင် အတော်ရှုပ်တာပဲဟာ၊ ခွေးတွေကလည်း သူတို့ပြောတဲ့ အတိုင်း အယ်လ်ဆေးရှင်းတွေ ဒိုဘာမင် တွေပါလို့ နင့်ကို ဘယ်သူအာမခံလဲ၊ အဲသလို အစစ်တွေ ဆို ပိုင်ရှင်တွေက သူတို့ခြံမှာပဲဖောက်၊ ခြံမှာပဲရောင်းမှာ ပေါ့၊ လမ်းဘေး ဘယ်လိုလုပ် ရောက်လာမလဲ"

"အေးလေ... ခြံတွေက ခွေးတွေနဲ့ လမ်းပေါ်ကခွေးတွေ စပ်ဖောက်ထားတာမျိုးပဲဖြစ်မှာ၊ ဈေးကိုကြည့်လေ"

"ဘာပဲဖြစ်ဖြစ်ဟာ... ဒီလောက် ချစ်စရာကောင်းတာကို... ငါလိုချင်တာကို..."

"မလုပ်စမ်းပါနဲ့ဟာ၊ အိမ်ကျ နင့်အမေလည်း ဆူနေဦးမယ်"

"မေမေက မဆူပါဘူးဟာ"

"ဟိုစပ် ဒီစပ် စပ်ထားတာဆို ဈေးကလည်း မတန်ဘူး"

အုပ်စုလိုက် တိုးတိုးကျိတ်ကျိတ်နှင့် တစ်ယောက် မကျန်ဟာ မဝယ်ဖို့ ဖျက်တဲ့သူချည်းပဲ ဖြစ်နေလေရာ ဦးဆောက် ပန်း မျက်နှာကလေးက မရွှင်မပျနှင့် ငိုမဲ့မဲ့ ဖြစ်လာပါသည်။ ခွေးလေးတွေကို ပွတ်သပ်လိုက် ချီလိုက် ပြန်ချလိုက် အနားက ခွာမသွားနိုင်ဘဲ ဖြစ်နေပါသည်။

"မလျှော့ဘူးလား ဦးလေး"

ဝင်မေးလိုက်တဲ့ ညီစေကြောင့် ပန်း မျက်နှာလေး ဝင်းလက်သွားသည်။





"ဘယ်အကောင်ယူမှာလဲ"

"အကောင်ကတော့ ရွေးမယ်လေ၊ ဦးလေးတို့ ဈေးမလျှော့ ဘူးလားလို့၊ နည်းနည်းပါးပါး ဈေးလျှော့ပေးပေါ့၊ ကျွန် တော်တို့က ကျောင်းသားတွေပါ၊ မုန့်ဖိုးစုထားတာပဲရှိတာ"

"နည်းနည်းပါးပါးတော့ လျှော့ပေးပါ့မယ်၊ ဘယ်အကောင် ယူမလဲ ရွေးကြည့်လေ"

"ကဲ... နင် ဘယ်အကောင် ယူချင်တာလဲ"

"ဟောဒီ... ဟောဒီ မည်းမည်းလေး၊ ဘလက်ကီလေး လိုချင်တယ် ညီ၊ ပိုက်ဆံစုလို့ ပြည့်ပါ့မလားဟင်၊ မပြည့် ရင်ကောဟင်"

"နင် ဒီလောက် လိုချင်နေတာ၊ ငါ ဝယ်ပေးပါ့မယ်၊ ပိုက်ဆံစုမနေနဲ့တော့၊ ငါလည်း အဲလောက်တော့ မပါဘူး၊ တစ်သောင်းလောက်တော့ပါတယ်၊ စရံပေးခဲ့မယ်၊ ယူမယ့် ခွေးလေးကို မှတ်ခဲ့မယ်လေ၊ နက်ဖြန်ကျ ငါပိုက်ဆံယူလာ ပြီး ခွေးလာယူပေးမယ်၊ အဲဒါပဲ အဆင်ပြေမယ်၊ နို့မို့ရင် ရပ်ရှင်ကြည့်ရင်း ခွေးတစ်ကောင်နဲ့ ဘယ်လိုဖြစ်ပါ့မလဲ၊ နော်... ငါပြောသလိုပဲလုပ်၊ နက်ဖြန် နင့်ဘာသာ တရား စခန်းဝင်သွား၊ ငါ သေချာ ဆက်ဆက် လာဝယ်ပေးမယ် ပန်းရယ်... နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အင်း... ပြီးရော၊ အာ... ဒါပေမဲ့ ဈေးကြီးတယ်လေ၊ နင်မဝယ်ပေးပါနဲ့၊ အခု စရန်ပဲ ခဏစိုက်ထား"

"ငါပဲဝယ်ပေးပါရစေ ပန်းရယ်၊ နင် ဒီလို လိုချင်နေတာ မြင်ရမှတော့ ငါ လက်ဆောင်ပေးချင်သွားပြီ"

ညီစေသည် ရွေးပြီးတဲ့ ခွေးကလေးရဲ့ လည်ပင်းမှာ ပန်းရဲ့ခေါင်းက ဆံပင်စည်းထားတဲ့ ဖဲကြိုးနီလေးကို ပြောင်း၍ ချည်နှောင်က ဈေးဆစ်၊ စရန်ပေး စသဖြင့် သူပဲ ဦးဆောင်လုပ်သွားပါသည်။ မိန်းကလေးများက ဘာမှ မဝေဖန်သော်လည်း ယောကျ်ားလေး နှစ်ယောက်ဖြစ်တဲ့ သီဟကျော်နှင့် စွမ်းထက်တို့ကတော့ ဦးဆောက်ပန်းကို အလိုလိုက်လွန်းတဲ့ ညီစေကို ကြည့်မရသလို ဗျစ်တောက်တောက် ပြောနေကြပါသည်။

"ဒီကောင်တော့ မလွယ်ဘူး၊ ဦးဆောက်ပန်း ဒါဆိုဒါ၊ ဟိုဟာဆို ဟိုဟာ၊ ဦးဆောက်ပန်းက ဈေးစားဆို စားမလား မသိဘူး"

"ဟဲ့... နင်တို့ အဲလို မပြောပါနဲ့နော်၊ ငါက ညီ့ကိုချေးကျွေးပါ့မလား၊ ကျွေးမယ့်ကျွေး နင်တို့နှစ်ယောက်ကို ကျွေးမှာပေါ့"

"အောင်မာ... ငါတို့က သူ့လို နင်ပြောသမျှ ခေါင်းညိတ်မယ့်သူတွေမို့လို့လား၊ နင်စကား သူပဲ နားထောင်မှာပေါ့၊ ငါတို့က နားထောင်စရာလား၊ ဝေးပါသေးတယ်"





ခွေးရောင်းသည့် ဦးလေးကြီးများထံမှ လိပ်စာဖုန်းနံပါတ်တို့ပါ ယူပြီး စရန်ငွေတစ်သောင်းပေးကာ ရုပ်ရှင်ရုံဆီ ဆက်လက်ချီတက်လာကြတဲ့ လမ်းတစ်လျှောက် ပန်းက ညီစေ့လက်ကို ဆုပ်တွဲကာ လွှဲကာ လွှဲကာ မြူးထူးစွာ လျှောက်လာသည်။ နွေညနေစောင်းရဲ့ လေပြည်နွေးနွေးက သူတို့အတွက် အနှောင့်အယှက် အဟန့်အတား မဖြစ်ပါ။ နှစ်ဦးလုံးမှာ ကြည်နူးပျော်ရွှင်နေပါသည်။

"ညီ နင့်ကို ငါ သိပ်ချစ်တာပဲ သိလား"

"ဘာဖြစ်လို့လဲ၊ နင်လိုချင်တဲ့ ခွေးလေး ဝယ်ပေးမှာမို့လို့လား"

"မဟုတ်ပါဘူးနော်၊ ခွေးကလေး ဝယ်ပေးပေး မပေးပေးပါ၊ နင်က ငါ့ကို အမြဲလိုက်လျှောတယ်၊ အမြဲပျော်အောင်ထားတယ်၊ ဒါပေမဲ့ ငါ နင့်ကိုချစ်တာကတော့ ဒါတွေကြောင့် မဟုတ်ပါဘူး ညီစေရယ်"

"ငါသိပါတယ်ဟာ၊ နင် ဘယ်လောက် ငါ့ကိုချစ်လဲ၊ ငါ ခံစားပြီး သိတယ်လေ ပန်း၊ ဒါပေမဲ့ ငါကလည်း နင် သိပ်ချစ်လို့ ငါချစ်တာ မဟုတ်ဘူး၊ ငါ့ဘာသာငါ သိပ်ချစ်တာ၊ နင်သိတယ် မဟုတ်လား ပန်းလေး၊ နင့်ကို ငါက ပိုချစ်တယ်"

ညီစေက ဦးဆောက်ပန်းရဲ့ နဖူးကို နဖူးချင်းငုံ့ကာ ဘိုက်ဆောင့်လိုက်ရင်း ခပ်တိုးတိုး ပြန်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်ဟာလေ၊ လမ်းမကြီးမှာဟာ၊ သိပ်မျက်စိနောက်ဖို့ ကောင်းတာပဲ၊ ရှက်လည်းမရှက်ကြဘူး၊ နင်တို့နှစ်ယောက်က မရှက်ပေမယ့် နင်တို့နဲ့တူတူ တစ်အုပ်စုထဲ လျှောက်နေရတာ ငါရှက်တယ်ဟဲ့"

"ရှက်ရင် ရော့... ဒီဦးထုပ်နဲ့ မျက်နှာကို ကွယ်ထား"

ဦးဆောက်ပန်းက စွမ်းထက် ခေါင်းပေါ်က ကက်ပ်ဦးထုပ်အဖြူလေးကို လှမ်းဖြုတ်ချွတ်ကာ ရွှေစင့်ခေါင်းပေါ် လှမ်းဆောင်းပေးလိုက်ပါသည်။

"ဟွန်း... ရုပ်ကိုကဖြီးလို့၊ သိပ်အူမမြူးနဲ့ မိပန်းရေ၊ ရယ်လွန်းရင် ငိုရတတ်တယ်"

"ဖတ်... ဖတ်... လွဲပါစေ... ရွှေစင်နော်"

"ခုနေ မိပန်းတို့အိမ်ကကား ဒီနား ဘေးကဖြတ်သွားရင် ဘယ်လိုလုပ်ကြမလဲဟေ"

"ငါကတော့ ပြေးမှာ အသားကုန်"

"အနော်လည်း မပါပါဘူးဗျ"

"ဟဲ့... မျိုး... သီဟ... နင်တို့ ပါးစပ်ပုပ်တွေနဲ့နော်၊ လျှောက်မပြောပါနဲ့ဟာ၊ ငါ တကယ်ကြောက်လို့ပါဟာ၊ နင်တို့လည်း သိရက်သားနဲ့ဟာ၊ မတော်တဆ မတွေ့အောင်တောင် ဆုတောင်းရမှာကို"

ဦးဆောက်ပန်းက ငိုမဲ့မဲ့လေး ဖြစ်လေလျှင်...





"အေးပါဟာ၊ ဆုတောင်းပေးပါတယ်၊ တကယ်သာ တွေ့သွားရင် ငါတို့လည်း ကောင်းမှာ မဟုတ်ဘူး၊ အလိုတူအလိုပါ ချိန်းပေးသလို ဖြစ်ဦးမယ်၊ နင့်အမေကို ကြောက်တယ်၊ မတွေ့ပါစေနဲ့ မဆုံပါစေနဲ့... ဘုရား... ဘုရား"

သို့ပေမဲ့လည်း အဲဒီနေ့က သူတို့ဆုတောင်း မပြည့်ခဲ့ကြပါ။ ရုပ်ရှင်ပြီးချိန်မှာ မမျှော်လင့်ဘဲ ကြိုမပြောဘဲ ခေါ်မထားဘဲနှင့် ဦးဆောက်ပန်းရဲ့အိမ်ကကားက ရုပ်ရှင်ရုံရှေ့ ရောက်နေပါသည်။ ဦးဆောက်ပန်းရဲ့မေမေက ကားနံဘေးမှာ ထွက်ရပ်စောင့်နေသည်။ သူမရဲ့အမေဟာ တကယ်တော့ သိလို့ လာကြိုစောင့်နေတာမျိုးမဟုတ်။ သူကိုယ်တိုင်လည်း မြို့ထဲကို ကိစ္စတစ်ခုနှင့် ညနေစောင်း ထွက်လာရရင်း ရုပ်ရှင်ကြည့်လိမ့်မည်ဟု ခွင့်တောင်းထားသော ပန်းတို့ကို ရုပ်ရှင်လွှတ်ချိန်မှန်းကာ လာစောင့်နေတာပင်။

သူတို့တတွေ ဘာကားကြည့်လိမ့်မည်ကိုလည်း ကြိုသိမထား။ သို့ပေမဲ့ မြို့ထဲက ရုပ်ရှင်ရုံတွေ တင်နေတဲ့ ကားတွေကို ကြည့်လိုက်ရုံနှင့် ဒီမင်းသား ဒီမင်းသမီး ပါဝင်သော ဒီမြန်မာဇာတ်ကားသစ်ကိုသာ သူတို့ ကြည့်ကြမှာပဲဆိုတာ မေမေက မှန်းဆနိုင်ခဲ့ပါသည်။

ရုံထဲကနေ လက်ချင်းချိတ်ကာ ထွက်လာသော ဦးဆောက်ပန်းနှင့် ညီစေသည် ရုပ်ရှင်ရုံအဝရောက်မှ ခဏရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ညီစေက ဦးဆောက်ပန်း လွယ်အိတ်ထဲနှိုက်ပြီး ခုနရေးမှတ်ထားသည့် ခွေးရောင်းတဲ့ ဦးလေးကြီးလိပ်စာ ဖုန်းနံပါတ် စာရွက်ကလေးကို ရှာနေပါသည်။ ပန်းရဲ့လွယ်အိတ်ကိုဟ,ကာ နှစ်ဦးသားလုံး ငုံ့ရှာနေတဲ့အတွက် သူတို့နှစ်ဦးရဲ့ နဖူးချင်းဟာ ထိတိုက်လျက်သား။ ဘေးဘီကိုလည်း ဂရုမပြုမိကြ။

"ပန်း... ပန်း..."

သူငယ်ချင်းတွေက အရင်တွေ့ကာ မျက်နှာတွေပျက်ပြီး ပန်းကို ကျိတ်ကာ ကျိတ်ကာ သတိပေး ခေါ်ငင်ပါသော်လည်း...

"ဘာလဲဟ... ဒီမှာ စာရွက်လေး ဘယ်ချောင်ကပ်သွားမှန်း မသိလို့ပါဆို၊ ဒီထဲပဲ ထည့်လိုက်တာပဲ ညီရဲ့၊ ရှုံထဲမှာများ မတော်တဆ ကျခဲ့လား မသိဘူးဟာ"

"သြော်... တွေ့ပြီ... တွေ့ပြီ... ဒီမှာတွေ့ပြီ"

ညီစေက စာရွက်လေးကို နှိုက်ထုတ်ယူကာ ရွှင်ရွှင်လန်းလန်း ရယ်မောလိုက်လျက် ဦးဆောက်ပန်းရဲ့ ခေါင်းကိုလည်း သူ့လက်ဖဝါးနှင့် အုပ်ကိုင်တွန်းလှုပ်လိုက်ပါသေးသည်။ ဖျတ်ခနဲ မမျှော်လင့်ဘဲ ဘေးကို လျှပ်ပျက်သလို ရောက်လာသည့် ဒေါ်မာလာနွယ်သည် ဦးဆောက်ပန်းရဲ့ ခေါင်းပေါ်မှ ညီစေ့လက်ကို ဖျတ်ခနဲ ပုတ်ထုတ်ချလိုက်ပါသည်။

"မေမေ..."





ဆိုးဆိုးဆတ်ဆတ်လေးတောင် တုန်အောင်ကြောက်လန့်သွားရှာတဲ့ ပန်းရဲ့မျက်နှာဟာ သွေးဆုတ်သွားသလိုပင်။ ချက်လုံးဝိုင်းကလေး ချာချာလည်လျက် ကြက်သေသေနေရှာသည်။ အားက သူငယ်ချင်းတွေဟာလည်း လန့်ထိတ်တွန့်ဆုတ်ကာ တစ်ယောက်နှင့်တစ်ယောက် တွန်းကာ ထိုးကာ ဖက်ကာ ကွယ်ကာ ဘာလုပ်ရမည် မသိကြပေ။

ဒေါ်မာလာနွယ်၏ ရှုးရဲစိမ်းတောက်သော မျက်ဝန်းတစ်စုံအကြည့်က ညီစေ့ကို ပြာကျသွားစေမတတ် ပူလောင်ပြင်းထန်နေပါသည်။ စိမ်းစိမ်းရှူးရှူးကြည့်နေလိုက်သည်မှာ အကြာကြီး။ အားလုံးဟာ အငိုက်မိ ကြောက်လန့်ငြိမ်သက်နေကြသည်။

"မင်း... မင်း နောက်တစ်ခါ ဦးဆောက်ပန်းနဲ့ ထပ်တွေ့ကြည့်၊ သူ့ကို ခေါင်းတုံး,တုံးပြီး မယ်သီလရင် အပြီးဝတ်ပေးလိုက်မယ် နားလည်လား၊ ကျောင်းလည်း မထားတော့ဘူး၊ ဦးဆောက်ပန်းရဲ့ဘဝကို အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မရတဲ့ အဖြစ်မျိုးရောက်အောင် မင်းမနှစ်နဲ့၊ လုံးဝမပတ်သက် မဆက်နွယ်ပါနဲ့၊ ဒါ နောက်ဆုံး သတိပေးစကားပဲ"

ညီစေ့ မျက်နှာဟာ ရဲတွတ်ပြီး ပြန်လည်းမပြောရဲသော ရှက်ရွံ့ခံပြင်းခြင်းနှင့် နှုတ်ခမ်းလေးတွေ တုန်လာသည်။

"မေမေ... ညီကို အဲလိုမပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမပြောပါနဲ့လဲ၊ လာခဲ့… အခုလာခဲ့၊ နင်… ဒါ ရည်းစားနဲ့ ရုပ်ရှင်ချိန်းကြည့်ရမယ့် အရွယ်လား၊ အိမ်ကို လိမ်ညာပြီး ရည်းစားနဲ့ ချိန်းတွေ့ရမယ့် အရွယ်လား"

ဝင်ပြောလိုက်တဲ့ သမီးဖြစ်သူအပေါ် ဒေါသအကြီးအကျယ် ပေါက်ကွဲသွားကာ ဒေါ်မာလာနွယ်ရဲ့ လက်ဖဝါး၊ လက်ဆစ် လက်သီးဆုပ်တို့က ဦးဆောက်ပန်းရဲ့ ပခုံးပေါ် ကျောပေါ် ခေါင်းပေါ် လက်မောင်းပေါ် တရစပ်ကျရောက်ကာ လက်မောင်းတစ်ဖက်မှ ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုက်လေသည်။

"အန်တီ… အန်တီ၊ ပန်းကို အဲလို မလုပ်ပါနဲ့ခင်ဗျာ၊ ပန်းအပြစ် မဟုတ်ပါဘူး၊ ကျွန်တော့်အပြစ်ပါ၊ ပန်းကို ကျွန်တော် ခေါ်မိတာပါ၊ ပန်းကို မလုပ်ပါနဲ့"

ညီစေသည် ချစ်ရသူလေးကို သနားစိတ်နှင့်ယောင်ယောင်ယမ်းယမ်း ပန်းရဲ့လက်မောင်းတစ်ဖက်မှ ဝင်ဆွဲမိလေရာ ဒေါ်မာလာနွယ်ရဲ့ ဒေါသက ညီစေ့ထံ ပြောင်းလဲကာ ပန်းကို ရိုက်နှက်လက်စ လက်တို့က ညီစေ့ လက်မောင်း ပခုံးတို့ကိုပါ တစ်ဆက်တည်း ရိုက်ပုတ်လေတော့သည်။ ညီစေက သူ့အရပ်ရှည်ပိုင်းပိုင်းနှင့် ပန်းကိုကွယ်ကာ ခါးကိုကိုင်းပြီး ဒေါ်မာလာနွယ့် အရိုက်အနှက်ကို ခံယူလေ ဒေါ်မာလာနွယ့် ဒေါသက ပိုဆိုးလေ။

"မေမေ… မေမေ ဘယ်လိုဖြစ်နေတာလဲ၊ သမီးကိုရိုက်၊ သူနဲ့ ဘာဆိုင်လို့လဲ၊ သူများ သားသမီးကို"





ရုန်းရင်းဆန်ခတ်နှင့်ပင် ပန်းက အော်၊ သူ့အမေက ဆွဲ နောက်ဆုံးတော့ ပန်းတို့ အိမ်ကကားပေါ် ပန်းတစ်ယောက်တည်း ငိုကာ ကြွေးကာ ပါသွားခဲ့ရပါတော့သည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဆေးတက္ကသိုလ်ကျောင်းသူ မမကြီး ကျောင်းတက်ဖို့ ဖေဖေတို့က ကားတစ်စီး ဝယ်ပေးထားပါသည်။ ဆူပါဆလွန်းကားလေးကို ကိုယ်တိုင် ကြော့ကြော့မော့မော့မောင်းကာ ကျောင်းတက်တတ်သော ဦးဆောက်ပန်းရဲ့အစ်မ ဝတ်မှုန်ဦးသည် စိတ်ထက်တာ မာကျောတာတွေ မေမေနှင့်တူသည်။ ဦးဆောက်ပန်းက အဖေတူ နူးနူးညံ့ညံ့ မပွင့်တပွင့်သမား။

မေမေတို့က ပန်းကိုလည်း ဆေးတက္ကသိုလ်ဝင်မလား မျှော်လင့်ခဲ့ကြပါသည်။ ပန်းကတော့ ကိုယ့်ကိုယ်ကိုယ် မဝင်နိုင်တာ မဖြေမီကတည်းက သိပြီးသားပင်။ ဆယ်တန်းရမှတ်တွေ ထွက်တော့လည်း ပန်းရဲ့ရမှတ်က အတော်လေး နည်းခဲ့ပါသည်။

ပန်းက ယဉ်ကျေးမှုတက္ကသိုလ် တက်ချင်သည်ဆိုတော့ မေမေရော မမကြီးပါ ပွက်လောရိုက်ကြသည်။

“ဟဲ့... နင် အရူးလား၊ အဲဒီမှာတက်ပြီး နင် ဘာလုပ်မလို့လဲ၊ ဇာတ်က,မလို့လား”





“မမကြီးက အဲသလို ချိုးနှိမ်မပြောပါနဲ့၊ ပန်း ဂီတယူချင်တာပါ၊ ပန်း ဂီတအနုပညာ စိတ်ဝင်စားတာ သိသားနဲ့”

ပန်း ငါးတန်းရှယ်လောက်ကစပြီး ဆယ်တန်းရောက်တဲ့ထိ အိမ်မှာ အတူလာနေသော ဖေဖေ့ဘက်က အစ်ကိုဝမ်းကွဲ ကိုဖြိုးကြောင့် ပန်းက ဂစ်တာတီးတတ်ပါသည်။ ကိုဖြိုးနား ကပ်ခပ်စုပ္ပဆာရင်း ခြောက်တန်းလောက်ကတည်းက ဂစ်တာတီးတတ်နေခဲ့တာ။ ပန်းလည်း ဆယ်တန်းနှစ်ရောက် ကိုဖြိုးလည်း သင်္ဘောတက်သွားချိန်မှာ မေမေက ကျောင်းစာအကြောင်းပြပြီး ပန်းကို ဂစ်တာတီးခွင့် ပိတ်ခဲ့သည်။

“အားအားနေ ဒေါင်ဒင် ဒေါင်ဒင်နဲ့၊ ဆယ်တန်းအောင်မှ ပြန်တီး”

ဦးဆောက်ပန်းအဖို့ ဝရန်တာ ထောင့်ချိုးလေးမှာ ထိုင်ရင်း ဂစ်တာလေးတီး၊ သီချင်းလေး ညည်းနေရတာသည် အရသာတစ်မျိုး။ ပန်းရဲ့ကိုယ်ထဲမှာ အနုပညာပိုးကလေး ရှိနေတယ်လို့ ပန်းထင်ပေမယ့် မေမေက တစ်ချက်လွှတ် ကန့်ကွက်ခဲ့ပါသည်။

နောက်ဆုံးတော့ ပန်းကို UFL မှာ ‘……’ဘာသာ တက်စေဖို့ အိမ်က ဝိုင်းဝန်းဆုံးဖြတ်ခဲ့ကြသည်။ ညီစေ ဘာယူသလဲ၊ ဘာတက်သလဲ ဆိုတာကိုလည်း ကြိုစုံစမ်းကြပါသေးသည်။ ကျောင်းချင်း တူနေမှာစိုးလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆို မမကြီး မောင်းသောကားနှင့် ဦးဆောက်ပန်းက အတူလိုက်ရပါသည်။ မမကြီးဟာ မေမေ အင်မတန်စိတ်ချရသော ပန်းအတွက် ဘော်ဒီဂတ်ပင်။ ပန်းကို UFL ရှေ့ချလျှင် ကားပေါ်ကနေ ခွန်ရဲ မျက်လုံးများနှင့် ကျောင်းပရဝုဏ်ပတ်ဝန်းကျင်ကို မျက်စိလျှင်လျှင် ချက်က်လုပ်လိုက်သေးသည်။ ထို့နောက် မသက်ာစရာ မမြင်ဘူးဆိုမှ...

"ကဲ... ဆင်း၊ ကျောင်းကနေ အပြင်တွေ ဘာတွေ မထွက်နဲ့နော်၊ အတန်းမှန်မှန်တက်၊ မလစ်နဲ့၊ ဟိုကောင်လာရင် စကားတွေ ပြောမနေနဲ့ဦး"

"မမကြီးကလည်း မမကြီးပဲ စဉ်းစားကြည့်လေ၊ ညီစေ တစ်ယောက်လုံး ရောက်လာမှတော့ စကားမပြောဘဲ နေလို့ရမလား၊ မမကြီး တားလည်း အပိုဖြစ်နေမှာပေါ့၊ စကားတော့ ပြောမှ ရမှာပေါ့"

"အေး... သိတယ်၊ သိတယ်၊ ဒူးလောက်တင်မှ ရင်လောက်ကျလို့ ပိုပိုသာသာ ပြောနေရတာ၊ အတန်းဖျက်ပြီး ဧည့်ခံမနေနဲ့၊ နည်းနည်းပါးပါး ပြောဆိုပြီး အတန်းမှန်မှန်တက်၊ အပြင်တွေ ဘာတွေများ လိုက်သွားမယ် စိတ်မကူးနဲ့နော်၊ ကျောင်းပါ ထုတ်ပစ်မယ်မှတ်"

နံနက်တိုင်း မမကြီးကို မျက်စောင်းထိုးပြီးမှ ကားပေါ်က ဆင်းရတာသည် ဝတ္တရားတစ်ခု။ မမကြီးက ပန်းထက် သုံးနှစ်သာ ကြီးသော်လည်း လူကြီးမကြီးအလား ရည်ရွယ်ချက်





တွေ မျှော်လင့်ချက်တွေ အပြည့်ဖြစ်သည်။ မေမေနှင့်လည်း စိတ်ချင်းထပ်တူ ကျလှပြီး မေမေ့စကားလည်း တစ်ခွန်းမကျန် နားခင်ဘူဖြစ်သည်။ ညီအစ်မရယ်လို့ တိုးတိုးဖော်လို တိုင်ပင်ရမည်များ မမှတ်နှင့်။ ဘာမဆို မေမေ့ထံ ပြန်ရောက် တို့ထောင်သော ခမေမေ့သစ္စာတော်ခံပင်။

ပန်းသည် လုံးဝဝါသနာမပါသော ဘာသာရပ်ကြီးဘစ်ခုကို ပျင်းပျင်းရိရိ လေ့လာအတန်းတက်နေရသောကြောင့် အမြဲပင် အပြင်လစ်ဖို့ ချောင်းနေသည်။ ညီစေနဲ့မှမဟုတ်။ ဘယ်သူငယ်ချင်းလာလာ လစ်မည် ဈေးဝယ်မည် ရုပ်ရှင်ကြည့်မည်။ ညီစေများ ရောက်လာလျှင်တော့ မြူးပျော်မဆုံးပြီ။ မမကြီးစကားကို မြေဝယ်ကျစေကာ ညီစေနှင့် လှည်းတန်းဈေးဘက်သွား၊ စားချင်ရာစား၊ ဆိုင်တစ်ဆိုင်ထိုင်ကာ စကားပြော။ အဲဒီအချိန်က ဟန်းန်ဒ်ဖုန်းတွေ ဖောဖောသီသီ မရှိသေး မကိုင်နိုင်သေးရာ ကြိုတင်ချိန်းချက် သိရှိခွင့်မရဘဲ ရုတ်တရက် ဘွားခနဲ ညီ့ကိုမြင်လျှင် ပျော်လိုက်တဲ့ ဖြစ်ခြင်းပင်။

အဝေးကနေ အရပ်မြင့်မြင့် တလွင့်လွင့်နှင့် ညီလမ်းလျှောက်လာတဲ့ဟန်ကို ငေးကြည့် ဆီးကြိုရတဲ့ အခါတိုင်း ညီ့ချစ်သူ ဖြစ်ရတဲ့အတွက် ဂုဏ်ယူရသည်။ ချစ်သူကို သဝန်လည်းတို့ရပါသည်။ ချောမောခန့်ညားကာ အများကြား ထင်ပေါ်နေတဲ့ ညီ့ကို ကောင်မလေးတွေက ခိုးကြည့်ကြသည် စိတ်ဝင်စားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုလို ကျောင်းထဲထိ လာ,လာတွေ့နေတဲ့ ညီစေဟာ ဦးဆောက်ပန်းရဲ့ချစ်သူဖြစ်ကြောင်း ကျောင်းက မိန်းကလေးတွေ သိအောင် ညီ့လက်ကို ပိုင်စိုးပိုင်နင်း တွဲချိတ်ရပေသည်။

ပန်းက ဤသို့ သဝန်တိုနေချိန်တွင် ညီကလည်း ပန်းကို အမြဲစိုးရိမ်မကင်း စိတ်မချ ဖြစ်နေတတ်ပါသည်။ ဘယ်သူက စကားပြောသေးလဲ၊ ဖုန်းဆက်သေးလဲ၊ စာပေးသေးလဲ၊ နောက်က လိုက်သေးလဲ အမြဲတတွတ်တွတ် စစ်ဆေးတတ်ပါသည်။

"အို... ဘယ်သူမှ ဘာမှ မပြောဘူးဆို ညီကလည်း"

"ဖြစ်နိုင်ပါ့မလား ပန်းရာ၊ ပန်းက ဒီလောက်လှတာ ကွင်းလည်း ရထားတာ၊ ဟို 'ကင်း'ဆိုတဲ့ ကောင်ကရော ပန်းကို မလိုက်ဘူးလား"

"ကင်းက သူ့ဟာနဲ့သူ ရှုပ်နေတာနဲ့ပဲ ပြီးနေတာ အခြောက်လား မသိပါဘူး... ဟီး ဟီး၊ ဘယ်သူမှမလိုက် ပါဘူးဆို ညီရာ၊ ညီလာရင် ဒီလောက် လက်ချင်းတွဲ လျှောက်နေတာ ညီက တို့ရည်းစားမှန်း အားလုံးသိတယ်"

"အဲလိုသိရင်လည်း ဘာဖြစ်လို့ ဟိုကောင်မလေးတွေက ညီ့ကို ရှိတ်တယ်၊ ရှုံးတယ်နဲ့ တိုနေစရာ အကြောင်းရှိ သလဲ"

"ဒါတော့ သူတို့က ခိုးခိုးကြည့်ကြတာ ပန်းတွေ့တာကြောင့်လို့"





"ကြည့်တော့ရော ဘာဖြစ်လဲ၊ ညီ,မကြည့်ရင် ပြီးတာပဲ မဟုတ်လား"

"သူတို့ပါ မကြည့်စေချင်တာ"

"ရော... ဒါတော့ မတတ်နိုင်ဘူးလေ၊ ပန်းသာ ဘယ်ယောကျ်ားလေးမှ အရောမဝင်နဲ့၊ ယောကျ်ားလေးတွေဆို တာ ပိုင်ရှင်ရှိမှန်းသိလည်းပဲ အဲဒီပိုင်ရှင်က အချိန်ပြည့် ရှိမနေဘဲ အဝေးရောက်နေရင် အခွင့်အရေးများ ရမလား လို့ ချောင်းနေမှာပဲ၊ ပန်း တစ်ယောက်တည်း ဒီကျောင်းထဲ တက်နေရတာ စိတ်ကိုမချပါဘူးကွာ၊ ရင်ကို မောနေတာပဲ၊ စတိတ်က သူငယ်ချင်းတွေလည်း တစ်ယောက်မှ အဖော် ပါမလာဘူး၊ သူတို့သာ ပန်းနားမှာ တစ်ယောက်နှစ်ယောက် အဖော်ရှိရင် တော်သေးတယ်"

ညီနှင့် ရံဖန်ရံခါ အဖော်လိုက်လာတတ်သော သီဟ သည် သူတို့နှစ်ယောက်ရဲ့ စကားတွေကို အမြဲပဲ နားကလောတတ် သည်။

"နင်တို့ နှစ်ယောက်က လွန်ကို လွန်လွန်းတယ်၊ သူများ တွေလည်း ရည်းစားရှိတာပဲ၊ မင်းတို့လိုကို ဖြစ်မနေဘူး၊ အလကားနေ သဝန်တိုရတာနဲ့ စိတ်မချရတာနဲ့ ဒါပဲ"

"သီဟကလည်းဟာ... ငါနဲ့ ညီက တစ်ပတ်မှာ နှစ်ရက် လောက်ပဲ တွေ့လို့ရတာ၊ ပြီးတော့ မေမေကလည်းသဘော



www.burmeseclassic.com

www.burmeseclassic.com



ကျတာမဟုတ်၊ တခြားမှာ တွေ့လို့လည်းမရ၊ မေမေက ကျောင်းကို အလစ်ချောင်း အငိုက်ဖမ်းပြီး လာလာကြိုသေးတယ်၊ ဒီကျောင်းမှာပဲ မေမေ့သူငယ်ချင်း သားသမီးတချို့ကလည်း ရှိသေးတယ်၊ မေမေက သိက္ခာကျခံပြီး ငါ ဘယ်လိုနေလဲ သွားသွားမေးတတ်သေးတာ၊ အမြဲ ပုန်းလျှိုးကွယ်လျှိုး တွေ့ရတာကို"

"နင့်အမေကလည်း ညီစေက ဘာများဆိုးနေလို့လဲ၊ အလကားနေရင်း သဘောမတူ ဖြစ်နေတယ်"

"လူကြီးချင်းမှ မပြေလည်တာဟာ၊ နင်တို့ သိသားနဲ့"

"ညီစေ့ အမေကတော့ ပြေလည်ပါတယ် မဟုတ်လား၊ ဘာမှ မပြောဘူး မဟုတ်လား"

ညီစေက ခေါင်းကို ဟန်မပျက် အသာညိတ်ပါသည်။

"နောက်ဆုံးတစ်နေ့ ကျောင်းတွေ ဘာတွေ ပြီးလို့ နင်တို့ယူကြမယ်ဆိုတော့လည်း ခိုးပြေးပေါ့ဟာ၊ ညီစေ့အိမ်ကိုခိုးသွား... ဟား ဟား"

ညီစေနှင့် သီဟက အင်္ဂလိပ်စာဘာသာ အဝေးသင်ပဲတက်ကာ Birtsh Council ကဖွင့်တဲ့ အင်္ဂလိပ်စာသင်တန်းတစ်ခု တက်နေသည်။ အပြင်မှာလည်း IELTS ကျူရှင်တစ်ခု တက်နေပါသေးသည်။ ညီစေ့ မေမေရဲ့ အစီအစဉ် ပျိုးထားပုံမှာ ညီစေကို နိုင်ငံခြားပို့လွှတ်၍ ကျောင်းတက်စေဖို့ဖြစ်သည်။





ညီစေသည် ဘယ်နိုင်ငံကိုမှ ကျောင်းသွားမတက်လိုပါ။ ဦးဆောက်ပန်းရှိနေတဲ့ မြေကြီးပေါ်က တစ်ဖဝါးမှတောင် မခွဲနိုင်ပါ။ ကျောင်းသွားတက်ဖို့ အစီအစဉ်ကို ဘယ်လိုဖျက်ရမလဲဆိုတာပဲ တစ်ချိန်လုံး အကြံဉာဏ် ထုတ်နေရပါသည်။ တစ်ခုခက်သေးသည်မှာ ညီစေ့ဖေဖေရော ပန်းရဲ့ဖေဖေပါ ခပ်အေးအေးနေတတ်ကြတဲ့သူတွေဖြစ်ပြီး အမျိုးသမီးနှစ်ယောက်လို မကျေမချမ်းအာဃာတရယ်လို့လည်း မရှိလှ။ သားသမီးတွေကိုလည်း အမြဲဘစေ အလိုလိုက်တတ်သော အဖေမျိုးတွေ ဖြစ်ကြတာပင်။

ဒီကြားထဲမှာလည်း ညီစေနှင့် ဦးဆောက်ပန်းတို့နှစ်ယောက်သား ကျောင်းလစ်ပြီး အင်းလျားကန်ဆီ အသွားဦးဆောက်ပန်းရဲ့မေမေနှင့် တည့်တည့်မိခဲ့ဖူးပါသေးသည်။ လူကြားသဲ ရုတ်ရုတ်သဲသဲ ဖြစ်လောက်အောင် ပန်းကိုဆွဲလွဲပြီး ရိုက်ပုတ်ခေါ်ဆောင်သွားတာမျိုးလည်း ဘေးလူတွေ မမြင်ချင်မှအဆုံး။

ကျောင်းတွေပိတ်တဲ့အခါ တွေ့ခွင့်မရမှာစိုး၍ ပန်းဘ ဟင်းချက်သင်တန်း၊ မုန့်ဖုတ်သင်တန်းတွေ လျှောက်တက်ရသည်။ အလွယ်တကူတော့ တက်ခွင့်ရတာမဟုတ်။ အမျိုးမျိုးနှုပြ ငိုယိုမျက်ရည်ခံထိုး သနားစရာလေးဖြစ်အောင် မှိုင်တွေပြ အစာငတ်ရေငတ်ခံ မျိုးစုံဒရာမာခင်းပြီးခါမှ ခွင့်ပြုချက်ရတာ။ သင်တန်းကို ညီစေက ခိုးကြောင်ခိုးဝှက် အရောက်လာရပါသည်။

ဆယ်ခါအခွင့်မသာသော်လည်း တစ်ခါလောက်ပဲ ခွင့်သာသာ။ အခွင့်အရေးရဖို့ ဘယ်လောက်စောင့်ရ စောင့်ရ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အချိန်ပေးရ ပင်ပန်းရ၊ ပန်းရဲ့မေမေနှင့် မတိုးမိအောင် အခက်အခဲ ဒုက္ခမျိုးစုံ ရင်ဆိုင်ကျော်ဖြတ်ပြီးမှ မိနစ်ပိုင်းကလေးတွေ့လို့ရဖို့ စွန့်စားခဲ့ကြရတာမျိုးလည်း ရှိပေသည်။

ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့က ညီစေ ဝယ်ပေးသော ခွေးကလေးကို ရွှေစင်က လက်ဆောင်ပေးသယောင် ဟန်ဆောင်ပြီး လာပို့၍ မွေးခွင့်ရထားခဲ့သည်မှာလည်း တစ်နှစ်ကျော်ကြာတဲ့အထိ ပိပိရိရိ ရှိခဲ့ပါသေးသည်။ တိုက်တိုက်ဆိုင်ဆိုင် ဦးဆောက်ပန်းရဲ့မေမေနဲ့ ရွှေစင့်မေမေတို့ မိတ်ဆွေမင်္ဂလာဆောင်တစ်ခုမှာ တစ်စားပွဲထဲထိုင်မိကြကာ စကားစပ် ပြောမိကြရာက ခွေးကလေး ဘလက်ကီကို ရွှေစင့်အိမ်မှာ ခွေးကလေးတွေပေါက်လို့ တစ်ကောင်ပေးထားတာ မဟုတ်မှန်းလည်း ဘူးပေါ်သွားခဲ့ရပါသည်။

ချက်ဆို နားခွက်က မီးတောက်နေတတ်ခဲ့သော မေမေဟာ ရိုးရိုးသာမန် ကိစ္စလေးတစ်ခုမှာ အလိမ်အလည်အလှည့်အဖျားတွေ ပါထားပြီ ဆိုကတည်းက ဒီခွေးကလေးရဲ့ ဇာတိရင်းမြစ် ဘယ်ကလာနိုင်တယ်ဆိုတာ ဒက်ခနဲ မှန်းဆနိုင်ပြီးသားပင်။ အိမ်ပြန်ရောက်တဲ့အခါ ချိတ်တွေ ပဝါတွေ စိန်ဆွေ ရွှေတွေ ပင် မချွတ်နိုင်ဘဲ ဦးဆောက်ပန်းကို စစ်မေးတော့သည်ပင်။





များများစစ်မေးနေစရာ မလို။ မေမေ့နီမိတ်ပြမေးခွန်းတွေက ဗေဒင်အတပ်ဟောသလို ဖြစ်နေလေရာ ပန်းမှာခေါင်းညိတ်ဖို့ကလွဲပြီး ဘာမှမရှိ။

"တောက်... ဒါကြောင့် ဒီခွေးကို အားအားရှိ တပွေ့ပွေ့ တပိုက်ပိုက် တယုယု တယယ လုပ်နေတာ၊ စားဦးစားဖျား ချကျွေးရတာနဲ့၊ မအေမသိအောင် ပိပိရိရိ လှည့်ဖြားပြီး ခွေးတစ်ကောင်လုံး အိမ်ပေါ်တင် မွေးထားတဲ့ သမီး... ကြောက်ဖို့တောင် ကောင်းတယ်၊ အပု... အပု... လာစမ်း"

"မေမေ ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမလဲ... သွား အပု၊ ခြံပြင်ကို သွားပစ်လိုက် ဒီခွေးကို၊ ခုချက်ချင်း သွားလွှင့်ပစ်၊ ခြံထဲ လုံးဝအဝင်မခံနဲ့"

"မေမေ"

"ဘာတုံး"

"မေမေကလည်း အဲလိုလုပ်လို့ ရမလား... မရဘူးလေ၊ ဒါ အရုပ်မဟုတ်ဘူးလေ၊ သက်ရှိခွေးလေ မေမေ"

"ဘာဖြစ်လဲ အဲဒါ"

"ခွေးတစ်ကောင်ကို လမ်းပေါ် ဒီလိုပစ်လို့ ရပါ့မလား၊ ဘယ်ဖြစ်မလဲ၊ အသက်ရှိတဲ့ သတ္တဝါလေ၊ မေမေ အဲ့လောက် မရက်စက်ပါနဲ့... အီး... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ချိကာ အပုလက်ထဲထည့်၊ ဦးဆောက်ပန်းက ငိုကာလှ။ ဒီခွေးကလေးကို ပန်း အလွန်ချစ်ပါသည်။ မြင်မြင်ချင်း ချစ်ရတဲ့အပြင် ညီစေက ဝယ်ပေးလိုက်တဲ့ အမှတ်တရ လက်ဆောင်လေးအဖြစ် တန်ဖိုးထားလွန်းခဲ့တာ။ ဒါကြောင့်လည်း အကြောင်းစုံ မသိခင်ကတည်းက မေမေ မျက်စိနောက်ရအောင် ဖြစ်ခဲ့တာပင်။ ညီဝယ်ပေးတဲ့ ခွေးကလေးမှန်း သိတဲ့အခါ မေမေက မဆီမဆိုင် ခွေးကလေးကို အငြိုးထားလေပြီ။

နောက်ဆုံးတော့ အိမ်မှာ မမြင်ချင်တဲ့ မေမေ့ဆန္ဒကိုလည်း လိုက်လျောရာကျ ရက်ရက်စက်စက် မပစ်စေချင်တဲ့ ပန်းရဲ့ဆန္ဒကိုလည်း မပစ်ပယ်၊ ဖေဖေက ခွေးကလေး ဘလက်ကီကို ရွှေစင့်ထံ ပို့စေလိုက်ပါသည်။ ရွှေစင့်ကိုလည်း သူတို့အပေ လိမ်ညာလှည့်စားရပ့်မလားရယ်လို့ မေမေက မကြည်တော့ပါ။

ညီစေတို့ သားအမိအပေါ် မေမေ့ရဲ့မေတ္တာမဲ့မှုဟာ သာမန်မဟုတ်ပေ။ ညီစေနဲ့ ပတ်သက်ပြီး ဦးဆောက်ပန်း တင ယောက် မေမေနှင့် ဖြစ်ခဲ့ရတဲ့ ရန်ပွဲတွေ ပြဿနာတွေ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ အကြိမ်ကြိမ် အခါခါ မနည်းပါ။ မေမေ ဘယ် လောက်ထိ ခါးခါးသီးသီး မကြည်ဖြူတယ် ဆိုတာ ပန်းတစ် ထက်တစ်စ ပိုပိုနားလည် သိရကာ သူမတို့ ဘဝရှေ့ရေးအတွက် ရင်မောမောနှင့် မျက်ရည်လည်ရွဲ ဖြစ်ခဲ့ရပါသည်။ သို့ပေ နောက်ဆုတ်လိုက်ဖို့၊ ညီကိုပြတ်ဖို့ နည်းနည်းကလေးမှ မတွေး





ခဲ့ခြင်းမှာ ညီ့မေမေဟာ ပန်းမေမေလောက် ခါးသီးမှုမရှိဘူး၊ ပန်းအပေါ်လည်း မေတ္တာမမဲ့လှဘူး ထင်ခဲ့လို့ပါပင်။

လက်ထပ်ပေါင်းသင်းခွင့် ရခြင်းကမှသာ အချစ်ခိုင်မြဲမည်တာ မဟုတ်ပါဘူး ညီရယ်လို့ ညီ့ကို နှစ်သိမ့်ချော့မော့ ဘိုင်း ညီကလည်း တိတ်ဆိတ် ကြေကွဲစွာ သဘောတူခဲ့တာပင်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဒုတိယနှစ်စာမေးပွဲ ဖြေအပြီး အချိန်မှာ “……လေကြောင်း”မှ လေယာဉ်မောင် လေယာဉ်မယ်များ ခေါ်ယူတဲ့ သတင်းထွက်ပေါ်လာခဲ့လျှင် ထူးဆန်းတိုက်ဆိုင်စွာပင် ညီစေရော ဦးဆောက်ပန်းပါ မတိုင်ပင်ရဘဲ လျှောက်ဖို့ ဆန္ဒပြင်းပြခဲ့ကြပါသည်။

ရွေးချယ်မည့် အဖွဲ့ထဲမှာ တာဝန်ရှိသော အကြီးအကဲသည် ဟိုယခင်က ညီစေ့ဖေဖေ၊ ပန်းရဲ့ဖေဖေတို့နှင့် အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသူပင်။ ဒီအလုပ်ခေါ်ခြင်းကို ညီ စိတ်ဝင်စားတာ ပန်း သိရတဲ့အခါ၊ ပန်း စိတ်ဝင်စားတာ ညီ သိခဲ့တဲ့အခါ နှစ်ဦးလုံးဟာ စိတ်ချင်းတိုက်ဆိုင်မှုကို အံ့အားတသင့် ကြည်နူးမိခဲ့ကြသည်။ အဲဒီနောက် နှစ်ဦးသား တိုင်ပင်ပြီး အိမ်ကို အသိမပေးကြဘဲ ဝင်လျှောက်ခဲ့ကြပါသည်။

လူတွေ့စစ်ဆေးခြင်းကို သွားဖို့အတွက် အိမ်ကို လှည့်စား၍ ထွက်ကြရပါသည်။ ရင်တမမ တထိတ်တိတ်နှင့်





ဖုံးဖုံးဖိဖိ လှုပ်ရှားကြရပါသည်။ လျှောက်ထားတာကို အိမ်မှာ ပြောပြပေမယ့် “လေယာဉ်မယ် ဝင်လျှောက်ချင်လိုက်တာ” ဆို တာလေးကိုတော့ အိမ်ကထမင်းဝိုင်းမှာ ဖေဖေနှင့် မေမေ့ကို မသိ သာလေး စကားသွင်းထားပါသည်။

“အပိုတွေ မလုပ်နဲ့”

မေမေကတော့ ထုံးစံအတိုင်း တစ်သွေး တစ်သံ တစ်မိန့်။ ဖေဖေကတော့ ဦးဆောက်ပန်းရဲ့ စွန့်စားလိုမှုကို စိတ် ဝင်တစား ရှိပုံရသည်။ ကိုယ့်ဘာသာ ကျိတ်ကာ ဗဟုသုတတွေ ရလာ ကြားဖူးနားဝ ရှိထားသလောက်တွေ လေ့ကျင့်။ လူတွေ့ သွားဖြေတဲ့နေ့တွင် အိမ်ကမသိအောင် ခိုးလုပ်ရပေမယ့် ဦးဆောက် ပန်းက ယုံကြည်ချက်အပြည့်နှင့် ရဲဝံ့နေပါသည်။

ညီစေနှင့် လူတွေ့စစ်ဆေးခံရတဲ့ရက်ချင်း မတူပါ။ ညီစေက သူ့အိမ်ကို အသိမပေးသည်မှာတော့ သူ့မေမေက နိုင်ငံ ခြားထွက်ဖို့ကိုသာ ထက်သန်တိုက်တွန်းနေသည်ဖြစ်၍ သူ့အမေ လုပ်စေချင်တာကို ဆန့်ကျင်ရ၍ပင်။ နိုင်ငံခြား မထွက်ရအောင် သင်တန်းအမျိုးမျိုး ကျောင်းအမျိုးမျိုးတက်၍ အကြောင်းပြ အချိန် ဆွဲနေတဲ့ ညီစေသည် သူ့မေမေသိလျှင် တားမြစ်ကန့်ကွက်မှာကို သိပြီးဖြစ်၍ ခိုးလျှောက် ခိုးဖြေရပါသည်။

ဒီကြားထဲ သူတို့ ရင်ဆိုင်ရတဲ့ အခက်အခဲ ခလုတ် ကန်သင်းတို့ ရှိခဲ့ပေမယ့် နောက်ဆုံးမှာတော့ ညီစေရော ဦးဆောက် ပန်းပါ “……လေကြောင်း”မှာ လေယာဉ်မောင်နှင့် လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



မယ် အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရလေသည်။ အဲဒီတော့မှပင် ပန်းက ဖေဖေ့ကို အရင်အသိပေးရသည်။ ဖေဖေက အံ့သြစိတ်ရှုပ်သွားသော်လည်း ကန့်တော့မကန့်ကွက်ပေ။

"မိဘကို ဘာဖြစ်လို့ ကြိုမပြောရတာလဲ သမီး၊ မေမေက ဘာပြောဦးမယ် မသိဘူး"

"မေမေ မတားအောင် ဖေဖေ ပြောပေးပါနော်… ဖေဖေနော်…"

"စောစောစီးစီး မလျှောက်ခင်က ပြောရမှာ သမီးရယ်"

"အရွေးခံရမယ်လည်း သိပ်မထင်လို့ပါ ဖေဖေရယ်၊ ရွေးမခံရလည်း အိပ်စ်ပီးရီးယင့် ရရုံဆိုပြီး စိတ်ဝင်စားလို့ ဝင်လျှောက်ကြည့်လိုက်တာပါ။ လျှောက်တဲ့သူ ရာတွေချီနေတဲ့ထဲမှာ သမီးက ဆယ်ဂဏန်းထဲဝင်ပြီး အရွေးခံရတာ သမီး ပါရမီပါလို့၊ သမီးနဲ့ ဒီအလုပ် အပ်စပ်လို့ လေယာဉ်မယ်ဖြစ်ဖို့ ကံပါလာလို့၊ သမီးလည်း လေယာဉ်မယ်တစ်ယောက် ဖြစ်ထိုက်အောင်တော်လို့ မဟုတ်လား ဖေဖေရယ်၊ မေမေ့ကို ပြောပေးပါ၊ မေမေ့ကို ရအောင်ပြောပေးပါနော်"

ဦးဆောက်ပန်းရဲ့ သနားစဖွယ် ပူဆာခြင်းကို ဖေဖေက လျစ်လျူမရှုနိုင်ရှာပေ။ ဖေဖေကိုယ်တိုင်လည်း သဘောကျနေပုံရခဲ့ကာ မေမေ့ကို ဖေဖေကပင် အသိပေးလိုက်ပါသည်။ ထင်သည့်အတိုင်း တစ်အိမ်လုံး ဆူညံပွက်လောရိုက်သွားကာ မေမေက လူကြီးမသိအောင် ခိုးလုပ်ရပါ့မလားဟု သမီးဆိုး သမီးမိုက်တစ်ယောက်လို ပြစ်တင်ပါသည်။





"မရဘူး လူကြီးကို ခွင့်မတောင်းဘဲ ကိုယ်ထင်ရာ ကိုယ့်စိတ်ကိုယ့်ကိုယ် လုပ်တာကို ခွင့်ပြုလိုက်ရတာပဲ ဆိုတာကြီး အကျင့်ပါသွားမယ်၊ လုံးဝသဘောမတူဘူး၊ ညည်းဟာလေ… အငယ်ဖြစ်ပြီး ကိုယ့်အစ်မလို မလိမ္မာ၊ ထင်ရာစိုင်းတဲ့ သမီးမျိုး၊ ညည်းလုပ်ချင်တာဆိုရင် လုပ်ရမှာပဲလို့၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ ဦးဆောက်ပန်း၊ လုံးဝပဲ၊ သဘောမတူနိုင်ဘူး"

"အရွေးတောင် ခံရပြီးနေပြီ အမေကြီးရဲ့"

"ရွေးခံရတော့ ဘာဖြစ်တုံး၊ ကိုယ်လုပ်မှ ဖြစ်တာ၊ မလုပ်နဲ့ မသွားနဲ့ပေါ့၊ အိမ်ထဲကကို မထွက်နဲ့ ဒီရက်၊ ဘာလဲ… ရွေးခံရပြီးမှ မလုပ်ရင် လျော်ရမှာလား၊ လျော်စရာရှိလျော်လိုက်"

"ဒီလိုလည်း မဟုတ်သေးဘူး ထင်တယ် အမေကြီးရဲ့၊ မင်းသမီးမှာ လူကြီးကို ကြိုခွင့်မတောင်း မတိုင်ပင်တဲ့ အပြစ်ပဲရှိပါတယ်၊ မကောင်းတဲ့အလုပ်လည်း မဟုတ်ပါဘူး၊ ဂုဏ်ယူစရာအလုပ်ပါ၊ အများကြီးထဲက နည်းနည်းကလေး ရွေးတာ သူတော်လို့ ပါသွားတာ၊ နောင်ကို ဒီလို မိဘကို အသိမပေးဘဲ မလုပ်ဖို့ ကတိတောင်းပြီး ဒီတစ်ခါကို ခွင့်ပြုလိုက်ပါတော့"

"အို… နောင်ကိုလည်း ဒီလို ချည်ပြီး တုပ်ပြီး လုပ်တဲ့ အကျင့်ပါသွားမှာပေါ့၊ ရှင့်သမီးကို ဘာမှတ်နေသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မိဘစကား နားထောင်တယ်ဆိုတာ ရှိလား၊ အစ်မနဲ့တခြား စီ၊ စုန်းပြူးမ၊ လေယာဉ်မယ် လုပ်တာကို မကြိုက်တာ မဟုတ်ဘူး၊ လူကြီးကို အရေးမစိုက်ဘဲ သူလုပ်ချင်ရာလုပ် လို့ရတယ်ဆိုတဲ့အသိ ခေါင်းထဲစွဲသွားမှာ၊ လွန်သွားရင် တော့ လူကြီးက လိုက်လျောရတော့မှာဆိုပြီး အပိုင်လုပ် တာ၊ ဒါကို ခွင့်မပြုနိုင်တာ"

"သမီးမေမေတို့ကို ထမင်းစားပွဲမှာ ပြောပါသေးတယ် မေမေရယ်"

"ဘာပြောတာလဲ... လျှောက်ချင်လိုက်တာပဲ ပြောတာလေ၊ လျှောက်ရမလားတောင် မမေးဘူးလေ"

"မေမေက အပိုတွေမလုပ်နဲ့လို့ တစ်ခွန်းတည်း ပိတ်ပြော လိုက်တော့ ပန်းက ခွင့်တောင်းရမှာ ကြောက်တာပေါ့... ဒါကြောင့်........."

"ညည်းလား ကြောက်တတ်တာ၊ မိပန်းနော်၊ ဦးဆောက်ပန်း၊ သိပ်ကို ဂြိုဟ်ကြွလွန်းတယ်၊ ခုမှ ဖအေကို စစ်ကူတောင်း ပြီး မအေကို ကြောဖို့ကြံတယ်၊ ညည်း အချိုးအချိတ်တွေ ငါက မသိဘူးလား၊ ညည်းကို ငါ့ဗိုက်ထဲက မွေးထုတ် ခဲ့တာပါ ဦးဆောက်ပန်းရဲ့"

သို့ပေမယ့် ဒီကိစ္စမှာ မထင်မှတ်တဲ့ မဲကိုပေးလိုက် သူက မမကြီး။ မမကြီးက ပန်း လေယာဉ်မယ် အရွေးချယ်ခံရ တာကို အင်မတန် အံ့သြဝမ်းသာ ဂုဏ်ယူနေပါသည်။ မိန်းကလေး





ဝီပီ သူတွေးသည်မှာ လေယာဉ်မယ်ဆိုတာ ကြော့ရှင်းလှပသူက လေးတွေသာ ရွေးချယ်ခံရတာ။ သတ္တိကောင်းသူတွေမှသာ လုပ် ခဲ့လှုပ်ဝံ့တာ။ သပ်ရပ်ကြော့မော့စွာ ဝတ်စားပြီး ယဉ်ကျေးပျူငှာ ချေင်သော စကားလုံး အမူအရာတို့နှင့် ဆက်ဆံတတ်ရတာ။ ဘယ်လိုတွေးတွေး လေယာဉ်မယ်ဆိုတာဟာ မိန်းကလေးအများစု ဘို့ရဲ့အိပ်မက်။

"မေမေ... မိပန်းကို ကြက်မွေးတံမြက်စည်းနဲ့ သုံးချက် လောက်တော့ရိုက်ပြီး ခွင့်တော့ ပြုလိုက်ပါ။ သူ ဟိုမရောက် ဒီမရောက် ဘာမှုဝါသနာမပါ စိတ်မဝင်စားဖြစ်နေတာနဲ့ စာရင် လေယာဉ်မယ်အလုပ်လေးနဲ့ တင့်တင့်တယ်တယ် လေးဖြစ်တာ ကောင်းပါတယ်၊ သမီးလည်း သဘောကျ တယ် မေမေ၊ ခွင့်ပြုလိုက်ပါ မေမေရာ"

မမကြီးရဲ့ တစ်ကြိမ်အပြောနှင့်တော့ မေမေ သဘော ဘုလိုက်တာ မဟုတ်သေး။ နောက်တစ်ရက် ဆက်ကာ ဖေဖေရော မကြီးပါ မေမေ့ကို တွန်းတွန်းထိုးထိုး တိုက်တွန်းကြတဲ့အခါ အနည်းငယ် စိတ်ယိုင်လာတဲ့ မေမေသည် အဲဒီတုန်းက ရှိသေးတဲ့ သူ့ရဲ့အဖေ ပန်းတို့ရဲ့အဘိုးက...

"ကလေးလုပ်ချင်တာကို ပေးလုပ်လိုက်စမ်း၊ မကောင်းတာ လုပ်တာလည်း မဟုတ်ဘဲနဲ့"

ခပ်မာမာ တစ်ခွန်းဝင်ပြောလိုက်တဲ့အခါ အင်တင် ဘင်နှင့် မီးစိမ်းပြလိုက်ပါတော့သည်။ သူတားမြစ်နေ ဆူဆဲနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြားက ကျောင်းတက်နေရင်း ညီစေနှင့် မကြာ မကြာ ခိုးချိန်း၍ တွေ့ဆုံနေကြတာအတွက်တော့ စိတ်အေးသွားရပြီလို့ မေမေ တွေးပုံပင်။

အမှန်တကယ်တော့ ညီစေနှင့် ဦးဆောက်ပန်းတို့ရဲ့ သာသာယာယာ ချစ်ရက်များက အဲဒီတော့မှ အစပျိုးခဲ့ရတာ သာတည်း။

❖ ❤ ❖

ညီစေ့ဦးလေးဝမ်းကွဲတစ်ယောက် ကိုယ်တိုင်က ဒီလေကြောင်းမှာ လေယာဉ်မှူးတစ်ဦး ဖြစ်နေသောအခါ အနေးနှင့်အမြန်ဆိုသလိုပင် ဦးဆောက်ပန်းပါ လေယာဉ်မယ် လုပ်နေတာကို ညီစေ့မေမေက အရင်ဦးစွာ သိသွားပါသည်။ အသက်နှစ်ဆယ်ရွယ် သားယောက်ျားလေးတစ်ယောက်ကို ထိုင်ဆိုထိုင်, ထ,ဆိုထ. ပုံသွင်းဖို့ ခက်လှလေရာ ညီစေ့မေမေမှာ သားကိုမနိုင်၊ မရှုနိုင် မကယ်နိုင် ဖြစ်လေသည်။

လေယာဉ်မောင် အရွေးခံရကာ အလုပ်ဝင်ရတော့မည်ဆိုတာသိစဉ် တစ်ကြိမ် ညီစေ့မေ့မေ သွေးတိုးကာ ဒေါသတကြီး ဖြစ်ခဲ့ပြီးပြီ။ ဒီအလုပ် ဝင်သွားရပြီ ဆိုမှတော့ ရည်ရွယ်ထားသော နိုင်ငံခြားလွှတ်ဖို့ကိစ္စကို ဘယ်လိုလုပ် အကောင်အထည်ဖော်နိုင်ပါတော့မည်နည်း။ ဒေါသူပုန်တွေထ၊ တစ်ဦးတည်းသော





သားကို ပစ်ပစ်ခါခါလည်း မလုပ်ရက်၊ ညီစေ့ဖေဖေကလည်း မကန့်ကွက်တဲ့အပြင်

"မင်း... တစ်နှစ် နှစ်နှစ်လုပ်ပြီးရင် လေယာဉ်မောင်းသင်တန်းကျောင်း သွားတက်ရင်တက်၊ နိုင်ငံခြားကို လူရွေးပြီး သင်တန်းလွှတ်ပေးတာတွေ ရှိတယ်။ ကိုယ့်ဘာသာသွားတက်ချင်လည်း တက်လို့ရတယ်၊ ဖေဖေ လွှတ်မယ်၊ လုပ်ပြီဆိုရင်တော့ လေယာဉ်မှူးကြီးအထိဖြစ်အောင် သေချာဇောက်ချလုပ်ပေတော့ သား၊ ဒီလိုင်းရွေးချယ်လိုက်တော့လည်း ကောင်းပါတယ်၊ ဒါပေမဲ့ တိုးတက်အောင်မြင်အောင်တော့ ကြိုးစားရမယ်"

အားတက်သရော အားပေးခဲ့သေး၍ ဒေါ်သင်းသင်းဆော်မှာ ဆေးကလေး မှန်မှန်သောက်ပြီးတော့သာ ကိုယ့်သွေးတိုးကိုယ်ပြန်ချရသည်။ စိတ်လက်မကြည်မသာနှင့်ပင် ညီစေ လေယာဉ်မောင်လုပ်မှာကို ခွင့်ပြုပေးလိုက်ရပါတော့သည်။ အဲဒီအချိန်မှာ ညီစေရော ဦးဆောက်ပန်းရောဟာ လေကြောင်းကုမ္ပဏီတစ်ခုတည်းမှာ နှစ်ယောက်လုံး လေယာဉ်မောင် လေယာဉ်မယ်အရွေးခံရတာကို ဘယ်အိမ်ကမှ မသိခဲ့ကြပါ။

သူတို့ အရွေးချယ်ခံထားရတဲ့ အုပ်စုဟာ ပထမဦးစွာ ဆမ်းမစ်ပေါ့ခ်ဗျူးဟိုတယ်မှာ စာတွေ့သင်တန်း သုံးလအရင်တက်ကြရပါသည်။ ပန်းနဲ့ ညီစေ့အတွက်ကတော့ ထိုနေ့ရက်များဟာ ပျော်စရာ နိဗ္ဗာန်ဘုံကလေးမှ မမေ့အပ်သော နေ့ရက်များ



www.burmeseclassic.com

www.burmeseclassic.com



ပါပင်။ တစ်နေကုန် အချိန်ပြည့် စာတွေ့ လက်တွေ့တွေ သင်ကြားနေရင်း အတူတကွ ရှိနေရခြင်းမျိုးကို အိပ်မက်တောင် မမက်ခဲ့ရတာမျိုး မဟုတ်လား။

ဒီလိုအဖြစ်မျိုးကို လုံးလုံးတွေးမထားမိသော ပန်းရဲ့ မေမေဟာ ပန်းကို ဒရိုင်ဘာနှင့်သာ အကြိုအပို့လုပ်ကာ လိုက်တောင်မလိုက်ဖြစ်ပါ။ ညီစေလည်း သူ့ကား သူမောင်းပြီး လာတတ်လေရာ တစ်ခါတစ်ရံ ပန်းက သူငယ်ချင်းကားနဲ့ပြန်မည်ဟု အိမ်ကို လာမကြိုစေဘဲ ညီစေနှင့်အတူ မုန့်ဝင်စားပြီးမှပြန်။ သုံးနှစ်စာချုပ် ဘွန်းထိုးပြီးကတည်း သူတို့ လခလည်းစတင်ရနေကြပြီ။ ကိုယ်ပိုင်လခဝင်ငွေနှင့်။ ဘဝမှာ ဤကာလ နေ့ရက်တို့က ပျော်ရွှင်စရာ အကောင်းဆုံးဖြစ်ခဲ့ပါသည်။

သင်တန်းကနေ စာမေးပွဲဖြေကာ ပြီးစီးကြတဲ့အခါ တစ်အုပ်စုလုံး ဗန်ကောက်ကို သင်တန်းသွားတက်ကြရပါသေးသည်။

"ဗန်ကောက်ကို ? ညည်းတို့သင်တန်းကလည်း သုံးလတောင် တက်ပြီးပြီ၊ မပြီးသေးဘူးလား၊ လေယာဉ်ပေါ် လိုက်လို့ မရသေးဘူးလား"

"မရသေးဘူး မေမေ၊ အဲဒီကပြီးမှ လေယာဉ်ပေါ် လိုက်ရမှာ၊ လိုက်လိုက်ချင်းတောင် ဘာတာဝန်မှ မယူရသေးဘူး၊ လေ့လာတဲ့ သင်ယူတဲ့အနေနဲ့ Solo Flight ဆိုတာ နှစ်ခေါက် သုံးခေါက် အရင်လိုက်ရဦးမယ်၊ သမီးတို့က





ဘာမှ မလုပ်ရဘဲ စီနီယာတွေ လုပ်တာကိုင်တာ တာဝန်ထမ်းဆောင်ပုံတွေကို လိုက်လေ့လာရမှာ၊ ဆိုလိုဖလိုက် နှစ်ခေါက် သုံးခေါက် ပြီးမှ တကယ့်တာဝန် အနေနဲ့ လိုက်ရမှာ မေမေ"

"အေးလေ... ဗန်ကောက်မှာက ဘာသင်တန်း တက်ရမှာတုန်း"

"ဒီမှာက သမီးတို့ စာတွေ့သာသာလောက်ပဲ သင်ရတာလေ မေမေ၊ တကယ်တမ်း လေယာဉ်ပေါ်မှာ အင်မာဂျင်စီကေ့စ် ပေါ်လာပြီဆိုရင် ဘာတွေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ လက်တွေ့လေ့ကျင့်သင်ကြားမှုတွေ မလုပ်ရသေးဘူးလေ၊ အဲဒါတွေ သင်ကြားနိုင်ဖို့ ဒီမှာ စင်တာမရှိဘူးလေ၊ အဲဒါကြောင့် ဗန်ကောက်က TG Taining Center မှာ SEP course ဆိုတာ တစ်ပတ်တက်ရမယ်၊ SEP ဆိုတာ Safety Emergency Procedure ပေါ့၊ တကယ်တမ်း အခက်အခဲကြုံရင် တစ်ခုခုဖြစ်ရင် ဆောင်ရွက်ရမယ့်ဖြေရှင်းနည်း လုပ်နည်း ကိုင်နည်းတွေ အဲဒီစင်တာမှာ လက်တွေ့ လုပ်ကြရမယ်၊ အဲဒီက ပြန်လာမှ လုပ်ငန်းခွင်ဝင်ရမယ်"

"ဪ... အိမ်ကလူကြီး လိုက်လို့မရဘူးလားအေ"

"အို... လိုက်လို့မရပါဘူး မေမေကလည်း၊ လူကြီးတွေက တတန်းတန်းနဲ့ ဘာလုပ်မှာလဲ တကယ်ပဲ၊ ပန်းတို့က မိုးလင်းက မိုးချုပ် သင်တန်းတက်နေရမှာ၊ ပြီးရင် ညနေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထားပေးတဲ့ ဟိုတယ်ကို အတူပြန်ကြရမှာ၊ နှစ်ယောက်တစ်ခန်း နေရမယ်၊ ဟိုတယ်ပြန် စား၊သောက်၊နား၊ နောက်နေ့အစောကြီး သင်တန်းတက်ဖို့သွား၊ တစ်ပတ်လုံးက ဆက်တိုက် အချိန်ပြည့် အဲလိုသွားမှာလေ”

မေမေဟာ သူ တစ်စက်မှ စိတ်မချချင်တဲ့ သမီးအငယ်ကို နိုင်ငံရပ်ခြားကို တစ်ယောက်တည်း လွှတ်လိုက်ရမှာအတွက် အနည်းငယ် ပွစိ ပွစိ ဗျစ်တောက် ဗျစ်တောက် လုပ်ခဲ့ပေမယ့် မြန်မာပြည်ထဲ တခြားမြို့ သွားရမှာထက်တောင် ပိုစိတ်ချသလိုပင်။ ပြည်တွင်းထဲ ခရီးသွားရင် ဟိုကောင်လေး ညီစေ ခိုးလိုက်ရင် လိုက်သွားဦးမည်။ ခုတော့ နိုင်ငံခြားခရီး ဆိုတော့ လိုက်ဖို့လွယ်ကူတာ မဟုတ်လေရာ သိပ်တော့ မပူပင်လှ။

လေဆိပ်ဆင်းတဲ့ နေ့မှာတော့ မေမေဟာ လေဆိပ်ကိုပို့၊ နောက်ဆုံး နေလို့ရတဲ့ထိ အထဲထဲ မဝင်နိုင်းသေးပဲ ဆွဲထားမှာဖြစ်ကာ ဝင်သွားရင်တောင် မှန်မှာကပ်ကာ ချောင်းကြည့်နေဦးမှာ သေချာတဲ့အတွက် ပန်းက ညီစေ့ကို သေချာမှာရသည်။ ညီ့အိမ်က လူတွေကို လေဆိပ်ထိ လိုက်မပို့စေဖို့။ ဒရိုင်ဘာနှင့်သာ လာပြီး လေဆိပ်ရှေ့ချပြီးတာနဲ့ပြန်။ အထူးသဖြင့် ညီစေ့ မေမေ လုံးဝလိုက်မပို့ဖြစ်စေဖို့။

ပို့လို့ကတော့ လူကြီးချင်းဆုံကာ လေဆိပ်ထဲတင် ပြဿနာတက်ပြီပင်။ ဒါကိုသူလည်းသိတဲ့ ညီစေက သူ့အမေကို ချော့တစ်ခါ ခြောက်တစ်လှည့်၊ ချွဲတခါ၊ ကောက်တလှည့်နှင့်





လိုက်မလာအောင် မနည်းဖြတ်ထားခဲ့ရပါသည်။ သားယောကျ်ား ချို၊ အလုပ်လည်း ဝင်တော့မှာ၊ သူများအမေတွေလည်း ဘယ်သူမှ လိုက်ပို့မှာ မဟုတ်၊ သူတစ်ယောက်တည်း နောက်က အမေတွတန်းတန်း မပါစေလို၊ အပြန်လည်း လာမကြိုစေလို၊ သူ့ကို အရွယ်ရောက် ယောကျ်ားပျိုတစ်ယောက်အဖြစ် ဆက်ဆံစေလို ခသဖြင့် တော်တော်လေး အရေးဆိုလိုက်တဲ့အခါ ဖေဖေကလည်း "ဟုတ်တယ်"ဟု သဘောတူကာ ညီစေ မေမေ့မှာ မကျေမချမ်း မှုန်သုန်၍ လိုက်ပါခွင့် မရတော့ပါချေ။

ညီစေကိုယ်တိုင်ကတော့ သူများတွေထက်ကို အစောကြီးလာကာ နေကာမျက်မှန်တွေ ဦးထုပ်တွေနှင့် ရုပ်ကိုဖျက်၍ Departure room ထဲ ဝင်လို့ရသည်နှင့် ရှေ့ဆုံးကဝင်ဖို့ ရှေ့တိုးနေရာယူထားသည်။ တမင်နောက်ကျပြီးလာသော ဦးဆောက်ပန်းဘို့မိသားစု လေဆိပ်အဆောက်အအုံထဲ ဝင်လာသည်နှင့် မရှေးမနှောင်းပင် ညီစေက ဒပ်ါချာထဲ ဝင်နှင့်လေပြီ။ ကံကောင်းထောက်မစွာပင် ပန်းရဲ့မေမေဟာ ညီစေ့ကို လုံးလုံးမတွေ့လိုက်ပါ။

ဗန်ကောက်က တစ်ပတ်တာ ကာလဟာလည်း သူဘို့ ချစ်သူနှစ်ဦးသာမက အတူသွားတဲ့ တစ်အုပ်တစ်ဖွဲ့လုံးအတွက် အလွန်ပျော်စရာကောင်းခဲ့တဲ့ ခရီးစဉ်ပင်။ အချင်းချင်း အတူသွား အတူလာနှင့်မို့ ရင်းနှီးစည်းလုံးမှုတွေလည်း ခိုင်မြဲကာ ပန်းနှင့်ညီစေ့ အချစ်ရေးကိုလည်း သိရှိနားလည် ဝိုင်းဝန်း ကရုဏာသက်ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန် လက်တွေ့သင်တန်းတွေထဲ ဘယ်လောက်ပဲ ပင်ပန်း မောပန်းလာကြပါစေ၊ ညနေ ဟိုတယ်ပြန်ရောက်လျှင် ရေမိုးချိုးကာ တစ်ဖွဲ့လုံး ဗန်ကောက်မြို့ထဲ ထွက်လည်ကြသည်။ မရောက်ဘူးတဲ့ နေရာတွေ အထူးတဆန်းသွားကြသည်။ စားကြ သောက်ကြသည်။ လည်ကြ ပတ်ကြသည်။

နှစ်ယောက်သား အမြဲလက်ချင်းတွဲထားခဲ့ပါသည်။ လက်ချင်းချိတ်တွဲထားဖို့ အခွင့်အရေးရသော အချိန်တိုင်း မိနစ်တိုင်းမှာ သူတို့နှစ်ဦးရဲ့ လက်ချင်းဆုပ်ကိုင် ချိတ်တွဲထားခဲ့ကြပါသည်။ အဲဒီလက်တွေချင်း ဘယ်တော့မှ လက်တွဲမဖြုတ်ကြဘူးရယ်လို့လည်း ကတိသစ္စာ ဆိုခဲ့ကြပါသည်။ တစ်သက်လုံး ခိုင်ခိုင်မြဲမြဲ တွဲခွင့်ရသွားလိမ့်မယ်လို့လည်း စိတ်ကူးယဉ် မျှော်လင့်ခဲ့ကြပါသည်။

ဗန်ကောက်က ပြန်လာကြတော့လည်း ပိပိရိရိ၊ အလုပ်စတင်ဝင်ကြတော့လည်း ပိပိရိရိ။ သူတို့နှစ်ယောက်စလုံး လေကြောင်းလိုင်း တစ်လိုင်းတည်းမှာ အတူတကွ အလုပ်ဝင်နေခဲ့ကြတာကို ကာလအတန်ကြာသည်အထိ နှစ်ဖက်သောမိဘများ မသိခဲ့ကြပါ။ မသိအောင် လုံခြုံအောင်လည်း သူတို့အဖော်တွေက ကူညီကာကွယ်ပေးထားကြပါသည်။ သို့ပေမဲ့ လျှို့ဝှက်ချက်ဆိုတာ တစ်သက်တာပတ်လုံး လုံခြုံရန် ခက်ခဲပါသည်။

ညီစေ့ ဦးလေးဝမ်းကွဲ တစ်ယောက်ဟာ အဲဒီလေကြောင်းလိုင်းမှာ ရှိနေခဲ့တာ။ ဝမ်းကွဲဦးလေးပေမယ့် သိပ်ကြီး





တရင်းတနှီး မရှိကာ အမျိုးတွေစုံတဲ့ ပွဲလမ်းအလှူမျိုးမှ တစ်နှစ်တစ်ခါလောက် ဆုံတတ်တာဖြစ်၍ ညီစေက သိပ်အလေးအနက်မထားခဲ့။ မေမေ့ဘက်က မဟုတ်ဘဲ ဖေဖေ့ဘက်ကလည်းဖြစ်၍ ညီစေ့မေမေနှင့်လည်း ဒီလောက်ကြီး ရင်းရင်းချာချာမရှိ။ သို့ပေမဲ့ ကြဲဖန်ပြီးတော့ စကားစပ်မိချိန်မှာ ဇာတ်လမ်းစုံကို ညီစေ့မေမေ သိရှိသွားခဲ့ပါတော့သည်။

❖ ❤ ❖

"လျှော်လိုက်၊ ဘယ်လောက် လျှော်ရမှာလဲ၊ ဒေါ်လာနှစ်ထောင်ပဲ လျှော်ရမှာ၊ အခုလျှော်၊ အခုအလုပ်ထွက်"

မေမေ့ဒေါသဟာ ပြင်းထန်ပေါက်လှပါသည်။ ဆူပူကြိမ်းမောင်းရုံတင် မဟုတ်။ အရိုက်အနှက် အထုအထောင်းပါခံခဲ့ရပါသည်။ ညီစေ့မေမေ ဒေါ်သင်းသင်းမော် သိသွားရာက အိမ်မှာဖြစ်ကြတဲ့ ပြဿနာဟာ ညီစေ အိမ်ပေါ်က ဆင်းသွားလုလုအထိ ပြင်းထန်ခဲ့ရာ အိမ်မှာရှိတဲ့ ရုံးဒရိုင်ဘာလည်း အားလုံးမသိချင်မှအဆုံး။ ဌာနဆိုင်ရာ လူကြီးတို့ရဲ့ အိမ်တွင်းရေးများသည်ဆိုလူကြီးတို့ရဲ့ ကားတွေကို မောင်းရသော ယာဉ်မောင်းတို့မှတစ်ဆင့် သတင်းပျံ့လွင့်တတ်သည်ဖြစ်ရာ ရုံးအသိုင်းအဝိုင်းလည်းသိ၊ ဦးဆောက်ပန်း ဖေဖေရဲ့ ယာဉ်မောင်းကတစ်ဆင့် မေမေသိ။ မေမေ ဒေါသူပုန်ထ,ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေကို ပိပိရိရိ ဖုံးဖိထားလိုက်တာ ကြောက်ဖို့တောင်ကောင်းတယ်၊ မိဘကို နည်းနည်းမှ ဂရုမစိုက်တဲ့ သဘောပေါ့ ဟုတ်လား၊ လုပ်ရဲလိုက်တာ ဦးဆောက်ပန်းရယ်၊ အခု ကြည့်စမ်း... ဒေါ်သင်းသင်းမော်က နှင်နဲ့သဘောမတူနိုင်လို့ သူ့သားကို အိမ်ပေါ်ကတောင် နှင်ချမယ်ဖြစ်တာ၊ ဘယ်လောက် ရှက်ဖို့ကောင်းထားလဲ၊ တစ်ရုံးလုံးတစ်ဌာနလုံး အကုန်သိ၊ နှင် မရှက်ဘူးလား ဦးဆောက်ပန်း၊ ဟင်... မရှက်ဘူးလား"

"အန်တီ သင်းမော်က ညီ့ကို နှင်မချပါဘူး၊ သူ့ကိုဆူလို့ ညီကသာ ဆင်းသွားမယ် လုပ်တာပါ"

"ကြည့်စမ်း... အမေကို ခံပက်တာ၊ ဆူတယ်ဆိုရင်လည်း နှင်နဲ့ကြိုက်တာကို လက်မခံနိုင်လို့ပေါ့၊ သဘောမတူလို့ပေါ့ဟဲ့"

"မဟုတ်ပါဘူး မေမေ၊ အန်တီသင်းမော် ဆူတာက သူ့ကို ဘာမှမပြောဘဲ ဖုံးထားပြီး သူများပြောမှ သိရလို့ပါ၊ သဘောမတူတာ မဟုတ်ပါဘူး။ ညီ သမီးကို သေချာပြောပြပြီးသားပါ"

"ဘာ... အန်တီသင်းမော်လဲ၊ တိတ်စမ်း ဦးဆောက်ပန်း"

"သူတို့ဘက်က အခု မေမေ ဖြစ်နေသလိုမျိုးကို မဖြစ်နေဘူး၊ မေမေသာ သဘောမတူတာပါ၊ သူတို့ဘက်ကသဘောမတူဘူးလို့ တစ်ခွန်းမှ မပြောပါဘူး"





"ပြဿနာအကြီးအကျယ်တက်လို့သာ ဒီစကားတွေ အပြင်ရောက်လာတာပေါ့၊ နှင် ဘာလို့ ညီစေ့အမေဘက်က ကာကွယ်ပြောနေရတာလဲ၊ သမီးနှစ်ယောက် မွေးထားပါတယ်၊ အငယ်ဖြစ်တဲ့ သူ့အတွက်ပဲ စိတ်ဆင်းရဲရတယ်၊ သူ့ကိုပဲ လိုက်ပြောနေရတယ်၊ ဒီအသက် ဒီအရွယ်လေးနဲ့ မအေမိဘကို ဂရုမစိုက်တော့ဘူး၊ ညည်း အလုပ်လည်းထွက်၊ ကျောင်းလည်းထွက်၊ ညည်းကို ယောကျ်ားပေးစားမယ်"

"မေမေ... ပန်းကို အဲလို အတင်းအကျပ် မလုပ်ပါနဲ့၊ ချောင်မပိတ်ပါနဲ့၊ ညီစေ့ကို ချစ်မိတာ ဘာများမှားလို့လဲ မေမေရယ်၊ ညီစေက လူကောင်းပါ၊ သမီးကိုလည်း သိပ်ချစ်တာပါ မေမေ"

"အမယ်လေး... အမယ်လေး... ရဲရဲတောက် သတ္တိကောင်းနေလိုက်တာ"

ဦးဆောက်ပန်းသည် ဘိုးဘိုးကို မျက်ရည်ခံထိုး၊ ဆဖေ့ကို တောင်းပန်။ ငိုယို၍ အလုပ်မထွက်ရပါမည့် အရေးအသနားခံရပါသည်။ ဖေဖေဟာ ညီစေ့အပေါ် မေမေ့မလို ခါးခါးသီးသီး ဖြစ်မနေပါ။ အဲဒီအချိန်မှာ အသက်နှစ်ဆယ့်တစ်နှစ်အတွင်းမို့ ရည်းစားမထားသင့်လောက်အောင် အသက်မပြည့်တာမျိုးလည်း မဟုတ်၍ ဖေဖေက ဒီကိစ္စကို အေးအေးချမ်းချမ်းနူးနူးညံ့ညံ့ ကိုင်တွယ်စေလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကနေ ငွေလျော်ကြေးပေးပြီး ထွက်တာမျိုးတော့ ကိုယ် မဖြစ်စေချင်ဘူး နွယ်ရယ်၊ ဒီလေကြောင်းလိုင်းရဲ့ လူကြီးပိုင်းမှာလည်း ကိုယ့်အသိမိတ်ဆွေတွေ ရှိတယ်၊ ချယ်ယာမဲင်ဆိုလည်း ကိုယ့်ဆရာသမား၊ တကယ်တော့ စာချုပ်ရှိတယ်ဆိုတာ သုံးနှစ်တော့ အနည်းဆုံးတာဝန် ထမ်းဆောင်ပါ့မယ်လို့ ကိုယ့်ဘက်က ကတိပေးထားတာ၊ လျော်ကြေးပေးတယ်ဆိုတာက ကိုယ့်ဘက်က သဘောတူညီချက် စည်းကမ်းကို ဖောက်ဖျက်လို့ ဒဏ်တပ်ခံရတဲ့ သဘောပဲ၊ သိက္ခာကျပါတယ်…

လျော်ပြီး ထွက်တဲ့ အထိတော့ မဖြစ်စေချင်ဘူး၊ ပြီးတော့ မင်းရဲ့သမီးက ခေါင်းမာမာ တစ်ဖွတ်ထိုး၊ သူတို့ အသက်တွေကလည်း နှစ်ဆယ်ကျော် နှစ်ဆယ့်တစ်တွေ ဖြစ်နေပြီ၊ မင်း တင်းကျပ်လွန်းလို့ မတော်တဆ လိုက်ပြေးတာမျိုး မဖြစ်ဘူး ပြောနိုင်လား၊ ဒေါ်သကိုလျှော့ပြီး အေးအေးချမ်းချမ်း လိုက်လိုက်လျောလျော ဖြေရှင်းစမ်းပါ၊ အနုနည်းနဲ့ ချော့မော့ပြောစမ်းပါ နွယ်ရယ်…

သူတို့စာချုပ်မှာ တာဝန်ထမ်းဆောင်နေသရွေ့ အိမ်ထောင်မပြုရဘူးလို့လည်း ပါပြီးသားပဲ၊ အလုပ်ခွင်တစ်ခုထဲ လုပ်ဖြစ်နေတာက လွဲရင် သူတို့ ယူလို့ လက်ထပ်လို့ လောလောဆယ် မရသေးပါဘူးလေ၊ မင်း ဒါကိုစဉ်းစားဦး၊ မင်း အင်မတန် သဘောမတူရင်တောင် ဖြည်းဖြည်းချင်းခွဲပါ၊ အနုနည်းနဲ့တားပါ၊ ချော့ပြောပါ၊ အတင်းအကျပ် လုပ်လို့ ရတဲ့ကိစ္စမျိုး မဟုတ်ဘူး၊ မင်းရဲ့ဒေါသနဲ့ မာန်တွေကို နည်းနည်းလျှော့စမ်းပါ၊ မင်းလုပ်ကာမှ မဖြစ်သင့်တာ ဖြစ်သွားပါဦးမယ် နွယ်ရယ်၊ အဲဒီကျ မင်းပဲ စိတ်ဆင်းရဲရမယ်"

ဖေဖေ့စကားက မေမေ့အတွက်လည်း စဉ်းစားတွေးခေစရာ ဖြစ်ခဲ့ပါသည်။ အဲဒီစကားတွေကို အိမ်အကူ ကောင်မလေးကတစ်ဆင့် ပန်း တိတ်တိတ်ပြန်ကြားခဲ့ရတာပင်။ မမကြီးကတော့ ဦးဆောက်ပန်းဘက်က မပါတော့ပါ။ လေယာဉ်မယ်လုပ်ခွင့်ပြုဖို့ တိုက်တွန်းအားပေးတုန်းကတော့ မမကြီးလည်း တက်ကြွခဲ့သေမယ့် ခုလိုဖြစ်လာတော့ မမကြီးက ဦးဆောက်ပန်းဘက်က ခရပ်တည်ပါ။ မေမေ့ကို ကူပြောပေးဖို့ ပန်းက တောင်းပန်တာကိုပင်…

"မပြောပေးနိုင်ပါဘူး၊ နင့်တော့ လက်ရော ခြေရောလန်တယ်၊ အံ့သြပါရဲ့၊ တစ်နေ့ရာတည်းမှာတောင် အတူအလုပ်ဝင်နေလိုက်သေးတာ၊ ပိရိလိုက်တာလည်း ကြောက်ဖို့တောင်ကောင်းတယ်၊ လုပ်ချင်တိုင်း မဆင်မခြင် လုပ်ခဲ့တာ နင့်ကို လန့်တောင်လန့်တယ် မိပန်း…

နင်တို့ ဗန်ကောက်ကိုလည်း အတူတူ သင်တန်းသွားတက်ခဲ့ရသေးတယ်၊ လူကြီးမိဘတွေလည်း မပါဘူး၊ အခု






www.burmeseclassic.com

www.burmeseclassic.com



လည်း အိုဗာဆီးဖလိုက်တွေ ဟိုဘက်မှာ လေယာဉ်အိပ်ရ တာမျိုးလည်း ရှိတယ်ဆို၊ နင်တို့ ကင်းကင်းရှင်းရှင်း ရိုးရိုးသားသားရော ရှိသေးရဲ့လား မိပန်း"

"မမကြီး"

ဦးဆောက်ပန်း ဒေါသတကြီး နာကျင်ရသည်။

"ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ သင်တန်းသွားတက် ရတာလည်း အဖွဲ့လိုက်သွားရတာ၊ ဟိုမှာ နှစ်ယောက်တစ် ခန်း မိန်းကလေးချင်း ယောကျ်ားလေးချင်း အခန်းနေရာ ချထားတာ၊ အခု အိုဗာဆီးဖလိုက်သွားလည်း ခရူနှစ် ယောက် နေချင်တိုင်းနေ ဖြစ်ချင်တိုင်းဖြစ်လို့ ရမယ်ထင် နေလား၊ သူနဲ့ပန်းလည်း ဂရု(ပ်)ချင်း မတူဘူး။ အတူသွား နေရတာ မဟုတ်ဘူး၊ ကိုယ့်ညီမလေးကို ရက်ရက်စက်စက် ချိုးချိုးဖဲ့ဖဲ့ ပြောရက်ရသလား၊ မေမေက အန်တီသင်းမော် ကို မုန်းလို့ထားပါတော့၊ မမကြီးက ဘာဖြစ်လို့ ဒီလောက် တောင် ညီစေ့ကို မလိုလားရတာလဲ၊ သူ့မှာ ဘာများအပြစ် ရှိလို့လဲ၊ ကိုယ်ချင်းလေး စာကြည့်ပါဦး"

"ကိုယ်ချင်းစာရအောင် ငါ့မှာလည်း ရည်းစားမရှိဘူး၊ မေမေ ပြောထားတဲ့သူနဲ့ပဲ လက်ခံဖို့ ငါခေါင်းညိတ်ထား တယ်၊ အဲသလောက် မိဘမိသားစုနဲ့ အတိုက်အခံလုပ်ရ လောက်အောင်လည်း ဘယ်သူ့မှ ငါ အဲလောက်ချစ်မှာ





မဟုတ်ဘူး မိပန်း၊ မေမေ ဒေါ်သင်းသင်းမော်ကို မုန်းလို့ ငါလည်း လိုက်မုန်းတယ်၊ အဲဒီမိန်းမကြီးကိုမုန်းလို့ သူ့ သားလည်း မေတ္တာမရှိဘူး... ဒါပဲ"

"သူ့အမေနဲ့ သူ့သားရော ဘာဆိုင်လို့လဲ၊ ညီစေက ညီစေပဲ၊ သူက ကြိုးစားတဲ့ ကောင်လေးတစ်ယောက်၊ ပန်းကိုလည်း သိပ်ချစ်တယ်၊ အဲဒါဆိုရင် ဘာလိုသေးလို့ လဲ"

"ဟဲ့... ဘာလိုရမှာလဲ၊ သူ့အမေကြီး မပါဘဲ နင် သူနဲ့ ယူလို့ရလား"

"အန်တီသင်းမော်က မေမေ့ကို သဘောမတူ ကဲကဲဆတ် နေတာ မဟုတ်ဘူး"

"နင့်ရဲ့ အဲဒီ အန်တီသင်းမော် ဆိုတဲ့ အခေါ်အဝေါ်ကိုက မေမေနဲ့ ငါနဲ့နားထဲ အမြင်ကတ်ဖို့ ကောင်းတာ၊ ဒေါ်သင်း သင်းမော်ပေါ့၊ မေမေက မကြည်ပါဘူးဆိုမှ နင်က တယု တယ ခေါ်နေတာ မေမေက ဒေါသမဖြစ်ဘဲ နေမလား၊ ပြီးတော့ သူက နင်နဲ့ ညီစေကို သဘောတူမှုယ်လို့ နင် ယုံစားနေလား၊ သူ့လောက် ငွေမက် ဂုဏ်မက် မိန်းမကြီး က သူ့သားကို နင်နဲ့သဘောတူမလား"

"ပန်းက ဘာဖြစ်နေလို့လဲ"

ဦးဆောက်ပန်းက ဝမ်းပန်းတနည်း နာကျင်စွာမေး ခိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ... သူတို့က ငါတို့မိသားစုထက် အဆများစွာ ပိုက်ဆံရှိတယ်လေ၊ ပစ္စည်းဥစ္စာဆိုတာကို နင် ထည့်မစဉ်းစားတိုင်း ဘယ်သူမှ မစဉ်းစားဘူး မထင်နဲ့၊ နင် မယုံစောင့်ကြည့်၊ သူ့သားကို နင်နဲ့ သဘောကိုတူမှာ မဟုတ်ဘူး၊ ဒါကို နင်လည်း ဂရုစိုက်စရာ မလိုဘူး၊ မေမေကလည်း နင့်ကို သူ့သားထက်သာတာ ရှာကိုပေးစားဦးမှာ၊ နင် ကြည့်နေလိုက်"

❖ ❤ ❖

"ညီ"

"ပန်းလေး"

"နင့်ကို ငါ ချစ်ပါတယ်လို့ အဖြေပေးတဲ့နေ့ကို မှတ်မိလား"

"ငါတို့ ဆယ်တန်းစာမေးပွဲ မဖြေခင် နှစ်လကျော်အလို ဇန်နဝါရီလရှစ်ရက် ထောင့်ကိုးရာကိုးဆယ့်ခြောက်လေ၊ အဲဒီနေ့က တနင်္လာနေ့၊ နင်က လာဦးလို့ ခေါ်လို့၊ နင်တို့ ကျူရှင်ဝိုင်းရှိတဲ့ ခြံထဲ ငါလာခဲ့တာလေ။ အဲဒီနေ့က နင်က ဆံပင်နှစ်ဖက်ခွဲပြီး စည်းထားပြီး ကဲ့ကော်ပန်းလေး နှစ်ပွင့်ကို တစ်ဖက်စီ ပန်ထားတယ်"

"နင်နဲ့ ငါနဲ့ တစ်ခါပဲ ရန်ဖြစ်ဖူးတယ်၊ အဲဒီနေ့ကိုရော နင် မှတ်မိသလားဟင်"





"ငါက ရန်မဖြစ်ပါဘူး ပန်းရယ်၊ နင်ကသာ ဖြစ်တာပါ၊ နင်ကသာ ငါ့ကိုစွတ်အော်တာ၊ ငါ့ကို ဖြတ်မယ် ဘာညာလုပ်တာ"

"နင်လည်း မအော်ပေမယ့် ငါ့ကို စိတ်တိုပါတယ်"

"နင်က ငါ့ကို အရမ်း အပြစ်ပြောတာကိုး၊ အဲဒီမင်္ဂလာဆောင်မှာ သတို့သားအရံ လုပ်ရမယ် ဆိုတာကို ဆယ်ရက်အလိုမှ ငါသိတာလေ၊ မေမေက သူ့ဟာနဲ့သူ အပိုင်အနိုင်စီစဉ်ပြီးသားလေ၊ အားလုံး အသင့်ဖြစ်နေတာ ငါဘယ်လိုငြင်းရတော့မလဲ၊ မေမေ့ကိုလည်း စိတ်တိုတာပဲ၊ ဖျက်လို့မရတော့လို့ အိမ်မှာ စိတ်တိုရတာကတစ်မျိုး၊ နင်က စိတ်ဆိုးပြီး အော်တော့ ငါလည်း စိတ်တော့တိုတာပဲဟာ...

နင် ကြိုက်မှာ မဟုတ်ဘူးဆိုတာ သိတော့ ငါလည်း နင့်ကို ပြောမနေတော့ဘူးပေါ့ဟာ၊ အဲဒါကို နင်က ခိုးလုပ်သလို ပြောတာကိုး"

"မတော်တဆ မေမေနဲ့ မင်္ဂလာဆောင် လိုက်သွားရပြီး သတို့သား သတို့သမီး ပွဲထွက်လာတော့ နောက်က အရံက နင် ဖြစ်နေတာကို ရုတ်တရက်ကြီး မြင်လိုက်ရတာလည်း တွေးကြည့်ဦးလေ၊ အသက်ရှူတောင် ရပ်တော့မယ်၊ ပြီးတော့ အဲဒီကောင်မလေးကလည်း အရမ်းလှတာကိုး၊ ငါ မုန်းတာပေါ့ ညီရာ၊ ငါ သဝန်တိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ပဲ အဲဒီကောင်မလေးကို သွားကြိုက်နိုင်းရသလား၊ ငါကဖြင့် အဲဒီနေ့ကမှ သူ့ကို မြင်ဖူးတာ"

"ဒါပေမဲ့ သူက နင့်ကို နောက်တော့ ဖုန်းတွေဆက်တယ် လေ"

"ငါ သွားစရာရှိတယ်လို့ ပြောပြီး ချပစ်တယ်လေ"

"နည်းနည်းတော့ စကားပြောတယ်လေ"

"အများကြီးတော့ မပြောဘူးလေ"

"ရန်ဖြစ်တဲ့သုံးရက် ထမင်းမစားဘူးဆိုတာ ခေါက်ဆွဲတွေ စားနေတာ မဟုတ်လား"

"မစားပါဘူး ခေါက်ဆွဲတွေ၊ အသီးတွေပဲစားတာ... ဟက်"

"အဲဒီနေ့ကိုရော မှတ်မိလားလို့"

"ကိုးဆယ့်ရှစ် မေလဆယ်ရက်လေ... တနင်္ဂနွေနေ့လေ"

"ညီက ဘာဖြစ်လို့ ရက်စွဲတွေ အားလုံးကို မှတ်မိနေရ တာလဲ"

"နင့်ရဲ့ ရှောင်တခင်စာမေးပွဲ တိုက်ကွက်တွေကို အောင်ဖို့ ပေါ့ဟာ၊ နင် စိတ်ကောက်ရင် ငါ ဘယ်လောက်စိတ်ညစ် ပြီး နေရခက်သလဲ၊ နင် မသိဘူးလား ပန်းရာ၊ နင်စိတ် ကောက်မှာ စိတ်ဆိုးမှာ၊ နင်မုန်းမှာတွေနဲ့ ဆန့်ကျင်ဘက် အရာတွေကိုပဲ ငါလုပ်တယ်၊ နင် သဝန်တိုတာ စိတ်ကောက် တာဟာ ငါ့ကို သိပ်ချစ်လို့ဆိုတော့ ငါ သိတယ်လေ"

"ညီ"





"အင်း..."

"တခြားကောင်လေးတွေ သူတို့ချစ်သူ ကောင်မလေးတွေ အပေါ် ကောင်းနိုင်တာထက်၊ နင်က ငါ့အပေါ် ပိုကောင်း ပေးတယ်လို့ ငါ ထင်တယ်၊ အဲဒါကြောင့် နင့်ကို ဆုံးရှုံး ရမှာ ငါ အရမ်းကြောက်တယ် ညီရယ်၊ မေမေက သဘော မတူတာကို နင် ဗွေမယူပါနဲ့နော်၊ ဘယ်လိုပင်ဖြစ်စေ ငါ့ ဘဝမှာ ချစ်သူဆိုတာ နင်တစ်ယောက်တည်းပဲ ရှိတော့ မယ်၊ နင့်ကိုပဲ ငါ လက်ထပ်မှာပါ"

"ဒီစကားကို ဘယ်တော့မှ မပြင်ရဘူးနော် ပန်း"

"ဟင့်အင်း... ဘယ်တော့မှ မပြင်ဘူး"

"ဘာတွေပဲ ဖြစ်လာလာနော်"

"ငါ တောင်းရမယ့် ကတိတွေပါ ညီရယ်၊ နင်က ဘာမှ စိတ်ပူစရာ မလိုပါဘူး"

"နင့်မမကြီး စေ့စပ်တော့မယ်လို့ ငါ သတင်းကြားတယ်၊ အန်တီ စီစဉ်ပေးတဲ့သူနဲ့ မဟုတ်လား"

"အင်း... ဟုတ်တယ်ညီ၊ ဒါပေမဲ့ အဲဒီလူက မမကြီးကို မြတ်နိုးပါတယ်"

"မမကြီးကတော့ မချစ်ဘူးမို့လား"

"မမကြီးကတော့ အသည်းနှလုံးမှ မပါတာ ညီရာ"

"တကယ်လို့ အန်တီက နင့်ကိုလည်း အဲဒီလို စီစဉ်ရင် ကော"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို စိစဥ်လာခဲ့ရင် ငါ နင့်ဆီ ပြေးလာခဲ့မယ် ညီ"

ဒီစကားပြောရင်း ညီ့ခါးကို တင်းတင်းဖက်၊ ညီ့ရင်ခွင်ထဲ မျက်နှာကိုအပ်၍ ငြိမ်သက်ရင်ခုန်နေခဲ့သည်။

❖ ❤ ❖





(၇)

ညီ့ချစ်ဆိုင်တဲ့ . . . ။

နာမည်ကို ကြားကတည်းက ရင်ထဲ တဒုန်းဒုန်းပြည့်အောင် လန့်ထိတ်ခဲ့မိသည်။ မနှစ်ကလောက်က ဦးဆောက်ပန်းသည် အလွန်မှန်တယ်ဆိုတဲ့ အကြားအမြင် ဆရာမတစ်ဦးထံ သူငယ်ချင်းတို့နှင့် ရောဖြစ်မေးဖို့ ရောက်ခဲ့ဖူးပါသည်။ လူတိုင်းပါးစပ်များမှာ မှန်လွန်းတယ်လို့ ရေပန်းစားနေသဖြင့် ခေတ်ဖောက်မကျအောင် အပျော်သဘော သွားမေးဖြစ်တာသာ။ သို့ပေမဲ့ ညီစေနှင့် ပန်းရဲ့အချစ်အရေးကို မေးချင် သိချင်စိတ်တော့ဖြင့် ရှိခဲ့သည်။

ထိုအကြားအမြင်ဆရာမက အတိအကျ ဟောသည်မှာ "အိမ်ထောင်ဖက် ဖူးစာဖက်ရဲ့ နာမည်ထဲမှာ အင်္ဂါနံနှစ်လုံးပါမယ်"ဟူသတည်း။ ဦးဆောက်ပန်းတို့ ပျော်လိုက်ရသည့်ဖြစ်ခြင်း၊ "ညီစေ"လေ။ အင်္ဂါနံနှစ်လုံး။ အဲဒီအကြားအမြင်ကို သွားမေးပြီးတဲ့နောက်မှာ ပန်းနှင့်အတူ မေးဖြစ်တဲ့ သူငယ်ချင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တို့ဟာ ဆရာမပြောလိုက်တဲ့အတိုင်း အမှန်အကန်ဖြစ်ကြသောအခါတွင် ဦးဆောက်ပန်းမှာ စိတ်နှလုံး ချမ်းမြေ့နှစ်သိမ့်လျက် ရှိခဲ့သည်။

ဘယ်လိုအခက်အခဲ အတားအဆီးလေးတွေ ရှိပါစေ ပန်းရဲ့ဖူးစာဖက် အိမ်ထောင်ဖက်ဟာ "ညီစေ"သာလျှင် ဖြစ်မှာပ ဟု စိတ်ကို ဒုံးဒုံးချထားခဲ့တာ။ မေမေက ပန်းကို "ညိုချစ်ဆိုင်" ဆိုတဲ့ နာမည်တစ်လုံး စ,ပြောကာစကတော့ အမှတ်တမဲ့။

"သူ့အမေကလည်း ညည်းကိုကျေနပ်သဘောကျ၊ ယောက်မ ဖြစ်မယ့် သူကလည်း သဘောကောင်း မနော‌ကောင်း ဆက်ဆံရေးက ကောင်းသလား မပြောပါနဲ့တော့။ ပိုက်ဆံ တွေ ဂုဏ်တွေရှိပေမယ့် အင်မတန်ပြည့်ဝတဲ့ မိသားစု ဟိုး မေမေတို့ မမွေးခင် ခေတ်ကတည်းက အဘွားတွေ ချင်းပါ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ တစ်မြို့တည်းသားတွေ တစ်ဖက်နဲ့ တစ်ဖက် မျိုးရိုးစဉ်ဆက် ချစ်ခင်လေးစား ရင်းနှီးမှု ရှိခဲ့ကြတာ၊ ညည်းဘဘတို့ မိသားစုနဲ့က ပိုရင်း နှီးတယ်၊ မေမေနဲ့ကလည်း အသွားအလာ ကျဲခဲ့ပေမယ့် တွေ့ရင် အမျိုးလိုပဲ၊ သူ့အမေ မမယဉ်ကလည်း ညည်းကို မြင်ရုံနဲ့ ချစ်ရှာတယ်၊ ညိုချစ်ဆိုင်ကလည်း ညည်းကို အ အရမ်းကို တမ်းတမ်းစွဲပဲ၊ စေ့စပ်ဖို့ကို မြန်မြန်လော‌ခိုင်း နေတာ"





"မေမေရာ... သူ့သားက တန်းတန်းစွဲ ဘာညာဆိုတာ သူ့အမေကြီးက ကြားလို့ကောင်းအောင် ရှိုးနေတာနေမှာပါ၊ အဲဒီအန်တီက ချစ်စရာကောင်းပါတယ်၊ ဟိုအစ်မကြီးက လည်း စကားပြောတာကအစ အရမ်းအရေးပေးပြီး သူ့ ကိုယ်သူတော့ နှိမ့်ချပြီး တကယ်ခင်ဖို့ ကောင်းပါတယ်...

ဒါပေမဲ့ သူ့သားက တန်းတန်းစွဲရအောင် တစ်ခါ မှလည်း အိမ်ကိုပါမလာဖူးပဲနဲ့ မေမေပေးလိုက်တဲ့ သမီးရဲ့ ဓာတ်ပုံကလေးပဲ ကြည့်ဖူးမှာလေ၊ ဒါကို တန်းတန်း စွဲနေ တယ်ဆိုတော့ ဘယ်လိုဟာလဲ၊ ဒီအရွယ် ယောကျ်ားပျို ဒီအဆင့်အတန်းဟာ ရွေးချယ်စရာ မိန်းကလေး မရှားပါဘူး၊ အများကြီး ရှိနေရမှာ၊ အဲဒါမှ သဘာဝကျမှာလေ၊ ခုတော့ အမေက မိန်းမစပ်ပေးစားရမယ် ဆိုကတည်းက သူ့မှာ ဘာချွတ်ယွင်းချက် ရှိလို့လဲမှ မသိတာ၊ တစ်ခုခုတော့ ချို့နေမှာ သေချာတယ်...

သမီးရဲ့ဓာတ်ပုံလေး မြင်ဖူးရုံနဲ့ တန်းတန်းစွဲ လက်ခံ တယ်ဆိုတာလည်း အဓိပ္ပာယ်ကို မရှိဘူး၊ ဓာတ်ပုံတောင်မှ မေမေ သူတို့ဆီပေးဖို့ ဓာတ်ပုံရှာနေ ရွေးနေမှန်းသိလို့ သမီးဓာတ်ပုံတွေ အားလုံး သော့ခတ်ဖွက်ထားထားတာ လေ၊ မေမေ ဆူပူကြိမ်းမောင်းတောင်းလို့ အဲဒီတစ်ပုံပဲ ထုတ်ပေးလိုက်တာ first year တုန်းကပုံ၊ လူက အတောင့် လိုက်လေး၊ ပုံကလည်း မကောင်း၊ ဒီလောက်လည်းမလှ



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာကိုစွဲတာလဲ၊ မဖြစ်နိုင်ဘူးနော်၊ သူဟာ တစ်ခုခု တော့ တစ်ခုခုပဲ၊ အမေပေးစားတဲ့သူကို ယူတယ်ဆိုတာ တစ်ခုခုတော့ သူ့မှာ အားနည်းချက် ချွတ်ယွင်းချက်ရှိလိမ့် မယ်"

မေမေက ဦးဆောက်ပန်းရဲ့စကားကို အတော်မကျေ မချမ်း ဖြစ်သွားပုံရကာ မျက်ခုံးကြီးပင့် မျက်လုံးကြီးပြူးလျက်...

"ဘာအားနည်းချက် ချွတ်ယွင်းချက်မှ မရှိဘူး မိပန်း၊ သူ့ ဘာသူ သူကြိုက်တဲ့သူ မတွေ့လို့ ဖူးစာရှင်မတွေ့လို့ ရည်းစားမရှိတာ၊ ညည်းပေးတဲ့ ဓာတ်ပုံမြင်ပြီးတော့လည်း သူကြိုက်တာ မဟုတ်ဘူး၊ ဓာတ်ပုံကလည်း ထန်းပင်လို မိုးတိုးမတ်တတ် အတောင့်လိုက်နဲ့ မှုန်တီမှုန်တေနဲ့ ကြိုက် ချင်စရာလည်း မရှိဘူး၊ မောင်ညိုလေးက ညည်းကိုအပြင် မှာ လာကြည့်ပြီးသွားပြီ၊ လေဆိပ်ကိုပဲသွားပြီး သမီးကို သူ လာလာကြည့်တာ လေး,ငါးခါ မက,တော့ဘူး၊ သူ တကယ် သဘောကျလို့ သမီးကို မေတ္တာရှိလို့ သူ့အမေ ကို ခေါင်းညိတ်လိုက်တာ"

"ဟင်... လာချောင်းကြည့်တယ်ပေါ့"

ဘယ်နေ့တွေက လာသွားပါလိမ့်။

ကိုယ့်ကို ဘယ်လိုပုံနဲ့များ မြင်တွေ့သွားပါလိမ့်။

"မေမေ့ကို ခွင့်တောင်းတယ်၊ မေမေပဲ သမီးရဲ့ဖလိုက်ဆ် စကယ်ဂျူးလ်တွေ ပေးပြီး သွားကြည့်ခွင့် ပြုလိုက်တာ"





"ဒါနဲ့ နေပါဦး... သူ့နာမည်က မောင်ညိုတဲ့လား... ကြောင်နာမည်လိုလို ခွေးနာမည်လိုလိုနဲ့ မေမေရာ"

ဦးဆောက်ပန်းက ရှုံ့မဲ့မဲ့လေး အငေါ်တူးလိုက်တဲ့ အတွက် မေမေ့ရဲ့ လက်တစ်ဖက်က ဦးဆောက်ပန်း လက်မောင်း ကို လိမ်ဆွဲလိုက်ပါသေးသည်။

"ညိုချစ်ဆိုင်... တဲ့ ညိုချစ်ဆိုင်"

ညိုချစ်ဆိုင်...။

ပန်းက ရေရွတ်ကြည့်မိရင်း ရင်ထဲ ဒိတ်ခနဲ လန့် အုပ် ဆောင့်ခုန်သွားပါသည်။ ညိုချစ်ဆိုင် ဆိုတော့ သူ့အမည်မှာ အင်္ဂါနံ နှစ်လုံးပါနေတယ်လေ။ ချက်ချင်းပင် လူက ထိတ်ထိတ် သန့်လန့် ထူပူသွားရကာ ခေါင်းနပန်းကြီးသလိုလည်း ခံစားလိုက် ရပါသည်။

ဘာဖြစ်လို့ သူ့နာမည်မှာ အင်္ဂါနာမ်စာလုံး နှစ်လုံး ဆောင် ပါနေတာလဲ။ အယုံအကြည်ရှိလှတယ် မဟုတ်သော်လည်း ဘာပဲဖြစ်ဖြစ် တိုက်ဆိုင်မှုက ပန်းကို စိတ်အနှောင့်အယှက်ဖြစ် စေသည်။

"ညည်း... ဘာပဲဖြစ်ဖြစ် မောင်ညိုနဲ့ တွေ့ကိုတွေ့ရမယ်၊ အချင်းချင်း စကားပြောဆိုကြည့်။ ညည်းကို ဘယ်နည်းနဲ့မှ ညီစေနဲ့တော့ သဘောမတူနိုင်တာ ပြောထားပြီးသားနော် မိပန်း၊ မမကြီးကို ကြည့်စမ်း မေမေ့စကား တစ်ခွန်းပဲ၊ မေမေ့စကား နားထောင်လိုက်တဲ့အတွက် အခု မမကြီးဘ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ကံကောင်းသလဲကြည့်၊ မောင်ဘုန်းက သူ့ကို မြတ်နိုးလိုက်တာမှ၊ မေမေကလည်း ကိုယ့်သမီးတွေ စိတ်ဆင်းရဲဖို့ မကောင်းတာဖြစ်ဖို့ စီစဉ်ပါ့မလား သမီး၊ သေသေချာချာ ကိုယ်တိုင်ကြည့်ရှု ဆက်ဆံပြီးမှ အလေးအနက် သဘောကျ စိတ်ချနိုင်မှ ကိုယ့်သမီးတွေကို နားချတာ"

"........."

မေမေဟာ အခွင့်အရေးရတိုင်း စကားလမ်းကြောင်းသင့်တိုင်း ဒီလိုစကားတွေကို ပြောနေကျသာ။ အဲဒီလူတစ်ယောက်ကို သွားတွေ့ဖို့ ဘယ်တုန်းကမှ ဦးဆောက်ပန်း စိတ်မကူးခဲ့၊ အခုတစ်ကြိမ်မှာတော့ ဦးဆောက်ပန်းရဲ့စိတ်ကို တစ်စုံတစ်ရာက လှုံ့ဆော်နေပြီ။ ဒါဟာ အန္တရာယ်အနံ့အသက် တစ်ခုပင်။ ဒီ အတိုင်း မေမေ ပြောချင်ရာပြော၊ ကိုယ်က လုပ်ချင်ရာလုပ် အလိုက်သင့်မျှောပြီးနေဖို့ စိတ်ကူးဟာ အလုပ်ဖြစ်ပါ့မလားလို့ သံသယဖြစ်ပြီ။

အစီအစဉ်တစ်ခုကို လက်မခံဘဲ မလှုပ်မယှက် ငြိ တန့်နေတာထက် အဲဒီအစီအစဉ်ကို ဖျက်ပစ်တာက ပိုပြီးလက်တွေ့ ကျ ထိရောက်မည်။ ဒီအန္တရာယ် လူသားကို ကိုယ်တိုင် ရှင်းလင်း ဖယ်ရှားမှသာ ပိုပြီးအန္တရာယ်ကင်းလိမ့်မည် ထင်သည်။

"မေမေ... အဲဒီလူ မောင်ညိုနဲ့ သမီးတွေ့ကြည့်မယ်"

"အဟင်း ဟင်း ဟင်း"





မေမေက ပန်းကို အယုံအကြည်မရှိ။ ရယ်မောရင်းမှ...

"တွေ့ကို တွေ့ရမှာပဲ၊ ဒါပေမဲ့ တွေ့ပြီးတော့ တစ်ခါတည်း လန့်သွားအောင် ဘယ်လို ညာလို လုပ်ပစ်လိုက်မယ်လို့တော့ ညည်းစိတ်ကူးမနေနဲ့ မိပန်း၊ မောင်ညိုက စိတ်ပျက်မယ် နောက်ဆုတ်မယ် မထင်နဲ့၊ မောင်ညိုက ညည်းကို သူ့အရမ်းကို ချစ်မိနေပါပြီလို့ သူ့အမေကို ကိုယ်တိုင်ပြောထားတာ၊ မေမေကလည်း သူ့ကို မှာပြီးသား၊ နှစ်ယောက် ဆုံကြတဲ့အခါ ဦးဆောက်ပန်း ဘယ်လိုဆက်ဆံ ဆက်ဆံ သား ဘယ်လိုမှ စိတ်ထဲမခံစားနဲ့နော်လို့၊ အန်တို့သမီး တွေ အန်တို့စကားပဲ နားထောင်ရမှာလို့"

မေမေ့ကိုဖြင့် ပန်းက အတော့်ကို အခဲမကြေမိပါ သည်။ ဒီလူကိုတော့ အစွန်းရောက်အောင် လိုလားကြည်ဖြူနှစ် သက်နေလိုက်တာ။ ညီစေ့ကိုကျတော့ တူးတူးခါးခါး မုန်းတီး နေလိုလားနေလိုက်တာ။ တကယ်တော့ မေမေဟာ ဘာအပြစ်မှ ယယ်မယ်ရရ မရှိတဲ့ ညီစေ့ကို သမီးကလေး စိတ်ချမ်းသာ ပျော် ရွှင်ဖို့ အာဃာတတည်းဟူသော သူ့ရဲ့အတွက်ကို ချိုးနှိမ်လျက် ထက်ခံပေးလိုက်ပါတော့မည်ဟု တစ်စက်ကလေးမှ မတွေးခဲ့ပါ။

လူကောင်းချင်း တူလျှင်တောင် ပန်းကိုယ်တိုင် ချစ်မြတ်နိုးတဲ့သူဖြစ်တော့ ပန်းရဲ့ဘဝ ပိုပြီး မသာယာပေဘူးလား။ ဒေါ်သင်းသင်းမော် အပေါ် မနှစ်မြို့လွန်းတဲ့ အာဃာတသက်သက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပန်းရဲ့ဘဝကို လှောင်အိမ်တစ်ခုအတွင်း ဖွတ်တရွတ် ထိုးသွင်းချုပ်နှောင်ဖို့ မေမေ ရွေးချယ်တာ။ မေမေက ကိုယ့်ကိုမွေးထုတ်ခဲ့တဲ့ မွေးသမိခင် ကျေးဇူးရှင် ဖြစ်နေတဲ့အခါ မေမေ့အပေါ် ဦးဆောက်ပန်းက မုန်းတီးဖို့ရာ အင်မတန်ခက်ပါသည်။

ငရဲကြီးမှာစိုးတာလည်း စိုးတာ။ ကိုယ့်မိခင်အပေါ် နာကြည်းစိတ်လည်း မထားဝံ့တာက မထားဝံ့တာ။ ဦးဆောက်ပန်းရဲ့ မကျေမချမ်း နာကြည်းခြင်းဒေါသက အဲဒီ "ညိုချစ်ဆိုင်" အပေါ်သာ အလုံးစုံ စုပုံကျရောက်ပါသည်။ သူ့ကို မုန်းသည်။

မမြင်ဖူးမီကပင် မုန်းသည်။ မမြင်ဖူးခင်ကပင် နာကြည်းသည်။ မမြင်ဖူးခင်ကပင် မေတ္တာပျက်သည်။ မမြင်ဖူးခင်ကပင် သူ့ကို နာကျင်အောင်လုပ်ဖို့ စကားလုံးတွေနဲ့ လုပ်ရ လုပ်ရ အပြုအမူနဲ့ ပြုရ ပြုရ ခါးခါးသီးသီး အဆင်သင့် ဖြစ်နေခဲ့လေသည်။

❖ ❤ ❖

"ကျွန်မမောင်းတဲ့ကားကို စီးရဲလား"

ညိုချစ်ဆိုင်က ပန်းကို အံ့သြသလို ချစ်နှစ်သက်သော မျက်လုံးများနှင့် စူးစိုက်ကြည့်ရင်း…

"စီးရဲပါတယ်ဗျ"

"အိုကေလေ၊ ဒါဖြင့် ရှင့်ကားထားခဲ့"





ညိုချစ်ဆိုင်က တစ်စုံတစ်ရာမပြော။ အသာတကြည်ပင် ဦးဆောက်ပန်းရဲ့ကားပေါ် ရောက်လာကာ ကားပေါ်ရောက်ရောက်ချင်း ထိုင်ခုံခါးပတ်ကို ပတ်လိုက်ပါသည်။

"ဟင်း… ဟင်း… ဟင်း…၊ ရှင် သေရမှာကြောက်လား"

"သေတယ် ဆိုတာကတော့ ဘယ်သူမှ ရှောင်လွဲလို့မရတဲ့ နိဂုံးတစ်ခုမို့လို့ ကျွန်တော် မကြောက်ပါဘူး၊ ဒါပေမဲ့ မသေသင့်ဘဲနဲ့တော့ အဓိပ္ပာယ်မရှိ မသေချင်တာ တစ်ခုပါပဲ"

ဦးဆောက်ပန်းက ကားကို မြို့ပြင်သို့ ဦးတည်မောင်းသာခဲ့ပါသည်။ ကားပေါ်မှာတော့ Avril Lavigne ရဲ့သီချင်းတွေကညည် စွာ။ ပန်းက ဘာစကားမှ မဆိုတဲ့အတွက် သူကလည်းငြိတ် ဆိတ်စွာ ပါလာသည်။ တစ်ချက် တစ်ချက်တော့ ား:ကုတ်သလိုလို နှာခေါင်းကုတ်သလိုလိုနှင့် ပန်းကို မသိမသာခိုးကြည့်တတ်တာ ပန်းက သိနေပါသည်။

မြို့ပြင်ဘက်ရောက်သည်နှင့် ကားကို အရှိန်မြှင့်တင် တရကြမ်းမောင်းနှင်သော ပန်းကို သူက ပို၍ လှည့်ကြည့်လှည့်ကြည့် လုပ်လာပါသည်။ ကားက တရိပ်ရိပ် ပြေးနေကာ ဟိုးရှေ့ကောင်းကင်မှာ မိုးသားတို့က မည်းညို့နေသည်။ ဟိုးရှေ့အဝေးတစ်နေရာမှာ မိုးရွာနေပြီဖြစ်ကာ သူတို့ရဲ့ကားက မိုးရွာနေတဲ့အရပ်ဆီ တိုးဝင်သွားသလို ဖြစ်လျက် တစ်နေရာအရောက်မှာတော့ သဲသဲမဲမဲ မိုးစက်မိုးပေါက်တို့အောက် သူတို့ကားကရောက်ရှိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေကျတော့လည်း ရှေ့မှာ မိုးမှောင်ကျနေတာ သိသိကြီးနဲ့ ဖွတ်တရွတ် ကိုယ်က တိုးဝင်လိုက်မိတာမျိုး မဖြစ်မနေ ဖြစ်သွားတတ်တာပဲနော်"

ညိုချစ်ဆိုင်က ခပ်တိုးတိုး ပြောသည်။ သူ့အသံက စကားလုံး ပီသကြည်လင်၍ တိုးတိုးပင် ပြောသော်လည်း ဦးဆောက်ပန်း သဲသဲကွဲကွဲ ကြားပါသည်။

"ဒါနဲ့ ပန်း ကားအရှိန်လျှော့တော့ရင် ကောင်းမယ်ထင်တယ်"

"………"

"မိုးမရွာနေရင် တစ်မျိုးလေ၊ အခုက မိုးသည်းလာတော့ မတော်တဆ တစ်ခုခု ဖြစ်မှာစိုးတယ်"

"တစ်ခုခုဖြစ်မှာ ကျွန်မ မကြောက်ပါဘူး၊ သေလည်းအေးတာပဲ"

"သေလည်း အေးတာပဲလို့ စိတ်ဒုံးဒုံးချရလောက်အောင်အထိ ပန်းမှာ စိတ်ဆင်းရဲစရာ အနေအထားမျိုး ရှိမနေဘူးလို့ ထင်ပါတယ်၊ မဖြစ်ချင်တာတွေ ဖြစ်ကိုဖြစ်ရမယ့် အခြေအနေမှ မဟုတ်တာ၊ ပန်းမှာ အစစအရာရာ ကိုယ်ဖြစ်ချင်တာကို ရွေးချယ်ခွင့် ရနေသေးတဲ့ အခြေအနေမှာပဲ ရှိပါတယ်"

ဦးဆောက်ပန်းက ကားကို ဘယ်နားမှန်းမသိတဲ့ လမ်းဘေးတစ်နေရာသို့ ထိုးရပ်လိုက်ပါသည်။





"ကိုညိုချစ်ဆိုင်… ကျွန်မမှာ ချစ်သူရှိတာ ရှင်သိတယ် မဟုတ်လား"

"ဟုတ်ကဲ့… သိပါတယ်"

"ဒါနဲ့တောင် ဘာဖြစ်လို့ ရှင် ကျွန်မကို လက်ထပ်ချင်တယ် ဖြစ်ရတာလဲ"

"လက်ထပ်ချင်တယ်ဆိုတာ တကယ်လက်ထပ်ချင်လို့ပါ၊ ကျွန်တော် ခင်ဗျားကိုချစ်… အဲ… မေတ္တာရှိ… အင်း… ခင်ဗျားကို ချစ်မိလို့ပါ၊ ချစ်တယ်ဆိုတာဟာ "ပြုလုပ်ခြင်း" မဟုတ်ဘူး၊ "ဖြစ်ခြင်း"တစ်ခုသာ ဖြစ်ပါတယ်၊ ချစ်တယ်ဆိုတာ ပြုလုပ်ခြင်းတစ်ခုသာဖြစ်ခဲ့ရင် ကျွန်တော် ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်အပေါ် ဒီအပြုအမူကို ပြုလုပ်မှာ မဟုတ်ပါဘူးဗျာ၊ ဒါပေမဲ့ ချစ်တယ်ဆိုတာက သူ့အလိုလို ဖြစ်လာတဲ့ ခံစားချက်တစ်ခု ဖြစ်တည်ခြင်းမို့လို့ ကျွန်တော် ပန်းကို ချစ်သွားမိတာပါ၊ ကျွန်တော်ချစ်တာက ပေါ့ပေါ့တန်တန် အဖြစ်သဘောမျိုး မဟုတ်ဘဲ အလေးအနက်နဲ့ ဘဝတစ်ခု လက်တွဲထူထောင်ချင်တဲ့ နှစ်နှစ်ကာကာ ဆန္ဒမျိုးနဲ့ ချစ်တာဖြစ်တဲ့အတွက် လက်ထပ်ချင်တယ် ဆိုတာပါ ဖြစ်လာတာပါ"

"ရှင့်အမေကရော ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ သူ့သားကို ဘာကြောင့် သဘောတူနိုင်ရတာလဲ၊ စဉ်းစားတောင် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမှာ ချစ်သူရှိတာ မေမေ မသိပါဘူး၊ ကျွန်တော်ပဲ သိတာပါ၊ ကျွန်တော်ကလည်း မေမေ့ကို ပြောမပြပါဘူး"

"ရှင်ကရော အမေပြတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက်ပဲ အလွယ်တကူ ချစ်နိုင်တယ်တဲ့လား"

"အဲဒါ ဖူးစာပဲလို့ ကျွန်တော် ထင်တာပဲ"

"ဖူးစာဆိုတာ ဆုံချင်မှလည်း ဆုံစည်းတာလေ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့်လေ... ပန်းက ကျွန်တော့်ကို ဒီနေ့တွေ့မယ်လို့ ပြောတော့ ကျွန်တော် အံ့သြမိတယ်၊ ကျွန်တော့်ကို ပန်း လက်သင့်ခံပြီး တွေ့မယ်လို့တောင် မမျှော်လင့်ထားတာလေ"

"ရှင် အံ့သြမနေပါနဲ့၊ ရှင့်ကိုတွေ့တာ လက်ခံဖို့ မဟုတ်ပါဘူး၊ မတွေ့ဘဲ မပြီးနိုင်တာသိလို့ ကျွန်မ တွေ့ဖို့ဆုံးဖြတ်တာ၊ မြင်တောင် မမြင်ဖူးဘဲနဲ့ ငြင်းတယ် ဆိုတာထက် မြင်ဖူး စကားပြောဖူးပြီးမှ ငြင်းတယ်ဆိုတာက ပိုပြီးခိုင်လုံတယ် ခိုင်မာတယ် ထင်လို့ ကျွန်မတွေ့တာ"

"မြင်ဖူးရုံနဲ့ ငြင်းလိုက်တယ် ဆိုတာကလည်း တကယ်တော့ ပန်း ထင်သလို မခိုင်လုံ မခိုင်မာပါဘူး"

ဦးဆောက်ပန်းက ညိုချစ်ဆိုင်ဘက်သို့ ဒေါသတကြီးလှည့်ကြည့်လိုက်လျှင် ညိုချစ်ဆိုင်က မျက်ခုံးကိုပင့်ကာ နူးညံ့သောမျက်ဝန်းများနှင့် နှုတ်ခမ်းအစုံက ရယ်ကျဲကျဲဖြစ်တော့ မယောင်ယောင်နှင့် ပြန်လည်စိုက်ကြည့်ပါသည်။





"ဒီမှာ ရှင်က ဘာဖြစ်ချင်သေးတာလဲ"

"ခဏ ခဏ တွေ့ဖြစ် ဆုံဖြစ်ရင် ဒီလူတစ်ယောက်ရဲ့ စိတ်နေ စိတ်ထား စရိုက်သဘာဝကို ပိုပိုသိလာတဲ့အခါ ကျရင် လက်ခံဖို့ ငြင်းပယ်ဖို့ ပိုပြီး ဆုံးဖြတ်ရ လွယ်ကူမယ်ထင်လို့ပါ"

"ရှင့်ကို ကျွန်မ မကြာခဏ တွေ့ဆုံမနေနိုင်ပါဘူး ကိုညိုချစ်ဆိုင်၊ ချစ်သူရှိတဲ့ မိန်းကလေး တစ်ယောက်အနေနဲ့လည်း တခြားယောကျ်ား တစ်ယောက်ကို လက်သင့်ခံနိုင် မခံနိုင် ဆုံးဖြတ်ဖို့ တွေ့ဆုံရင်းနှီးကြည့်ဖို့ ကျွန်မ လိပ်ပြာ မလုံပါဘူး၊ ကျွန်မ ချစ်သူကလည်း သဘောကျလိမ့်မယ် မထင်ပါဘူး"

ညိုချစ်ဆိုင်က ခေါင်းသာညိတ်ရင်း...

"ကျွန်တော် သဘောပေါက်ပါတယ်၊ ပန်းရဲ့စိတ်ဓာတ်နဲ့ ချစ်သူအပေါ်ထားတဲ့ သစ္စာကိုလည်း လေးစားပါတယ်"

"ရှင် ရွဲ့ပြောနေတာလား"

"မရွဲ့ပါဘူး၊ စိတ်ထဲမှာ တကယ်ရှိလို့ ပြောတာပါ၊ ပန်းမှာ ချစ်သူရှိတာ ကျွန်တော် သိနေတာပဲ၊ ချစ်သူရှိနေရက်နဲ့ ကျွန်တော့်ကို အလွယ်တကူ ခေါင်းညိတ်လက်ခံလိုက်ရင်တောင် ကျွန်တော် ပန်းကို အခုလောက် လေးစားမြတ်နိုးမိဖို့ မလွယ်ဘူးလေ၊ အခုက ကျွန်တော် ပိုသဘောကျပါတယ်၊ ပိုလည်း တန်ဖိုးထားမိတယ်၊ ဒါကြောင့် ပိုလည်း လက်ထပ်ချင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရူးနေလား"

"မရူးပါဘူး ပန်း၊ ကျွန်တော့်စိတ်ထဲမှာရှိတဲ့ အမှန်တွေအတိုင်း ပွင့်ပွင့်လင်းလင်း ပြောနေတာပါ၊ ပန်းရဲ့မေမေက ပန်းရဲ့ချစ်သူကို လုံးဝသဘောမတူနိုင်ဘူးလို့ ပြောထားတာမို့လို့ ကျွန်တော့်မှာ ဆက်ပြီးမျှော်လင့်ခွင့် ရှိနေသေးတယ်လို့လည်း ကျွန်တော် ယူဆမိတယ်...

ပန်းရဲ့ချစ်သူကို ပန်း ဘယ်လောက်ချစ်မယ်ဆိုတာ ကျွန်တော် ခန့်မှန်းလို့ရတယ်၊ ဘာလို့လဲဆိုတော့ ပန်းတို့နှစ်ယောက်ကို ယှဉ်တွဲပြီး ကျွန်တော် ခဏခဏ မြင်ဖူးလို့ပါ။ သူ့ကိုလည်း ကောင်းတဲ့ယောက်ျားတစ်ယောက်လို့ ကျွန်တော် မှတ်ချက်ချထားတာပါ၊ ပန်းရဲ့မေမေက သဘောတူ ကြည်ဖြူပေးလိုက်လို့ ပန်းတို့နှစ်ယောက်လက်တွဲဖြစ်သွားရင်တောင် ကျွန်တော့်အတွက် ကျွန်တော့်ဆုံးရှုံးမှု ခံစားရမှာ ဖြစ်ပေမယ့် ပန်းအတွက် ဝမ်းသာပေးနိုင်မှာပါ...

ဒါပေမဲ့ ပန်းမေမေက ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး ဆိုရင်တော့ ကျွန်တော့်မှာ အခွင့်အရေးရှိနိုင်သေးတယ်လို့ မျှော်လင့်ရုံပါ၊ ပန်းတို့နှစ်ယောက်ကို တွေ့တဲ့အချိန်မှာ ကျွန်တော် နှစ်မျိုးခံစားရတယ်၊ တစ်မျိုးက ကိုယ်ချစ်မိသွားတဲ့ ကောင်မလေးမှာ သူချစ်တဲ့ ချစ်သူရှိနေပါလား ဆိုတဲ့ ဆုံးရှုံးတဲ့ ကြေကွဲတဲ့ ခံစားချက်





နောက်တစ်မျိုးက ကျွန်တော်ချစ်တဲ့ ကောင်မလေး သူ့ချစ်သူနဲ့ ပျော်ရွှင်ကြည်နူးနေတာမြင်ပြီး ကျွန်တော့်ကိုပါ ကြည်နူးမှု ကူးစက်တဲ့ ခံစားချက်"

ဦးဆောက်ပန်းက ညိုချစ်ဆိုင်ကို အံ့အားတသင့် ကြည့်နေမိသည်။ စကားပြောတာ အင်မတန်ရည်မွန်ပြီး ရိုးရှင်းပွင့်လင်း သဘာဝဆန်တဲ့ နှစ်လိုဖွယ်ရာ အရည်အသွေး တစ်ခုရှိနေသည်။ ဒါကြောင့်လည်း မေမေဟာ တစ်နေ့တခြား ဒီလူ့ကို နှစ်ခြိုက်သထက် နှစ်ခြိုက်အမွှန်းတင်နေတော့တာ။

"ရှင်သိထားဖို့ ပြောချင်တယ်"

"ဟုတ်ကဲ့... ပြောပါ ပန်း"

"ကျွန်မက ညို့ကို အရမ်းချစ်တာ"

"... ..."

"မေမေ သဘောမတူလည်းပဲ နောက်ဆုံးတစ်နေ့ ကျွန်မတို့နှစ်ယောက် ခိုးပြေးဖို့ တိုင်ပင်ပြီးသားပါ"

ဦးဆောက်ပန်းက အလေးအနက်ပြောပြီး ညိုချစ်ဆိုင်ကို အကဲခတ်လိုက်ပါသည်။ ညိုချစ်ဆိုင်က ပန်းကို မမှိတ်မသုန် ကြည့်နေရင်းက ခေါင်းသာ ညိတ်ပြလိုက်ပါသေးသည်။ ဘယ်လိုသူပါလိမ့်။ ခိုးပြေးကြမယ်ဆိုတဲ့ စကားက သူ့ကို စိတ်မာတ်သွားစေပုံမရ။ သူ့အတွက် အထူးအဆန်းမဖြစ်။ အထူးတလည်ခံစားပုံမရ။ အတော်စိတ်ခိုင်ပြီး တည်ငြိမ်တဲ့သူပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ကျွန်မကို ချစ်နေ မျှော်လင့်နေမယ့်အစား ယုတ္တိကျကျ စဉ်းစားနိုင်သင့်တယ်"

"ကျွန်တော် ဘာကို ယုတ္တိကျကျ စဉ်းစားရမှာလဲ၊ ပန်းပြောပါ"

"ဥပမာ…"

"………"

"ကျွန်မပါးကို ညီက အကြိမ်တစ်ရာမက နမ်းဖူးပြီး ကျွန်မတို့ အကြိမ်နှစ်ရာမက တစ်ယောက်ကို တစ်ယောက် ဖက်ထားဖူးတယ်၊ အကြိမ်သုံးရာမက လက်ချင်းတွဲလမ်းလျှောက်ဖူးပြီး နှစ်ယောက်အတူတူ အကြိမ်လေးရာမက ရယ်မောဖူးတယ်၊ ညအိပ်ရာမဝင်ခင် အကြိမ်ငါးရာမက ဖုန်းပြောဖူးပြီးတော့…"

"အဟင်း ဟင်း… ရပါပြီ… ရပါပြီ… ပန်း…"

အင်း…။ ဒီစကားကတော့ သူ့အသည်းကို အနည်းငယ် ကလိသလို ဖြစ်စေကာ သူ့အတွက် စိတ်လှုပ်ရှားစရာဖြစ်တဲ့အတွက် သူ စကားဖြတ်ကာ တားမြစ်တာ ဖြစ်ပေလိမ့်မည်။ သူ့ပုံစံ အနည်းငယ်တော့ ကသိကအောက် ဖြစ်နေပေသည်။

"ပန်းတို့ ဆယ်တန်းကတည်းက ချစ်ခဲ့ကြတာ ကျွန်တော်သိပါတယ်၊ ကျွန်တော် မသိနိုင်တဲ့ အမှတ်တရတွေ ပန်းတို့နှစ်ယောက်မှာ ရှိနိုင်တယ်ဆိုတာ ကျွန်တော် သိတာပေါ့၊ အခု ပန်းပြောတာတွေထက် ပိုပြီး အကြိမ်ခြောက်ရာ





ခုနစ်ရာ အမှတ်တရမျိုးတွေ ရှိနိုင်သလို၊ တစ်ကြိမ် နှစ်ကြိမ်သော အမှတ်တရမျိုးတွေလည်း ရှိနိုင်တာ ကျွန်တော် စဉ်းစားဖူးပါတယ်"

ပန်းမျက်နှာက အနည်းငယ် ရှက်သွေးထူအမ်းနီမြန်းသွားပြီး…

"ရှင် ဘာကို ဆိုလိုတာလဲ"

"ကျွန်တော် ဆိုလိုတာက ဒါတွေ အားလုံးကို ကျွန်တော် မေ့ဖျောက် ခွင့်လွှတ်နိုင်တယ်"

ညိုချစ်ဆိုင်က ဒီတစ်ခါ ပန်းကိုမကြည့်ဘဲ တိုးတိုးပြောပေသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၈)

ပန်း ဂျူတီမရှိတဲ့ တစ်ရက်မှာ အိမ်မှာချက်ပြုတ်စားသောက်ဖို့ သူငယ်ချင်းတချို့ လာစုဆုံကြပါသည်။ ဆယ်တန်းပြီးကတည်းက လိုင်းအသီးသီးကွဲကာ ရံဖန်ရံခါမှသာ တကူးတကချိန်း၍ တွေ့ဆုံကြ စားသောက်ကြ ဈေးဝယ်ထွက်ကြ လုပ်ဖြင့်ကြပေမယ့် ဒီငယ်သူငယ်ချင်းအုပ်စုဟာ ပန်းအတွက် အရင်းနှီးဆုံး အုပ်စုပင်။

တက္ကသိုလ်က သူငယ်ချင်း အခု အလုပ်ခွင်က သူငယ်ချင်းတို့နှင့်က ပိုမိုပြီး ဆုံတွေ့နီးစပ် ရင်းနှီးကြပေမယ့် ဒီအုပ်စုလောက် ရင်ဖွင့်ရင်းနှီးလို့ မရသလို ပန်း ခံစားရပါသည်။ ဒီသူငယ်ချင်းတွေကတော့ ညီစေနှင့် စ,ခင်တဲ့ အရွယ်ကတည်းက တစ်တွဲထဲ အတူပါဝင်ခဲ့ကြသူတွေ ညီစေနှင့် ပန်းချစ်သူတွေ ဖြစ်ချိန်မှာလည်း အနီးဆုံးရှိကာ အတွင်းကျကျ အားလုံးသိထားကြသူတွေ။ ဒါတွေကြောင့် တစ်ယောက်ရင်ထဲထိ တစ်ယောက်သိကာ ရင်ဘတ်ချင်း နှလုံးသားချင်း ပိုမိုနီးစပ်တယ်လို့ ခံစားရသည်။





"ဒီနေ့ ဘာလုပ်စားကြမလို့လဲ"

"ဒီနေ့ လွယ်တာပဲ လုပ်ကျွေးမှာ မေမေ... ဟီး၊ နန်းကြီးသုပ်က မြန်လည်း မြန်တယ်၊ ကြက်သားချက်ရုံပဲ၊ အပုကို နန်းကြီးဖတ် ဝယ်ခိုင်းလိုက်ပြီ မေမေ"

"ဒါပဲလားအေ... သူငယ်ချင်းတွေက တစ်ခါတလေမှ လာတာကို"

"ရပါတယ် အန်တီ၊ သူချက်ကျွေးတာဆို ဘာလေးပဲဖြစ်ဖြစ် စားလို့ကောင်းပြီးသား၊ အားလုံးကြိုက်ပြီးသား၊ သူကလည်း တစ်နေ့တခြား လက်ရာတွေက တက်တက်လာတယ်"

"အလကားနေ အိမ်မှာနေရင်းလည်း ဟိုဟာချက် ဒီဟာချက် လျှောက်စမ်းချက်နေတာ သမီးရယ်၊ နောက်ပိုင်းမှ ကောင်းလာတာပါ၊ ရှေ့ပိုင်းတုန်းက သွန်ပစ်ရတာတွေလည်း အများသား... ဟင်း ဟင်း"

"မေမေနော်"

"ဟဲ့... မိပန်း၊ နန်းကြီးသုပ် လုပ်စားမယ်ဆို၊ မောင်ညီ့ကို ဖိတ်လိုက်ပါလားလို့၊ မောင်ညီက နန်းကြီးသုပ် သိပ်ကြိုက်တာတဲ့၊ သူ့အမေ ပြောဖူးတာ သတိရတယ်"

"မေမေနော်... မေမေ ဘယ်လိုဖြစ်နေတာလဲလို့"

"ဟဲ့... တစ်ယောက်စာပဲ၊ ဘာမှ ပိုချက်ရမှာလဲ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဖိတ်စရာလား၊ ကျွေးစရာလား၊ ဆောရီးပလပ်စ်နီး လုံးဝပဲ"

"အေး... မမကြီးကိစ္စတွေ မပြတ်သေးလို့မှတ်၊ ပြတ်တာနဲ့ ညည်းဘက်ကို အပြည့်အဝ အာရုံလှည့်ပြီမှတ်၊ အိမ်ကို လုံးဝမလာနဲ့လို့ ညည်းက ပြောထားတယ်ဆိုတာ မေမေ သိပြီးပြီနော်၊ အမေက လာခွင့်ပြုထားတာကို သူကလိုက် ကဖျက်ယဖျက် လုပ်နေတယ်၊ ဟိုက မလာရဲအောင် ဘယ်လောက်များ ပြောထားတယ် မသိဘူး"

ရွှေစင်တို့ မျိုးတို့ဟာ ပန်းတို့သားအမိကို အကဲတခတ်ခတ် ရှိကြသည်။ ဒီကိစ္စတွေကို သူတို့သိပြီးကြပါပြီ၊ ညီစေနဲ့ ပန်းကိုလည်း အားပဲပေးရမလား၊ မြှောက်ပဲပေးရမလား၊ မိဘစကား နားထောင်ဖို့ပဲ နားချရမလား။ ကြားဝင်မပါရဲကြဘဲ နှစ်ယောက်လုံးကိုတော့ ကရုဏာသက်နေကြပါသည်။

"ကဲ... သမီးတို့၊ အေးအေးဆေးဆေး စားကြသောက်ကြ ညည်းတို့သူငယ်ချင်း ပန်းကိုလည်း ဝိုင်းနားချကြပါဦး မိဘစကား နားထောင်ဖို့၊ မိဘစကား နားထောင်တယ် ဆိုတာ ဘယ်တော့မှ အမှားရှိတာ မဟုတ်ဘူး၊ အန်တီက ခဏနေ မမကြီးအမျိုးသား လာခေါ်ရင် အပြင်သွားလိုက် ဦးမယ်၊ ပရိဝယ်ဒင်ပုံတွေ ရိုက်ထားတာ အယ်လ်ဘမ် လုပ်ဖို့နဲ့ ဝယ်ဒင်မှာ ဘုတ်ထောင်ဖို့ ပုံတွေသွားရွေးရ မို့လေ၊ ရှေ့လဆန်းနော်၊ သမီးတို့ လာကြမယ် မဟုတ် လား"





"ဟုတ်ကဲ့... လာမှာပါ အန်တီ၊ ပန်း ဖိတ်ပြီးပါပြီ"

ခဏအကြာမှာ မမကြီးရဲ့ သတို့သားလောင်း ကားနှင့် ရောက်လာကာ မမကြီးနှင့် မေမေ့ကိုခေါ်ကာ ထွက်သွားပါသည်။

"မမကြီး သတို့သားက မချောဘူးနော်... ဟီး"

"ချောလား မချောလားတောင် ငါ့အစ်မက သေချာသိရဲ့လား မသိပါဘူး"

"မမကြီးက မချစ်ဘူးပေါ့"

"မမကြီးက နှလုံးသားမှ မပါတာ၊ အခု အသက်နှစ်ဆယ့်ငါး ဖြစ်နေပြီ၊ တစ်ခါမှလည်း ဘယ်သူ့မှလဲ မချစ်ဖူးဘူး၊ သူ့ကိုယ်သူပဲ ချစ်တာထင်ပါတယ်ဟာ၊ ကိုဘုန်းကချမ်းသာတယ် သဘောကောင်းတယ်၊ မေမေလည်း အရမ်းသဘောကျတယ်ဆိုတော့ ဒီလောက်နဲ့တင် သူ့အတွက် ပြည်စုံနေပြီ ထင်ပါတယ်"

"အဲဒီ ကိုဘုန်းက မမကြီးကို ကြင်ကြင်နာနာ ယုယုယယ ရှိပေမယ့် မမကြီးက ခပ်တည်တည်ပဲနော် အေးဆေးပဲ၊ နင်တို့ညီအစ်မတွေကတော့ ခပ်ချေချေတွေပဲ... ဟိ ဟိ"

"ငါက ဘယ်သူ့ချေလို့တုံး"

"အန်တီ ပြောတဲ့ တစ်ယောက်ကိုလေ၊ မောင်ညို... မောင်ညို"

"အချေခံရဖို့ အဆင့်ထိတောင်သူက တက်လာမှာ မဟုတ်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား မိပန်းရယ်"

"အို... စောင့်ကြည့်စမ်းပါ မိမျိုးရယ်"

"ပန်း... ကိုညိုချစ်ဆိုင်က ငါတို့နဲ့ ဟိုဘက် ဒီဘက် အမျိုးတော်နေတယ်ဟ"

"ဟင်"

"အင်း...၊ ငါလည်း ဟိုတစ်နေ့ကမှ သိတာ။ နှင့်ဆီက နာမည်ကြားဖူးကတည်းက ဒီနာမည် သိသလိုလိုပဲလို့ ဖြစ်နေတာလေ၊ သူ့အစ်မ အရင်းနဲ့ ငါ့ဦးလေးဝမ်းကွဲယူထားတာဟ၊ သူ့အစ်မကတော့ အရမ်းကို သဘောကောင်းတာ၊ သူတို့ တစ်မိသားစုလုံး စိတ်ရင်းသဘော ကောင်းကြပါတယ်"

"ချောလား... ရွှေစင်"

"အင်း... ချောပါတယ်၊ ကြည့်ကောင်းတယ် မျိုးရဲ့၊ ဒါပေမဲ့ ညီစေ့လောက်တော့ မချောဘူးပေါ့ဟာ၊ သူက နှင်နဲ့ဆိုရင် အသက်တော့ ခြောက်နှစ်လောက်ကြီးမယ်နော် ပန်း"

"မသိပါဘူးဟာ၊ သူ့အသက်လည်း"

"သူ့အစ်မက သုံးဆယ့်ငါး သုံးဆယ့်ခြောက်ဆိုတော့ သူတို့ ရှစ်နှစ်တောင် ကွာတယ်ပြောတာ၊ သူ့အသက်က နှစ်ဆယ့်ရှစ်လောက် ရှိမှာပေါ့"

"မသိဘူး၊ ဘယ်လောက်ဖြစ်ဖြစ် စိတ်မဝင်စားဘူး"





"နှင်တို့ကိစ္စကလည်း အကျဉ်းအကျပ်ပဲနော်၊ နှင်ကလည်း ခေါင်းမာမာ၊ နှင့်အမေကလည်း လျှော့ပေးမှာမဟုတ်ဘူး၊ ရင်လေးစရာပဲ"

"မမကြီးက သူ့ဟာနဲ့သူ ရည်းစားမရှိဘူးဆိုတော့ ထားလိုက်ပါတော့ဟာ၊ ငါက ငါ့ရည်းစားနဲ့ငါ၊ ဂျပိုးတေလေလည်းမဟုတ်၊ မေမေက တကယ်ပဲ၊ သိပ်ရက်စက်တာပဲ"

"ညီစေ့ အမေကရော"

"အန်တီသင်းမော်က ဘာမှမပြောဘူး၊ မေမေ့လို မဟုတ်ဘူး၊ မေမေပဲ တစ်ယောက်တည်း တစ်ဖက်သတ်ဖြစ်နေတာလေ"

"အဲဒါ သေချာရဲ့လား မိပန်းရယ်၊ သူ့အမေကြီးက ဒီလောက် ဂုဏ်မောက်တာ၊ အဆင့်အတန်းလည်း ခွဲခြားဆက်ဆံတတ်သေးတယ်၊ သဘောကောင်းလှတယ်လို့လည်း မကြားမိပါဘူးဟာ၊ နှင့်အမေဘက်က ခုလိုဖြစ်နေတာ သူလည်း မသိဘဲနေမှာ မဟုတ်ဘူး၊ သိရက်နဲ့ကော သူက တစ်ဖက်သတ် သဘောတူနေလိမ့်မယ်လို့ နှင် ထင်လား"

"နှင်ကလည်းဟာ သူများ စိတ်ဆင်းရဲအောင် ပြောတတ်လိုက်တာ"

"စိတ်ဆင်းရဲအောင် ပြောတာတော့ မဟုတ်ဘူးလေ၊ နှင့်စိတ်ထဲမှာ နှင့်အမေကိုပဲ တစ်ဖက်တည်း အပြစ်မြင်နေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဓိုးလို့ ပြောတာပါ၊ သူ့ဘက်ကရော နင့်အပေါ်သိပ်ကောင်း သိပ်ဖြူစင်နေသလား၊ နင် ထည့်စဉ်းစားနိုင်အောင်ပါ”

“အို… ညီက သေချာပြောပြပြီးသားပါ မျိုးရယ်၊ သူတို့ အိမ်မှာ ညီ့သဘော ညီ့ဆန္ဒက အဓိကပဲ၊ သူ့အမေက သူ့ ဆန္ဒကို ဘယ်တော့မှ မဆန့်ကျင်ဘူး၊ ငါတို့ကိစ္စကိုလည်း သေချာအသိပေးထားဖို့ ညီ့ကို ငါပြောပြီးသား၊ ညီက သူ့ အမေနဲ့ သေချာဆွေးနွေးထားပြီးသား၊ သူ့ဘက်က အားလုံး ကလီးယား ဘာအငြိမှ မရှိဘူး၊ ဒါကြောင့် မေမေ့ကို သိပ် စိတ်ညစ်တာပေါ့၊ ဌာနတွင်း ကိစ္စဝိစ္စတွေ အရာရှိလူကြီး ကတော်ချင်း မကြည်လင်မှုလေးတွေ၊ ဒါလောက်လေး တွေက ငါတို့နှစ်ယောက်ရဲ့ ရေ့ရေးကို အဓိကဆုံးဖြတ် ရမယ့်ကိစ္စတွေလားဟာ”

“ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ၊ နင့်အမေကတော့ နင့်အတွက် ကို အကောင်းဆုံးဖြစ်အောင်ပဲ စီစဉ်မှာပါ၊ အမေပဲဟာ အခု မမကြီးတို့ကိုပဲ ကြည့်လေ၊ ပြီးတော့ ပိုသေချာတာက အဲဒီ ကိုညီချစ်ဆိုင်က အရမ်းခင်ဖို့ ကောင်းတဲ့ တကယ့် Gentleman ၊ တစ်မိသားစုလုံး စိတ်ရင်း သဘောရင်း ကောင်းကြတာတော့ ငါတို့တစ်ဆွေလုံး တစ်မျိုးလုံး အသိ အမှတ် ပြုထားရတာ၊ ငါတို့ ဦးလေးနဲ့ သူတို့က ထော စပ်တာ ဆိုတော့ ငါတို့ဆိုရင် သမက်ရဲ့ အမျိုးဝမ်းကွဲ အဆင့်ပါ၊ ဒါပေမဲ့ ဘာအကြောင်းကိစ္စလေးရှိရှိ အရေး





တာဝန်ဝတ္တရားကျေတယ်၊ လိုက်လိုက်လှဲလှဲ ဆက်ဆံဖော် ရွေတယ်၊ ငါ့ဦးလေးနဲ့က သူ့အစ်မနဲ့က သူတို့ချင်းကြိုက် ကြတာလေ၊ ဦးလေးတို့ မိသားစုက အရမ်းပြည့်ပြည့်စုံစုံ ကြီးလည်း မဟုတ်၊ သာမန်ပါပဲ၊ အဲဒီခမည်းခမက်တွေ အပေါ်လည်း ကောင်းတယ်”

“အေးပါ… ရွှေစင်ရယ်၊ နင်ဘယ်လိုပဲ အမွှန်းတင်တင် သူတို့ဟာသူတို့ ဘယ်လောက်ကောင်းကောင်း အဓိက အချက်က ငါ့မှာ ညီစေ ရှိတယ်လေ”

“အေးပေါ့…၊ ဟုတ်ပါတယ်၊ ငါကလည်း သိတာပြောပြ တာပါ၊ နင့်ကို နင့်အမေစကား နားထောင်ဖို့ တိုက်တွန်း နေတာ မဟုတ်ပါဘူး”

“သူ့ကို ငါငြင်းပြီးသား၊ အိမ်လာခွင့်လည်း မပြုဘူး၊ ဖုန်း ဆက်ရင်လည်း ချပစ်တယ်၊ ချပစ်လည်း သူကတော့ ချပစ်မယ်မှန်း သိသိနဲ့ ဆက်နေတာပဲ၊ မေမေနဲ့လည်း ဆက်ဆံရေးက အဆင်ပြေသထက် ပြေလာတယ်၊ သူ့ကို ငါ ဘယ်နည်းနဲ့မှ လက်မခံပါဘူးလို့ အပြတ်ပြောထား လည်း သူက ဘယ်လိုမှ မနေသလိုပဲ၊ မျှော်လင့်ချက် မကုန်သလိုပဲ၊ အေးအေးဆေးဆေးပဲ၊ အဲလိုမလှုပ်မခြောက် မမှုသလို လုပ်နေလေ၊ ငါကလည်း ပိုအမြင်ကတ်လေ၊ ပြီးတော့ ငါ နည်းနည်းကြောက်တယ်၊ ကြောက်တယ်ဆို တာ ငါ ပြောဖူးတယ်လေ၊ နင်တို့ကို ဗေဒင်ဟောထား



www.burmeseclassic.com

www.burmeseclassic.com



သလို သူ့နာမည်က တိုက်ဆိုင်မှု ရှိနေတယ်၊ အဲလိုစိတ် ထင့်စရာဖြစ်လေ ငါပိုသတိထားလေပဲ၊ ရွှေစင်... နင့်ကို ဟိုလူ့အကြောင်း အမွှန်းတင်ပြောဖို့ နားချဖို့ ငါ့အမေက ခိုင်းထားတာတော့ မဟုတ်ပါဘူးနော်"

"ငါတို့နဲ့ ဟိုဘက် ဒီဘက် တော်နေတာ နင့်အမေတောင် နင် မပြောရင် မသိပါဘူးဟယ်၊ သိတောင် မသိတာပြော ခိုင်းစရာလား"

❖ ❤ ❖

တစ်နေ့နေ့မှာတော့ နောက်ဆုံး အချိန်ဆိုတာကို ရောက်လာခဲ့တာပင်။ ဘယ်လောက်ပဲ ဂျစ်ကန်ကန်ကျတဲ့ မိန်း ကလေးမျိုးပဲဆိုဆို ဦးဆောက်ပန်းဟာ သူ့အနေအထားလေး ပုံမှန်နေခွင့် သွားခွင့် လာခွင့်လေးရအောင် အတွက်တော့ ညီစေ ကို ဖြတ်ပါသည် ညီစေနှင့် မတွေ့ပါ မဆုံပါ တာဝန်ထမ်း ဆောင်ရတဲ့ ဂရု(ပ်)ချင်းလည်း မတူပါဟု လှည့်ဖြားလိမ်ညာပြော ထားရတာပင်။ သို့မဟုတ်လျှင် မေမေက လျော်ကြေးနှင့် အလုပ် ထွက်စေမည် ကြိမ်းဝါးနေခဲ့လို့ပင်။

မေမေဟာလည်း ရာနှုန်းပြည့် ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ အကြမ်းဖျဉ်းတော့ ဤသို့ပဲ လက်ခံထားလိုက်





ရတာဖြစ်သည်။ ကြုံရင် ကြုံသလို မယုံရင် မယုံသလိုတော့ ရှောင်တခင်နည်းလမ်းမျိုးစုံနှင့် "ချက်က်"တတ်သည်ကို အလူး အလဲ ရှောင်ရှားပုန်းအောင်း ကာကွယ်ရသည်ပင်။

နိုင်ငံခြားခရီးစဉ်တွေရှိတိုင်း ခရူတွေ ဘယ်သူတွေ ပါသလဲ၊ ဘာလဲနှင့် အထူးသဖြင့် စစ်ဆေးမေးမြန်းတတ်တာ ပန်းက ဖြေလျှင်...

"အေး... သမီးစကားကို ယုံစားလိုက်တယ်နော်၊ ဒါညည်း ကို အကောင်းအဆိုး ခွဲခြားဆုံးဖြတ်နိုင်မယ်၊ မိဘကို လိမ် ညာမှာ မဟုတ်ပါဘူးလို့ လေးစားမှုနဲ့ ယုံကြည်မှု ပေးတာ နော်၊ မိဘရဲ့ယုံကြည်မှုကို အလွဲသုံးစားတော့ မလုပ်နဲ့"

ဤစကားမျိုးနှင့် မေမေက ချုပ်နှောင်တတ်ပါသည်။

ဒီတစ်ကြိမ် YGN-BKK-YGN ခရီးစဉ် ထွက်ခါနီး မှာလည်း အိမ်ကို ဖယ်ရီလာမကြိုခင်လေး ဒီစကားမျိုး မှာကြား လိုက်ပါသေးသည်။ ဗန်ကောက်မှာ ညအိပ်၊ နောက်တစ်နေ့ပြန် ရောက် ခရီးစဉ်မို့ ထုံးစံအတိုင်း စီစဉ်သတ်မှတ်ထားတဲ့ ဟိုတယ် မှာ လပ်ဂေ့ချ်ထား၊ ခဏနား ရေမိုးချိုးပြီးတဲ့အခါ အခြား crew တွေလည်း သူတို့အစီအစဉ်နှင့်သူတို့ ညီစေနှင့် ဦးဆောက်ပန်းက လည်း ကိုယ့်အစီအစဉ်နှင့်ကိုယ်။ ခရီးစဉ်တိုင်းမှာ အမြဲတမ်း အတူတွဲကျတာ မဟုတ်တာမို့ ခုလိုလေး အတူတာဝန်ကျတိုင်း အခွင့်မတန်ပျော်ရွှင် စိတ်ချမ်းသာကြရတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရက်ပိုင်းမှာ မမကြီးတို့ အသစ်ကျပ်ချွတ် ဇနီးမောင်နှံ ဇန်ကောက်ကို ဟန်းနီးမွန်းခရီး လာနေတာ ခေါင်းထဲမရှိတာမဟုတ်။ သို့ပေမဲ့ တည်းခိုရာ အပိုင်းချင်းမတူ၊ ဟိုတယ်ချင်းလည်း တခြားစီ အဝေးကြီးဆိုတာ သိနေတော့ လေးလေးနက်နက် ပူပူပင်ပင် တကယ်ပဲ မရှိခဲ့တာပါ။ သို့ပေမဲ့ ဦးဆောက်ပန်းရဲ့ခရီးစဉ်နှင့် ညအိပ်တည်းခိုရာဟိုတယ်ကို မေမေက မမကြီးထံ အချိန်မဆိုင်း လှမ်းအသိပေးလိုက်တဲ့အခါ ညစာ အတူစားဖို့ခေါ်ရန်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ပန်းရှိရာသို့ တက္ကစီနှင့် ရောက်လာခဲ့ကြသော မမကြီးတို့စုံတွဲနှင့် အချိန်ကိုက် ဆိုက်ဆိုက်မြိုက်မြိုက် တည့်တည့်ကြီး တိုးတော့တာ။

တစ်ယောက်ခါး တစ်ယောက်ဖက်ကာ ထွက်လာကြတဲ့ ညီစေနဲ့ ဦးဆောက်ပန်းဟာ မမကြီးတို့ရှေ့မှာ ဘွားခနဲ ပက်ပင်းတိုးမိသွားကြပါသည်။ အဲဒီအချိန်ပိုင်း တစ်ခဏမှာ ထူပူသွားတဲ့ စိတ်ညစ်မှု အတိုင်းအတာကို ပန်း ပြန်ပင်ပြောမပြတတ်ပါ။ ပူပူနွေးနွေး ခဲအိုတော်လည်း ပါနေ၍ သူ့ရှေ့မှောက်မှာ...။ မမကြီးရဲ့ ဒေါသဟာ တဆတ်ဆတ်ပင် တုန်နေသည်။ ညီစေကို ပြောတဲ့ ပြင်းထန်ရက်စက်သော စကားလုံးတွေ။ ထိုစကားလုံးတွေဟာ ဦးဆောက်ပန်း နားထဲ "ရောထွေးပိုးဝါးကုန်သည်။ ညီစေရော ဦးဆောက်ပန်းပါ ဘာစကားမှ မဆိုမိကြဘဲ နှုတ်ပိတ်ကာ တုတ်တုတ်မလှုပ် ငြိမ်သက်နေခဲ့သည်။





ကိုယ်ထူပူခါးသီးနေသလို ညီလည်းပဲ အဲဒီအတိုင်း လိမ့်မည်။ မမကြီးရဲ့စကားတွေထဲမှာ ညီ့ကို အနားက နှင်ထုတ်နေတာတွေလည်း ပါသည်။ ခဏအကြာမှာတော့ ညီက ပန်းနဲ့ တွဲချိတ်ထားတဲ့ လက်တွဲကိုဖြုတ်ပြီး ချာခနဲ လှည့်ထွက်သွားခဲ့သည်။ ပန်းကလည်း မတားမိပါ။ မမကြီးကတော့ ဦးဆောက်ပန်းကို အခုပဲ ကားပေါ်ဆွဲတင်ခေါ်သွားမလို မဖြစ်နိုင်တာတွေ အော်ဟစ်အမိန့်ပေးနေသေးတာပင်။

ခဏအကြာမှာ ညီစေ လွှတ်လိုက်ပုံရသော တစ်လေယာဉ်တည်း ပါလာသည့် လုပ်ဖော်ကိုင်ဖက် crew နှစ်ယောက်က ပန်းကိုလာခေါ်ကာ မမကြီးကိုလည်း တောင်းတောင်းပန်ပန် ချော့မော့ ပြန်လွှတ်ကြပါသည်။ တာဝန်နှင့်မို့ နောက်နေ့ လေယာဉ်ပေါ် ပန်း ပြန်မပါလို့လည်း ဘယ်လိုမှ မဖြစ်နိုင်ပါ။ ခက်ခက်ခဲခဲ ဖျောင်းဖျပြောဆိုပြီး မမကြီးကို ပြန်စေပြီး ပန်းကို ဟိုတယ်ထဲ ပြန်ဆွဲခေါ်လာခဲ့ကြပါသည်။

စိတ်ဆင်းရဲ စိတ်ဓာတ်ကျလွန်းသည်ဖြစ်၍ အဲဒီညက ညီနှင့်ပင် ထပ်မတွေ့ဖြစ်ပါ။ ညီသည်လည်း အတော်စိတ်ကောင်း ဖြစ်ပုံနှင့် ပန်းကို လာဝင်တွေ့ဖို့ မကြိုးစားခဲ့။ နောက်တစ်နေ့ လေယာဉ်ပေါ်မှာ ပန်းရော ညီစေပါ မရွှင်လန်း မတက်ကြွ၊ စကားများများစားစား ဟက်ဟက်ပက်ပက်လည်း မပြောဖြစ်ခဲ့ကြပါ။ တာဝန်ဝတ္တရားအရ ခရီးသည်တို့နှင့် ဆက်ဆံရင်း



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို ပြုံးထားရပေမယ့် ဦးဆောက်ပန်းရဲ့မျက်ဝန်းများက တော့ နာကျင်ကြေကွဲ မျက်ရည်လဲ့နေခဲ့ရပါသည်။

လေယာဉ်ဦးပိုင်းနှင့် နောက်ပိုင်းတစ်နေရာစီမှာ ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် ဝမ်းပန်းတနည်း လှမ်းကြည့်နေမိခဲ့ကြသည်။ လုပ်ဖော်ကိုင်ဖက်တွေပါ အကျယ်တဝင့် သိကုန်တာကို ညီ မရှက်တောင် မျက်နှာပူ၍ အနေရခက်နေပေမည်။ ရန်ကုန်လေဆိပ်ထဲ လေယာဉ်ဆိုက် လေယာဉ်မှ ထွက်ခွာကြတော့လည်း နှစ်ယောက်သား ခပ်နီးနီးယှဉ်၍ လျှောက်ထွက်လာတဲ့တိုင် စကားတော့ မပြောဖြစ်ကြပါ။ နှစ်ဦးလုံးရဲ့ မျက်နှာဟာ ညှိုးနွမ်းလျက်သား။

လေဆိပ်ရဲ့ပြင်ပမှာတော့ မေမေက ဒရိုင်ဘာနှင့် လာစောင့်ကြိုနေပါသည်။ တင်းထန်နေတဲ့ မေမေ့ကိုလည်း ဘာနှ စောဒကတက်လိုစိတ်မရှိ။ ကားနောက်ခန်းခုံမှာ ခေါင်းမှီ၍ ကားပြတင်းမှ ငေးမောရင်း ငြိမ်သက်စွာ ပါလာခဲ့သည်။ အခက်ကြုံတော့မည်ကို သိသည်။ ဤအခက်မှ ဘယ်ကဲ့သို့ ဖောက်ထွက်လွတ်မြောက်ရမည်ကို မရေရာ။ အခက်ကြုံလေ ညီကိုချစ်တဲ့အချစ်က ပိုခိုင်မာလေ သံယောဇဉ်က ပိုတင်းလေ မိုက်မဲဖို့လည်း ဝန်မလေးလေ။

အဲဒီနေ့ညကတော့ ဖေဖေ, မေမေ, ညနေဖလိုက်နှင့် စောပြန်လာသော မမကြီးပါ သုံးဦးရှေ့မှောက်မှာ ဦးဆောက်





ပန်းသည် ပြေးပေါက်မရှိတဲ့ ဖြူကောင်ကလေးနှယ်။ ယုန်ကလေးလို ဖြူစင်ကြောက်ကုပ်မနေဘဲ ဖြူကလေးလို ခုခံကာကွယ်ဖို့ သွားတွေ ဖွားဖွားကားထားသကဲ့သို့။

ဖေဖေက ခပ်မဆိတ်နေသော်လည်း မိဘစကားနားမထောင် ဖွတ်တရွတ် ထင်ရာလုပ် လုပ်ချင်ရာ ဖြစ်အောင်လုပ်တတ်တဲ့ သမီး ဖြစ်သူကို ဒီတစ်ကြိမ် အတော် ဒေါပွဟန်ရှိပါသည်။ မေမေနှင့် မမကြီးကတော့ ယတိပြတ် "အလုပ်ထွက်တော့" တစ်ခွန်းတည်းကို တက်ညီလက်ညီ ဆိုကြသည်။ ဒီတစ်ခါ မေမေ့အမိန့်ကို ဖေဖေလည်း မကန့်ကွက်။ အားလုံးရဲ့ အမြင်အထင် အပြောအဆိုတို့မှာ ဦးဆောက်ပန်းသည် မလိမ္မာသော သမီးမိုက်။ မိဘကို မငဲ့ကွက် မထောက်ညှာသော သမီးဆိုး။

နောက်တစ်ရက်ကစ,လို့ အလုပ်ကို မသွားရတော့ဘာ ခွင့်တိုင်ခြင်း၊ ထွက်စာတင်ခြင်းပင် မလုပ်နိုင်ဘဲ အလုပ်ကို လေးမစား တစ်ဖက်သတ် ရပ်ဆိုင်းကာ မလာတော့ဘဲ နေလိုက်တဲ့ ထွက်ပုံမျိုးနှင့် ထွက်လိုက်ရခြင်းပါ။ သုံးနှစ်ပြည့်ရန် လပိုင်း လိုနေသေး၍ လျော်ကြေးငွေ ဒဏ်ဆောင်ရပါသည်။ အိမ်မှာ စားမသောက် မအိပ်မနေ ဘယ်လိုဆန္ဒပြပြ အကြောင်းမထူး။ ပုတ်လေတဲ့ငါးပိ လှည့်၍ပင် ဂရုစိုက်ခြင်း မရှိပါ။

ပန်း ကိုင်နေတဲ့ Hand phone လေးကိုပါ သိမ်းပစ်လိုက်တဲ့အထိ။ ဘယ်မှ သွားစရာမလို၍ ဖုန်းလည်းကိုင်စရာမလို



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။ အိမ်က လိုင်းဖုန်းကိုလည်း အဝင်အထွက်တွေစစ်၊ ခေါ်ထားတဲ့ နံပါတ်တွေ ပြန်နှိပ်စစ်။ မေမေဟာ ပန်းကို တစ်ချက်ကလေးပင် မျက်ခြည်ပြတ် မခံပါ။

တိုက်တိုက်ဆိုင်ဆိုင် အဲဒီရက်ပိုင်းမှာပင် အဘိုးဖြစ်သူ မကျန်းမမာ ဖြစ်ခဲ့ပါသည်။ သွေးတိုး ဆီးချို နှလုံး မျိုးစုံတဲ့ ဘိုးဘိုးဟာ ရုတ်တရက် ဆီးချိုတွေတက်ကာ ဆေးရုံတင်လိုက်ရပါသည်။ ဘိုးဘိုး နေမကောင်းဖြစ်ရတာဟာလည်း ဦးဆောက်ပန်းရဲ့ အပြစ်မကင်းသလို မမကြီးက တရားခံတပ်ပါသည်။

"ဆီးချိုသမားဟာ စိတ်နဲ့ အရမ်းဆိုင်တာ၊ စိတ်ဆင်းရဲရင် စထရက်စ်များရင် ခုလိုဖြစ်တာပဲ၊ ငါသေချာ နေ့စဉ်ဆေးမှန်မှန်တိုက်ပြီး ဘိုးဘိုးရဲ့ဆီးချိုကို ထိန်းထားတာ၊ နှလုံးကလည်း ခံနိုင်ရည်ရှိတာ မဟုတ်ဘူး၊ အခုဖြစ်ရတာ နင့်ကိစ္စ အိမ်မှာ အကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ် အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာ ဆိုသလို ကြားနေသိနေရတော့ ဘိုးဘိုးလည်း အရမ်းစိတ်ဆင်းရဲသွားတာ"

"အဲလိုသိအောင် ဘယ်သူလုပ်တာလဲ... ဟင်၊ မမကြီးပဲ လုပ်တာ မဟုတ်လား၊ ဒီအကြောင်းတွေ ပန်းကို ဘိုးဘိုး တစ်ခွန်းမှ မမေးမြန်းသလို ပန်းလည်း တစ်လုံးမှမပြောခဲ့ ဘူး၊ မေမေနဲ့မမကြီးပဲ အော်ဟစ်ပေါက်ကွဲနေတာ၊ ဘိုးဘိုး မေးတော့လည်း မေမေနဲ့ မမကြီးပဲ ပြောတာလေ"





"အဲသလို ပြောစရာရှိအောင် နင်လုပ်တာလေ မိပန်း၊ အံ့သြပါရဲ့၊ ပြတ်သွားတာပဲ ကြာပြီလိုလိုနဲ့ နိုင်ငံရပ်ခြား ထိတောင် တွဲခုတ်နေလိုက်တာ၊ အရှက်အကြောက်တရားလည်း တစ်စက်မှမရှိ၊ ဆင်ခြင်တုံတရားလည်း နည်းနည်းမှမရှိ၊ နင် ဒီလိုတွေ မိသားစုကို ဆန့်ကျင်ပြီး မလုပ်ရင် ဒီလိုနောက်ဆက်တွဲတွေ ဖြစ်လာမလား၊ ဘိုးဘိုးက နင့်ကို ချစ်တာလေ၊ နင်နဲ့ပတ်သက်ပြီး ခုလိုတွေ ဖြစ်နေတော့ သူ စိတ်ချမ်းသာပါ့မလား မိပန်း"

ပန်းသည် မျက်ရည်များ တသွင်သွင် စီးကျရကာ...

"အရှက်အကြောက် မရှိဘူး ပြောရအောင်၊ ပန်းက ဘာတွေများ လုပ်နေမိလို့လဲ၊ လောကကြီးမှာ လူတိုင်းရည်းစား ထားနေတာပဲ၊ ရည်းစားလေး ထားမိတာနဲ့ပဲ အရှက်မရှိ ဖြစ်ရရောလား၊ မမကြီး စကားပြောရင် လူကိုနာကျင်အောင် သိပ်အဆုံးစွန် မပြောပါနဲ့"

"ရည်းစားထားတာကို အရှက်မရှိဘူး ပြောနေတာမဟုတ်ဘူး၊ လူကြီးမိဘ အသိအမှတ်ပြုတဲ့ သူမျိုးနဲ့ ဤရွေ့ရရ ထားပါလား၊ ခုတော့ ဘယ်ဘက်ကမှ မကြည်ဖြူတဲ့အလုပ်ကို ရှေ့တိုးလုပ်တယ်၊ တစ်နေ့သောအခါ နင် ဟိုမိန်းမကြီးရဲ့ အချိုးအဖွဲ့ အပြောအဆိုကို ခံရမှာ မရှက်ဘူးလား ဟင်၊ အဲဒါကို ပြောနေတာ၊ ဒီမိန်းမကြီး ပါးစပ်ပေါက်က



www.burmeseclassic.com

www.burmeseclassic.com



ငါ့ထက်တောင် အဆုံးစွန် ပြောတတ်တယ်… နင်သိရဲ့လား၊ စီးပိုးတာ မျက်နှာမထောက်တာ ရက်ရက်စက်စက် မှိုချိုး မျှစ်ချိုး မောက်မောက်မာမာ ပြောတတ်တာ လူတိုင်းသိတယ်၊ နင်ပဲ မသိတာ၊ ယောကျ်ားလေးရှင်က သဘောမတူပါဘူး အငြင်းခံရမယ့် အဖြစ်ကို နင် မရှက်တာလား… ဟုတ်လား၊ အဲဒါ ရှက်စရာ မဟုတ်ဘူးလော့"

"ညီစေ့အမေက သဘောမတူပါဘူးလို့ မမကြီးကို ဘယ်သူပြောလဲ၊ မဟုတ်ပါဘူးလို့ ပြောနေတာကို"

"ဦးဆောက်ပန်းရယ်… သူ့အမေကများ နင့်ကို သဘောတူရင်လေ ငါ့ကိုသာ ဖက်ဖြတ်လှည့်တော့၊ ငါ အသေခံလိုက်မယ် သိလား၊ သူ့အကြောင်းကို နင့်ထက် မေမေက ပိုသိတယ်၊ မေမေစကားမယုံဘဲ နင်ရှေ့ဆက်တိုးလို့ကတော့ အရှက်ကွဲရုံပဲ"

ကဲတရားက ဦးဆောက်ပန်းဘက်မှ မျက်နှာသာမပေးပုံမှာ ဆေးရုံက ICU ခန်းထဲ ထည့်ထားရသော ဘိုးဘိုးဟာ ရတ်တရက် နေမကောင်းဖြစ်သည်မှာ ခြောက်ရက် အကြာမှာ မမျှော်လင့်ဘဲ ကွယ်လွန်သွားခြင်းပင်တည်း။ ဆုံးပါးလက်လွှတ်ရမယ် ထင်မထားဘဲ လက်လွှတ်ခဲ့ရပါသည်။ အသုဘရက်အတွင်း အသုဘကိစ္စနှင့် အိမ်ကို ညီချစ်ဆိုင်က လေး,ငါးကြိမ်ထက် မနည်းရောက်ပါသည်။ ကိုယ့်အနားမှာတင် အနီးကပ်က





ထိုင်ထသွားလာ ပြောဆိုနေကြပေမယ့် ပန်းက စကားတစ်လုံးမှ မပြောပါ။ မရိုင်းပျလိုသည်ဖြစ်၍ သူ့မိခင်ကိုတော့ ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်စကားဆိုကာ တတ်နိုင်သမျှတော့ ရှောင်လွှဲကာနေသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၉)

"နောက်နှစ်ထဲ မင်္ဂလာဆောင်ပေးနိုင်အောင် ဒီနှစ်မကုန်ခင် စေ့စပ်ထားမယ်၊ အဲဒါ ခေါင်းထဲထည့်ထား"

"မေမေ"

"ဘာလဲ"

"မမကြီးတောင် မင်္ဂလာဆောင်တာ ဘယ်လောက်မှ မ[ကြာ]သေးဘူးလေ"

"အဲဒါ ဘာဖြစ်လဲ၊ တစ်နှစ်တည်း နှစ်မင်္ဂလာဆောင်တာမှ မဟုတ်တာ၊ စေ့စပ်ရုံ စေ့စပ်မှာ၊ နှစ်မင်္ဂလာသာ ဖြစ်မနေ ရင် အခုတစ်ခါတည်း လက်ထပ်ပေးမှာ၊ နည်းနည်းမှ စိတ်မချဘူး ညည်းကို၊ လုပ်ချင်ပြီဆို ဘယ်သူ့မျက်နှာမှ မထောက် လုပ်တတ်တာ"

"သမီးက ဘာလုပ်မှာမို့လဲ မေမေ"

"ဘယ်ပြောနိုင်မလဲ၊ ညည်းတို့ ခိုးပြေးချင်ပြေးဖို့ ကြံ လည်း ကြံနေကြမှာပေါ့၊ ခိုးပြေးလည်း အရှက်တကွဲဖြစ်





ရုံသက်သက်ပဲ ဦးဆောက်ပန်း၊ ရအောင်လိုက်ခဲ့မှာပဲ၊ ငါတောင် ခွဲရမှာ မဟုတ်ပါဘူး၊ ဟိုမိန်းမကြီး အရင်ဦးအောင် ခွဲမှာ... စိတ်ချ"

မခွဲပါဘူး မေမေရယ်။ အန်တီသင်းသင်းမော်က မေမေ့လို ခွဲမှာ မဟုတ်တာ သက်သေတောင် ပြလိုက်ချင်ပါရဲ့။ အန်တီသင်းမော်က ညီစေ့ကို သိပ်ချစ် သိပ်အလိုလိုက်တာလေ။ ညီစေ့ ဆန္ဒသာ အဓိကလေ။ ညီစေ့ အလိုဆန္ဒကို ဘယ်တော့မှ ငြင်းဆန် မကန့်ကွက်ဘူး ဆိုတာ ညီစေ ကိုယ်တိုင် ပြောပြခဲ့တာပါ။

မေမေတို့ တကယ်ပဲ စေ့စပ်ဖို့ကိစ္စတွေ စတင်စိုင်းပြင်းကြပြီကို သိသောအခါ ဦးဆောက်ပန်းက ညီ့ချစ်ဆိုင်ထံ ကိုယ်ကစ,ပြီး ဖုန်းခေါ်လိုက်ပါသည်။

"ရှင့်ကို လက်မခံထားတဲ့ မိန်းမတစ်ယောက်နဲ့ စေ့စပ်ပေးဖို့ အိမ်ကလုပ်နေတာကို ရှင် မကန့်ကွက်ပဲ ဘာလုပ်နေတာလဲ"

"ပန်း...၊ ပန်းကသာ ပန်းရဲ့မေမေကို ကန့်ကွက်ရမှာလေ"

"ဘာ... ရှင်ကတော့ မကန့်ကွက်ဘူးဆိုတဲ့ သဘောပေါ့၊ ရှင့်ကို မချစ်ပါဘူး၊ ကျွန်မချစ်သူကိုပဲ ချစ်ပါတယ်လို့ အတိအလင်း ပြောထားတောင် ရှက် အရှက်မရှိ ငြိမ်ပြီး မိန်းလက်ခံနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း… တကယ်ဆို ကျွန်တော့်စိတ်ရင်းမှန်ကို ပြောရရင် ဒီလောက် အလျှင်စလိုကြီး စေ့စပ်ပွဲတွေ ဘာတွေ မလုပ်စေချင်သေးတာ အမှန်ပါဗျာ၊ ကျွန်တော် စောင့်နိုင်ပါတယ်၊ ဘယ်လောက်စောင့်ရ စောင့်ရ စောင့်နိုင်တဲ့သူပါ၊ အဲဒါကို နားလည်ပါ ပန်း၊ အခု ဒီကိစ္စကို လောတာက ပန်းရဲ့မေမေပါဗျာ၊ အန်တီက လောနေတာကို ကျွန်တော့်ဘက်က နေပါဦးလို့ ဘယ်လိုတားရမလဲ ပန်း၊ ကျွန်တော်က ပန်းကို လိုချင်တဲ့သူပါ၊ ပန်းအမေရဲ့ အငြိုငြင်ကို ကျွန်တော် မခံချင်ပါဘူး"

"အို… ဘာပဲဖြစ်ဖြစ် ရှင် ဘာဖြစ်လို့ မငြင်းရတာလဲ"

"ဟောဗျာ… ပန်း တကယ်မသိလို့ မေးနေတာလား"

"ဟုတ်တယ်"

"ပန်းကိုချစ်လို့လေ၊ ခင်ဗျားကို ကျွန်တော် သိပ်ချစ်လို့လေ"

"ရှင့်ကို မချစ်ဘူး သိလား၊ ဘယ်တော့မှ မချစ်ဘူး၊ သေ ထိမချစ်ဘူး"

ပန်းက ဒေါသတကြီး အော်ဟစ်ချင် တစ်ဖက်က တိတ်ဆိတ်၍ အော်ဟစ်သမျှကို နားထောင်ခံယူနေလေသည်။ စေ့စပ်ဖို့ကိစ္စကို ရှေ့တိုးဆောင်ရွက်နေကြရင်း တစ်ရက်မှာတော့ ဦးဆောက်ပန်းက အိမ်မှာ လူလစ်တဲ့အချိန် အိမ်ကခိုးထွက်ခဲ့ သည်။ မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့တာ ကြာပြီဖြစ်၍ ပန်း ကလည်း ကလန်ကဆန် ဘာမှလုပ်ဖို့ မကြိုးစားခဲ့၍ မေမေ့ရဲ့





အစောင့်အကြပ် နည်းနည်းချင်း လျော့ရဲလာတဲ့ကာလ။ အဲဒီနေ့က ဖေဖေက ရုံးသွား၊ မမကြီးက ဆေးရုံသွား၊ မမကြီးအမျိုးသားကိုဘုန်းလည်း အလုပ်သွား။ မေမေ့ထံ မေမေ့မိတ်ဆွေတစ်ယောက် ရောက်လာကာ နောက်ထပ် မိတ်ဆွေတစ်ယောက် ဆေးရုံတက် အသည်းအသန် ဖြစ်နေတာကို သတင်းမေးဖို့ လာခေါ်သွားပါသည်။

မသွားခင် အိမ်ကကောင်မလေးနှစ်ယောက်ကို မေမေက အထပ်ထပ် မှာကြား အပ်နှံနေတာ။ ပန်းကိုစောင့်ကြည့်နေဖို့။ အလစ်မပေးဖို့။ ကောင်မလေးတွေဟာလည်း မေမေ့ကိုကြောက်ရသည်ဖြစ်၍ တစ်ယောက်မဟုတ် တစ်ယောက် ပန်းနှင့် မလှမ်းမကမ်းမှာနေကာ ပန်းဘက်က အကူအညီပေးဖို့ ရည်ရွယ်ချက်ရှိကြပါ။ အခန်းထဲက ပန်းအိုးတစ်ခုကို ချခွဲပစ်လိုက်ကာ ကောင်မလေးတွေ ရေသုတ်၊ အကွဲစတွေကောက်၊ တစ်ခဏအလုပ်ရှုပ်စေလိုက်ပြီး အိမ်နေရင်း အဝတ်အစားနှင့်ပင် အိမ်ထဲကအပြေးထွက်ကာ ကားပေါ်တက် မောင်းထွက်လာခဲ့တာ။

ဒီနေ့ဟာ ညီစေ့ ဂျူတီအော့ဖ်ရက်မှန်းလည်း ပန်းသိထားသည်။ တစ်နေရာရာက ဖုန်းဆက်နေဖို့ မကြိုးစားတော့ဘဲ ညီစေတို့အိမ်ကိုသာ တန်း၍မောင်းချလာခဲ့သည်။ ညီတို့အိမ်ကိုရောက်တော့ ညီက ရှိမနေပါ။ ရှိနေသည်ကတော့ ညီ့မေမေ အန်တီသင်းသင်းမော်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းသည် သူတို့အိမ် ဧည့်ခန်းထဲ ဒေါ်သင်းသင်းမော်နှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း ရင်တွေ တဒုန်းဒုန်း ခုန်နေခဲ့သည်။ အိမ်နေရင်းမျက်နှာမှာ အပြည့်အစုံခြယ်သလျက် စိန်နားကပ် စိန်လော့ကက် စိန်လက်စွပ် ဧရာမကြီးတွေကို ဝတ်ဆင်ထားသော ဒေါ်သင်းသင်းမော်က ထုံးစံအတိုင်း မျက်လွှာစင်းစင်းနှင့် နှုတ်ခမ်းလေးကလည်း ချိတ်ရုံတော့ ပြုံးထားသေးလျက် ပန်းကို စေ့စေ့ကြည့်ရင်းက...

"Wedding က ဘယ်တော့တုန်း ဦးဆောက်ပန်းတို့"

"ရှင်... အန်တီ"

"ဪ... သမီးတို့ Wedding နီးနေပြီ ကြားနေတာလေ ဒီလိုပဲ ရုံးအသိုင်းအဝိုင်းက ကြားတာပါ။ သမီးအမေက တော့ အန်တီ့ကို ဖိတ်,မဖိတ်တော့ မပြောတတ်ဘူး အန်တီကတော့ လက်ဖွဲ့တော့ ပို့လိုက်ဦးမှာပါ၊ ဘာပဲဖြစ်ဖြစ် ညီစေ့ Best friend မဟုတ်လား၊ ဘာလိုလဲ... လိုတာပြောလေ"

ဦးဆောက်ပန်းသည် ဒေါ်သင်းသင်းမော်ကို ညီဇေ့မိခင်ဆိုတဲ့ အသိနှင့်သာ တရင်းတနှီး ခံစားခဲ့ရပေမယ့် လမ်းတွေ့ပြုံးပြ နှုတ်ဆက်စကား တစ်ခွန်း နှစ်ခွန်းပြော အဆင့်ထက်ပို၍ ဝင်ထွက်ရင်းချာမှု မရှိခဲ့သည်ဖြစ်ရာ စကားလည်း ခုလိုများများစားစား ထိုင်မပြောဘူးပါ။ အခု ဒေါ်သင်းသင်းမော် ပြောလိုက်တဲ့စကားကို အဓိပ္ပာယ်ခွဲခြမ်းစိတ်ဖြာရင်း ရင်ထဲ၌ ပြည့်ကျပ်ကျပ်တစ်ဆို့ဆို့ မအီမသာ ခံစားရလေသည်။





သူ့စိတ်ထဲ ဘယ်လိုရှိသလဲ နားမလည်။ ဒီစကားတွေကို ဘယ်လိုစိတ်ရင်းခံနှင့် ပြောနေသလဲ မဝေခွဲတတ်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့်ဖြစ်စေ ကိုယ့်မိသားစုထဲမှာဖြစ်စေ ကိုယ့်စိတ်သဘောနှင့်သာ ဘယ်သူ့မှ အောက်မကျို့ မာန်မလျှော့ အထာကိုင်ကိုင်လေး နေတတ်လွန်းတဲ့ ဦးဆောက်ပန်းသည် ညီစေ့အမေဆိုသော အသိတစ်ခုတည်းနှင့် ထိုအမျိုးသမီးကြီးရှေ့မှောက်၌ သိမ်ငယ်ရိုကျိုးနေလေသည်။ ဒီကြားထဲကပင် ကိုယ့်ကိုယ်ကိုယ်ါဟာ ညီ့ချစ်သူဆိုတဲ့ ပတ်သက်မှုတစ်ခု အနိုင်အမာ ဆုပ်ကိုင်ထားလျက် အားတင်းရဲရင့်ရလေသည်။

"အန်တီ... မေမေတို့ စိစဉ်နေကြတာကို သမီးကလက်ခံထားတာ မဟုတ်ပါဘူး၊ မေမေတို့ သဘောတူတယ်ဆိုတဲ့ သူကို လက်လည်းမခံနိုင်၊ စိတ်လည်းမဝင်စားပါဘူး၊ သမီးက သမီးက ညီ့ကိုပဲ ချစ်တာပါ၊ ညီနဲ့ပဲ လက်တွဲကြဖို့ သမီးတို့ ဆုံးဖြတ်ထားတာပါ"

ဒေါ်သင်းသင်းမော် မျက်ခုံးများက မြင့်တက်သွားသည်။ တအံ့တသြ အရိပ်အယောင်ကိုပြလျက်...

"ဪ... ညည်းတို့နှစ်ယောက်က ခုထိ မပြတ်သေးတာလား၊ ညီစေ ပြောတော့ သမီးနဲ့ပြတ်တာ ကြာပါပြီဆို"

ဦးဆောက်ပန်း ရင်ထဲ ရုတ်တရက် အားငယ်သလို ခံစားရကာ ပျာပျာသလဲပင်...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ သမီးလည်း သမီးအိမ်မှာ အဲလိုပဲ ပြောထားရတာပါ အန်တီ၊ မေမေ့ကိုလည်း ညီနဲ့ပြတ်ပါပြီလို့ ပေးသိထားတာပါ"

ဒေါ်သင်းသင်းမော်က နှုတ်ခမ်းကို အပြုံးမဟုတ် အမဲ့မဟုတ် တွန့်ရင်း…

"အင်း… ညည်းတို့အမေ ဒေါ်မာလာနွယ်ကိုလည်း အံ့အားတွေ သင့်နေတာ၊ ဘယ်လိုလုပ်ပြီး သူက တို့သားလို ယောကျ်ားလေးတစ်ယောက်ကို သဘောမတူနိုင်ဘူး ဘာညာ အသံလွှင့်နေတာလဲ မတွေးတတ်အောင်ပဲ၊ တကယ်တော့ သူလည်း ဟန်ကိုယ့်ဖို့ လုပ်နေရတာ ဖြစ်ကောင်းဖြစ်မယ်လေ၊ သူ့ဘက်က သဘောမတူတာပါ ဆိုတာမျိုး လူတွေ ထင်စေချင်တာမျိုး ဖြစ်မှာပေါ့၊ အမှန်တရားက ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူ့ဘက်က မျက်နှာမငယ်ချင်တာမျိုး နေမှာပေါ့၊ ခက်တာက သူကပဲ ပူလောင်နေတာပ အန်တီက ကိုယ့်သား ကိုယ်နိုင်တယ်ဆိုတာ ဟိုးအစောကြီးကတည်းက ပြောပြထားပြီးသားပါ၊ သူ့ကို တိုက်ရိုက်တော့ မပြောဖြစ်ဘူးပေါ့၊ ဘယ်နည်းနဲ့မဆို စကားရောက်မယ့် ပို့မယ့်သူကတစ်ဆင့် ပြောထားတာလေ"

ဦးဆောက်ပန်းသည် ဒေါ်သင်းသင်းမော် မျက်နှာကို အငေးတကြီး စိုက်ကြည့်နေမိရင်းက တစ်စတစ်စ လက်ဖျားအေးစက်လာသည်။





"အန်… အန်တီ… ဘာကိုဆိုလိုတာလဲ မသိဘူး၊ ဘာပြောချင်တာလဲ သမီး နားမလည်ဘူး"

"ဩော်… သမီးရယ်။ နားဝေးရန်ကော၊ ညည်းအမေ သဘောမတူဘူး ဘာဘူး မလုပ်ခင်ကတည်းက အန်တို့ဘက်က သဘောထားကို သူသိအောင် တစ်ဆင့်ပြောထားပြီးသားပါဆိုနေ၊ ကိုယ့်သားက ယောကျ်ားမ မလေးမခန့် ဆက်ဆံရတာ ခံရမယ့် အစားလား၊ ရွှေပေါ်မြတင် ကြီးပြင်းလာတာ၊ ညီစေ့ကိုဆို ရွှေဝေါယာဉ်ပေါ် စိန်ကလပ်နဲ့ သတို့သမီးကိုတင်ပြီး ဆက်သမယ့် သမီးရှင်တွေမှ အများကြီးကို၊ သူက သမီးနဲ့ ဖြစ်သွားမှာ စိုးရိမ်နေရအောင်က အခြေအနေမှန်ကို သူ မသိတာလား၊ သူ့သမီးသူ ဘယ်လိုများ အမွှန်းတင် မြင်နေတာလဲ…

အန်တီက သားသမီးမွေးထားတဲ့ မိခင်ချင်း စာနာလို့ ဘာမှပြောမနေပါဘူး၊ အချိန်တန်ရင် သူ့လမ်း ကိုယ့်လမ်း သူ့ဘဝ ကိုယ့်ဘဝ သီးခြားသွားကြမှာပဲကို ရန်အများခံပြီး တုံ့ပြန်မနေပါဘူးပေါ့ သမီးရဲ့၊ ညည်းအမေကို နည်းနည်းတော့ ကြည့်ကျက်ရှင်းပြဦး၊ နားလည်တတ်အောင်လည်း သင်ကြားပေးဦး၊ အသက်တွေလည်း ကြီးကြပြီလေ၊ ညီစေနဲ့ ဦးဆောက်ပန်း လမ်းခွဲကြတယ်ဆိုတာ ဘယ်သူက အငြင်းခံရတာလဲ၊ ပတ်ဝန်းကျင်က မသိဘဲ နေပါ့မလား သမီးရယ်၊ သူ ဘာတွေလျှောက်ပြောနေနေ ဘယ်လောက်ပဲ ဟန်ကိုယ့်ဖို့လုပ်ပြီး အော်ဟစ်နေပါစေ လူတိုင်းအ



www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့ အသိဉာဏ်နဲ့ ထမင်းစားနေကြတဲ့ သူတွေချည်းလေ"

"အန်... အန်တီ... ဘာပြောနေတာလဲဟင်၊ သမီးတကယ်နားမလည်လို့ပါ"

ဦးဆောက်ပန်းသည် ခန္ဓာကိုယ်လေးပါ စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ် တုန်လာသည်။ တစ်ကိုယ်လုံးဟာ အေးစက်လာသလောက် နဖူးပြင် ရင်ညွန့်နှင့်ကျော တစ်လျှောက်မှာတော့ ချွေးသီးချွေးဥများ စို့သီလာလေသည်။

"ဒုက္ခပဲ... ငါ့သမီးနဲ့တော့ နားဝေးလေခြင်း"

တသိမ့်သိမ့် ရယ်မောနေတဲ့ ဒေါ်သင်းသင်းမော်ကို ကြည့်ရင်း သူမ ပြောခဲ့သမျှ စကားလုံးတွေကို ပန်းက သွေးရူးသွေးတန်း ခွဲခြမ်းစိတ်ဖြာနေမိတုန်း။ ပန်းကို အမြဲပြုံးပြတတ်တဲ့ ညီမေမေဟာ အခုလည်းပဲ တသိမ့်သိမ့် ရယ်မောနေတယ်လေ၊ မျက်နှာထားမှာလည်း တင်းမာခက်ထန်မှု စိုးစိမျှမရှိ။ တစ်ချိန်လုံး ပြုံးလျက်နေသည်သာ။ သမီး, သမီးချင်းလည်း ထပ်နေသည်သာ။ သို့သော် သူ့ပြောစကားတို့မှာ အပေါင်းလက္ခဏာသဘောမဆောင်မှန်းတော့ ဦးဆောက်ပန်း နားလည်သည်။

သို့ပေမဲ့ မေမေ့ အပြောအဆို လုပ်ရပ်တို့ကို သူ စိတ်ခုနေကြောင်း အသိပေးနေတာလား၊ တခြား ဘာကိုရည်ရွယ်နေတာလဲ ပန်း နားမလည်သေး။ သို့မဟုတ် နားမလည်ချင်သေးအောင်ရှိသည်။





"အန်တီ... သမီး... ညီ့ကို တကယ်ချစ်ပါတယ်၊ ညီကလည်း သမီးကို တကယ် သိပ်ချစ်တာပါ"

"ချစ်တာတွေ မေတ္တာတွေကတော့ ဒီလိုပဲ ရှိတတ် ပြောတတ်ကြတာပဲလေ သမီး၊ ဒါတွေက ဆုပ်ကိုင်သက်သေပြရအောင် အကောင်အထည် ရှိတာမို့လို့လား၊ အချိန်တန်တော့လည်း ဖူးစာမင်းရည်က ပြစ်ရာက ကျဲချင်ကျဲသွားတာပဲ၊ လူငယ်တွေ တစ်ကြိမ်တစ်ခါ ချစ်တတ်ကြတာ နားလည်ပါတယ်လေ၊ ကိုယ်တွေလည်း ငယ်ရာက ကြီးလာတာပဲဟာ၊ ဒါပေမဲ့လည်း ချစ်ဖူးရုံနဲ့တော့ ကိုယ်ဖြစ်ချင်တဲ့ ဓာတ်လမ်းအတိုင်း ဖြစ်လာမယ်လို့ ယူဆလို့မရဘူး၊ သမီးလည်းပဲ အရွယ်ရောက်လာပြီပဲ၊ ကိုးတန်း ဆယ်တန်းမှ မဟုတ်တော့တာ၊ အသိုင်းအဝိုင်းလည်း ကျယ်ပြန့်လာပြီပဲ၊ အချစ်ကို တရိတသေ ကိုးကွယ်မနေပါနဲ့တော့၊ ကိုယ့်အတွက် အကောင်းဆုံးကို စဉ်းစားလေ၊ အန်တီ စေတနာနဲ့ ပြောတာနော်၊ ကိုယ့်ချစ်သူကိုလည်း မျက်စိမှိတ်ပြီး သိပ်ယုံစားမနေနဲ့၊ ယောကျ်ားဆိုတာ အလွယ်ပြောတတ်တယ်၊ ညီစေကတော့ အန်တီ့ကိုကတိပေးပြီးသား၊ မေမေ မကြိုက်တာ မလုပ်ပါဘူး၊ မေမေသဘောမကျတာ ရှေ့မတိုးပါဘူး၊ ဦးဆောက်ပန်းကိုလည်း မယူပါဘူး ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းသည် အသည်းနှလုံးကို ဓားတုံးတုံးနှင့် အခုတ်ခံရသလို နာကျင်လှပြီး ရင်ထဲက ဝေဒနာကြောင့် အသက်ရှူသံပါ နိမ့်ချည်မြင့်ချည် မမှန်အောင် ဖြစ်လာရရင်း...

"ညီ အဲလိုပြောလည်း သမီး စိတ်မနာပါဘူး အန်တီရယ်၊ အန်တီကျေနပ်အောင် သူ ဒီလိုပဲ ပြောရမှာပါ၊ အဲသလို ပြောထားမှ အနေချောင်မှာမို့လို့ သူ ဒီလိုပဲ လိမ်ညာပြောထားရတာနေမှာပေါ့ အန်တီ၊ အန်တီ ခုလိုပြောလို့လည်း ညီ့ကို သမီး စိတ်မပျက်ပါဘူး၊ မမုန်းပါဘူး"

"ဪ... ကဲ...၊ ငါ့နှယ်နော်၊ ငါကပဲ သူတို့ချစ်သူချင်းကြား သွေးခွဲနေသလိုလို၊ အန်တီ ကြားဖူးထားတာ မှန်နေပြီ၊ ဦးဆောက်ပန်း ဆိုတာ မိဘမနိုင် နှစ်ဆောင်ပြိုင်တဲ့ မိဘကို မျိုးစုံလိမ်လည်လှည့်ဖြား ကြိုက်သလိုနေ ထင်ရာလုပ်နေတာတဲ့၊ အင်မတန်ခေါင်းမာ၊ သူ့အမေဆိုတာလည်း ဒီသမီးတစ်ယောက်အတွက်ပဲ ဘီလူးဆိုင်းတီး ဘီလူးကကလိုက်၊ ဒူးနဲ့မျက်ရည်သုတ်လိုက်တဲ့၊ ဟုတ်နေသားပဲ ညည်း တော်တော်ခေါင်းမာတာပဲ ဦးဆောက်ပန်း၊ အခု စကားပြောနေတာ ယောကျ်ားလေးရှင် အမေကို ဆိုတာရော သတိရရဲ့လား၊ ခွတ်ရှေ့တိုး ပြောနေတော့တာ၊ ညည်းမိဘတွေ ညည်းကို လိမ္မာရေးခြားရှိအောင်၊ ဣန္ဒြေသိက္ခာရှိအောင် မဆုံးမထားတာလား၊ ဘယ်လိုမိဘက ပေါက်ဖွားလာတာလဲ သမီးရယ်"





ဦးဆောက်ပန်းက တုန်တုန်ယင်ယင်နှင့် ထိုင်ရာကထ,ရပ်လိုက်ပါသည်။

"သမီး မိဘတွေက ဆုံးမပါတယ် အန်တီ၊ နေတာ ထိုင်တာ လုပ်တာ ကိုင်တာ မှားနေရင်း သမီး မလိမ္မာတာ သက်သက်ပါ အန်တီ၊ ပြီး... ပြီးတော့ အခု ညီ့ကိုတွေ့ဖို့ လာပေမယ့် အန်တီနဲ့တွေ့တော့ ထိုင်စကား ပြောနေမိတာကလည်း ညီပြောထားတဲ့ စကားတွေနဲ့ အန်တီက ခါးခါးသီးသီး မရှိဘူးလို့ နားလည်ထားမိလို့ပါ၊ နို့မို့ဆို သမီး ခုလိုစကားထိုင်မပြောဖြစ်ပါဘူး"

"ညီစေက အဲသလိုပြောထားလား၊ ဒါလည်း ညည်းအငြိုငြင်မခံရအောင်ဖြစ်စေ၊ ညည်းပြဿနာရှာတာ မခံရအောင်ဖြစ်စေ လတ်တလော နားအေးအောင် လှည့်ပတ်ပြောထားရတာ နေမှာပေါ့ သမီးရယ်။ သမီးက မိန်းကလေး၊ အသိဉာဏ်နဲ့ အမှန်ကို တွေးတတ်ရမှာပေါ့"

"ညီ... သမီးကို ချစ်တယ်ဆိုတာ သမီး ယုံပါတယ် အန်တီ၊ အရင်ကလည်း ယုံတယ်၊ အခုလည်း ယုံတုန်းပဲ၊ နောင်လည်း ယုံဦးမှာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ညီက သမီးကိုပဲ လက်ထပ်မယ်လို့လည်း ကတိပေးထားပါတယ်"

ဒေါ်သသ် မပါအောင် ထိန်းသိမ်းဆဲ ဖြစ်သော်လည်း ငပါးချိုးခြေခံရသည့် မာန်မာနတို့ကြောင့် ရင်ထဲ ပျက်စီးပြိုခွဲ



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်သည့် ဒဏ်ရာဒဏ်ချက်များအရှိန်က ဦးဆောက်ပန်းရဲ့ လေသံ စကားလုံးတို့၌ ပေါ်လွင်ခဲ့ပြီ။

"ဩော်... ဒါက ခြိမ်းခြောက်စကားလား ဦးဆောက်ပန်း၊ ဘယ်ဘက်က ဘယ်လိုခါးသီးခါးသီး လက်ထပ်ကြမှာပဲလို့ ဆိုလိုတာလား၊ လုပ်ကြည့်လေ သမီးရယ်၊ ရေရှည်စိတ်ချမ်းသာရပ့်မလားလို့၊ တစ်ခုခု လွန်ကျူးသွားပြီးရင်တော့ နစ်နာတာ မိန်းကလေးနော်၊ ဒါနဲ့ မေးပါရစေ၊ ဒီလောက်တောင် မရက်နိုင် မကြောက်နိုင်တော့အောင် ယောကျ်ားလေးရှင်ကို ကိုယ်တိုင်တက်ပြောနေရတာ ဆိုတော့ သမီးမှာ ညီစေနဲ့ ပတ်သက်ပြီး လွတ်လွတ်ကင်းကင်းရော ဖြစ်ရဲ့လား၊ လွန်လွန်ကျူးကျူး နစ်နစ်နာနာတွေများ ဖြစ်နေခဲ့ပြီလား၊ အန်တီ ကိုယ်ချင်းစာလို့ မေးတာပါ"

ခုချိန်ထိတိုင် ဒေါ်သင်းသင်းမော် လေသံတို့က ဒေါသမပါသေး ညင်သာညက်ညောဆဲ။ ဒီအမျိုးသမီးကြီးကို ကြည့်ရင်းကြည့်ရင်း အံ့အားတသင့် ကြောက်လန့်လာမိပြီး မကြီး စကားတွေက ပန်းနားထဲသို့ အလုအယက် ပြန်လည်တိုးဝင်ကာ ခုပဲ ပြောနေသလို ပြန်ကြားယောင်လာပါသည်။

"တစ်နေ့သောအခါ နင် ဟိုမိန်းမကြီးရဲ့ အချိုးအဖွဲ့အပြော အဆိုကို ခံရမှာ မရှက်ဘူးလား... ဟင်၊ ဒီမိန်းမကြီးပါးခ ပေါက်က ငါ့ထက်တောင် အဆုံးစွန် ပြောတတ်တယ်





နင် သိရဲ့လား၊ စီးပိုးတာ၊ မျက်နှာမထောက်တာ၊ ရက်ရက်စက်စက် မှိုချိုးမှျစ်ချိုး မောက်မောက်မာမာ ပြောတတ်တာ လူတိုင်းသိတယ်၊ နင်ပဲ မသိတာ"

လူတိုင်း သိတယ်။ ကိုယ်သာ မသိခဲ့တာ။

ဒီလိုလုံးလုံးကို ထင်မထားခဲ့မိတာ။ အနူးညွှံဆုံး စကားလုံး အပြုံးတွေနှင့် ကျိုးကြေစုတ်ပြတ်အောင် ပြောတတ်ခြင်းသာ ပြိုင်ပွဲရှိခဲ့ရင် ဒေါ်သင်းသင်းမော်ဟာ ကမ္ဘာ့ရွှေတံဆိပ်ဆုရှင် ဖြစ်ပေလိမ့်မည်။ ညီ့ကိုချစ်တော့ ယုံစားခဲ့တော့ လုံးဝမထင်မှတ်ခဲ့တော့ ပန်းအတွက် ထိချက်ဒဏ်ရာက ပြင်းထန်လှသည်။ အံ့လည်းသြ၊ ကြောက်လည်းကြောက်၊ ရှက်လည်းရှက်၊ ဝမ်းလည်းနည်း၊ သေပါ သေလိုက်ချင်အောင် စိတ်ဓာတ်ဗုန်းဗုန်းလဲ ချုံးချုံးကျအောင် တစ်ခဏတွင်းချင်းမှာ နှုတ်ခမ်းလေး တစ်စုံအားမျှနှင့် သတ်ဖြတ်နိုင်သူပါလား။

"အခု ဒီကိုလာတာလည်း ဒေါ်မာလာနွယ် သိမယ့်ပုံမရဘူး၊ ဘုရား... ဘုရား... ခုမှ တွေးမိတယ်၊ အိမ်ကများ အပြီးပြေးလာတာလား"

"သမီး အဲသလောက် သိက္ခာမကင်းမဲ့သေးပါဘူး အန်တီ၊ ယောကျ်ားလေးက ခိုးတာလည်း မဟုတ်ဘဲ သူ့အိမ်ပေါ် ပြေးတက်လာရလောက်အောင်လည်း သမီးမှာ ယောကျ်ားလေး မရှားသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရှားရင် ဝမ်းသာတာပေါ့ သမီးရယ်၊ ညီစေနဲ့ နှစ်ရှည်လများ တွဲခဲ့တာဆိုပြီး သွားချင်သလိုသွား၊ လာချင်သလိုလာထားတာဆိုပြီး လက်ထပ်ယူမယ့် ယောက်ျားမရှိရင်သာ တာဝန်မကင်း ဖြစ်နေမှာ အန်တီက စိုးရိမ်တာပါ"

ဦးဆောက်ပန်းရဲ့ ပါးပြင်မို့မို့ တင်းတင်းကလေးပေါ် နာကြည်းခါးသီးသော မျက်ရည်ပေါက်ကြီးတွေက ပေါက်ခနဲ ပေါက်ခနဲ တစ်လုံးပြီးတစ်လုံ လိမ့်ဆင်းလျက်ရှိကာ တုန်နေတဲ့ ခြေအစုံကို ခိုင်ခိုင်ရပ်၍ လက်သီးဆုပ်လေးနှစ်ဖက်ကို ပေါင်နံဘေး တစ်ဖက်တစ်ချက်မှာ အားယူကပ်ထားရသည်။ ခုနေ ခြေလှမ်းလိုက်လျှင် မိုက်ခနဲ ယိုင်ပြိုသွားမလား စိုးရိမ်နေမိကာမလှုပ်ရဲသေး။ ဦးဆောက်ပန်းရဲ့ ပတ်ဝန်းကျင် ကမ္ဘာကြီးကတော့နေ့လယ်ကောင်ကြီး မိုးစုန်းစုန်းချုပ်သွားသလို အမြင်တွေမှောင်ပိန်းပိန်း။

ဒေါ်သင်းသင်းမော်က ရှေ့စားပွဲပေါ်က ဖုန်းကိုကောက်ယူလိုက်ရင်း နံပါတ်တချို့ကို နှိပ်လိုက်ပါသည်။ ညီကိုများလား။ ညီရောက်လာရင် ကောင်းမှာပဲ။ ကယ်ပါဦး ညီရယ်၊ ညီ့မေမေက ပြောရက်လိုက်တာ။

"ဟယ်လို... ဒေါ်မာလာနွယ်လား၊ ကျွန်မပါ... ဟင်း... ဟင်း...၊ အိမ်မှာလေ ဦးဆောက်ပန်း တစ်ယောက်ရယ်ငိုဟယ် ယိုဟယ်နဲ့ သနားပါတယ် ညီမရယ်၊ သူ့ဟာသူ





လာတာလား၊ ညီမများ တစ်ဖက်လှည့်နဲ့ လွှတ်လိုက်သလားလို့၊ မဟုတ်ဘူးဆိုလည်း ပြီးတာပါပဲ၊ လာခေါ်လိုက်ပါဦး၊ ဒါပါပဲ"

မေမေ မသိအောင် လာတယ်လို့ သူကိုယ်တိုင်လည်းဆွေးဆ,နိုင်ပြီး ဖြစ်ပါလျက် မေမေ့ကို ပါးပါးကလေး အကြောယူကာ ခပ်စပ်စပ်လေး ရိုက်ချလိုက်ပြန်ပါသေးသည်။ ဝုန်းဒိုင်းဆိုရောက်ချင်း ရောက်ချလာမည့် မေမေ့ဒေါသကို သိသည်။ ကားသည်း ပါလာတာမို့ ဦးဆောက်ပန်းသည် အိမ်ထဲက တိတ်တိတ်ဆိတ်ဆိတ်ပင် ထွက်ခွာလာခဲ့ပါသည်။ ကားပေါ်တက် ခြေဦးတည့်ရာမောင်းလျက် တစ်စက္ကန့်တိုင်းမှာ မျက်ရည်ပေါက်တို့ဟာပါးပြင်ကိုဖြတ်၍ ရင်ဘတ်အင်္ကျီဆီ, စိုရွှဲအောင် ကျနေပါသည်။

ကားကို ဆက်မမောင်းနိုင်တော့၍ အင်းလျားလမ်းခိမ်းလန်းစိုပြေထဲ ချိုးကွေ့ဝင်ကာ ပါ့ကင်နေရာမှာရပ်ပြီး ကားထဲထိုင်နေမိသည်။ မေမေ့ကို လှမ်းအသိပေး ခေါ်လိုက်တာကတော့နောက်ဆုံးပိတ်အဖြစ် ပန်းကို ကောင်းကောင်းကြီး အရှက်ခွဲအောက်ထဲတွန်းချလိုက်သလိုပင်။

ခုနေချိန် ခုလိုအဖြစ်အပျက်မှာ မေမေနှင့် မမကြီးမျက်နှာကို ဦးဆောက်ပန်း ဘယ်ကဲ့သို့ ကြည့်ရပါ့။ ရှက်သည်။သေတောင် သေလိုက်ချင်သည်။ တစ်ပြိုင်နက်မှာပင် ညီစေနှင့်ဦးဆောက်ပန်း ရှေ့ဆက်ဖို့ မဖြစ်နိုင် ဆိုတဲ့အတွေးကို ပထမဦး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအကြိမ်အဖြစ် တွေးမိပါသည်။ ညီစေ့အမေဟာ ပန်းကိုပါးတွေ ချည်း အထပ်ထပ် အပြန်ပြန် ရိုက်ပစ်လိုက်တာထက်ပို၍ သိက္ခာ မာနတို့ကို စော်ကားထိပါး ချိုးချေလိုက်ပြီပဲ။

နာရီတွေချီကာ ကားပေါ်မှာ တစ်ယောက်တည်း တိတ်တဆိတ် ထိုင်နေမိသော ဦးဆောက်ပန်းသည် ဒီအချိန်တွေ အတွင်း ဘာလုပ်ရင် ကောင်းမလဲကို တရစပ် စဉ်းစားနေခဲ့သည်၊ သတ်သေလိုက်ရင် ကောင်းမလားက စ,တွေးမိကာ လူကထူပူနေ ခဲ့သည်။ တကယ်တမ်း စဉ်းစားလိုက်တော့ ပန်းသည် မိသားစု နှင့် ညီ အပါအဝင် အပေါင်းအသင်း အသိုင်းအဝိုင်းတစ်ခုလုံး ကို သေကွဲနှင့် ခွဲခွာစခဲ့ရလောက်အောင်ထိ သတ္တိမရှိသေးသလို ဤကိစ္စအတွက် အသက်စွန့်ရမည်ကို ရှက်ပါသည်။

ဒါဖြင့် ဟိုးအဝေး ဘယ်သူနဲ့မှ မတွေ့ရနိုင်တဲ့ နေရာသစ်တစ်ခုခုကို တစ်ယောက်တည်း ထွက်ပြေးသွားမလား။ အဲဒါဟာ ဘယ်သူ့အတွက် ကောင်းစေမှာလဲ။ စုန်းမကြီး ဒေါ်သင်း သင်းမော် တစ်ယောက်အတွက် အကောင်းဆုံး ဖြစ်သွားမှာလေ။ ကျန်တဲ့ ဘယ်သူ့ကိုများ စိတ်ချမ်းသာစေမှာမို့လဲ။

လောကမှာ ခုချိန်မှာ အမုန်းတီးဆုံးနှင့် စိတ်အဆင်း ရဲစေချင်ဆုံးဟာ ဒေါ်သင်းသင်းမော်ပင်။ ဒါဖြင့် သူ စိတ်မချမ်း သာအောင် သူ့သားကို မရမက မဖြစ်မနေ ယူလိုက်ရမလား။ ညီ့ကို ယူပြီးတဲ့နောက်တွင် ပန်းနှင့် ဒေါ်သင်းသင်းမော်တို့ရဲ့





ကမ္ဘာမကြေ ပြဿနာဟာ သေခါမှသာ အဆုံးသတ်လိမ့်မည်။ ဒေါ်သင်းသင်းမော် တင်မက ညီ, ပန်း၊ ပန်းရဲ့မိသားစုပါ နှောက်ဆက်တွဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရလိမ့်မည်။

ညိုချစ်ဆိုင်...။ သူ့ကို လက်ထပ်လိုက်ရင်ကော...။

ညီ့ရဲ့ တမြည့်မြည့် အသည်းကွဲကြေ စိတ်ဆင်းရဲမှု နှင့်အတူ သူ့အမေကြီးပါ သူ့သားအတွက် သောကတတေတေ နှင့် စိတ်ချမ်းသာခြင်း သူလည်း ကင်းပေမည်။ ညီ့ရဲ့ဒဏ်ရာ အကင်းမသေသေးသရွေ့ ညီ နာကျင်ခံစားနေရသရွေ့ သူသည် လည်း ပျော်ရွှင်မှု ဆိတ်သုဉ်းပေလိမ့်မည်။ ဤရွေးချယ်မှုဖြင့် ဦးဆောက်ပန်းဘက်မှ မိသားစုများကတော့ စိတ်ချမ်းသာ ပျော် ရွှင်နိုင်လိမ့်မည်။

အမျိုးမျိုးသော ရွေးချယ်စရာနည်းလမ်းတို့အတွက် "ညိုချစ်ဆိုင်"အတွက်ကို ပန်းက ထည့်သွင်းမစဉ်းစားမိပေ။ သူ ၁မ်းနည်းမလား၊ ဝမ်းသာမလား၊ ပျော်မလား၊ စိတ်ဆင်းရဲမလား။ ဆယောင်လို့ပင် ထည့်မတွေးမိတာဖြစ်သည်။ ထည့်တွေးမိရလောက် ဆအာင် အရေးမပါသော ညိုချစ်ဆိုင်ကို ပန်းက 'စိမ်းလန်းစိုပြေ ၁င်းထဲက ဆိုင်တစ်ဆိုင်မှ ခွင့်တောင်းကာ ဖုန်းဆက် ဆက်သွယ် ၁ိုက်ပါသည်။

"... ကျွန်မ စိမ်းလန်းစိုပြေမှာ၊ ကျွန်မကို လာခေါ်ပေးပါ ကိုညိုချစ်ဆိုင်၊ ရှင် ကားမယူလာနဲ့၊ ကျွန်မကားမမောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့လို့ပါ၊ ခုချက်ချင်းမှာ မေမေ ဆူတာကိုလည်း ခံနိုင်ရည်အား လုံးဝမရှိသေးလို့ အိမ်မပြန်ချင်သေးလို့ ကျွန်မကို ခဏလောက် အဖော်ပြုပေးပါ…

ပြီးတော့ ရှင့်ကိုလည်း အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိတယ်"

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

တကယ်တော့ ဦးဆောက်ပန်း ဆိုသည့် မိန်းကလေးသည် ယောက်ျားနှစ်ယောက်၏ အသည်းနှလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်စက္ကန့်ထဲတွင် ကွဲအက်စေခဲ့သည်ဟု ညိုချစ်ဆိုင် ထင်မိပါသည်။ သူ့ရှေ့မှာပင် အသံတိုးခြင်း နှိမ့်ခြင်းမရှိဘဲ ပုံမှန်သံတွင် ရိုက်သံစွက်လျက် ဖုန်းပြောနေခဲ့သည့် ဤမိန်းကလေးကို သူ ငေးမော ကြည့်နေခဲ့မိသည်။

"ညီစေ... ငါ သူ့ကို လက်ထပ်တော့မယ် သိလား၊ လက်ထပ်ကြရမှ နင်နဲ့ ငါ့ရဲ့အချစ်တွေက ရှင်နေမှာမ မဟုတ်ဘဲ၊ ငါ သူ့ကို မချစ်ဘူး၊ နင့်ကိုပဲ သိပ်ချစ်တယ်ဆိုတာ နင် ယုံနော်"

တစ်ဖက်က ညီစေ ဆိုတဲ့ အမျိုးသားရဲ့ ရင်ထဲ ဘယ်လိုရှိလိမ့်မည် ညိုချစ်ဆိုင် မသိသော်လည်း သူ့ရင်ထဲမှာတော့ ဒဏ်ရာဝေဒနာ တစ်ရပ်ကို ခံစားရပါသည်။ "ငါ သူ့ကို မချစ်ဘူး"ဆိုတဲ့ စကားကို ကိုယ့်ရှေ့မှာတင် ရည်းစားဟောင်းကို





ပြောပြနေခဲ့တဲ့ မိန်းကလေးကို သူ ကြောက်လန့်မိတာတော့ အမှန်ပင်။ သူမနဲ့ အမှန်တကယ် လက်ထပ်ကြရတော့မှာပေါ့လို့ တွေးမိသည့် အချိန်တွင် သူ့ကို လုံးဝမချစ်သော မိန်းမတစ်ယောက်နှင့် ဘဝတစ်သက်တာလုံး သူ အတူတကွ နေသွားနိုင်ပါ့မလားဟု အလန့်တကြား ဖြစ်မိသည်။

သို့ပေမဲ့ ညိုချစ်ဆိုင် ရင်ထဲက သူမကိုချစ်သော အချစ်က နည်းနည်းကလေးပင် ယုတ်လျော့မသွားပါ။ သူ့အတွက် အရည်အချင်းစစ် စာမေးပွဲတစ်ခုလို တက်ကြွထက်သန်သော ခံစားချက်တစ်မျိုးပင် တိုးလာပါသေးသည်။ စောင့်ကြည့်လိုက်ပါသေး။ သူ့ကိုမချစ်သော မိန်းကလေးတစ်ယောက်ကို သူဘယ်လောက်ထိ ချစ်နိုင်မလဲဆိုတာ။

မချစ်ဘူးလို့ ဘွင်းဘွင်းကြီး ဖွင့်ပြောထားပြီးသား ယောက်ျားတစ်ယောက်အပေါ် ဦးဆောက်ပန်းက သူ့စိတ်ပါလျှင် ပါသလို၊ သူ့စိတ်မပါလျှင် မပါသလို သူ့ဆန္ဒတစ်ခုတည်းသက်သက်နှင့်သာ ဆက်ဆံပြုမူပါသည်။ လက်ထပ်ခါနီး အချိန်တွေ ကတည်းကစ,ပြီး ဦးဆောက်ပန်းက သူ့အပေါ် လုံးလုံးလျားလျား အနိုင်ယူခဲ့သည်။

မင်္ဂလာကိစ္စ ဆောင်ရွက်ဖွယ် သွားစရာ လာစရာ ရှိတာတွေကို များသောအားဖြင့် ဦးဆောက်ပန်းက မလိုက်ပါ။ သူမရဲ့အမေကသာ လိုက်ပါရသည်။ ဦးဆောက်ပန်းရဲ့မိခင်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အစ်မဖြစ်သူတို့ဟာ ညိုချစ်ဆိုင်အပေါ် အားနာမျက်နှာပူစွာ အထူးလိုက်လျော အရေးပေးကြပါသည်။

"သားရယ်... ဦးဆောက်ပန်းဟာ အင်မတန်မှ ခေါင်းမာ တယ်၊ သူ့အကြောင်းတွေ သူ့အဖြစ်အပျက်တွေ သားလည်း အကုန်သိပြီးသားဖြစ်တော့ သူ့ကို သည်းခံစိတ်ရှည်ပြီး ဆက်ဆံပေးပါနော်၊ ဒီကိစ္စတွေ သားမေမေတို့က မသိကြ ဘူးဆိုတော့ ဖြစ်နိုင်ရင် မသိတဲ့အနေအထား အတိုင်းပဲ ရှိစေချင်ပါတယ်၊ အန်တီလည်း သိပ်မျက်နှာ ပူမိတယ် သားကိုလည်း အန်တီ အားနာလှပါတယ်၊ ခွင့်လွှတ်ပြီး ချစ်နိုင်နေတာကိုလည်း ကျေးဇူးသိပ်တင်ပါတယ်"

"စိတ်ပေါ့ပေါ့ပါးပါးနဲ့ စိတ်အေးအေးထားပါ အန်တီ၊ ဒီကိစ္စတွေကို မေမေတို့ မမတို့လည်း မသိစေရပါဘူး၊ သိ သွားရင် ပန်းအပေါ် ငြိုငြင်တဲ့စိတ်မျိုးဝင်မှာ ကျွန်တော် လည်း လုံးဝအဖြစ်မခံနိုင်ပါဘူး၊ ပန်းကို ကျွန်တော်မေတ္တာ စစ်စစ်နဲ့ ချစ်တာပါ၊ အမြဲသည်းခံ သွားပါ့မယ်၊ အမြဲလည်း စိတ်ရှည်ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ သားရယ်"

မင်္ဂလာပွဲမတိုင်ခင်လည်း သူ့စိတ် သူ့သဘောသာ သူဆောင်ကာ နေခဲ့သူ ဦးဆောက်ပန်းသည် မင်္ဂလာပွဲနီးကပ်လာ ပြီကွဲတဲ့အရိပ်အယောင်တွေ ပေါ်လာလေ။ သူမကို ညိုချစ်ဆိုင်က ကရုဏာသက်မိပါသည်။ ဒီလောက်ကြီး ခရီးရောက်ပြီးမှ မင်္ဂလာ





ပွဲပျက်သွားမှာကိုလည်း အင်မတန် စိုးထိတ်ခဲ့ရပါသည်။ "ပန်း... အဆင်ပြေရဲ့လား"ဆိုတဲ့ စကားတစ်ခွန်းကို ခဏ ခဏ တဖွဖွ မေးမိသည်။

"ရှင်က ကျွန်မကို အဆင်ပြေရဲ့လားချည်း ဘာဖြစ်လို့ မေးနေရတာလဲ၊ ကျွန်မ အဆင်ပြေပါ့မလား ရှင်စဉ်းစား ကြည့်ပါလား၊ ဘာလဲ... ရှင်က နောင်တရလာတဲ့သဘော လား၊ ဒါကြောင့် ခဏ ခဏ မေးနေတာလား"

"ကိုယ် နောင်တမရပါဘူး ပန်း၊ ပန်း နောင်တရသွားမှာ ကိုသာ ကိုယ်စိုးရိမ်နေလို့ပါ"

"ကျွန်မက အလွယ်ကလေးလည်း မဆုံးဖြတ်တတ်ဘူး၊ ဆုံးဖြတ်ပြီးရင်လည်း ခိုင်လုံတဲ့ အကြောင်းမရှိဘဲ ကျွန်မ တော်ရုံတန်ရုံနဲ့ မပြင်တော့ပါဘူး၊ ရှင်နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်လိုက်တာကို ကျွန်မ နောင်တမရပါဘူး၊ ဒါပေမဲ့ ရှင့်ကို တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာများလဲ ပန်း"

"တကယ်လို့များ... တကယ်လို့များပေါ့နော်၊ ညီအမေ ဒေါ်သင်းသင်းမော် မရှိတော့ဘူး၊ သေပြီဆိုတဲ့အခါမှာ ကျွန်မကို ပြန်စဉ်းစားခွင့်ပေးပါလား"

"ဘာကို ပြန်စဉ်းစားမှာလဲ"

"ရှင်နဲ့ ဆက်ပေါင်းမလား၊ ရှင်နဲ့ကွာပြီး ညီစေ့ဆီ ပြန်သွား မလား ဆိုတာကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“အဟားဟား… မင်း ရူးများနေလား ပန်းရယ်၊ ဒီစကား မျိုးကို ကျွန်တော့်ရှေ့မှာပဲ နောက်ဆုံးပြောတာ ဖြစ်ပါစေ၊ သူများတွေကို မပြောမိပါစေနဲ့ ပန်း၊ လုံးဝမပြောပါနဲ့”

“ဘာဖြစ်လို့လဲ”

“ပန်းကို အထင်သေးခံရမှာ စိုးလို့ပါ၊ ဒါ… မိန်းကလေး တစ်ယောက်အနေနဲ့ ပြောရမယ့် စကားလား ပန်းရယ်၊ အဲဒီအချိန်မှာ ပန်းက ကာမပိုင်လင်ယောကျ်ားနဲ့ ဖြစ်နေ မှာလေ”

“အဲဒါကြောင့် လက်ထပ်ဖို့ တစ်ပတ်တောင် လိုသေးတဲ့ ခုချိန်မှာ ကြိုပြောထားတာပေါ့၊ အဲဒီအချိန်ကျရင် ကျွန်မ မပြောတော့ဘူး၊ ရှင်ကပဲ အစဖော်ပေး၊ ကျွန်မ အပြစ်မရှိ အောင်”

“ဟက်ဟက်… မင်းဟာ ဘယ်လိုမိန်းကလေးလေးလည်း မသိဘူး၊ ကိုယ်ကလည်း အဲဒီပုံစံကြောင့်ပဲ သိပ်ချစ်နေမိ တာလား မသိတော့ပါဘူး”

“ရှင် ချစ်တာကို ထပ်ခါ ထပ်ခါ မပြောပါနဲ့၊ ကျွန်မ သိပြီးသားပဲဟာ၊ အခါခါ မကြားချင်ပါဘူး၊ ဒီလောက် တောင် ချစ်နေတယ် ဆိုပြီးတော့ ဘယ်တော့မှန်းတောင် မသိနိုင်တဲ့ ညီစေ့အမေသေရင် ပြန်စဉ်းစားခွင့် ပေးပါဆို တာကျတော့ ရှင် မလိုက်လျောနိုင်ဘူးလား၊ ကျွန်မ အနေ ရှင့်ကို လက်ခံတာ အဲဒီမိန်းမကြီးကြောင့်လေ၊ သူ့ကိုမုန်း





လွန်းအားကြီးလို့လေ၊ သူသာမရှိတော့ဘူးဆိုရင် ကျွန်မ ရှေ့ဆက် ဘာလုပ်ချင်မလဲဆိုတာ ကျွန်မကိုယ်တိုင်တောင် မသိဘူး၊ ရှင် လူသားတစ်ယောက်ရဲ့ စိတ်ဆန္ဒ အခွင့်အရေး ကို အလေးထားတတ်သူ တစ်ယောက်ဆိုရင် ဒီတောင်းဆို မှုကို လိုက်လျောသင့်တာပေါ့”

“လူသားတစ်ယောက်ရဲ့ စိတ်ဆန္ဒ အခွင့်အရေးဆိုတာကို ကိုယ် လေးစားတတ်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကျရင် ကျွန်တော်တို့က မိသားစုလေးတစ်ခု ဖြစ်နေလောက်ပြီ လေ၊ ကလေးလေးတွေတောင် ရှိရင်ရှိနေတော့မယ်”

“အို… ဘယ်က ကလေးလေးတွေလဲ၊ ရှင့်ကို ကလေးလေး တွေ မွေးပေးပါမယ်လို့ ကျွန်မ ဘယ်တုန်းက ပြောထားဖူး သလဲ၊ အဓိပ္ပာယ်မရှိတာ၊ ကျွန်မတို့ ရှေ့တိုးတိုး နောက် ဆုတ်ဆုတ် လွယ်ကူအောင် အဲဒီလို သံယောဇဉ်လေးတွေ မဖန်တီးစို့နဲ့။ ကလေး မယူဘူး”

“ကလေးတော့ ယူရမှာပေါ့ ပန်းရယ်၊ မိသားစုတစ်စု ဆိုတာ…”

“ဟင့်အင်း… ဟင့်အင်း…၊ လင်မယားဆိုတာ တကယ် တော့ သူစိမ်းတွေပဲ ကိုညီချစ်ဆိုင်၊ အခု ကျောခိုင်းလိုက် ရင် အခုပြတ် အခုချက်ချင်း သူစိမ်းပြန်ဖြစ်တာပဲ၊ ကျွန်မ အဲဒါမျိုးကိုပဲ လိုချင်တယ်၊ အဲဒီအချိန်ကျ ကျွန်မကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားခွင့်ပေးပါ၊ အဲဒီအချိန်ကျ ကွာရှင်းပေးပါလို့ပြော နေတာ မဟုတ်ပါဘူး၊ ပြန်စဉ်းစားခွင့်လောက်ကိုပဲ တောင်း နေတာပါ"

"ကျွတ်... ပန်းက သက်သက် အနိုင်ကျင့်တာပဲဗျာ"

"ရှင်ပဲ အမြဲအလျှော့ပေးပါ့မယ်လို့ ပြောဖူးတယ်လေ"

ညိုချစ်ဆိုင်မှာ ရယ်ရအခက် ငိုရအခက် အော[င်] သက်သက် ဖြစ်ရပါသည်။ ဘယ်လိုမိန်းကလေးမျိုးကို သူ ချစ်မိ ပါလိမ့်။ အင်း... တကယ်တော့လည်း ခုထိ ငယ်ငယ်ရွယ်ရွယ် ရောဂါကင်းကင်း လှပနုပျိုဆဲဖြစ်သော ဒေါ်သင်းသင်းမော်ဆိုတဲ့ အမျိုးသမီးကြီးဟာ နှောင်ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်လည်း ပုံမှန်ဆိုရင်တော့ သေဖို့အကြောင်း မမြင်သေးပါ။ ကွေးတဲ့လက် တွေ ဆန့်တဲ့လက်တွေကတော့ ခဏဘေးချိတ်ပေါ့လေ။

အဲဒီ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်ဆိုတဲ့ အချိန်ကာလ တစ်ခုရဲ့ သံယောဇဉ်အင်အားက နည်းတာမို့လား။ အတူနေစ[ား] တစ်မိုးထဲအောက်မှာ အသက်ရှင်နေကြရမှာလေ။ အနှစ် နှစ်ဆ[ယ်] လောက်အတွင်းမှာမှ ပန်း သူ့အပေါ် သံယောဇဉ်တွယ်ငင်[လ]ာ အောင် သူ မစွမ်းဆောင်နိုင်ဘူး ဆိုရင်တော့လည်း သူဟာညံ့ဖျင်း သော လင်ယောကျ်ားသာ ဖြစ်တော့မည်။ အတူတူ နေခွင့်[ရ]ပါ လျက် ဝေးကွာခွဲခွာနေရမယ့် ယောကျ်ားတစ်ယောက်နဲ့ ယှ[ဉ်] အရှေးခံလို့မှ ရှုံးနိမ့်ရမည်ဆိုလျှင်တော့လည်း သူသာအသုံးမ[ကျ] လို့ပင်။





"အင်းလေ... ပန်းလည်း ပညာမဲ့ ဦးနှောက်မဲ့ မိန်းကလေး တစ်ယောက်မှ မဟုတ်ဘဲ၊ တကယ်လို့ အဲဒီအချိန်မျိုး ရောက်လာတဲ့အခါ ပြန်စဉ်းစားချင်သပဆိုလည်း စဉ်းစား ပေါ့၊ ကိုယ်က မစဉ်းစားရဘူးဆိုလည်းပဲ ပန်းခေါင်းထဲမှာ ဒီအတွေးက ဆန္ဒတစ်ခုအနေနဲ့ ထက်သန်လာရင် ကိုယ် ဘာတတ်နိုင်မှာမို့လို့လဲ"

"ပညာမဲ့ ဦးနှောက်မဲ့ မဟုတ်ဘူးဆိုတဲ့ စကားမျိုးနဲ့တော့ ချုပ်မထားပါနဲ့ ကိုချစ်ဆိုင်ရယ်၊ ပညာတို့ ဦးနှောက်အသိ ဉာဏ်တို့ဟာ တစ်ခါတစ်ရံမှာ ကိုယ်မသုံးချင်တဲ့အခါ ဟိုးနောက်တန်းကို ရောက်ချင် ရောက်နေတတ်တာ၊ ဘာပဲ ဖြစ်ဖြစ်ပါ၊ ရှင်က ပြန်စဉ်းစားခွင့်ပေးမယ်ဆိုရင် ကျေနပ် ပါတယ်"

"မင်းဟာလေ... တော်တော် အသည်းယားစရာ ကောင်း တဲ့ မိန်းကလေးပဲ၊ တော်တော်အံ့ဩစရာ စရိုက်လက္ခဏာ တွေနဲ့ မိန်းကလေးပဲ၊ အဲဒီမိန်းကလေးကို ကိုယ် ပိုင်ဆိုင် ရမယ့်အတွက် ကိုယ် ဘယ်လောက်ပျော်နေရသလဲ၊ မင်း သိရဲ့လားဟင်"

ဦးဆောက်ပန်းက ညိုချစ်ဆိုင်ကို စူးစူးကလေးစိုက် ကြည့်လာပါသည်။ အဲဒီအကြည့်ထဲမှာ နူးညံ့ခြင်းတစ်ချက် ပထမ ဦးဆုံးအကြိမ် စတင်ပါဝင်လာသည်။ အဲဒီနေ့က အဲဒီနူးညံ့သော အကြည့်တစ်ချက်ကြောင့် သူ လူဖြစ်ကျိုးနပ်ရသည်။ သူလုပ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



သူဆုံးဖြတ်ထားသမျှအတွက် ယုံကြည်ချက် ပိုရသည်။ တကယ်တော့ သူမကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်ချင်စိတ် ထိုအချိန်က များစွာပြင်းပြခဲ့သည်။ သို့ပေမဲ့ သူ မျိုသိပ်ခဲ့ရပါသည်၊ နောက်များမှပေါ့။

ဦးဆောက်ပန်းဟာ ညိုချစ်ဆိုင်ရဲ့ အမေနှင့် အစ်မတို့ကိုတော့ လိုက်လိုက်လျောလျော ဆက်ဆံပါသည်။ အဲဒါဟာလည်း ညိုချစ်ဆိုင် အတွက် စိတ်ချမ်းမြေ့စရာ တစ်ချက်ဖြစ်သည်၊

လက်မှတ်ရေးထိုးလက်ထပ်ကြတဲ့ရက်က ဦးဆောက်ပန်း တစ်ကြိမ်တော့ တွေဝေသည်။ သူမရဲ့မျက်လုံးများဟာ ရီဝေဖျော့မှိန်နေကြသည်။ စာချုပ်ကိုကိုင်ကာ ဘာပစ္စည်းမှန်း မသိတဲ့ အကြည့်မျိုးနှင့် ရှေ့ဖုံးနောက်ဖုံး ဖင်ပြန်ခေါင်းပြန် အပြန်ပြန်အလှန်လှန် ကြည့်နေတဲ့သူမကို ညိုချစ်ဆိုင်က ကရုဏာပင်သက်မိပါသည်။

"ကိုညိုချစ်ဆိုင်"

"ပြောလေ ပန်း"

"ဒီစက္ကူကတ်ထူတွေပေါ်မှာ လက်မှတ်လေးထိုးလိုက်တာနဲ့ပဲ ကတိကဝတ် အချုပ်အနှောင်တစ်ခု ဖြစ်သွားတယ် ဆိုတာဟာ စဉ်းစားကြည့်ရင် တကယ်တော့ crazy thing နော်၊ ဒါကိုပဲ လက်ထပ်စာချုပ်ရယ်လို့ တခမ်းတနားတဖွဲ့တနွဲ့ သတ်မှတ်နေကြတာ၊ ကဲ... လက်မှတ်ထိုးပြီး





တဲ့နောက် ဒါတွေကို ကျွန်မတို့ မြစ်ထဲသွားလွှင့်ပစ်လိုက်ရင် ဘာဖြစ်သွားမလဲ"

"မြစ်ထဲပစ်လိုက်လည်း ဘာမှမဖြစ်ဘူး၊ မင်းနဲ့ ကိုယ်ကတော့ လင်မယား ဖြစ်သွားပြီပဲ၊ ပေါက်ကရတွေ ကြံစည်မနေနဲ့"

"မကြံစည်ပါဘူး၊ ဒါတွေ မရှိတော့ရင်လည်း သတ်မှတ်ချက်အရ လင်မယားပဲ ဆိုမှတော့ ဒါတွေ ရှိနေတာကလည်း ဘာမှ အားသာချက် မဖြစ်ပါဘူး၊ တစ်နည်းအားဖြင့် လက်မှတ်မထိုးကြလည်းပဲ အရေးမကြီးဘူး၊ သတ်မှတ်ချက်ကသာ အရေးကြီးတာ၊ လက်မှတ်မထိုးလည်းပဲ သန်ဘက်ခါမှာ ကျွန်မတို့ လူ ၅၀၀ ဖိတ်ပြီး ဧည့်ခံပွဲလုပ်တဲ့အခါ လူတိုင်းက လင်မယားလို့ သတ်မှတ်လိုက်တော့မှာပဲလေ... နော်၊ ဒီတော့... ဟို... လက်မှတ်မထိုးလို့မရဘူးလား"

"မရဘူးလေ"

"ဘာလို့လဲ"

"ဒါက ကတိသစ္စာပြုတာလေ၊ အတူတကွ အေးအတူပူအမျှ ပေါင်းသင်းနေထိုင်သွားကြပါမယ်လို့ ကတိပေးတာပဲ၊ ကတိကတော့ ပေးရမှာပဲလေ၊ နို့မို့ရင် ခင်ဗျားက အိမ်ခဏပြန်လိုက်ပါဦးမယ်ဆိုပြီး ပြန်သွားရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်းဟင်း... ဟင်းဟင်း... ရှင်က ရယ်ရသားပဲ"

သူ့ကြောင့် ရယ်မောရသော ဦးဆောက်ပန်းရဲ့ပထမဦးဆုံး ရွှင်လန်းမှုပင်။ လွမ်းမောသလိုလိုလေး ဖြစ်နေရာက သူမကို ရယ်မောသွားအောင် လုပ်လိုက်နိုင်တာအတွက် ညိုချစ်ဆိုင် စိတ်ချမ်းမြေ့ရသည်။ အဲဒီနေ့က အိမ်ကိုပင့်ခေါ်ထားသော တရားသူကြီးက လက်မှတ်ထိုးပြီးသော သူတို့နှစ်ယောက်ရဲ့ လက်နှစ်ဖက်ကို ဆွဲယူ၍ လက်ဖဝါးချင်း ထပ်ကိုင်ကာ ဆုတောင်းစကား ခြွေပါသည်။

ပထမဦးဆုံးအကြိမ်အဖြစ် သူမရဲ့လက်ဖဝါးကလေးကို ထိတွေ့ကိုင်တွယ်ရခြင်းပင်။ လက်ချင်းထပ် အုပ်ကိုင်ထိစပ်လိုက်ရသည့် တစ်ခဏ ညိုချစ်ဆိုင်က အလိုက်သင့်လောက်မှု မနေဘဲ ထိုလက်ဖဝါးလေးကို ခပ်ဖိဖိလေး ဆုပ်ထားလိုက်ပါသည်။ ညိုချစ်ဆိုင်ရဲ့ ရင်ထဲမှာ တုန်ခါ၍ ပူနွေးနေခဲ့သည်။ အနေရခက်သလို ရှန်းချင် ရှန်းချင် ဖြစ်နေသော ပန်းရဲ့ပုံစံလေးကိုလည်း သူချစ်သနားမိသည်။ ပါးကလေးတွေပင် ရဲဖွေးလို့။ အဲဒီနောက် လက်ထပ်စာချုပ် နှစ်စောင်လုံးကို ညိုချစ်ဆိုင်က ဆွဲယူကောက်သိမ်းလိုက်ခဲ့ပါသည်။ ဒီမိန်းကလေး ယုံရတာ မဟုတ်ဘူးလေ။ ထင်ရာလုပ်ပုံနဲ့က တော်ကြာ မြစ်ထဲသွားပစ်လိုက်ရင် ပြဿနာလေ။

ညှော်ခံပွဲနေ့မှာတော့ ဦးဆောက်ပန်းရဲ့ ကြေကွဲနာကျင်ခြင်း ဆွေးမြေ့ပြိုကွဲခြင်းတို့ကို ညိုချစ်ဆိုင် မျက်ဝါးထင်





တင် တွေ့ရသည်။ မနက်ကတည်းက သူမ မျက်နှာလေး နွမ်းလျှဆွေးမြေ့နေခဲ့တာ။ သတို့သမီးအဖြစ် အလှပြုပြင်ခံယူနေစဉ်လည်း မှန်ထဲက မျက်နှာလေးက မသာယာ။ သူ့မှာသာ သူမ,ကြိုက်တတ်တာလေးတွေအဖြစ် မှတ်သားဆောင်ထားဖြစ်သော ကီဝီသီးဖျော်ရည်ဘူးလေး လန်းဆန်းအောင် သောက်ပါစေတော့ဟု လာပို့ပေးလိုက်။ ခေါင်းလေးမူး ကြည်ပါစေတော့လို့ သူမကြိုက်တဲ့ ဆားငန်သီးသကြားလုံးလေး လာပို့ပေးလိုက်။

လူတကာပြုံးရအောင်အထိ ပျာပျာသလဲ မျက်နှာရွှင်လန်းအောင် သူ ကြိုးဆောင်ခဲ့ပေမယ့် သူမမျက်နှာလေးက ရွှင်မလာ။ လက်ချင်းချိတ်တွဲကာ ခန်းမထဲဝင်ဖို့ စီတန်းရပ်နေရချိန် ခန်းမထဲက တီးဝိုင်းမှ အခါတော်ပေးသီချင်းသံ စ,တင်ကြားရချိန်မှာတော့ ဦးဆောက်ပန်းက မျက်ရည်တွေ လည်လာခဲ့ပါသည်။

တစ်ရံမလပ် အရိပ်ကြည့်နေ၍ ညိုချစ်ဆိုင် သတိပြုမိသည်။ သူမ ငိုချလိုက်တော့မလားလို့ စိုးရိမ်လိုက်ရတဲ့ ဖြစ်ခြင်း။ မငိုနဲ့လေလို့ ပြောရမလား။ ငိုနေတာလည်း မဟုတ်သေးတော့ မျက်ရည်မဝဲစေနဲ့လေလို့ပဲ ပြောရမလား။

"ပန်း... စိတ်ကို တင်းကျပ်မထားနဲ့၊ စိတ်ကိုလျှော့ထားနော်၊ ပန်းပုံစံက အရမ်းတဲန်းရှင်းကြီးနဲ့ ဖြစ်နေတယ်၊ စိတ်လျှော့ထား"

"ကိုညိုချစ်ဆိုင်ရယ်... အခု ဘာတွေဖြစ်နေပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ် ကျွန်မ ပြန်မေးနေမိတယ်၊ ကျွန်မလေ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ဒီလိုမင်္ဂလာဆည်ခံပွဲခန်းမထဲကို ညီ… ညီနဲ့ပဲ လက်ချင်းချိတ်ပြီး လျှောက်ဝင်လာရမယ်လို့ ယုံကြည်ခဲ့တာပါ”

မိန်းကလေးရယ်…။ မင်းစကားဟာ တစ်ဆိတ်တော့ ရက်စက်လွန်းအားကြီးရာ မကျဘူးလား။ ဒီအချိန်မှာ ဒီစကား ပြောရက်ရသလား။ ညိုချစ်ဆိုင် ရင်ထဲ အောင့်သက်နာကျင်ရပေမယ့် သူမ ဒီစကားကို မပြောဘဲ စိတ်ထဲတွေးနေလည်း သူသိနိုင်တာမဟုတ်။ အခုလို အရိုးခံဖွင့်ပြောလို့သာ ကြားရတာ။ ပြောသင့်လေသလား၊ မသင့်လေသလား မတွေးတောဘဲ စိတ်ထဲပေါ်လာတဲ့အတိုင်း ရှင်းရှင်းရိုးရိုး ဖွင့်ပြောလိုက်တဲ့ သူမကို ကရုဏာသာသက်၍ စိုးစဉ်းမျှ မငြိုငြင်ခဲ့မိပါလေ။

❖ ❤ ❖





(၁၁)

အခန်းထောင့်တစ်နေရာမှာ မွေ့ရာတုံး အသစ်တစ်စုံးဝယ်ပြီး ချခင်းကာ သူ့ဘာသာအိပ်တဲ့ ဦးဆောက်ပန်းကို ညိုချစ်ဆိုင် ကျွဲမြီးတိုသော်လည်း ဘာမှတော့ မပြောဖြစ်ပါ။ သူတို့နှစ်ဦးမှာက အခုမှ ရင်းနှီးမှု တည်ဆောက်ဆဲကာလသာ ရှိသေးဘာလို့ ဖြေတွေးရပါသည်။

မနက်ဆို မွေ့ရာပေါ်က အဝါရောင်စောင်ပုံထဲမှ ဦးဆောက်ပန်းက တော်တော်နှင့်မထ။ နိုးနေပြီး အိပ်ချင်ယောင်ဆောင်နေတာကိုလည်း ညိုချစ်ဆိုင် အမြဲသိပါသည်။ ဘာကြောင့်မထ,တာလဲ ဆိုတာကိုလည်း တွေးမိပါသည်။ နံနက် ညိုချစ်ဆိုင်အတွက် Breakfast လုပ်ပေးချင်ပုံလည်းမရ။ အတူထိုင်စားချင်ပုံလည်းမရ။ ညိုချစ်ဆိုင် အလုပ်မသွားခင် သူမ ဘာလုပ်လို့ လုပ်နေရမည်ကို မသိခြင်းမှ ရှောင်လွှဲချင်ပုံရကာ အလုပ်သွားမည့် ညိုချစ်ဆိုင်ကိုလည်း နှုတ်ဆက်စကား ဆိုတာမျိုး အိမ်ဝလိုက်လာတာမျိုး တရင်းတနှီး ပြုချင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အတူရှိချိန်တိုင်း ရတတ်သလောက် ရှောင်ဖယ်ဖယ်နေသော ဦးဆောက်ပန်းကို ရင်းနှီးမှုရဖို့ ကြိုးစားရန်မှာ ခက်ခဲလှပါသည်။ ညစာကိုတော့ ရှောင်ဖယ်လို့ မကောင်းတတ်၍ ထင့် အတူတူ စားတတ်ပါသည်။ အိမ်အလုပ်အတွက် ညိုချစ်ဆိုင်ရဲ့မေမေက ဒေါ်ပိုဆိုသော အဒေါ်ကြီးတစ်ယောက် ထည့်ပေးလိုက်ပါသည်။ ဒီတော့ လူသုံးဦးတည်းရှိပြီး ကျယ်လွန်းတယ်လည်း မဟုတ်တဲ့ ကွန်ဒိုခန်းထဲမှာ ဦးဆောက်ပန်းအဖို့ ဘာမှလုပ်စရာကိုင်စရာမရှိ။

သူက တစ်ခါတစ်ရံ အလုပ်မှ ဖုန်းလှမ်းခေါ်လိုက်မိတတ်သည်။

"ဟယ်လို... ဘာပြောမလို့လဲ"

"ပန်း ဘာလုပ်နေလဲ"

"မနေ့ကလည်း ဒါပဲမေးတယ်လေ၊ ဟိုတစ်နေ့ကလည်း ဒါပဲ"

"ဒါပဲ မေးစရာရှိလို့ပါ ပန်းရာ"

"ရှင်က ဒါပဲမေးစရာရှိပေမယ့် ပန်းက ဘာမှလုပ်စရာမရှိတော့ လတ်လျားလတ်လျား လုပ်နေတာမို့ ဖြေစရာမရှိဘူးလေ၊ ဘာလဲဟင်... ချက်ကင်လှမ်းလှမ်းထောက်တဲ့သဘောလား"

"မဟုတ်ပါဘူး ပန်းရယ်၊ ပန်းအသံလေး တစ်ခွန်း နှစ်ခွန်းကိုယ် ကြားချင်လို့ပါ"





"ဒါဆို အခု သုံးလေးခွန်းရှိသွားပြီပဲ... ဒါပဲနော်"

ကဲ... ဘယ်လောက် ချစ်စရာကောင်းထားတဲ့ အိမ်သူဇနီးလဲ။ အိမ်ပြန်ရောက်လို့ သူက ပန်း ဒီနေ့ ဘာလုပ်နေလဲ ဒေါ်ပိုကို တီးတိုးစူးစမ်းမိလျှင်...

"ဝရန်တာမှာ ပန်းအိုးလေးတွေခွဲ၊ အပင်လေးတွေစိုက်၊ လုပ်နေတာပဲ ကိုညိုရဲ့၊ တစ်ခါတလေလည်း ကိုရီးယားကားတွေ ကြည့်နေတယ်၊ သီချင်းဆိုတာ ဂစ်တာတီးတာလည်း လုပ်ချင်လုပ်တတ်တယ်၊ ဖုန်းတွေ ဘာတွေပြောနေလည်း အကြာကြီးပဲ"

နေ့စဉ် ထူးမခြားနား အဖြေတို့မှာ ဒါပဲဖြစ်သည်။ ဒီလောက် သိရတော့ သူက အလိုက်တသိနှင့် ပန်းအတွက် ပန်းပင်ပန်းအိုးလေးတွေ၊ ကိုရီးယားဇာတ်လမ်းတွဲအခွေတွေ၊ အသစ်ထွက်တဲ့ သီချင်းခွေမျိုးစုံ အလိုက်တသိ ဝယ်လာပေးရသည်။ မပူဆာပေမယ့် ဝယ်လာတာတွေကို နှစ်သက် အသုံးပြုတာကိုပဲ ကျေနပ်ရပါသည်။

တစ်ညဦးမှတော့ ဝရန်တာကျယ်ကျယ်ကိုထွက်ပြီး ဂစ်တာတီး သီချင်းညည်းနေတဲ့ ပန်းအနား ရှုထွက်လာ၍ ထိုင်မိသည်။ ဝရန်တာမှာ ခုံဝိုင်းကြီးနှစ်ခု ချထားပေမယ့် တစ်ခုံမှာ ပန်းထိုင်နေ၍ နောက်တစ်ခုံပေါ်မှာ သီချင်းစာအုပ်တွေ ရှိနေတာမို့ သူက ဝရန်တာလက်ရန်းဘက်ကိုမှီ၊ ပန်းဘက်ကိုလှည့်၍ ကျောက်ပြားတွေပေါ်ပဲ ထိုင်ချလိုက်ပါသည်။ သူ ဒီလို လာထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနှင့် သီချင်းတိုးတိုးညည်းနေတဲ့ ပန်းအသံက ရပ်သွားပြီး ဂစ်တာသံကလည်း တိုးဖျော့ရာမှ အပြီးရပ်သွားပါသည်။

"ဆိုလေ... ဆိုပါ ပန်း၊ ဆက်တီးပါ၊ ကိုယ် နားထောင်ချင်လို့ပါ"

"ရှင် တီးချင်လို့လား... ရော့လေ"

ဂစ်တာကို ပန်းက လှမ်းပေးသည်။

"ဟင့်အင်း... ကိုယ် ဂစ်တာ မတီးတတ်ပါဘူး"

"တကယ် ! မယုံတောင် မယုံဘူး၊ ယောက်ျားလေးဖြစ်ပြီး"

"ဟုတ်တယ်၊ ကိုယ်က ဂီတကို သီချင်းနားထောင်တာလောက်ပဲ ခံစားလို့ရလို့ပါ၊ ကိုယ်တိုင် အားထုတ်ရလောက်အောင်ထိ ဝါသနာမပါတာပါ"

ဦးဆောက်ပန်းက ခပ်ငေးငေး ငြိမ်သက်နေရာမှ...

"ဂစ်တာတီးတတ်တဲ့ ယောက်ျားတွေက ပိုပြီးရိုမန်းတစ်ဖြစ်တယ်လို့ ကြားဖူးတာပဲ"

"ဟင်... အဲဒါ ဆိုင်လို့လား ပန်းရဲ့"

"ဆိုင်တယ် ထင်တာပဲ"

"ဆိုင်တယ် ထင်တာကို ပြောပြပါဦး"

"မပြောတော့ပါဘူး"

"ပြောပြပါ ပန်းရဲ့၊ ပန်းစကား ပြောတာ ကိုယ်နားထောင်ချင်တယ်"





"ကျွန်မ ဘာပြောပြော ရှင်က နားထောင်ချင်ပါ့မလား"

"နားထောင်ချင်တယ်၊ ပန်းဘာပြောပြော ကြားချင်တယ်၊ ပြောချင်တဲ့ အကြောင်းအရာကို ပြောပါ"

ပန်းက ခုံပိုင်းကြီးပေါ် မှီလျောလျက်သား ငြိမ်သက်ထိုင်နေရင်းက အတန်ကြာ တိတ်ဆိတ်နေပါသည်။ ပန်း တိတ်ဆိတ်နေပုံမှာ ဆွေးမြည့်ဖွယ် ကောင်းသည်။ မျက်လုံးများက အမှောင်ကို ငေးလျက်သား။

"ကျွန်မ ညီစေ့အကြောင်း ပြောလို့ရမလား"

"........"

ဒီလိုမေးမည် မမျှော်လင့်၍ ညိုချစ်ဆိုင် ဆွံ့အသွားရပါသည်။

"ကျွတ်... မှားသွားပြီ ထင်တယ်နော်၊ ရှင် ဘယ်နားထောင်ချင်မှာလဲ၊ မပြောတော့ပါဘူး၊ ခုနစကားမကြားလိုက်ဘူးလို့ မှတ်ပေးပါ"

ညိုချစ်ဆိုင်က တစ်ချက်ပြုံးလိုက်မိရင်း...

"ကိုယ်ကြားလိုက်တယ်လေ၊ ပြောပါ၊ ရပါတယ်၊ ဘာပြောပြော နားထောင်ချင်တယ်လို့ ကိုယ်ပြောထားတာပဲ၊ ပန်းစိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး ကိုယ့်ကိုသူငယ်ချင်းတစ်ယောက်လို သဘောထားလိုက်ပါ၊ လင်မယားချင်းကြားမှာလည်း တစ်ခါတစ်ရံ သူငယ်ချင်း Mood မျိုး ရှိသင့်တယ်လို့ ကိုယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောက်ပန်းက အတန်ငယ် စိတ်အေးသွားသလို မှိန်နေသော ကိုယ်ကလေး မတ်လာရင်း…

"ညီစေက ဂစ်တာတီး ကောင်းတယ်"

"ဟုတ်လား"

"ဟုတ်တယ်… သူ ဂစ်တာတီးတာ သိပ်ညက်ညောတာပဲ၊ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် အတူထိုင်ပြီး ဂစ်တာတီး ပြရလောက်အောင်ထိတော့ အခြေအနေက မပေးခဲ့ပါဘူး၊ သူ ဂစ်တာတီးပြ သီချင်းဆိုပြရလောက်အောင်ထိတော့ အခြေအနေက မပေးခဲ့ပါဘူး၊ သူ ဂစ်တာတီးပြ သီချင်းဆိုပြတာတိုင်းက ဖုန်းထဲကနေပဲ၊ အဲဒီတုန်းက ကျွန်မမှာ ဟဲန်းဒ်ဖုန်းတောင် မရှိဘူး၊ ကျွန်မအခန်းထဲကို ဖုန်းလိုင်း အပိုတစ်လုံး သွယ်ထည့်ထားတယ်၊ အဲဒီဖုန်းနဲ့ ကျွန်မတို့ လွတ်လွတ်လပ်လပ် ဆက်သွယ်လို့ရတဲ့ အချိန်က ဖေဖေတို့ မေမေတို့ မမကြီးတို့အိပ်တဲ့ အချိန်ကျမှလေ…

တစ်ခါတလေလည်း သန်းခေါင်ကျော် ဖြစ်သွားတာပေါ့၊ သူတို့ အိပ်ပျော်နေတာတောင် စိတ်ကမချနိုင်သေးဘူး၊ အပြင်က ဖုန်းကိုကောက်ကိုင်နားထောင်လိုက်ပြီး မိသွားမှာကြောက်လို့ လူသံ့ခြေသံက နားစွင့်ရသေးတယ်၊ အဲသလို စိတ်မဖြောင့်ရတဲ့ကြားကကို ညီစေ့သီချင်းသံမှာ မျောသွားအောင်ကို သူက အဆိုရော အတီးပါကောင်းတာ၊ သူအမြဲဆိုတတ်တာတော့ ဦးညီထွဋ် သီချင်းတွေထဲ





က ခပ်အေးအေးသီချင်းတွေပဲ၊ ညီစေ့ အသံကလည်း ဦးညီထွဋ် အသံလိုပဲ၊ ခပ်ရှရှလေ"

ညိုချစ်ဆိုင်သည် ဦးဆောက်ပန်းကို တအံ့တသြ ငေးကြည့်နားထောင်မိနေသည်။ အမှောင်ရိပ်မှာပင် ပန်းရဲ့ဟန်ပန်ကလေး ထက်သန်နေပုံကို ခံစားလို့ရသည်။ စကားများများကြာကြာ မပြောဖြစ် မပြောဖြစ်နှင့် ပြောမယ့်ပြောတော့ သူမရဲ့ရည်းစားဟောင်း အကြောင်းမို့ သူ့မှာ ဘယ်လိုခံစားရမယ်မသိ။ သို့သော် သူ့ကို အခုလို တရင်းတနှီး ရင်ဖွင့်ပြောပြနေတာကို သူ ကြိုက်ပါသည်။ သူ့ကို ဝမ်းနည်းစေသော စကားမျိုး ဖြစ်တာတောင်မှလေ။

"ရှင် နားထောင်ချင်သေးရဲ့လား"

"အင်း… နားထောင်ချင်ပါတယ်"

"အင်း… သူက သီချင်းတွေလည်း အများကြီးရတယ်လေ၊ အဲဒီတော့ ကျွန်မတို့နှစ်ယောက်ကြားက လတ်တလော အခြေအနေမျိုးနဲ့ ကိုက်ညီတဲ့ ခံစားချက်မျိုးပါတဲ့ သီချင်းမျိုး အလွယ်ကလေးနဲ့ ရွေးဆိုတတ်တယ်၊ ဖုန်းထဲကို သီချင်းဆိုပြရတာ မလွယ်ဘူးနော်… ရှင်သိရဲ့လား၊ ဖုန်းခွက်ကို ချထားပြီး တီးနေတဲ့ ဂစ်တာသံရော ပါးစပ်က သီချင်းသံပါ၊ ဖုန်းထဲကို မျှမျှတတ အဆင်ပြေပြေ ဝင်ဖို့က လွယ်တဲ့ကိစ္စ မဟုတ်ဘူး"

"ဪ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မဟုတ်ပါဘူးလေ၊ ကျွန်မတို့ ဖုန်းပြောဖြစ်တာက ညဘက်အချိန်တွေ ဖြစ်နေတော့ ညဘက်တွေရောက်ရင် ဒီလိုပဲ သူ့အလိုလို တွေးမိတာမျိုးပါ။ တကူးတက သူ့အကြောင်း တွေးနေတာတော့ မဟုတ်ပါဘူးနော်၊ တစ်ခါတလေမှာလေ ညဉ့်ကနက်နေပြီဆိုတော့ ဖုန်းပြောနေရင်းကကိုပဲ အိပ်ငိုက်ပြီး အိပ်ပျော်သွားတာမျိုးလည်း ရှိတယ်... ဟင်း ဟင်း၊ ကျွန်မက အိပ်ပျော်သွားတာ များတာပါ၊ အဲဒါဆို သူ ဟိုဘက်ကသိရင် အော်လည်းမနိူးရက်နဲ့ အိပ်တွေပိတ်ပြီး ဖုန်းချသွားတာပေါ့"

"ဟုတ်လား"

"ရှင် စိတ်မဝင်စားဘူး၊ နားထောင်ရတာ ပျင်းနေတယ် မဟုတ်လား၊ ဩော်... အင်း... ဟုတ်လား... ပဲ လုပ်နေတာ"

"စိတ်ဝင်စားပါတယ် ပန်းရယ်၊ ဩော်... အင်း... ဟုတ်လားကတော့ ဒါပဲ ပြန်ပြောစရာရှိတာမို့ပါ"

"........"

ဦးဆောက်ပန်းက ခုံမှာပြန်မှီလိုက်ရင်း ဝရန်တာမှ ဟင်းလင်းမြင်နေရတဲ့ ကောင်းကင်ကို တစ်ခဏ ငေးမောကြည့်နေပြန်သေးသည်။

"တစ်ခါတလေကျရင်လေ ညီစေနဲ့ ကျွန်မက ကောင်းကင်မှာ အရုပ်ဖွက်တမ်းလည်း ကစားကြသေးတယ်၊ ဒါကတော့





အတူတူ ရှိနေချိန်လည်းဖြစ်မှ၊ ကောင်းကင်မှာလည်း တိမ်တွေရှိနေချိန်မှ ဖွက်လို့ရတာ။ ဥပမာ... တိမ်တွေထဲမှာ နတ်သမီးစည်းပုံရှာပါ ဆိုတာမျိုးပေါ့၊ နတ်သမီးခေါင်းမှာ ဆောင်းတဲ့ စည်းပုံနဲ့တူတဲ့ တိမ်ကို သူကရှာရတယ်၊ တစ်မိနစ်ပဲ၊ တစ်မိနစ်အတွင်း မတွေ့ရင်အရှုံး"

"........"

"နောက်... ဖုန်းပြောတဲ့ ညတွေမှာ သူလည်း ဂစ်တာမတီးဖြစ်ရင် ထူးထူးခြားခြား ပြောစရာစကားလည်း မရှိရင် ကျွန်မတို့ ကြယ်ရေကြသေးတယ်၊ သူ့အိပ်ရာရဲ့ဘေးဘက်မှာ ပြတင်းပေါက်ရှိတယ်၊ ကျွန်မ အိပ်ရာရဲ့ခေါင်းရင်းမှာလည်း ပြတင်းပေါက်ရှိတယ်လေ၊ ကိုယ့်ပြတင်းပေါက်ကကိုယ်ကြည့်ပြီး မြင်ရသလောက် ကြယ်တွေကို ရေတွက်ရတယ်၊ ဘယ်သူ ကြယ်များများ မြင်ရလဲ ပြိုင်တာပေါ့၊ များများမြင်ရတဲ့သူ အနိုင်ပေါ့၊ သူ့ဘက် ကိုယ့်ဘက်ကို ကျွန်မတို့ မစစ်နိုင်ပေမယ့် သစ္စာရှိရမယ်၊ ရိုးသားရမယ်၊ ကိုယ်မြင်ရတာထက် ပိုမပြောဘူးလေ...

များသောအားဖြင့် ဘယ်သူနိုင်လဲ သိလား၊ ကျွန်မပဲနိုင်တယ်၊ ဆယ်ခါမှာဆိုရင် သူက နှစ်ခါလောက်ပဲနိုင်တယ်၊ တစ်ခါတလေ ကျွန်မ တွေးမိတယ် သိလား၊ ကျွန်မ မြင်ရတဲ့ ကောင်းကင်မှာပဲ အမြဲတမ်း ကြယ်ပိုများနေပြီး သူ့ကောင်းကင်မှာ အမြဲတမ်း ကြယ်တွေပိုနည်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မဖြစ်နိုင်ပါဘူးလို့၊ တကယ်တော့ ညီက ကျွန်မကို အမြဲအရှုံးပေးခဲ့တာ ဖြစ်မှာပါ"

ဪ... ပန်းကလေးရယ်။

မင်းတို့နှစ်ယောက် သိပ်ချစ်ခဲ့ကြတာကိုး။ အမှတ်တရတွေလည်း များစွာရှိခဲ့ဖူးတာကိုး။ ညိုချစ်ဆိုင်သည် နားထောင်ရင်းက သူ့ရဲ့နေရာ သူ့ရဲ့ဖြစ်တည်မှုကိုမေ့လျက် ညီစေနှင့် ဦးဆောက်ပန်းတို့ ချစ်သူနှစ်ဦးကို သနား၍ပင် လာခဲ့သည်။ ညိုချစ်ဆိုင်က သက်ပြင်းတစ်ချက် ခိုးကာရှိုက်မိရင်း...

"ပန်း... သူ့ကို လွမ်းနေသလား"

"လွမ်းဆွတ်တာနဲ့ သတိရတာ တူသလား ကိုညိုချစ်ဆိုင်၊ ကျွန်မက မတူဘူးလို့ ထင်တယ်၊ နှစ်ခုစလုံးကတော့ အမှတ်တရ အပြုအမူတွေ အဖြစ်အပျက်တွေကို ပြန်အောက်မေ့တာချည်းပဲပေါ့၊ ဒါပေမဲ့ လွမ်းတယ်ဆိုတာထဲမှာ ပြန်လိုချင်တာ ပြန်တမ်းတတာလေး ပါးပါးကလေး ပါနေတယ်လို့ ထင်တယ်၊ သတိရတာကတော့ ပိုရိုးသားဖြူစင်မယ်လို့ ကျွန်မ ထင်တယ်၊ လွမ်းတယ်လို့ပြောရင် ကျွန်မ အပြစ်ရှိမယ် ထင်တယ်၊ သတိရမိတာပဲ ဖြစ်ချင်ပါတယ်"

"........"

"ရှင် ဘာလို့ ဘာမှ ပြန်မပြောတာလဲ"

"ဘာမှ ပြောစရာ မရှိလို့ပါ"

"ရှင် မနာလိုသွားတာ မဟုတ်လား"

"........"





"တကယ်တော့ ညီစေ့ကို ရှင်မနာလို မဖြစ်သင့်ဘူး၊ ညီစေ့ချစ်သူကို ရှင်ကရသွားတာ မဟုတ်လား၊ ကဲ... ကျွန်မ အထဲဝင်တော့မယ်"

သူမကတော့ ရင်ထဲရှိနေတာတွေ ပြောချင်သလို ပြောကာ အိမ်ထဲပြန်ဝင်သွားပေမယ့် ညိုချစ်ဆိုင်ကတော့ မရှုနိုင် မကယ်နိုင် ဝေဒနာတစ်ရပ်နှင့် ထိုင်ကျန်ရစ်ရပါသည်။ ဒီစကားမျိုးတွေ နားထောင်လိုက်ရပြီးမှတော့ သူ့ရင်ဟာ ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်း ရှိနိုင်ပါတော့မလား။ ဦးဆောက်ပန်းရဲ့ရင်ထဲက ညီစေဆိုတဲ့ လူတစ်ယောက် ပုံရိပ်ကို ဖျော့တော့ မှေးမှိန် သေးငယ်သွားအောင် သူ ကြိုးစားလိုတာ ဖြစ်သော်လည်း ဘယ်က ဘယ်လိုစပြီး ကြိုးစားရမယ်မသိ။

နောက်တစ်ဆင့် မှေးမှိန်သွားတဲ့ ပုံရိပ်နေရာမှာ သူ့ပုံရိပ်ကို အစားထိုးနိုင်ဖို့ ဆိုတာထားဦး၊ ရှိနှင့်တဲ့ ပုံရိပ်ကို ဘယ်လိုဖျက်ရမလဲကိုပင် သူအကြံမရ။ ကယောင်ကတမ်းနှင့် ကောင်းကင်ကို မော့ကြည့်မိကာ မြင်ရသလောက်ကြယ်တွေကို လိုက်လံရေတွက်မိနေသေးသည်။ ဒီညမှာမှ ဘာကြောင့် ကြယ်တွေက နည်းပါးနေရတာလဲ။ သုံး၊လေး၊ငါးလုံးထက်ပို၍ သူမတွေ့ခဲ့။ ယှဉ်ပြိုင်သူ မရှိဘဲနှင့်ကို ရှုံးနေရမည့် အခြေအနေ ဖြစ်နေသည်။

သူ့အဖြစ်ကို သူရယ်ချင်သလိုလည်း ဖြစ်မိသည်။ သို့သော် တကယ်တော့ သူ ဝမ်းနည်းနေမိတာပါ။ ပန်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မြင်လို့ စိတ်ပျက်လို့မရခြင်းဟာ သူ့ချစ်ခြင်းရဲ့သက်သေတစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟု တွေးမိလျှင်တော့ ဘာပဲဖြစ်ဖြစ် သူ့မှာ ရသလောက် ကျေနပ်ရပြန်သည်။

❖ ❤ ❖





(၁၂)

ဦးဆောက်ပန်းဟာ အခြားသော အိမ်ထောင်ကျစခန်းကလေးတွေလို မိဘအိမ်ကို မကြာ မကြာ ပြန်လည်ပတ်လိုခြင်း မရှိတာကိုလည်း ညိုချစ်ဆိုင် အံ့သြရသည်။ စနေလိုညမျိုးကျင် ညိုချစ်ဆိုင်ရဲ့ မိဘအိမ်ကို အလည်သွားဖို့ ကမ်းလှမ်းကြည့်တဲ့အခါ ပန်းက မငြင်းဆန်ပါ။ လိုက်ပါလည်ပတ်ကာ တစ်ခါတစ်ရံ မေမေတို့အိမ်မှာ ညစာပါ စားဖြစ်သည်။ ဖေဖေနှင့်ကသူတို့ရဲ့ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းမှာပဲ အတူတွဲလုပ်ကိုင်နေသာဖြစ်၍ နေ့စဉ်တွေ့ဖြစ်နေသော်လည်း မေမေနှင့်ကတော့ အိမ်ကိုသွားလည်မှသာ တွေ့ဖြစ်နိုင်မှာ။ မေမေကလည်း မျှော်တာကိုသိ၍ သူသွားချင်သလို ပန်းလည်း မိဘအိမ်ကို သွားချင်မည်ပင်ထင်မိတာ။

"ဟင့်အင်း… မသွားချင်ပါဘူး၊ ဖေဖေနဲ့ မေမေကလဲ မကြာ မကြာ လာလည်နေတာပဲဟာ"

ပန်းက ယတိပြတ်ငြင်းကာ တကူးတက သွားလည်ခြင်းမရှိပေ။ သူ့မှာသာ ယောက္ခမတွေကို မျက်နှာပူ၍ တချို့ရက်



www.burmeseclassic.com

www.burmeseclassic.com



တွေ အလုပ်သွား အလုပ်ပြန် အချိန်မျိုးတွေ ယောက္ခမအိမ်သို့ ဝင်၍ မုန့်ပဲသရေစာ စားစရာ အသီးအနှံလေးများ စသည်ဖြင့် ဝယ်သွားပေးရတတ်သည်။

"အစစအရာရာ အဆင်ပြေရဲ့လား သား၊ မိပန်းတစ်ယောက် အားအားရှိ ဂျစ်တိုက်နေ ရစ်နေသလား"

ဒေါ်မာလာနွယ်က ပူပူပင်ပင် မေးတတ်သည်။

"အဆင်ပြေပါတယ် မေမေ၊ ပန်းကလည်း ဂျစ်မတိုက်ပါ ဘူး"

"ပန်းဟာ ငယ်ငယ်ကတည်းက အင်မတန် ခေါင်းကြေ မာတာ၊ သူ့မမကြီးက ကြည့်လိုက်ရင် စိတ်ပြတ်သလိုလို မာကျောသလိုလိုနဲ့ ထင်ရပေမယ့် တကယ်တမ်းကျ ပျော့ ပျော့ပြောင်းပြောင်း ရှိတယ်၊ ပန်းက လူပုံကြည့်တော့ ညက်ညက်ကလေးနဲ့ ခေါင်းမာတယ်၊ စိတ်ပြတ်တယ်၊ သူက အခုထိ အမေကို ကြည့်ပုံမရဘူး၊ ဒီလောက် စိတ် ရှည်သဘောကောင်း သည်းခံတဲ့ ယောကျ်ားမျိုးနဲ့ အိမ် ထောင်ချပေးထားတာတောင် ကျေးဇူးတင်ရကောင်းမှန်း နားမလည်ဘူး၊ အိမ်မှာ သူ တစ်နေ့ တစ်နေ့ အားနေသား နဲ့ သူ့ကားလေးလည်း ရှိနေသားနဲ့ အမေအိမ် လာမလည် ဘူး"

"သူ အဲသလို အားနေလို့ အလုပ်တစ်ခုခု ဝင်လုပ်ချင်တာ တောင် ပြောနေတယ် မေမေ"





"သားတို့ ရုံးမှာပဲ ခေါ်ခိုင်းထားလေ၊ တခြားမှာ မလုပ် စေနဲ့"

"ကျွန်တော် ပြောပါတယ်၊ ဒါပေမဲ့ သူ မလုပ်ချင်ဘူး၊ သူ့ ဘာသာ တစ်နေရာရာမှာ လွတ်လွတ်လပ်လပ် လုပ်နေ ချင်တာ၊ သူ့အရင် သူငယ်ချင်းတွေကတောင် သူ့ကို လေဆိပ်မှာ ဂရောင်းစတာ့ဖ်အနေနဲ့ ပြန်ဝင်ပါလားလို့ ပြောနေတယ်တဲ့"

"လုံးဝပဲနော်၊ လေကြောင်းနဲ့ ပတ်သက်တဲ့ ဘယ်အလုပ်မှ သူ့ကို ပြန်မဝင်စေနဲ့၊ မေမေ သဘောမတူဘူး သား၊ ကိုယ့်သမီးရဲ့ သိက္ခာ၊ စာရိတ္တကို မယုံကြည်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မဖြစ်မနေ ပတ်သက်ရ ဆက်ဆံရ တာမျိုးတွေ ဖြစ်လာရင် ပတ်ဝန်းကျင် အမြင်လည်းမကောင်း ဘူး၊ အိမ်ထောင်ရေးမှာလည်း ရေရှည်မှာ အဖုအထစ်ဖြစ် လာမယ်၊ သား ဘယ်လောက်ပဲ သဘောကောင်းကောင်း၊ သဘောထားကြီးတယ် ဆိုတာလည်း အတိုင်းအတာဘောင် ရှိသေးတယ်"

"ပန်းကလည်း အဲဒီမှာတော့ အလုပ်ပြန်မဝင်ချင်တော့ဘူး လို့ သူ့ဘာသာ ပြောပါတယ် မေမေ၊ သူက တခြားနေရာ တစ်ခုခုမှာပဲ ဝင်လုပ်ချင်တာပါ"

"အဲဒီလိုကတော့ သားသဘောပဲလေ၊ သားသဘောတူရင် တော့ ခွင့်ပြုရင်ပြု။ သားသဘောမတူရင်လည်း ခွင့်မပြု



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ ဒီကောင်မလေးက ကြပ်ကြပ်မတ်မတ် စည်းကမ်းကိုင်မှ ရတာမျိုး၊ အမြဲလည်း အလိုမလိုက်နဲ့၊ အားလုံးဟာ သူ့စိတ်တိုင်းကျ သူဖြစ်ချင်တာ အကုန်ဖြစ်ရမှာလို့ ထင်မနေစေနဲ့၊ သူ့ကို အကျိုးသင့် အကြောင်းသင့် ပြောဆိုဆုံးမတာမျိုးတွေအတွက် ဘာမှ ကန့်ကွက်စရာ မရှိဘူးနော်၊ မေမေတို့ လူကြီးတွေ ကြိုက်ပါ့မလား ဆိုတာမျိုး ထည့်မတွေးနဲ့၊ သူ့ကိုသား စိတ်တိုင်းကျ သားဖြစ်စေချင်သလို ပုံသွင်းပါ”

“ဟုတ်ကဲ့ မေမေ”

“နောက်တစ်ခုက…”

“ဟုတ်ကဲ့ မေမေ”

ဒေါ်မာလာနွယ်က တစ်ခဏ နှုတ်ဆွံ့နေပြီးမှ…

“သားနဲ့သမီးကို ခပ်စောစောပဲ ရင်သွေးယူစေချင်တယ်”

ညိုချစ်ဆိုင်က ခေါင်းတစ်ချက်သာ အသာညိတ်ကာ နှုတ်ဆိတ်နေခဲ့မိပါသည်။ ဘာစကားမှ မပြန်မိခဲ့ပါ။ အဲဒီနေ့က အိမ်ပြန်အရောက်မှာ ညိုချစ်ဆိုင်က ပန်းမိဘအိမ်ကို ဝင်ခဲ့ကြောင်း ပန်းကို ပြောတဲ့အခါ…

“မေမေတို့ ဘာပြောသေးလဲ”

ဦးဆောက်ပန်းကတော့ ဘာရယ်မဟုတ် အမှတ်တမဲ့ စကားအဖြစ်သာ မေးလိုက်တာ ဖြစ်ပေမည်။ ယောက္ခမရဲ့စကား





ကို ရယ်ရမလို ငိုရမလို မသက်မသာ ဖြစ်ခဲ့မိသည့် ညိုချစ်ဆိုင်ကတော့ ရုတ်တရက် ဘာမှမဖြေနိုင်ဘဲ တစ်ခဏဆွံ့အနေသည်။ လျှကဲခတ် ပါးနပ်လှတဲ့ ပန်းက ညိုချစ်ဆိုင်ကိုကြည့်ကာ…

“ဘာပြောသေးလဲလို့ ထူးထူးခြားခြား”

“ဘာမှ မပြောပါဘူး၊ ဒီလိုပါပဲ”

“ညာတာ၊ ရှင် ညာနေတယ်”

“ကိုယ် ဘာညာလို့လဲ၊ ဒီလိုပဲလေ ပြောရိုးပြောစဉ်စကားမျိုးတွေပဲ ပြောတာပေါ့”

“မဟုတ်လောက်ဘူး၊ ကိုညိုချစ်ဆိုင်… ရှင်က ရိုးသားတော့လေ လုံးဝဟန်မဆောင်တတ်ဘူးဆိုတာ ရှင့်ကိုယ်ရှင် သိလား”

“ဟုတ်လား”

“ဟုတ်တယ်လေ၊ ရှင့်မျက်နှာပေါ်မှာ ရှင် တစ်ခုခုတွေးတိုင်း ဘွင်းဘွင်းကြီး ပေါ်နေတယ်၊ ဘာအတွေးမှန်းသာ ကျွန်မ မသိတာ၊ အခုလည်း ရှင် တစ်ခုခုကို ဖုံးထားလိုက်တာ ကျွန်မ သိတယ်၊ ရတယ်လေ၊ ရှင်မပြောချင်လည်း မပြောနဲ့ပေါ့၊ နောက် ဘာမှမမေးတော့ဘူး”

ပန်းက ထိုင်နေရာမှ ဖြတ်ခနဲထကာ အခန်းထဲက ဆောက်ဆတ်ဆတ် ထွက်သွားပါသည်။ ဟင်… စိတ်ကောက်တာထင်တယ်ဟု ဇဝေဇဝါတွေးကာ ပန်းရဲ့ဟန်ပန်လေးကို ဒူ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလှသည်။ မေးပင့်၍ ခေါင်းမော့မော့လေး။ ခြေလှမ်းဟန်က ပုံမှန်မဟုတ်။

"ဟိတ်... ဟိတ်... နေဦးလေ"

ညိုချစ်ဆိုင်က အခန်းထဲက လိုက်ထွက်လာပါသည်။ ပန်းက ဝရန်တာထွက်ကာ ဝရန်တာစတီးလက်ရန်းများပေါ် လက်ကိုလှမ်းတင် လက်ပိုက်ထားရင်း အပြင်ကို ခပ်ငူငူကြည့်နေပါသည်။

"ပန်း... စိတ်ဆိုး စိတ်ကောက်သွားတာလား"

"........."

"နောက် ဘာမှမမေးတော့ဘူးတော့ မလုပ်နဲ့လေ၊ မေးစရာရှိတာတော့ မေးပါ၊ အခုဟာကလည်း..."

"ဟိုနားက အသစ်ဆောက်နေတဲ့ အဆောက်အုံကိုတွေ့လား"

"အင်း"

ပန်းက အဝေးမှာ လှမ်းမြင်နေရတဲ့ ဆောက်လက်စတိုက်တစ်ခုကို လှမ်း၍ လက်ညှိုးညွှန်ကာ မေးသည်။

"အင်း... တွေ့တယ်လေ"

"နည်းနည်းစောင်းနေတယ်လို့ မထင်ဘူးလား"

"အင်..."

ညိုချစ်ဆိုင်သည် ခေါင်းကိုစောင်းငဲ့ကာ နေရာရွှေ့ကာ သေသေချာချာကြည့်ပြီးလျှင်...





"မစောင်းပါဘူး ပန်းရဲ့... တည့်ပါတယ်"

"တည့်ရင်လည်း ပြီးရော"

"အာ... ပန်းကလည်း၊ တမင်တကာ ကိုယ့်စကားကို ဖြတ်ပစ်တာ မဟုတ်လား၊ အလကား တစ်ခုခု ကောက်မေးလိုက်တာ မဟုတ်လား"

"ရှင် အဲလိုထင်ရင်လည်း အဲလိုပဲ"

ညိုချစ်ဆိုင်သည် သူမကို တစ်ခါတစ်ရံ အသည်းတယားယားနှင့် ဖွတ်ပင်ဖက်ချုပ် မွှေးရှိုက်နမ်းလိုက်ဖို့ စိတ်ကူးမိသည်။ သူမရဲ့ပုံစံ အမူအရာက သူ့အသည်းနှလုံးကို ပုတ်ခတ်ကျီစယ်ကစားသလို ဖြစ်သည့်အခါမျိုးတွေမှာပင်။ အခုလည်းပဲ ပါးရိုက်ခံရမှသာ ခံရစေတော့ ဖက်နမ်းပစ်လိုက်မလား တွေးလိုက်မိသေးသည်။ သို့ပေမဲ့ သူ မရဲဝံ့။ လက်တို့ကိုပင် စ,တင်မြှောက်မရ ဖြစ်နေသည်။

"ခုနဟာကို ကိုယ် မပြောတာကလေ..."

"မပြောနဲ့တော့ဆို၊ အခု သိချင်တော့ဘူး"

ပန်းက လှည့်ကာ အိမ်ထဲဘက် ပြန်ဝင်ဖို့ပြင်လျှင် ဒီတစ်ခါတော့ ညိုချစ်ဆိုင် လက်တစ်ဖက်က ပန်းရဲ့လက်တစ်ဖက်ကို အသာအယာ ဆွဲဆုပ်ထားလိုက်မိရင်း...

"စိတ်မဆိုးပါနဲ့ ပန်းရယ်"

"လက်ကိုလွှတ်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကြိုက်မယ့်စကားလို့ မထင်လို့ ကိုယ် မပြောတော့တာပါ၊ ဒါပေမဲ့ အခုပြောမယ်၊ ပြောပါရစေ"

"လက်လွှတ်ပြီးပြော"

ညိုချစ်ဆိုင်က ပန်းရဲ့လက်ကို လွှတ်ပေးလိုက်ပါသည်။

"ပန်းမေမေက ပြောတာက…"

"………"

"ကလေး မြန်မြန်ယူပါတဲ့"

"ကျွတ်…"

ပန်းက စိတ်ပျက်သလို စုတ်သတ်ရင်း အိမ်ထဲဝင်သွားပါသည်။ ညိုချစ်ဆိုင်က နောက်ကလိုက်လာရင်း ကိုယ့်အဖြစ်ကိုယ် ရယ်တောင်ရယ်ချင်သည်။ အိမ်မွေးတိရစ္ဆာန်ကလေးနှယ် သွားလေရာနောက် တကောက်ကောက် လိုက်နေတယ်ဆိုတာ သူ့လိုအဖြစ်မျိုးပင်။ အဲသလို သူမ ရှိရာအနား လိုက်နေမှလည်း ခုလိုစကားလေး ဘာလေး ပြောဖြစ်သည်။ သူမ့နောက် မလိုက်လျှင်ကတော့ အနားမနေဘဲ ရှောင်ဖယ်ဖယ်နေတတ်တဲ့ ဦးဆောက်ပန်းနှင့် စကားပြောရန် လမ်းမရှိ။

အိပ်ခန်းထဲ ပြန်ရောက်လာကြကာ ပန်းက သူထိုင်နေကျ အခန်းထောင့်က တစ်ယောက်ထိုင် ဆိုဖာလေးမှာ ဝင်ထိုင်လိုက်သည်။





"ကိုယ်က ဘာမှပြန်မပြောလိုက်ပါဘူး"

"အမယ်… ရှင်က ဘာများ ပြောချင်သေးလို့လဲ"

"ဟုတ်ကဲ့… လို့ပေါ့"

ပန်းက အောက်နှုတ်ခမ်းက ကိုက်လိုက်ကာ သူ့ကို ဆစောင်းစောင်း စိတ်ပျက်လက်ပျက်နှင့် ဘုကြည့်ကြည့်သည်။ ထိုပုံစံကလေးကိုပင် သူ့မှာ ချစ်လိုက်ရတာ။ ဟိုဘက်လှည့်ပြီး ကျိတ်၍ရယ်ရသည်။ တစ်ခါတစ်ရံတွင်တော့ သူတို့နှစ်ယောက်ရဲ့ အခြေအနေပုံစံဟာ လင်မယားစုံတွဲနှင့် လားလားမှမတူဘဲ ချစ်ရေးဆို ချစ်ခွင့်ပန်နေရဆဲ ကောင်လေးနှင့် ကောင်မလေးပုံစံမျိုးမို့ သူ့အတွက် တစ်မျိုးရင်ခုန်ချင်စရာ ကောင်းနေတတ်ပါသည်။

ပန်းရဲ့မေမေက ကလေးယူစေချင်သည်မှာ ပန်းစိတ်ခိုင်ခိုင်ကျ နေသားထိုင်သား ကျသွားအောင် မိသားစုတစ်ခုပီပီသသ အခြေကျသွားအောင် ယူစေချင်တာ ဆိုတာ ညိုချစ်ဆိုင် နားလည်ပါသည်။ ဒီဘက်က သူ့အမေနှင့် အစ်မတို့ ကလေးအမြန်ယူစေချင်နေကြတာကတော့ စိတ္တဇဆန်ဆန်လို့တောင် ဖြစ်နေပါသည်။

ညိုချစ်ဆိုင်ရဲ့အစ်မ ယဉ်မင်းဆိုင်သည် သူ ကလေးရနိုင်တဲ့အတွက် မိဘအပေါ် ယောက္ခမတွေအပေါ် တာဝန်ပဲ မကျေသလိုလို အမြဲ ဆိုက်ကိုဝင်နေသူ ဖြစ်လေရာ သူ့အမျိုးသားဘက်ကယောက်မ ကလေးမွေးစဉ်က ကာယကံရှင်တွေထက်



www.burmeseclassic.com

www.burmeseclassic.com



တောင် ပျော်ရွှင်စိတ်ချမ်းသာနေသူ ဖြစ်သည်။ သူ့ယောက္ခမများ သူ့ထံက မြေးမရပေမယ့် တခြားသားသမီးတွေဆီက မြေးရပြ ဆိုတဲ့ အဖြစ်ကို စိတ်အေးသွားတဲ့ပုံမျိုး ဖြစ်သည်။ အဲဒီယောက်မ က မွေးသော ကလေးလေးကိုလည်း သူ့ကလေးအလား ချစ် ကြင်နာယုယ သည်းသည်းလှုပ်တဲ့သူ။

ယောက္ခမဘက်ပြီးတော့ မိဘဘက်မှာတော့ ညီချစ် ဆိုင်တို့စုံတွဲက မွေးမှသာလျှင် မိဘတွေ မြေးရင်သွေး ပိုင်ဆိုင် ရမည်ဖြစ်ရာ ညီချစ်ဆိုင်တို့ ကလေးမရမချင်း စိတ်မဖြောင့်ဖြစ် နေမည့်သူပင်။ တွေ့တိုင်း... "ညီ... ကလေးမြန်မြန်ယူတော့" ဆိုတဲ့စကား ဦးစွာပြောတတ်တဲ့ မမ။

"အာ... မမကလည်း ခုမှ လက်ထပ်တာ သုံးလပဲရှိသေး တယ်၊ လေးလပဲ ရှိသေးတယ်"

စသဖြင့် သူကပြောလျှင်...

"သုံး၊လေးလ ဆိုတာ ကလေးတစ်ယောက် မရနိုင်ဘဲ အချိန်မို့လို့လား ညီရယ်၊ ချက်ချင်းသာရရင် ခုလောက်ဆို ကိုယ်ဝန်သုံးလရှိပေါ့၊ ဘာလဲဟင်... ပန်းလေးက တား ဆေးတွေ ဘာတွေ သုံးသလား၊ လုံးဝမသုံးစေနဲ့နော် တားဆေးသုံးတဲ့ တချို့သူတွေ တကယ် ကလေးယူတော့ မယ်ဆိုပြီး ဆေးလည်းဖြတ်လိုက်ရော အကြာကြီး မရတော့ တာတွေ ရှိတယ်၊ တချို့ဆို လုံးဝကိုမရတော့တာ၊ သုံးလား မသုံးဘူးလား မှန်မှန်ပြော"





"မသုံးပါဘူး မမရယ်"

"ပြီးရော ဒါဆိုလည်း"

မေမေကလည်း မမက ကလေးမရနိုင်ဘူး ဆိုတာ ကြောင့် ညီချစ်ဆိုင်ရော ကလေးရနိုင်ပါ့မလား ဆိုတာထိ ပေါက်ပေါက်ရှာရှာ တွေးပူသူဖြစ်သည်။

"သားရေ... ခုထိမရသေးတာ ရိုးမှရိုးရဲ့လား၊ ဆရာဝန်ဆီ သွားတိုင်ပင်ပြီး နှစ်ယောက်သား စစ်သင့်တာ စစ်ကြပါဦး"

"ဘာမှ မဖြစ်ပါဘူး မေမေရယ်၊ အချိန်တန်တော့ ရပါ လိမ့်မယ်၊ အချိန်တွေ အများကြီး ရှိပါတယ်၊ ပန်းကလည်း ငယ်ငယ်လေး ရှိသေးတာပဲဟာ မေမေရယ်"

"ငါတော့ စစ်စေချင်တာပဲ"

အဲသလို စိတ်ဇောဆန်ဆန် ကလေးရစေချင်နေကြသော အမေနှင့် အစ်မတို့ကြောင့် ညီချစ်ဆိုင် ရင်မောရသည်။ အိမ် ထောင်သက် တစ်နှစ်နီးပါးရှိလာတဲ့အထိ ပန်းကို သူ့လက်ဖျား ကလေးနဲ့တောင် မတို့ဖူးဘူးဆိုလျှင်တော့ နည်းနည်းပိုသွားပြီ။ လက်ဖျားကလေးနှင့် တို့ရုံလောက်သာ တို့ဖူးတယ်ဟု ပြောကြ လျှင် လူအများ ယုံစားကြမယ်တောင် မထင်။

သူ့စိတ်တွင် ပန်းရဲ့အချစ်ကို မရသေးဘဲ ပန်းရဲ့ ခန္ဓာကိုယ်ကို ရယူဖို့ စိတ်မသန့်သေးတာဟု ပြောပြန်လျှင်လည်း ရူးနေတာဟု စကားတင်း ဆိုကြလေမလား။ သူ ရူးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်ဆန်တာ၊ စိတ်ကူးယဉ်ဆန်တာ မဟုတ်ရပါ။ အမိကမှာ ပန်းကို သူ ညာတာ,တာ ကြင်နာတာ သိပ်ချစ်မိလွန်းတာကြောင့် ပါပင်။

သူသိပ်ချစ်တဲ့ မိန်းကလေးဟာ သူမ သိပ်ချစ်တဲ့ ချစ်ဦးသူနှင့်လွဲကာ အသည်းကွဲနေရှာတဲ့ မိန်းကလေး။ နလုံးသား မှာ ဒဏ်ရာဝေဒနာရှိတဲ့ မိန်းကလေး။ ပုံမှန်မပျော်ရွှင်နိုင်သေးသည့် မိန်းကလေး။ သူ့ချစ်သူကို ရုံဖန်ရံခါ သို့မဟုတ် မကြာ မကြာ သို့မဟုတ် အချိန်တိုင်းနည်းပါး သတိရနေမည် ဖြစ်နေသေးတဲ့ မိန်းကလေး။ အဲဒီမိန်းကလေးကို သူ မထိပါးရက်ခဲ့။ မကျူးကျော် ရက်ခဲ့။ ဒါ့အပြင် မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ ကျူး ကျော်ဝံ့သောသတ္တိ သူ့မှာမရှိ။ အဲဒီထက်ကို အဲသလို အရယူဖို့ သူ့ဂုဏ်သိက္ခာက ခွင့်မပြု။

သူမကို စိတ်ချမ်းသာစေလိမ့်မည် မဟုတ်သည့် အပြုအမူကို သူ မလုပ်ရက်။ သူ့အပေါ် မချစ်ရာကနေ မုန်းသွား မည့်အပြုအမူကို သူ မလုပ်ဝံ့။ အခန်းထောင့်က မွေ့ရာတုံးပေ သူ့ဘက်ကျောပေးကာ စောင်ခြုံလျက်သား အိပ်မောကျနေတဲ့ ပန်းကို သူ ငေးမောစိုက်ကြည့်၍ နေခဲ့ဖူးသည်။ သူ့အိမ်မှာ သူ့ အိပ်ခန်းထဲမှာ သူနှင့်အတူ ပန်းရှိနေတယ်ဆိုတဲ့ အဖြစ်သည်ပင် လျှင် သူ့အတွက် ဆုလာဘ်တစ်ခု ကံကောင်းခြင်းတစ်ခုလို သူ နှစ်သိမ့်ကြည်နူးပါသည်။





သူဟာ ဦးဆောက်ပန်းရဲ့ ခင်ပွန်းယောကျ်ားဆိုတဲ့ အများသိတဲ့ တရားဝင် ဘော်စပ်ပတ်သက်မှုလောက်ကိုပင်လျှင် သူ အတော် ကျေနပ်နိုင်နေပြီ ဖြစ်ခဲ့သည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

အိမ်ထောင်ကျပြီး အိမ်ခွဲနေပြီးတဲ့နောက် ညိုချစ်ဆိုင်ရဲ့ အမေတို့ အစ်မတို့အိမ်ကို လေး,ငါးကြိမ်ထက် မနည်းလာရောက် လည်ပတ်ဖူးပေမယ့် သူတို့အိပ်ခန်းထဲအထိတော့ မဝင်ဖြစ် မရောက်ဖြစ်ခဲ့ကြတာပါ။ ထိုတစ်ရက်ကတော့ ညိုချစ်ဆိုင်နှင့်မေမေ ဖုန်းပြောရင်း ဦးဆောက်ပန်း နှစ်ရက်လောက် ဆက်တိုက်ခေါင်းအသေလဲ ကိုက်နေသည်ဆိုတာ သိသွားတဲ့အတွက် သတင်းမေးလာကြမည်ဟု ဆိုလေရာ ညိုချစ်ဆိုင်က အဲဒီနေ့ ရုံးကစောစောပြန်လာလိုက်ပါသည်။

"မသက်သာဘူးလား ပန်း၊ မေမေတို့တောင် သတင်းမေးလာကြမလို့တဲ့"

"အို… မလိုပါဘူး၊ အန်တီတို့ သက်သက် အလုပ်များပါတယ်၊ ခေါင်းကိုက်ရင် အဲလိုပဲ နှစ်ရက် သုံးရက်ကိုက်ပြီးနောက်တော့ ပျောက်သွားမှာပဲဟာ၊ ဆေးလည်းသောက်ထားပါတယ်၊ သက်သာသွားမှာပါ"





"ကိုယ် ဘာလုပ်ပေးရမလဲ ပန်း၊ ခေါင်းကိုနှိပ်ပေးရမလား"

"ဟင့်အင်း"

"ဟိုတလောကလည်း ဒီလိုပဲ ခေါင်းကိုက်တယ်၊ လက်တွေကိုက်တယ်၊ ဆေးခန်းသွား ဆရာဝန်ပြရအောင် ဆိုတော့လည်း ပန်းက မသွားဘူး ခေါင်းမာတယ်၊ ခုလည်း မနေ့ကတည်းက ကိုက်နေတာ ဆေးခန်းပြမလား"

"ဟင့်အင်း… မမကြီးကို လှမ်းမေးပြီး ဆေးသောက်ထားပါပြီဆို၊ မမကြီးက ဆရာဝန်ပဲဟာကို၊ မမကြီး ဆေးတိုက်ထားတာ ဆရာဝန် ပြသလိုပဲပေါ့"

အဲဒီတော့ ညိုချစ်ဆိုင် ဘာဆက်ပြောရမှန်း မသိပါ။ အတင်းပြခိုင်းလျှင် သူ့မမကြီးကို ဆရာဝန်အဖြစ် အယုံအကြည်မရှိရာကျဦးမှာလည်း စိုးရသည်။

"မျက်စိစစ်ကြည့်ရင်ကော ဆိုင်မလား မသိဘူး"

"မဆိုင်ပါဘူး၊ မျက်စိလည်း မှုန်မှမမှုန်တာ၊ ဘာမှအရေးမကြီးပါဘူးဆို၊ ဟိုးငယ်ငယ်ကတည်းက ခေါင်းကိုက်တတ်တာ အကျင့်ဖြစ်နေပြီး ကိုက်တုန်းသာ ခေါင်းမထူချင်တာ၊ ပျောက်သွားရင် အကောင်းပဲဟာ"

ဦးဆောက်ပန်းက အိပ်ရာထဲမှာသာ ခွေနေသည်။ ရတ်ဆီတွေ နားထင်ကို ပွတ်ထား၍ ပရုတ်ဆီစော်တွေ ထောင်းထောင်းထ,နေပါသည်။ မေမေတို့ ရောက်လာချိန်အထိ ညိုချစ်ဆိုင် မတွေးမိဘဲ မေ့နေသည့်အချက်ကို မေမေတို့ အခန်းထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



မည်လုပ်တော့မှပင် တွေးမိကာ ညိုချစ်ဆိုင် ခေါင်းနပန်းကြီးသွားရပါသည်။

ခုချိန်မှ တားလို့လည်း မဖြစ်၊ ပန်းကလည်း အပြင်ထွက်လာနိုင်ဖို့ မဖြစ်လေရာ ညိုချစ်ဆိုင်သည် စိတ်ရှုပ်ရှုပ် မျက်နှာပူပူနှင့်ပင် မေမေနှင့် မမကို အခန်းထဲ ခေါ်လိုက်ရသည်၊ အိပ်ခန်းရဲ့ထောင့် တစ်နေရာမှာ ခင်းထားသော တစ်ယောက်အိပ် မွေ့ရာတုံးပေါ် အိပ်နေတဲ့ ပန်းကိုမြင်လျှင် မေမေရော မမပါ တစ်မျိုးတစ်မည် တအံ့တဩ ဖြစ်သွားကြပါသည်။

"သမီး ဘာဖြစ်လို့လဲ၊ ဟိုဘက်က အိပ်ရာခေါင်းရင်း ပြတင်းပေါက်ကနေ နေထိုးလို့လား၊ ခန်းဆီးချထားတာပဲ ဟာ နေလည်း မထိုးပါဘူး"

"ဒီမွေ့ရာတုံးက ဘယ်က ရောက်လာတာလဲ"

မမက ညိုချစ်ဆိုင်ကို တိုးတိုးမေးသည်။ အိပ်ရာခင်းနား ပြင်ဆင်ကြတုန်းကသာ ဒီအခန်းထဲ ရောက်ဖူးကြတာနဲ့ သူတို့ပြင်ဆင်ပေးခဲ့ကြသည့် မင်္ဂလာခန်းဝင်မှာ ဒီမွေ့ရာတုံးကို မပါတာ။ ညိုချစ်ဆိုင်က ဘာမှမဖြေဘဲ နေလိုက်ပါသည်။ ပန်းက ကြမ်းပေါ်က မွေ့ရာတုံးပေါ် အိပ်နေတာဖြစ်၍ မေမေရော မမပါ ကြမ်းပေါ်ထိုင် သတင်းမေးရမလို ဖြစ်နေကာ နှစ်ယောက်လုံးပဲ မွေ့ရာစွန်းနား ကပ်ထိုင်ကြရပါတော့သည်။

"သမီးလေး... တော်တော်ကိုက်နေလား၊ နှစ်ရက်တောင် ရှိပြီဆို"





"ဟုတ်ကဲ့... ပျောက်သွားမှာပါ အန်တီ၊ အရင်ကဆို တစ်ခါတလေ သုံး,လေးရက်လည်း ဆက်ကိုက်နေတတ်တာပါ"

"ဆေးခန်းမပြဘူးလား သားရယ်"

"သူ့မမကြီးတော့ ဆေးတိုက်ထားပါတယ်"

"ဩော်... ဟုတ်သားပဲ၊ ဆေးသောက်ထားတယ် ဆိုရင်တော့ ပြီးတာပါပဲ၊ ဆေးသောက်ရက်နဲ့ မြန်မြန်မသက်သာရင်တော့ ချက်ကျက်အပ်ပ်လေး ဘာလေး လုပ်ကြည့်ရင် ကောင်းမလား"

"သမီး ဖြစ်နေကျ ကိုက်နေကျပါ အန်တီ၊ သမီးအဖို့ ခေါင်းကိုက်တာ၊ လက်တွေကိုက်တာကတော့ ရိုးနေပါပြီ"

မမက ဦးဆောက်ပန်းကို လက်လေးကိုင် နှုတ်ဖူးလေးခမ်းရင်းမှ...

"ပန်းလေး... လက်ဆစ်လေးတွေ လက်ကောက်ဝတ်တွေ ကရော ရောင်နေတာလား"

"ဟုတ်... မမ၊ လက်ကောက်ဝတ်ကလည်း ရောင်ပြီး အဆစ်တွေ ကိုက်နေတယ်၊ အခု နာနေတာ"

"ဒါဆိုရင်တော့ သမားတော် တစ်ယောက်ယောက် ပြမှ ထင်တယ်၊ အာသရိုက်တာစ်စ်တို့ ဘာတို့ ဖြစ်နေဦးမယ်"

"ဟုတ်...၊ နောက်မှ အေးအေးဆေးဆေးမှ ပြတော့မယ်လို့၊ ခုတော့ ခေါင်းက တအားကိုက်တော့ သမီး မထ,ချင် မလှုပ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အောက်မှာ ဘာလို့အိပ်နေတာလဲ ပန်း၊ ကြမ်းပေါ်ကနေဆိုတော့ ထ,ရခက် ထိုင်ရခက်နဲ့၊ ခုတင်ပေါ်မှာက ပိုအဆင်မပြေဘူးလား"

"ဒီမှာ အဆင်ပြေပါတယ်"

"နေမကောင်းလို့ ဒီမှာ သတ်သတ်ဆင်းအိပ်နေတာလား"

မမအသံက သိချင်ဇောအား ကြီးနေသည်။ ဦးဆောက်ပန်းက ညိုချစ်ဆိုင်ထံ ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီးမှ…

"သမီး ဒီမှာပဲ အိပ်တာပါ မမ"

"ဟင်… ဒီမှာပဲ အိပ်တာ ဆိုတာက ? … အမြဲအိပ်တာပြောတာလား"

"ဟုတ်… အစကတည်းက သမီး ဒီမှာပဲ အိပ်ပါတယ်"

"ဟင်… ဘာဖြစ်လို့လဲ၊ အဆင်မပြေကြလို့လား၊ ရန်များဖြစ်ထားတာလား၊ ဘာဖြစ်လို့လဲဟင်"

"မဟုတ်ပါဘူး မမ၊ ဒီမှာ စ,နေကတည်းက သမီး သတ်သတ်အိပ်တာပါ"

မမရဲ့မျက်နှာဟာ အံ့အားသင့်တကြီးနှင့် ပါးစပ်ဝါအဟောင်းသား ဖြစ်နေသည်။ မေမေက မမလောက် ဟန်မပျက်ပေမယ့် ညိုချစ်ဆိုင်ကို လှည့်ကာ အကဲခတ်သည်။ သတင်းဆေးစကားမျိုးကလည်း ပြောဆိုပြီးပြီမို့ တခြားစကားပြောစရာ မရှိတော့သယောင် လူလေးယောက်ဝိုင်းက ဆွံ့အတိတ်ဆိတ်ကုန်ပါသည်။ အတန်ကြီးကြာမှ မေမေက…





"နားဦး… နားဦး… သမီး နားလိုက်ဦး၊ စကားတွေ သိပ်ပြောနေရရင် ခေါင်းပိုကိုက်နေဦးမယ်၊ မေမေတို့ အပြင်မှာ ခဏထိုင်ဦးမယ်"

"ဟုတ်ကဲ့"

ညိုချစ်ဆိုင်တို့ သားအမိသုံးယောက်သား အိပ်ခန်းအတွင်းမှ အရှုလည်လည်နှင့် တိတ်တိတ်ဆိတ်ဆိတ် ထွက်လာကြကာ ဘဲခါးပိတ်ရစ်ခဲ့ပါသည်။ ဧည့်ခန်းထဲ ထိုင်မိကြချိန်တွင် မမက မျက်လုံးဝိုင်းနှင့်…

"ညို… ဘယ်လိုလဲဟင်၊ နင်တို့ဟာက"

"………"

"ဘာလို့ အိပ်ရာခွဲအိပ်တာလဲ"

"………"

"ဟဲ့… မေးနေတာကို"

"သူ ခွဲအိပ်ချင်လို့လေ မမ"

"ညားခါစ လင်မယား အိပ်ရာခွဲအိပ်စရာလား၊ ဒါ… လက်ထပ်ပြီးတဲ့ နေ့ကတည်းက ဒီအတိုင်းလား၊ တစ်ခါမှကို တစ်အိပ်ရာတည်း မအိပ်ကြတာလား"

ညိုချစ်ဆိုင်က ငြိမ်နေလိုက်ပါသည်။

"အဲဒါ ဘယ်လိုဖြစ်တာလဲဟင်၊ သူ နင့်ကို မကျေနပ်တာ ဘာများရှိလို့လဲ ညို… ဟင်"

"ဘာမှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟယ်… ထုံပေပေနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ အကြောင်းရင်းလည်း မရှိဘဲနဲ့ ဒီလိုကြီးက အခမ်ပွာယ်မရှိ၊ တစ်ယောက်အိပ်မွေ့ရာက သူ သွားဝယ်တာလား၊ ဘယ်လိုက ဘယ်လို စိတ်ကူးမျိုးနဲ့"

"ဟုတ်တယ်၊ သူက အစကတည်းက ဆိုင်မှာ ငွေချေထားမှာထားပြီးသား မမ၊ အဲဒီနေ့ သူ ဖုန်းလှမ်းဆက်လိုက်တော့ ဆိုင်ကကားနဲ့ လာချသွားတယ်လေ၊ သူ အဲဒီလို အိပ်ချင်တာကိုး"

"ဟယ်… လက်ထပ်ထားတဲ့ လင်မယားလေ၊ ဒါဖြင့် နင်တို့က ? … နင်တို့က ဘယ်လိုမျိုးလဲ၊ နင်ကလည်း ဘာမှမပြောဘူးလား၊ သူလုပ်ချင်တဲ့အတိုင်း လုပ်နေသမျှ ကြည့်နေတာပဲလား ညို၊ ပြောစမ်း၊ နင်တို့ အဆင်ပြေရဲ့လား၊ သူက ဘာဖြစ်လို့တဲ့လဲ၊ နင့်ကို သဘောမကျလို့လား၊ မချစ်လို့တဲ့လား၊ ဘာကြောင့်လို့ ပြောလဲ"

မမရဲ့မေးခွန်းတွေက တစ်ခုပြီးတစ်ခု။ မေမေကတော့ ညိုချစ်ဆိုင်ကိုသာ ငေးကြည့်နေသည်။

"လူကြီးမိဘတွေ စီစဉ်တာတော့ စီစဉ်တာပေါ့။ ဒါပေမဲ့ နင်ကကျတော့ သူ့ကိုတွေ့ဖူးပြီးကတည်းက သဘောကျတယ်လေ၊ သူ့ကို ချစ်တယ်ဆို၊ သူကကော အဲလိုမဟုတ်ဘူးလား မောင်လေး၊ လက်မခံချင်ဘဲ လက်ခံလိုက်ရတာမျိုးလား"





"အဲဒီလိုပဲ ဆိုပါတော့ မမ"

ဒီလိုဖြေရတာ ညိုချစ်ဆိုင် ရှက်ရွံ့ဝမ်းနည်းမိပါသည်။

"အေးလေ… အဲသလိုဖြစ်တောင်မှ ကိုယ့်မိန်းမက ကိုယ့်ကို သံယောဇဉ်ရှိလာဖို့ နင့်တာဝန်လေ ညို၊ နင်မကြိုးစားဘူးလား၊ မကြိုးစားတဲ့အပြင် အခန်းထောင့်မှာ ခွဲအိပ်နေတဲ့ မိန်းမကိုပါ နင် ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေရသလား၊ ဒါဖြင့် နင်တို့က ဘယ်လိုမျိုးလဲ၊ ပြောရခက်လိုက်တာ၊ လင်ရယ် မယားရယ်လို့"

"သား… ဒါဖြင့် မေမေတို့ မြေးချီစရာ အကြောင်းကို မရှိဘူးပေါ့"

ညိုချစ်ဆိုင်က နှုတ်ဆိတ် ငြိမ်သက်နေမိပါသည်။ သူ့စိတ်မှာ ဝမ်းနည်းသလို ခံစားချက်ရော နာကျင်သလို ခံစားချက်ရော ရောပွမ်းခံစားရသည်။ ပန်းကိုမဟုတ်ပေမယ့် သူ့အခြေအနေ သူ့အဖြစ်အပျက်ကို သူ့ရင်ထဲ အဖုအထစ် တစ်ခုအဖြစ် နာနစ်ခံစားရပါသည်။

❖ ❤ ❖

ဦးဆောက်ပန်းတို့ ကျောင်းတုန်းက သူငယ်ချင်းရွှမ်းထက်ရဲ့ မင်္ဂလာပွဲဟာ ညိုချစ်ဆိုင် အတွက် အမှတ်တရဖြစ်ခဲ့ရပါသည်။ ဖိတ်စာကို သတို့သမီး သတို့သား ကိုယ်တိုင် လာ



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကာ သေချာလာဖို့ ပြောသွားတဲ့အပြင် တခြားသူငယ်ချင်းတွေကလည်း တဂီးဂီး ဖုန်းဆက်ခေါ်ကြသည်။

ကျောင်းတုန်းက ပေါင်းလာခဲ့တဲ့ သူငယ်ချင်းတွေနှင့်ရော လေကြောင်းလိုင်းမှာ အလုပ်ဝင်စဉ်က သူငယ်ချင်းတွေနှင့်ရော ဦးဆောက်ပန်းက ခပ်ကင်းကင်း နေပါသည်။ လေကြောင်းလိုင်းတုန်းက အပေါင်းအသင်းတွေနှင့်တော့ လုံးဝကို အဆက်ပြတ်ထားတာဖြစ်ကာ ကျောင်းတုန်းက သူငယ်ချင်း မိန်းကလေးတချို့နှင့်တော့ အတော်ရှားရှားပါးပါး ရံဖန်ရံခါ တွေ့တတ်သေးသည်။

ဒီမင်္ဂလာပွဲကို သွားလိုက်ဖို့ ညီချစ်ဆိုင် ကိုယ်တိုင်တိုက်တွန်းခဲ့ပေမယ့် ပန်းက လက်ဖွဲ့သာစီစဉ်၍ ကြိုပို့လိုက်သည်။ မင်္ဂလာညစာခံပွဲမနက်မှာ သူငယ်ချင်းတွေ ဖုန်းဆက်ခေါ်တာကို တစ်ခွန်း နှစ်ခွန်းငြင်းအပြီး နောက်ထပ်လာတဲ့ ဖုန်းတွေကို ကိုင်ပင်မကိုင်တော့ပါ။

"ဒီလောက် သူငယ်ချင်းတွေက ခေါ်နေတာ သွားလိုက်ပါလား ပန်းရယ်၊ ကိုယ့်ကို မလိုက်စေချင်ရင် ကိုယ်မလိုက်ပါဘူး၊ ဒီသူငယ်ချင်းတွေနဲ့ ဒီလောက်ထိ အဆက်ဖြတ်နေဖို့ မလိုအပ်ပါဘူး၊ ကိုယ် ပန်းကို မချုပ်ချယ်ပါဘူး၊ ပန်းကိုလည်း ယုံကြည်ပါတယ်၊ ပန်းမှာ အခုဆို သူငယ်ချင်း အပေါင်းအသင်း အသိုင်းအဝိုင်းဆိုတာ မရှိသလောက် ဖြစ်နေပြီး အထီးကျန်ကျန် နေနေတာမျိုးကို ကိုယ်သဘော





မကျပါဘူး၊ သူငယ်ချင်းတွေ အများကြီး ပြန်ဆုံတော့ ပျော်ရတာပေါ့၊ ကိုယ် ပန်းကို ပျော်စေချင်ပါတယ်၊ သွားလိုက်ပါ"

"ကျွန်မမှ မသွားချင်ပဲ၊ ရှင့်ကိုလည်း ချုပ်ချယ်တယ်လို့ မစွပ်စွဲပါဘူး ကိုညီချစ်ဆိုင်၊ ကျွန်မကိုက ရှောင်ချင်တာ၊ အဟောင်းတွေ အတိတ်တွေ အသစ်ပြန် သတိမရချင်တာ"

"အဲဒါကိုက မှားနေတယ်၊ အတိတ်က လူတွေနဲ့ပါ အဆက်ဖြတ်ပြီး နေနေရအောင် ပန်း စိတ်မခိုင်လို့လား၊ နေမြဲတိုင်း နေနိုင်ရမှာပေါ့၊ သူတို့နဲ့ ပြန်တွေ့လည်း ဘာမှမဖြစ်ဘဲ ပန်း ပုံမှန်နေနိုင်တာကို ကိုယ်လိုချင်တာ၊ အဲသလို အတိတ်ကို သတိမရချင်အောင်ကြောက်ပြီး ထွက်ပြေးပုန်းအောင်းနေတာ သဘာဝမကျတာ မှုမမှန်တာလေ"

"ဟင့်အင်း... ကျွန်မ နေချင်သလိုပဲ နေမယ်"

ပန်းက ခေါင်းမာလှပါသည်။ သို့ပေမဲ့ မနက်ပိုင်း ညစာခံပွဲပြီးချိန်မှာတော့ မမျှော်လင့်ဘဲ ပန်းရဲ့မိန်းကလေးသူငယ်ချင်းတွေ အိမ်ကိုရောက်ချလာကြသည်။ မင်္ဂလာပွဲသွားတဲ့ ဝတ်စုံပြောင်ပြောင်လက်လက်တွေနှင့်ပင်။ ဒီအိမ်ဟာလည်း ဟိုတယ်နှင့် နီးနီးနားနား နေရာမှာ ဖြစ်နေတာမို့ တကူးတက မဖြစ်ဘဲ သူတို့ဝင်လာကြတာ ဖြစ်မည်။ အားလုံး တစ်ကားတည်းစုကာ လာကြ၍ သူတို့ ရောက်လာတာမြင်လျှင် ပန်းက မျက်နှာပျက်ပြီး ငိုတ်ညစ်ညူးသွားပုံ ပေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာလို့ မလာရတာလဲ ပန်းရာ၊ ဟိုတယ်နဲ့ ဒီလောက်နီးနေတာ၊ ခဏတဖြုတ် ထွက်လာလိုက်ရုံပဲဟာ၊ နင် သူငယ်ချင်းတွေကို ဒီလောက်စိမ်းကား ပြတ်တောက်ဖို့မလိုပါဘူးဟာ၊ လုံးဝကို အဆက်ဖြတ်နေနေတာတော့ လွန်လွန်းပါတယ်"

"ငါမှ မလာချင်တဲ့ဟာ"

"မလာချင်တာက ဘာကြောင့်လဲ၊ အကြောင်းရင်းကဘာလဲ"

"ကျွတ်... နင်တို့က ရစ်တယ်ဟာ၊ ငါ့ဟာငါ စိတ်ရှုပ်ရှုပ်နေတဲ့ကြားထဲ"

"ဘာကို စိတ်ရှုပ်တာလဲ၊ ငါတို့နဲ့ တွေ့ရမှာ စိတ်ရှုပ်စရာလား"

ရွှေစင်ဆိုတဲ့ မိန်းကလေးက ခပ်လှမ်းလှမ်းမှာ လက်ပ်တော့တစ်လုံးနှင့် အလုပ်နှင့် ပတ်သက်တဲ့ စာရင်းဇယားများ ကြည့်ရှုနေသော ညိုချစ်ဆိုင်ကို...

"ကိုညိုချစ်ဆိုင်... မနက်ဖြန်ခံပွဲက ပြီးသွားပေမယ့် ညကျ ငယ်သူငယ်ချင်းတွေ သီးသန့်ကိုပေးတဲ့ ဒင်နာရှိပါတယ်၊ လူနည်းနည်းပဲ ဖိတ်တာပါ၊ အဲဒီဒင်နာကိုတော့ မိပန်းကို သွားဖို့ ခွင့်ပြုပါနော်၊ ပန်းကို ခေါ်သွားပါရစေ၊ ဟို... ဟို... အဲဒီကို ညီစေလည်း လာမှာမဟုတ်ပါဘူး၊ ညီစေ က ဒီမနက်ပွဲကိုလည်း မလာပါဘူး၊ ရွှေစင်တို့ ပန်းနဲ့ ပျော်ပျော်ရွှင်ရွှင် ဆုံချင်တာ သက်သက်ပါ"





ညိုချစ်ဆိုင်က ပခုံးတစ်ချက်တွန့်ပြီး လက်ပ်တော့ပ်ကို ပိတ်လိုက်ကာ ဦးဆောက်ပန်းကိုလည်း ခပ်စိမ်းစိမ်း လှမ်းကြည့်လိုက်ပါသည်။ ပန်းက စိတ်ရှုပ်ထွေးတဲ့ မျက်နှာနှင့် မျက်နှာမသာမယာ ငြိမ်ပေ၍ ထိုင်နေသည်။ သူ့ကိုမကြည့်။

"မရွှေစင်... ခင်ဗျားတို့ ဘယ်လိုနားလည်ထားကြလဲတော့ မသိဘူးဗျာ၊ ကျွန်တော်ကတော့ ဒီမနက်အထိ ပန်းကိုသွားလိုက်ဖို့ တိုက်တွန်းနေတဲ့သူပါ၊ ခင်ဗျားတို့ပြောတဲ့ ညီစေ လာခြင်း မလာခြင်းအပေါ်လည်း ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ လာလို့ တွေ့ကြလို့ နှုတ်ဆက်တော့ရော ဘာဖြစ်လဲဗျာ၊ သူ့ကို ခင်ဗျားတို့နဲ့ ချိန်းကာ တွဲကာ သွားကာ လာကာ ပျော်ပျော်ရွှင်ရွှင်လေး ကျွန်တော် မြင်ချင်ပါတယ်၊ ကျေးဇူးပြု၍ အဲသလို လုပ်ပေးကြပါ၊ ကျွန်တော် ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ လုပ်ကြပါ... ပလိစ်"

သူငယ်ချင်းတွေက ပန်းကို ဝိုင်းကြည့်နေကြကာ ပန်းကတော့ ပိုရှုစုပုပ်နေပါသည်။

"မိပန်း... ကိုညိုချစ်ဆိုင်က သူ ဘာမှမတားဘူး ဆိုပါလား"

"အာ့ဘာဖြစ်လဲ၊ ငါကကော သူတားမြစ်တယ် ပြောမိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… နင်ပြောတော့ နင့်ယောကျ်ား မကြိုက်ရင် ဘယ်ကောင်းပါ့မလဲဆို၊ ဘာပဲဖြစ်ဖြစ် သူ့ကိုငဲ့ရမယ်၊ သူ့မျက်နှာထောက်ရမယ်ဆို၊ ဒီတော့ ကိုညိုချစ်ဆိုင် မကြိုက်ဘူးလို့ ငါတို့ ထင်တာပေါ့"

"နင်တို့ဟာ နင်တို့ ထင်တာလေ"

"ကဲ… အခု ကိုညိုချစ်ဆိုင်က ကျေးဇူးပြု၍တောင် ခေါ်သွားစေချင်တာ၊ မရဘူး၊ နင် ညကျလိုက်ခဲ့၊ လက်စသတ်တော့ နင်ပဲ၊ နင် အားလုံးကို အဆက်ကြီးဖြတ်ပြီး တစ်သီးပုဂ္ဂလ နေချင်တာနဲ့ပဲ ယောကျ်ားမကြိုက်မှာစိုးသယောင်ယောင် လျှောက်ဖောနေတာ၊ နင် အဲလို လောကကြီးနဲ့ အဆက်ဖြတ်ပြီး နေနေတာ လုံးဝအဓိပ္ပာယ်မရှိဘူး၊ အခုဆို နင်တို့အိမ်ထောင်သက် တစ်နှစ်တောင်ရှိလာပြီ၊ ဒီတိုင်းကြီး နေနိုင်တာ အံ့ပါရဲ့၊ ငါတို့ တောက်လျှောက်ထင်နေတာ၊ ငါတို့နဲ့တွေ့မှာ ပတ်သက်မှာ ကိုညိုချစ်ဆိုင်က မကြိုက်ဘူး ထင်နေကြတာ၊ အဲလို ထင်စရာဖြစ်အောင်လည်း နင် ဟိုလိုလို ဒီလိုလို ပြောတယ်လေ၊ ကိုညိုချစ်ဆိုင် အခု တကယ်ပြောနေတာပါနော်၊ ကျွန်မတို့ရှေ့မှာ အားနာပါးနာ ပြောနေတာ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးဗျာ၊ ဘယ်ယောကျ်ားမဆို ကိုယ့်မိန်းမပျော်နေတာပဲ မြင်ချင်တာပေါ့၊ ဒီလို အိမ်ထဲကုပ်ပြီး အသည်းကွဲ အထီးကျန်ကြီးလို ဖြစ်နေတာ ကျွန်တော်





စိတ်ချမ်းသာပါ့မလား၊ သူ အဲသလို လုပ်နေ ဖြစ်နေရင် ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်ချင်စရာလို ဖြစ်နေမယ်ဆိုတာ ခင်ဗျားတို့လည်း တွေးတတ်မှာပါ၊ ကျွန်တော်က သူ့ကိုချစ်တဲ့သူပါ၊ သူ့ကို ပျော်စေချင်တာပါဗျာ၊ သူပျော်အောင် ခင်ဗျားတို့လုပ်ပေးနိုင်ရင် ကျွန်တော် ကျေးဇူးအများကြီး တင်မှာပါ"

မိန်းကလေးများဟာ တိတ်ဆိတ်ပြီး ဘာမှမပြောတတ်အောင် ဆွံ့အသွားကြသလိုပင်။ သူတို့ယူဆ ထင်မြင်ထားတာ တစ်မျိုး၊ လက်တွေ့အဖြစ်မှန်က တစ်မျိုးဖြစ်နေတဲ့အခါ သူတို့လည်း နားလည်ရ ခက်သွားကြတဲ့ပုံ။ အဲဒီနောက်တော့ သူတို့ကို ထားရစ်ကာ ညိုချစ်ဆိုင်က ဝရန်တာဘက် ထွက်လာခဲ့သည်။ သူ့စိတ်ထဲ တင်းကျပ်မွန်းအိုက်နေသည်။ အပြင်မှာ ရာသီဥတု သာယာနေသည်ဖြစ်၍ ကောင်းကင်ကလည်း ပြာလွင်ကြည်လင်နေပါသည်။

တိမ်ဖြူဖြူ ပါးပါးဆုပ်ဆုပ်ကလေးတွေ ဟိုနေရာ ဒီနေရာမှာ။ တကယ်လို့သာ ဒီဝရန်တာမှာ ဦးဆောက်ပန်းနှင့် ညီစေ နှစ်ယောက်အတူ ရှိနေခဲ့လျှင် သူတို့ တိမ်ကို အရုပ်ဖွက်ကြလိမ့်မည်ထင်သည်။ ကိုယ်လည်း ဖွက်ချင်တာပေါ့ ပန်းရယ်။ ကိုယ်လည်း မင်းနဲ့ ကြည်နူးသာယာချင်တာပေါ့။ အချိန်ကာလ တစ်နှစ်လောက်ထိ သူ့စိတ်ကြိုက် လိုက်လျောပြီး ဘာကိုမှ မငြိုငြင် နေခဲ့တာတောင်မှ မင်း နည်းနည်းမှ ကိုယ့်ကို မစာနာ မကြင်နာခဲ့တာပဲ။



www.burmeseclassic.com

နာရီဝက်ကျော်လောက်အထိ ကြာလျှင် ဝရန်တာကို ကောင်မလေးတွေ လိုက်ထွက်လာရင်း…

“ကိုညီချစ်ဆိုင်… မျိုးတို့ ပြန်လိုက်ပါဦးမယ်”

“ဟုတ်ကဲ့ဗျာ”

“ပန်းကို ရွှေစင်တို့ သေချာပြောပြီးပြီ၊ သူ ညကျလိုက်ခဲ့မယ်လို့ ပြောတယ် ကိုညီချစ်ဆိုင်၊ အခု ကတိပေးလိုက်တယ်”

“ကောင်းပါတယ်ဗျာ၊ ဝမ်းသာပါတယ်၊ ခင်ဗျားတို့ လာခေါ်လည်းရတယ်၊ ကျွန်တော် လိုက်ပို့ရမယ်ဆိုလည်း လိုက်ပို့လိုက်ပါ့မယ်… စိတ်ချပါ”

“ရှင်လည်း လိုက်ရမှာပါ”

နောက်နားက ပန်းအသံက ကြွပ်ဆတ်ဆတ်လေး ထွက်ပေါ်လာတာ ဖြစ်သည်။ ညီချစ်ဆိုင်က သူတို့ကို ကျော်ကာ ပန်းကို လှမ်းကြည့်လိုက်ပါသည်။ သူ့ကို စိုက်ကြည့်နေသည့် ပန်းမျက်ဝန်းများ အဓိပ္ပာယ်ကို သူ ဝေခွဲစိတ်ဖြာမနေတော့။

“ပန်းက လိုက်ဆိုလည်း ကိုယ်လိုက်မှာပါ”

သူ့ကို လိုက်ခဲ့ဖို့ ပန်းခေါ်တယ် ဆိုတာကိုပဲ သူ ကျေနပ်ရသည်။ တစ်ကြောင်းက သူနှင့် ပန်းဟာ စုံတွဲအတူပွဲတက်ရမည့် ဇနီးမောင်နှံဆိုတဲ့ အသိဟာ သူ့စိတ်ကို အားပြည့်စေကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု တိုးစေတာကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းက ဒီပွဲကို သူ့ကိုပန်း ခေါ်တယ်ဆိုတာ သူမအပေါ် သင်္ကာကင်းစေချင်လို့ ဆိုတာ နားလည်တာကြောင့်ပင်။





ထိုညက ဟိုတယ်တစ်ခုရဲ့ ပူးလ်ဆိုဒ်မှာ လုပ်သော လူတစ်ရာလောက် ပါဝင်တဲ့ အမှတ်တရ ဒင်နာပွဲလေးမှာ ညီစေ မပါဝင်ပါ။ သို့ပေမဲ့ ဝိုင်တွေ ဘီယာတွေ လေကာတွေ ဖောဖော သီသီ ပံ့ပိုးထားတဲ့ ဒီပွဲမှာ ညဉ့်နက်လာလေ မူးထွေရီဝေလာလေ စကားတွေက လိုတာထက် ပွင့်လင်းလွတ်လပ်လာလေ။ တဖြည်းဖြည်း စည်းတွေ ဘောင်တွေ ကျော်လွန်လာတဲ့ အမှတ်တရ လွမ်းဆွတ်စကားတွေကြောင့် ဒီပွဲမှာ ညီစေ လူကိုယ်တိုင်ရောက် မလာခဲ့သော်လည်း ရောက်လာခဲ့သည်ထက်ပင် သူ့ပုံရိပ်တို့နှင့် ပြေးမလွတ်သလို ဖြစ်နေရပါသည်။

ညီချစ်ဆိုင်က ထောင့်နားလေးက စားပွဲတစ်ခုမှာ သီးသီးခြားခြားလေး ရှောင်ကာ ထိုင်နေပေးပေမယ့် ကျယ်လောင်ဆူညံနေတဲ့ စကားတွေအားလုံးကို အတိုင်းသား ကြားနေရပါသည်။ သောက်ဖို့ မရည်ရွယ်ထားတောင်မှ တစ်ယောက်ကို တစ်ယောက် ကျီစယ်ကာ ခိုးထည့်ရင်းက အရှိန်ရကာ နည်းနည်း ရီဝေလာတော့ များများရီဝေဖို့ ဝန်မလေးကြတော့။

ဝိုင်နီကို တစ်ခွက်ပြီး တစ်ခွက် သောက်နေတဲ့ ဦးဆောက်ပန်းကို ညီချစ်ဆိုင် ငေးကြည့်နေမိသည်။ လူတချို့ဟာ မူးလျှင် စကားများလာသည်။ တချို့ဟာ အလကားနေရင်း ရယ်၍ တချို့က အလကားနေရင်း ငိုကြတယ်လို့ ညီချစ်ဆိုင် ကြားဖူးသည်။ ပန်းဟာ နောက်ဆုံး အုပ်စုထဲ ပါဝင်ပုံပင်။ အစ

www.burmeseclassic.com



ကတည်းက ခွေးမြည်မြည့် ရှိနေတဲ့ ပန်းဟာ ဘေးက သူငယ်ချင်းတွေရဲ့ "ညီစေ"ချင်း ထပ်နေသော စကားတွေကြောင့် ဝမ်းနည်းလာပုံရကာ အချိန်မရွေး ငိုချလိုက်တော့မလို မျက်နှာမျိုးဖြစ်နေပါသည်။ ဒီပွဲကို ဦးဆောက်ပန်း လာလို့ရအောင် သူငယ်ချင်းတွေနဲ့ ဆုံလို့ရအောင် တမင်တကာ မလာဘဲ ရှောင်ပေးခဲ့တယ်ဆိုတဲ့ ညီစေဟာ လူမရှိဘဲနှင့်ကို တစ်ပွဲလုံးရဲ့ သူရဲကောင်းဟီးရိုး ဖြစ်နေသည်။

မိန်းကလေးတွေ ဝိုင်အရှိန်နှင့် မူးထွေထွေဖြစ်တော့ ညီစေ့ထံ ဖုန်းခေါ်ဖို့ပင် ကြိုးစားနေကြပါသည်။ သူတို့ကို သတို့သားဖြစ်သူ စွမ်းထက်က လိုက်ထိန်းနေရပါသည်။ သတို့သားကတော့ သူ့ပွဲဖြစ်၍ မူးအောင်မသောက်ပါ။ ခွေမျိုးမိတ်သင်္ဂဟတို့ကလည်း စားသောက်ပြီးနောက် စောစောပြန်ကြသည်။ ဒီငယ်သူငယ်ချင်း အုပ်စုဝိုင်းသာ နောက်ဆုံးကျန်၍ အမူးဆုံး အဆူညံဆုံး အသောင်းကျန်းဆုံး ဖြစ်နေပါသည်။

သတို့သားက ညိုချစ်ဆိုင်ကို အားနာနေပုံရသည်။ စကားလာလာပြောပေးနေ၍ ပေါ့ပေါ့ပါးပါးနေဖို့ သူ နေတတ်တဲ့အကြောင်း ညိုချစ်ဆိုင် ပြန်ပြောရပါသည်။ သူတို့ထဲက တစ်ယောက် ညီစေ့ထံ ဖုန်းတောင်ခေါ်ဖြစ်သွားသေးလား သေချာမသိပါ။ စွမ်းထက် ဖုန်းကိုလိုက်လုတာလည်း မြင်ရသည်။ ဦးဆောက်ပန်းကတော့ စကားမများလှဘဲ မူးမူးကွဲကွဲနှင့် ခွေးလျကြေအနေပုံရသည်။





အပြန်မှာတော့ ဦးဆောက်ပန်းကို သူ တွဲလို့ကို ထုတ်လာခဲ့ရပါသည်။ ကားပေါ်မှာ ဦးဆောက်ပန်းဟာ တရှိုက်ရှိုက် ငိုလာသည်။

"ကျွန်မ ငိုမယ်နော်... ရှင် ဘာမှ မဖြစ်ဘူး မဟုတ်လား၊ ငိုတာကလေ တခြား ဘာကြောင့်မှ မဟုတ်ပါဘူး ကိုညိုချစ်ဆိုင်ရယ်၊ ညီစေ့ကိုလေ ကျွန်မ သနားလို့ပါ၊ တကယ်ဆို သူ့ကိုထားခဲ့ပြီး ယောက်ျားယူသွားတာက ကျွန်မပါ၊ ဒါပေမဲ့ သူ ကျွန်မကို ဒုက္ခမပေးဘူး၊ မနှောင့်ယှက်ဘူး၊ ရှင်တွေ့တဲ့ အတိုင်းပဲလေ၊ အခုလည်း စွမ်းထက်ဆိုတာ သူ့အချစ်ဆုံး သူငယ်ချင်း၊ သူ လာချင်မှာပဲ၊ အရင် ဒီလို သူငယ်ချင်းတွေ ဆုံကြတဲ့ပွဲဆို သူ့ကိုရှောင်ပြီး ကျွန်မ မရောက်ဖြစ်ရဘူးဆိုပြီး ကျွန်မ လာပါစေတော့လို့ သူ မလာဘဲ ရှောင်ပေးတာ...

ဖင်ဖင်တို့က ပြောသေးတယ်တဲ့၊ သူလည်းလာနင်လည်းလာ ဘာဖြစ်သလဲပေါ့၊ ဆုံလည်း ဘာဖြစ်လဲပေါ့၊ အဲတော့လေ သူက မင်္ဂလာပွဲဆိုတာ စုံတွဲတက်ရတာတဲ့၊ ကိုညိုချစ်ဆိုင်လည်း ပွဲတက်ရ အဆင်ပြေအောင်တဲ့၊ သူ ရှိနေရင် ကိုညိုချစ်ဆိုင် အနေခက်လိမ့်မယ်၊ သူ အားနာတယ်တဲ့... သိလား...

သူ ဖလိုက်ထ မရှိဘူး၊ တမင်တကာ မလာတာ၊ ပြီးတော့လည်းလေ သူကလေ ပန်း ပေးထားဖူးတဲ့ အမှတ်တရပစ္စည်းလေးတွေ မျိုးအိမ်ပို့ပြီး လာပေးထားတာ ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီတဲ့ သိလား၊ သူဘာဖြစ်လို့ ဒီလို ပြန်ပေးရတာလဲနော်၊ ဒီတိုင်းပဲ မမြင်အောင် ဖွက်သိမ်းထားလိုက်ပေါ့နော်၊ ပန်းလည်းပဲ ကျွန်မလည်းပဲ အပြီးဖွက်ထားလိုက်တယ်လေ၊ ပြန်မြင်ရင် စိတ်မကောင်းစရာ ဖြစ်မယ် မဟုတ်လား၊ ပြီး… ပြီးတော့လေ ဘလက်ကီလေးကိုတော့ ရွှေစင့်ဆီက ပြန်ယူသွားတယ်တဲ့…

ရှင် ဘလက်ကီ သိလား၊ ရှင် ဘယ်သိပါ့မလဲ၊ အဲဒါ သူဝယ်ပေးထားတဲ့ ခွေးလေး၊ သူပေးတာမှန်းသိတော့ မေမေကလေ ပေးပစ်လိုက်တာ၊ အိမ်မှာ မထားရဘူး၊ အဲဒီခွေးလေးကို သူ… သူ… ပြန်တောင်းယူ… ယူ…

“ဦးဆောက်ပန်း… မင်း အဲသလောက်တော့ ငိုမနေနဲ့လေ”

“ဦးဆောက်ပန်း… ဟုတ်လား၊ ပန်းလို့တောင် မခေါ်တော့ဘူး၊ ရှင် စိတ်ဆိုးသွားတာပေါ့နော်၊ ကျွန်မငိုတာ သူ့ကို လွမ်းလို့ မဟုတ်ဘူး ကိုညိုချစ်ဆိုင်၊ ကျွန်မဘဝကြီးက ဘယ်လိုကြီးလဲ မသိဘူး၊ ကျွန်မ ဝမ်းနည်းလို့ပါ၊ သူတို့က ပြောတယ်၊ နင့်ဘဝကတော့ သာယာသွားပြီတဲ့၊ သာယာသွားပြီတဲ့… အဟားဟား”

“ဟုတ်တယ်လေ၊ မင်းဘဝကို မင်းသာယာအောင် နေလို့ရပါတယ် ပန်းရယ်၊ ခုလိုဖြစ်နေတာ အဓိပ္ပာယ်လည်းမရှိဘူး၊ အဖြစ်မှန်ကို လက်သင့်ခံလိုက်တော့ ပန်း၊ စိတ်ကူးယဉ်အိပ်မက်ကြီး ဆက်မက်မနေပါနဲ့တော့”





ကားပေါ့ကင်ကနေ ဦးဆောက်ပန်းကို ပွေ့ချီခေါ်ခဲ့ရပါသည်။ ခလုတ်အတိုက်တိုက် အလဲလဲ အပြိုပြို ဖြစ်နေတာမို့ ပင့်။ ပြုတ်ကျမှာ ကြောက်လို့ထင့် သူ့လည်ပင်းကို လက်တစ်ဖက် ဖက်ခိုကာ နောက်လက်တစ်ဖက်က ကျောကို ထုလာသည်။

“ရှင် ကျွန်မကို အခွင့်ရေး ယူဖို့တော့ မစဉ်းစားနဲ့နော် ကိုညိုချစ်ဆိုင်”

“အေးပါကွာ”

“ယူလည်း ကျွန်မက ဂရုမစိုက်ဘူး”

“အင်…”

“ရှင့်ကို စိတ်လည်လာ ပျော့ပျောင်းလာမှာလည်း မဟုတ်ဘူး… ကြားလား”

“အင်း… အင်း…၊ အေးပါကွာ၊ ဟော့… မင်း ပျို့နေပြီ၊ အန်ချင်နေပြီ မဟုတ်လား၊ မင်းကိုတော့ ရေလောင်းမှ ဖြစ်တော့မယ် ထင်တယ်”

ရေချိုးခန်းထဲမှာ သူမ, ပျို့အန်နေတာကို နှိပ်ဖိပေးချေဆေးပေး ရေခပ်ပေး လုပ်နေတဲ့ ညိုချစ်ဆိုင်ကို ဦးဆောက်ပန်းဘာ မျက်လုံးရွှန်းလည်လည်ကြီးတွေနှင့် ကြည့်လာသည်။ ညိုချစ်ဆိုင်ရဲ့ ပါးနှစ်ဖက်ကို သူ့လက်ဖဝါးနှစ်ဖက်နှင့် ညှပ်ကိုင်ကာ သုပ်ယမ်းနေရင်းက လက်တစ်ဖက်က သူ့ပါးပြင်ကို ဖွဖွပုတ်ရာ မှ တစ်ချက်ချင်း ရိုက်သလို လက်သံက ပြင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ယောက်ျားဖြစ်ပြီး ဘာဖြစ်လို့ သိပ်အောက်ကျခံတာလဲ၊ ဘာလဲ… မတော်တဆ ချစ်လာမယ်များ ထင်လို့လား၊ ရှင့်ကို ကျွန်မ မချစ်ဘူးဆိုတာ ရှင် သိတယ်မဟုတ်လား၊ ဟင်… ဟင်…၊ သိတယ် မဟုတ်လား ကိုညိုချစ်ဆိုင်"

"ကိုယ် သိပါတယ်"

သူ အံကြိတ်၍ တီးတိုးဖြေမိပါသည်။

❖ ❤ ❖





(၁၄)

"မိန်းမတစ်ယောက်ကို အရက်မူးနေတုန်းအချိန် ဆင်ခြင်နိုင်စွမ်း လျော့နည်းနေတဲ့ အချိန်မှာ ရှင် အခွင့်အရေးယူခဲ့တယ်"

ထိုစကားတစ်ခွန်းကို ဦးဆောက်ပန်းက အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ညိုချစ်ဆိုင်ကို ပြောခဲ့ပါသည်။ ခွမ်းထက် မင်္ဂလာပွဲနေ့ရဲ့ နောက်တစ်ရက်မှစ၍ နာနာကြည်းကြည်း ပြောလိုက်သည်မှာ သတိရတိုင်း ပြောသည်။ အခွင့်ကြုံတိုင်းပြောသည်။ အဲသလို အပြောခံရတဲ့အတွက် ညိုချစ်ဆိုင် ရင်လည်း နာသည်။ ရှက်လည်း ရှက်သည်။ ဦးဆောက်ပန်းကို ဒေါသလည်း ဖြစ်မိခဲ့သည်။

သို့ပေမဲ့ ဒေါသဟာ ကြာကြာမခံခဲ့။ ထိုနေ့ကစလို့ ရက်ပေါင်း နှစ်ဆယ်အစိတ်လောက်ရှိတဲ့ တစ်ရက်မှာ သူ့အလုပ်ထဲကို ဦးဆောက်ပန်းက ဖုန်းလှမ်းဆက်လာခဲ့သည်။

"ရှင် အခုချက်ချင်း အိမ်ပြန်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ အလန့်တကြားဖြစ်ကာ အလုပ်ခွင်ကနေ ချက်ချင်းဒုန်းစိုင်း ပြန်ချလာပါသည်။ ကားကို ဘယ်လောက်မြန်မြန် မောင်းခဲ့မိတယ်လဲ မသိ။ ဖုန်းထဲက တုန်ခါနေသော ဦးဆောက်ပန်း အသံကြောင့် စိုးရိမ်ပူပန်မှုဟာ ငယ်ထိပ်ထိ ထူမွှန်နေသည်။ ဒေါ်ပို ဖွင့်ပေးသော တံခါးမှ အပြေးဝင်ကာ... "ပန်းရော"... "ပန်းရော"ဟု အမောတကော မေးမိသည်။

"အခန်းထဲမယ် ငိုနေတာပဲ၊ ပစ္စည်းတွေလည်း ပစ်ပေါက်သံတွေ ကြားတာပဲ၊ ကျွန်မလည်း ကြောက်လို့ သွားမမေးရဲဘူး"

အိပ်ခန်းတံခါးကို ညိုချစ်ဆိုင် ခေါက်လိုက်သည်နှင့် အချိန်သိပ်မဆိုင်းဘဲ ပန်းက ဖွင့်ပေးလိုက်ပါသည်။ ငိုထား၍ နီရဲမို့အမ်းနေသည့် မျက်လုံးများ ချွေးစေးပြန်ကာ ဆံပင်ဖရိုဖရဲနှင့် ဦးဆောက်ပန်း ပုံစံက ရင်ထိတ်စရာ ကောင်းလှသည်။

"ရှင် ဘာကိစ္စ တံခါးခေါက်နေတာလဲ၊ ဘယ်တုန်းက ကျွန်မ လော့က်ချလို့လဲ၊ ရှင် ဒီလိုပဲ ဝင်နေထွက်နေကျကို"

"ပန်း... ပန်း ဘာဖြစ်နေမှန်း မသိလို့လေ၊ ခွင့်တောင်းတာပါ"

ပန်းက မှန်တင်ခုံရှိရာ လျှောက်သွားပြီး မှန်တင်ခုံပေါ်က တစ်စုံတစ်ရာကိုယူကာ သူတို့နှစ်ယောက်အကြားက ခုတင်မွေ့ရာပေါ် လှမ်းပစ်တင်လိုက်သည်။ ရုတ်ခြည်းဝမ်းပန်းတနည်း မျက်နှာက မှိုင်းညို့မဲ့ပျက်လာကာ ရှိုက်သံလေး တစ်ဆတ်ဆတ်နှင့်...





"ဒီမှာ... အဲဒီမှာ... ရှင် အဲဒီမှာကြည့်၊ ဘယ်လိုလုပ်ကြမလဲ၊ ခုတော့ ဘယ်လိုလုပ်ကြမှာလဲ၊ ရှင့်ကြောင့်လေ၊ ရှင် အနိုင်ကျင့်တာ၊ ရှင် အခွင့်အရေးယူခဲ့တာ၊ ရှင်လူယုတ်မာ"

မွေ့ရာပေါ်က ကိုယ်ဝန်ဆောင် ဆီးစစ်တဲ့ပစ္စည်းလေးကို အရင်က သေချာမမြင်ဘူးပေမယ့် ကောက်ကိုင်ကြည့်လိုက်တာနှင့် အဲဒီပစ္စည်းမှန်း သိသည်။ အလယ်က အကွက်ကလေးမှာ ပန်းရောင်လိုင်းလေးနှစ်လိုင်း ပေါ်နေတာကိုမြင်လျှင် သူ့ရင်တွေ တဒိုင်းဒိုင်း မြည်အောင် ခုန်ပေါက် လှုပ်ရှားသွားရလေသည်။ တစ်ကိုယ်လုံး ပူသွားသလိုလို အေးသွားသလိုလို ပူတစ်လှည့် အေးတစ်လှည့်လိုလို လူက လေထဲမြောက်လွင့်သွားသလိုလို ခံစားချက်ပေါင်းစုံကို ခံစားလိုက်ရသည်မှာ တစ်ထိုင်တည်း မူးမေ့မတတ်ပင်။

"ပန်း... ပန်း..."

"ရှင် ဘာပြောမလဲ၊ ခုတော့ ဘယ်လိုလုပ်ကြမလဲဟင်"

ဦးဆောက်ပန်း ငိုနေသည်ကို သူ ခဏရပ်ကြည့်နေမိသည်။ မျက်ရည်ကျနေတာ မဟုတ်။ အသံထွက် ငိုနေတာ။ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုနေတာ။ ညိုချစ်ဆိုင်သည် ဘာစကားနှင့် သူမကို နှစ်သိမ့်ရမည်ကို အပြေးအလွှား အပြင်းအထန် စဉ်းစားရသည်။

"ကျွန်မ မလိုချင်ဘူး၊ ကျွန်မ ကလေးမလိုချင်ဘူး၊ ရှင် မသိဘူးလား၊ ကျွန်မ ရှက်တယ်၊ စိတ်ညစ်တယ်၊ သေတောင် သေလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း...၊ ပန်း...၊ မင်း မလိုချင်တာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ အခုက ရသွားပြီ၊ မလိုချင်လို့ မရတော့ဘူး၊ ကိုယ်ပြောတာ နားထောင်ဦး"

"မလိုချင်ဘူး၊ ရှင်လည်း ဘာမှမပြောနဲ့၊ သွား... သွား"

ညိုချစ်ဆိုင်သည် သူ့ထံ ဝဲလွင့်ပျံလာသော ခေါင်းအုံးတွေ စောင်တွေကို ဆီးဖမ်းရင်း ဘေးကိုပစ်ချရင်း ပန်းကို ဖက်ထားနိုင်ဖို့ကို ရှေ့ကိုတိုးလာသည်။

"ရှင် မလာနဲ့၊ ရှင် အနားကိုမလာနဲ့၊ မကပ်နဲ့၊ ရှင်ရှေ့ဆက်တိုးရင် ကျွန်မ တိုက်ပေါ်က ခုန်ချလိုက်မှာနော်"

"ပန်း"

သူ အကျယ်ကြီး အော်ဟစ်လိုက်မိသည်။ အိမ်မှာ ဝရန်တာ တစ်နေရာကလွဲ၍ ဘယ်ပြတင်းပေါက်မှ ခုန်ချလို့ မရနိုင်။ သံပန်းတွေ တပ်ထားတာ သူသိလျက်နှင့် စိုးရိမ်ပူပန်ခြင်းက အလုံးအရင်းလိုက် မွန်ဆောင့်သွားပါသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဆိုးတယ်ဆိုတာ တော်ရုံပဲ ကောင်းတယ် ဦးဆောက်ပန်း၊ မင်း ဘာလုပ်လုပ် ဘာပြောပြော သည်းညည်းခံနေတာ ငါ့မှာ ခံစားချက်မရှိလို့ မဟုတ်ဘူး၊ မင်းသိလား၊ ငါလည်း ဝမ်းနည်းတတ်တယ်၊ နာကျင်တတ်တယ်၊ စိတ်ဓာတ်ကျတတ်တယ်။ မင်းကိုချစ်လို့သာ သည်းခံနေတာ၊ ဒါပေမဲ့ ဘယ်လောက်ထိ ဆိုးသင့်တယ် မဆိုးသင့်ဘူး ဆိုတာတော့ ခွဲခြားနိုင်လောက်တဲ့ဦးနှောက် မင်းမှာ ရှိသင့်တယ်...





မင်း မလိုချင်တာတော့ ငါသိတယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ သေရလောက်အောင် ဆိုးဝါးအဖတ်ဆယ်မရတဲ့ ကိစ္စလည်း မဟုတ်ဘူး၊ ရှက်ရလောက်အောင်လည်း မင်း လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးတာ မဟုတ်ဘူး၊ မင်းနဲ့ငါ လင်မယား၊ အဲဒါကို ခေါင်းထဲ မှတ်ထားဦး"

ညိုချစ်ဆိုင်သည် ပန်းကို မအော်စဖူး ဒေါသတကြီး အော်ပြောမိကာ အခန်းထဲက လှည့်ထွက်ပြီး အခန်းတံခါးကို အသံမြည်အောင် ဒုန်းခနဲ ပိတ်ပစ်ခဲ့လေသည်။ အပြင်မှာ ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက် အသက်ပြင်းပြင်း ရှူနေမိပြီး ဆုံးဖြတ်ချက်ချကာ သူ့ဖုန်းကိုထုတ်၍ နှစ်နေရာကို ဖုန်းဆက်လိုက်ပါသည်။ သူ့အမေထံနှင့် ပန်းရဲ့အမေထံကို။ ခုချက်ချင်း အိမ်ကိုလာခဲ့ကြဖို့။ အဲဒီနောက် ဧည့်ခန်းထဲမှာပဲ သူစိတ်လှုပ်ရှားစွာ ထိုင်ကာစောင့်နေလိုက်သည်။

အကွာအဝေး ပိုနီးတဲ့ ပန်းရဲ့အမေက အရင်ရောက်လာပါသည်။ အသက်ပြင်းပြင်းရှူကာ မျက်နှာတွေ နီမြန်းချွေးပြန်နေတဲ့ သမက်လုပ်သူကို မြင်လျှင်မြင်ချင်း အလန့်တကြားဖြစ်သွားတဲ့ ပန်းရဲ့မေမေကို သူ စကားတွေ အမြီးအမောက်မတည့်နှင့် ကမူးရှူးထိုး ရှင်းပြပြောဆိုနေတုန်းပင် သူ့ရဲ့အမေနှင့်အစ်မဖြစ်သူပါ ရောက်လာကြပါသည်။

သူတို့ စကားထိုင်ပြောနေဖြစ်သည်မှာ နာရီဝက်လောက်တော့ရှိမည်။ ဇာတ်ကြောင်းကို လိပ်ပတ်လည်လျှင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရဲ့ အိမ်ထောင်ရေး အနေအထားကို ခုမှ သေချာသိသော ပန်းရဲ့မေမေက ဒေါသတကြီး ဖြစ်လာသည်။

"ဒါတွေ အစောကြီးကတည်းက မေမေ့ကို ပြောပြသင့်တယ် သား၊ ဒီကောင်မလေး သူစိတ်ထင်သလို နေထိုင်ပြုမူနေတာတွေ ဒီထက်စောစောကတည်းက ပြောခဲ့ပါတော့လား၊ အခုဆို အိမ်ထောင်သက်ပဲ တစ်နှစ်ကျော်နေပြီ၊ ဒါတွေ ခုထိ ဒီလိုဖြစ်နေတာ ခုမှ သိရတယ်"

"ဒါနဲ့ ညီ၊ ဒါ... ဒါဆို အခု ပန်းလေးမှာ ကိုယ်ဝန်တကယ်ရှိနေပြီပေါ့နော်၊ ဝမ်းသာလိုက်တာဟယ်"

"ဟုတ်ပါတယ်... ပန်းမှာ ကိုယ်ဝန်ရှိနေပြီ မမ၊ ကျွန်တော်သူ့ကို လုံးဝစိတ်မချဘူး၊ ယုံလည်း မယုံဘူး၊ သူ တစ်ခုခုလုပ်မှာ ကျွန်တော် စိုးရိမ်တယ်၊ ဒီကိုယ်ဝန်ကို တစ်ခုခုလုပ်လိုက်မှာ စိုးတယ်၊ သူက အသည်းမာတယ် မေမေ၊ မေမေ့သမီးက သိပ်အသည်းမာတယ်၊ ကျွန်တော့်အပေါ် အသည်းမာပါ၊ ကြိုက်သလို ရက်စက်ပါ၊ ကျွန်တော်ခံနိုင်ပါတယ်၊ ဒီကလေး... ဒီရင်သွေးလေး အပေါ် သူ... သူ... ရက်ရက်စက်စက်..."

ပြောရင်းက ညီချစ်ဆိုင်ရဲ့ အသံက တစ်ဆို့တိမ်ဝင်သွားကာ သူ့မျက်လုံးအိမ်မှ မျက်ရည်စတချို့ စီးကျလာခဲ့သည်။ သူ မျက်ရည်ကျမိပြီ။ သူ ငိုမိပြီ။ နှစ်နဲ့ချီပြီး မျိုသိပ်အောင့်အည်းနေခဲ့ရသော ခံစားချက် အစိုင်အခဲတို့က မျက်ရည်အဖြစ် အသွင်ပြောင်းကာ ပွင့်အန်ထွက်လာခဲ့ပါသည်။





ညီချစ်ဆိုင်ရဲ့ အမေကတော့ စိတ်ပျက်ခြင်း၊ စိတ်မကောင်းခြင်းတို့နှင့် ဘာစကားမှ မဆိုနိုင်အောင် နှုတ်ဆိတ်၍ ငိုင်နေသည်။

"သား... မေမေ နားလည်တယ်၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့ သား၊ ဒီကိစ္စ မေမေ ဖြေရှင်းပေးပါ့မယ်"

"မေမေ ဘယ်လိုဖြေရှင်းမှာလဲ၊ လူကြီးတွေ ကွယ်ရာကျသူလုပ်ချင်သလို လုပ်နေဦးမှာ၊ ကျွန်တော် စိတ်ဒုက္ခရောက်နေရဦးမှာ"

"သားတို့လင်မယား ဒီကလေးလေး မွေးမပြီးမချင်း မေမေတို့အိမ်ကို ပြောင်းနေကြ၊ ကလေးမွေးပြီးမှ အိမ်ပြန်ခွဲနေကြ၊ ဒီနည်းပဲ အကောင်းဆုံးရှိတယ်"

❖ ❤ ❖

ဦးဆောက်ပန်းရဲ့ မိဘအိမ်ကို ပြောင်းရွှေ့နေလိုက်တဲ့ အချိန်ကစပြီး သူတို့နှစ်ယောက်ဟာ တစ်ခန်းတည်း တစ်ခုတင်တည်းက တစ်မွေ့ရာတည်းမှာ အမှန်တကယ် လင်မယားပီပီသသ စုံတွဲများလို ခံ့ခံ့ညားညား ယှဉ်တွဲအိပ်စက်ခွင့် ရသွားခဲ့တယ်ရယ်လို့ ညီချစ်ဆိုင်က ဘဝင်ကျရသည်။

ယောက္ခမအိမ်မှာ အဆင်မပြေစရာ ဘာမှမရှိပါ။ ပန်းရဲ့ဖေဖေက အေးဆေးသူဖြစ်ပြီး ပန်းရဲ့မေမေက သူ့သမီးဘက်



www.burmeseclassic.com

www.burmeseclassic.com



က အလွန်တွေ၊ အမှားတွေ၊ ရစ်တာတွေ၊ ပြဿနာပေးတာတွေ၊ မယားဝတ် မကျေတာတွေ တစ်ခုမကျန် အားလုံးကို အစင်းသား သိလေရာ ညို့ချစ်ဆိုင်ကို မျက်နှာသာပေး အရေးပေး ဆက်ဆံလျက် သူ့သမီး အချိုးမပြေလျှင်လည်း ဟန့်ဖော် ထိန်းဖော်ရလေသည်။

အင်း… အိမ်ထောင်ကျကတည်းက ယောက္ခမအိမ်နေလိုက်ရ ကောင်းသားလို့ သူတွေးမိသည်။ ပန်းရဲ့မေမေသာမက အိမ်ခွဲနေသော ပန်းရဲ့မမကြီးတို့ စုံတွဲကလည်း အိမ်ကို မကြာမကြာ ရောက်လာကာ အမေနှင့် တစ်တပ်တစ်အား ကူလျက် ပန်းကို အမြင်မတော်သမျှ ဝေဖန်ကြိမ်းမောင်းလေသည်။ သူ့မှာ ပန်းကိုသနားပင် သနားလာရတဲ့ထိပင်။

“မိပန်း… မိပန်း၊ ဘာလုပ်နေလဲ၊ အပြင်ထွက်ခဲ့စမ်း၊ တစ်နေ့ တစ်နေ့ အခန်းအောင်းပြီး ဘာလုပ်နေတယ် မသိဘူး၊ ဘာအလုပ်မှလဲ တစ်ခုမှ ဝင်မလုပ်ဘူး၊ အဖေကြီးလည်း ပြန်ရောက်ပြီ၊ မောင်ညိုလည်း ပြန်ရောက်ပြီဆိုရင် မကြာခင် ထမင်းစားကြတော့မှာ သိသားနဲ့ ထမင်းဝိုင်းလေး ဘာလေး လာကူပြင်ပါလား”

“အာ… မေမေကလည်း၊ လုပ်မယ့် ကိုင်မယ့် သူလည်း နှစ်ယောက်တောင်မှ သူတို့တောင် အားလွန်းလို့ နားနေရတာ၊ မေမေက စီမံကြီးကြပ်နေသေးတာ၊ သမီးက ယောင်ခြောက်ဆယ်နဲ့ ဘာလုပ်နေရမှာလဲ”





“အမယ်လေး… ညည်းယောင်ခြောက်ဆယ် လုပ်နေလို့ မအေက ကြီးကြပ်နေရတာ၊ ညည်း ကြီးကြပ်ပါလား၊ ညည်း အိမ်ရှင်မလေ၊ ငါက အသက်ကြီးလာပြီ၊ ညည်းသာ စီမံခန့်ခွဲရင် ငါ သက်သာတာပေါ့ မိပန်းရယ်”

“မေမေဟာလေ ပန်းကို ဘာဖြစ်လို့ အမြဲပဲ ပြဿနာရှာချင်တယ်ဆိုတာ စဉ်းစားလို့ကို မရဘူး၊ တကယ်ဆို ကိုယ့်သမီး ကိုယ်ဝန်ဆောင်သည် ဖြစ်နေတာ ဘာမှမခိုင်းရက် မစေရက် ဖြစ်ရမှာ၊ သမီးက ဖွတ်ဝင်လုပ်နေရင်တောင် မေမေက တားရဦးမှာ”

“ကိုယ်ဝန်ဆောင်သည် ဘာဖြစ်လဲ၊ မိန်းမဆိုတာ အိမ်ထောင်ကျပြီး ကိုယ်ဝန်ရှိတာ မိုက်ကြီးတာ ဆန်းသလား၊ မေမေတို့လည်း ဒီလိုပဲ လုပ်ရင်းကိုင်ရင်းနဲ့ ညည်းတို့ ညီအစ်မနှစ်ယောက်ကို မွေးလာတာပဲ၊ လှုပ်လှုပ်ရှားရှား လေးနေ ကျန်းမာရေးနဲ့တောင် ပိုညီညွတ်သေးတယ်၊ ဗိုက်ထဲ ရင်သွေးလေး ရှိနေတယ် ဆိုတာကလွဲရင် လူက အကောင်းကြီးကို၊ မကျန်းမာတာမှ မဟုတ်တာ၊ လုပ်စရာ ရှိတာ လုပ်လို့ရတယ်”

“မေမေနော်… တကယ်ပဲ၊ ပန်းက သမီးရင်းမှ ဟုတ်ရဲ့လား၊ မွေးစားသမီးများ ဖြစ်နေလားတောင် တွေးမိတယ်၊ ဘယ်တော့မှ ကြင်ကြင်နာနာ ချိုချိုသာသာ မရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ညည်း အချိုးအချိတ်က ကြင်နာစရာ ချိုသာစရာ ကောင်းနေလို့လား ဦးဆောက်ပန်း၊ ငါကြည့်နေတယ်၊ ယောက်ျားကို ကော်ဖီတစ်ခွက် ငှဲ့ပေးတာတောင် တစ်ခါမှ မတွေ့ဖူးဘူး၊ မျက်နှာထားကလည်း သူက ရာကျွေးနေရသလို ရှစ်ခေါက်ချိုးနဲ့ စကားဟက်ဟက်ပက်ပက် တီတီတာတာ ပြောသလားဆိုတော့လည်း တစ်ခါမှ မမြင်ဘူး၊ မောင်ညို့ တစ်ယောက်ဟာ ဦးဆောက်ပန်းကို လူမမြင်ကွယ်ရာမှာ ဘယ်လောက်တောင် အကျင့်ဖျက်ထားတယ် မသိဘူး၊ ဘယ်လိုများ သည်းညည်းခံနေတယ် မစဉ်းစားတတ်ဘူး"

ထိုစကားတို့ကြားတွင် ညိုချစ်ဆိုင်မှာ အနေခက်လျက်...

"ကိစ္စမရှိပါဘူး မေမေရယ်၊ ပန်း နေတတ်သလိုနေတာ ကျွန်တော် အဆင်ပြေပါတယ်"

"မင်း အဆင်ပြေမယ့် မေမေ အဆင်မပြေဘူး မောင်ညို့ရေ၊ သမီးရယ်၊ ချွေးမရယ်၊ သားရယ်၊ သမက်ရယ် မခွဲခြားဘူး၊ အိမ်ထောင်တစ်ခုမှာ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အခြေအနေ အနေအထားမျှခြေလေး ရှိရမယ်၊ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ အိမ်ထောင်ရေးတစ်ခုက ဘယ်လိုသာယာမလဲ သား၊ မသာယာတော့ ကြာကြာခံမလား တကယ်တမ်း အမေတစ်ယောက်က မှန်မှန်ကန်ကန် ချင့်





တတ်ရင် ကိုယ့်သမီးရဲ့အိမ်ထောင် ရေရှည်တည်တံ့သာယာနိုင်မြဲဖို့ကို ဦးစားပေးကြည့်ရမယ်၊ လတ်တလော သူဖြစ်ချင်သလို ဖြစ်ပါစေလို့ အလိုမလိုက်ရဘူး၊ အဲဒါ နှစ်တာခေါ်တယ်...

ပန်းဟာ အစကတည်းက ကတ်ဖိုးကတ်ဖဲ့ ပြန်မပြော နားမထောင်၊ မနည်းထိန်းရ ဆုံးမရတာ၊ အခု သားနဲ့ အိမ်ထောင်ကျပြီး တစ်နှစ်ကျော် ခွဲနေလိုက်ရပြီးမှာ ဆယ်ဆဆိုးလာတယ်၊ အိမ်ထောင်တစ်ခုမှာ လင်က လင့်ဝတ္တရား ကျေရမယ်၊ မယားက မယားဝတ္တရား ကျေရမယ်၊ ကိုယ့်စိတ်ချည်းပဲ လုပ်နေလို့ မရဘူး၊ သား ဒီလိုသာ အလျှော့ပေးပြီး နေချင်သလို နေပါစေလို့ ပစ်ထားရင် သူ ဘယ်တော့ အချိုးပြင်မလဲ၊ ကလေးအမေ ဖြစ်တော့မယ်လေ၊ သားကလည်း သူ့ကို ပြင်ပေးရမယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ဒါပေမဲ့ အခုကတော့ သူလည်း မပေါ့မပါးတဲ့ အချိန်ကာလ ဖြစ်နေတော့ သူ သက်သောင့်သက်သာ စိတ်ချမ်းသာ လက်ချမ်းသာ ရှိတာမဲ့ ကျွန်တော် မြင်ချင်ပါတယ်"

"ဘာမှ မပေါ့မပါး မဖြစ်ဘူး၊ ခုနစ်လ ရှစ်လ ဗိုက်ကြီးကော့နေပြီဆိုရင်တော့ တစ်မျိုးပေါ့၊ မေမေတို့ဖြင့် ဗိုက်ထဲကလေးရှိတာ သတိတောင် ပြုမနေနိုင်ဘူး၊ လုပ်စရာရှိတာ လုပ်ရတာပဲ၊ မေမေတို့ အိမ်ထောင်ဦးကဆို သူ့လို သူဌေး



www.burmeseclassic.com

www.burmeseclassic.com



ကတော်လို နေရတာ မဟုတ်ဘူး၊ ရုန်းကန်ခဲ့ရသေးတယ်၊ ယောက်ျားက တာဝန်နဲ့ ဝတ္တရားနဲ့ ဆိုတော့ ကိုယ်က အိမ်မှုကိစ္စ ဗာဟီရနိုင်နင်းအောင် လုပ်ရတာပဲလေ၊ အလုပ်သမား အကူလည်း မငှားနိုင်ခဲ့သေးပါဘူး၊ ကိုယ့်ဟာကိုယ် အကုန်လုပ်ရတာ၊ အခု သူ့မှာ လုပ်မယ့် ကိုင်မယ့်သူတွေ အသင့်၊ နမ်းဖြူးရုံလေး ဝင်ဖြူးရမှာကို ပေကတ်ပြီး တာဝန်မဲ့နေတာ၊ နည်းနည်းမှ ကြည့်မရဘူး"

ပန်းက ရှုပုပ်ရှုံ့တွ ဆောင့်အောင့်နေပါသည်။

"မိပန်း လာစမ်း၊ ဖေဖေနဲ့ မောင်ညို ထမင်းစားခါနီး ကန်စွန်းရွက်နဲ့ မှိုလေးကြော်ပေးစမ်း၊ သူ့လက်ရာ မောင်ညို တစ်ယောက် တစ်သက်နဲ့တစ်ကိုယ် စားဖူးပုံလည်း မရဘူး၊ ကိုယ့်ယောက်ျားကို ဟင်းလေး ဘာလေး ချက်ကျွေးဖို့လည်း စိတ်ကူးပုံမရ၊ သူက ဘာချက်ချက် လက်ဆိပ်ရှိတယ်၊ စားကောင်းတယ်၊ အချက်အပြုတ် မုန့်ဖုတ်သင်တန်းတွေ လည်း တက်ထားသေးတာလေ သားရေ၊ ဒီနေ့ သူ့လက်ရာ မြည်းကြည့်တော့"

"မေမေ... ပန်း ခေါင်းထဲက မူးနောက် မူးနောက် ဖြစ်နေတယ်၊ မှိုကန်စွန်းက ဒေါ်ပိုပဲ ကြော်နိုင်းလိုက်ပါနော်၊ သူကြော်တာ အရမ်းကောင်းတာ၊ ပန်းခဏလေး လှဲနေလိုက်ဦးမယ်"





ပန်း လူလည်ကျတယ်လို့ပဲ ထင်ပေမယ့် တကယ်ပဲ ခေါင်းမူးနေလား၊ စိုးရိမ်ခြင်းနှင့် ညိုချစ်ဆိုင်က အခန်းထဲ ဝင်လာကာ ကြည့်မိလျှင် ဦးဆောက်ပန်းက မချိုမချဉ် နှုတ်ခမ်းလေး ချွန်မေးပင့်တဲ့ ပုံစံနှင့်။

"ဟွန်း... ရှင့်ကို ချက်မျှားကျွေးမလား အိပ်မက်,မက်မနေနဲ့၊ အဝေးကြီးပဲ"

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

မြည်လာတဲ့ဖုန်းကို ညီစေက ထုတ်ကြည့်လိုက်လျှင် ဖုန်းမျက်နှာပြင်မှာ "ရွှေစင်"ဟု အမည်စာလုံး ပေါ်နေသည်။ ငယ်သူငယ်ချင်းတွေအဖြစ် ဖုန်းနံပါတ်တွေကို အရေးအကြောင်း ရှိလျှင် ဆက်သွယ်နိုင်ရန် အလို့ငှာ မှတ်ထားဖြစ်သော်လည်း ဖုန်းအဆက်အသွယ် အသွားအပြန်ဆိုတာ မရှိကြသလောက်ရှား သည်။

"ဘယ်သူလဲ... ရွှေစင်တဲ့"

ညီစေ့ နံဘေးမှ မိန်းကလေးက ဖုန်းကို သူပါမြင် ရအောင် ကိုင်း၍ကြည့်လိုက်ရင်း ပိုင်စိုးပိုင်နင်း မေးခွန်းထုတ် လိုက်ပါသည်။ ညီစေက နှုတ်ခမ်းဝမှာ လက်ညှိုးတစ်ချောင်းကပ် ၍ "ရှူး"ခနဲ တိတ်တိတ်နေဖို့သာ အချက်ပြလိုက်ပြီး ကောင်မ လေးရဲ့အမေးကိုမဖြေ ဖုန်းကို နှိပ်ဖွင့်လိုက်ရင်း...

"အေး... ရွှေစင်လား"

"ဟယ်လို... အေး... ညီစေ၊ ငါပါ... ရွှေစင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး… ပြော…"

"နင်… နင် အားနေလား ညီစေ၊ ငါဆိုလိုတာက ဖလိုက်ရှိလား၊ အလုပ်ရှိလား"

"လောလောဆယ်တော့ ငါ အားနေပါတယ်၊ မနက်ဖြန်မှ ဗန်ကောက်ကို ပျံရမယ်၊ ပြောလေ ရွှေစင်… ရပါတယ်၊ နေကောင်းလား"

"အေး… နေကောင်းပါတယ်၊ ငါ နင်နဲ့တောင်တွေ့ချင်တယ်ဟာ"

"ဟုတ်လား… ကိစ္စရှိလို့လား ရွှေစင်"

"အင်း… ပြောချင်တာတွေ ရှိတယ်ဟာ၊ နင်က အခု အိမ်မှာလား"

"ငါ အပြင်မှာပါ၊ ဆီဒိုးနားမှာ ရှိနေတယ်၊ ညွှန့်သည်တစ်ယောက်နဲ့ ကော်ဖီသောက်နေတယ်၊ နင် အရေးကြီးလို့လား၊ ဒီနေ့ တွေ့ချင်တာလား၊ နင်က ဘယ်မှာလဲ"

"ဒါဆို နီးနီးလေးပဲ၊ အခု နင်အားရင် တွေ့ရအောင်၊ ငါက ရန်ကင်း(…)တိုက်တွေမှာပဲ၊ beauty salon ဖွင့်ထားတယ်လေ၊ နင် သိတယ် မဟုတ်လား၊ ဆိုင်မှာ ငါရှိနေတယ်၊ ပြီးတော့ ငါတို့ ဆိုင်ဘေးမှာလည်း ထိုင်လို့ကောင်းတဲ့ ကော်ဖီနဲ့ ဒရင့်ခ်ရတဲ့ ဆိုင်လေးတစ်ခုရှိတယ်၊ နင်လာခဲ့မလား ညီစေ"





"ရတယ်၊ ငါ လာနိုင်တယ် ရွှေစင်၊ ညွှန့်သည်ကိုတော့ ငါ ပြန်ပို့လိုက်ဦးမယ်၊ နီးပါတယ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒိုတင်ပါ၊ ငါ နာရီဝက်အတွင်း ရောက်အောင်လာလို့ ရပါတယ်"

"အေး… ဒါဖြင့် လာခဲ့ဟာ"

"လာတာတော့ ဟုတ်ပြီ၊ ဒါပေမဲ့ နင် ဖုန်းဆက်ပုံက တစ်မျိုးဖြစ်နေတယ်၊ နင် ငါ့ဆီ ဖုန်းမဆက်တာ၊ ငါတို့ဖုန်းမပြောဖြစ်ကြတာ နှစ်တွေတောင် ချီနေပြီလေ၊ အခုချက်ချင်း ရုတ်တရက်ကြီး တွေ့ချင်တာ အရေးကြီးတဲ့အကြောင်းကိစ္စ တစ်မျိုးမျိုးတော့ ရှိလိမ့်မယ် ထင်တယ်"

"အင်း… အဲလိုပါပဲဟာ"

"ငါ စိတ်တွေ လှုပ်ရှားလာတယ်၊ ငါ့စိတ်ထဲ တစ်မျိုးဖြစ်လာတယ်၊ ဘာကိစ္စလဲဆိုတာ ငါ့ကို ပြောပြလို့ ရမလား"

"………"

"ခေါင်းစဉ်လောက်ပဲ ကြိုပြောလို့ မရဘူးလား၊ လာတာက ငါလာမှာပါ၊ ဒါပေမဲ့ အခု အရမ်းသိချင်လာပြီ၊ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာတယ်၊ လန့်လည်း လန့်လာတယ်"

"နင် သိပ်စိတ်မလှုပ်ရှားပါနဲ့၊ ကားမောင်းလာတာ အန္တရာယ်ဖြစ်နေဦးမယ်၊ ခေါင်းစဉ်ကတော့ ပန်းပါ…၊ ဦးဆောက်ပန်း ကိစ္စပါဟာ"

"………"



www.burmeseclassic.com

www.burmeseclassic.com



ညီစေ့ လည်ချောင်းများ ပူပြင်းခြောက်သွေ့သွား ပါသည်။ သူ့ကို ပန်းနဲ့ပတ်သက်ပြီး ပြောခဲဆိုခဲလှတဲ့ ပြောကို မပြောသလောက် ရှောင်ရှားကြတဲ့ သူငယ်ချင်းများ တစ်ပတ် အတွင်းမှာ ဟိုတစ်နေ့က စွမ်းထက်၊ အခုတစ်ခါ ရွှေစင်၊ ပန်း အကြောင်း တကူးတကပြောဖို့ ကြိုးစားလာကြသည်မှာ ထူးခြား ဖြစ်စဉ်ပဲ။

ညီစေ တဒိတ်ဒိတ် ခုန်လာသော ရင်နှင့် ထူပူပူဖြစ် လာသော ခန္ဓာကိုယ် ကျပ်ဆို့ဆို့ ဖြစ်လာသော လည်ချောင်းများ ကြောင့် ရှေ့စားပွဲပေါ်မှ ရေဖန်ခွက်ကို လှမ်းယူ၍ မော့သော ချလိုက်သည်။

"ပန်း ဘာဖြစ်လို့လဲ"

"………"

"ပန်း နေမကောင်းဘူးဆိုတဲ့ အကြောင်းလား"

"ညီစေ… နင်… နင်… ဘယ်ကကြား…"

ဟိုတစ်နေ့က တကူးတကကြီး ချိန်းခေါ်ပြီးမှ ဘာ မှလဲ အကြောင်းရင်း မယ်မယ်ရရမရှိ၊ စကားပင် များများမပြော ပဲ ပန်း နေမကောင်းဘူး တစ်ခွန်းသာ စွမ်းထက် အသိပေးစဉ် သူ ရိုးရိုးသာမန်လောက် တွေးမိခဲ့သည်။ ဗိုက်အောင့်, ဖျား တုတ်ကွေး စသည်ဖြင့် ပန်း နေမကောင်းတုန်း စွမ်းထက်သ စကား ကြားသိရတာမျိုးလောက် ထင်ခဲ့သည်။ ခုလို တစ် အတွင်း နောက်ထပ်တစ်ယောက် ထပ်ဆက်၍ ပန်းအကြောင်း





လို့ မပြောစဖူး ခေါင်းစဉ်တပ်ပြန်တဲ့ အခါတွင်တော့ ဒါဟာ အမှားအယွင်း တစ်ခုဖြစ်ပြီလို့ သူ ရုတ်ခြည်းတွေးမိပြီ။

"ငါ စွမ်းထက်နဲ့ တွေ့တယ်၊ ပန်း သိပ်နေမကောင်းဘူး တစ်ခွန်းပဲ ပြောသွားတယ်၊ တခြား ဘာမှမပြောဘူး၊ အဲဒီ ကိစ္စလား ရွှေစင်"

"အေး…၊ နင် ဘာမှ ထူပူမသွားနဲ့ဦး၊ ကားဖြည်းဖြည်း မောင်းခဲ့ဦး၊ ဘာမှ မဟုတ်သေးဘူး သိလား၊ ဘာမှမဟုတ် သေးဘူး"

"အေး… ငါအခုလာပြီ"

ညီစေက ကားသော့ ကောက်ကိုင်ကာ ထ,ရပ် လိုက်သည်။ ဘာမှ မဟုတ်သေးဘူးတဲ့။ မဟုတ်သေးဘူးဆိုတာ ခကြာခင် ဟုတ်မည့်စကား အဓိပ္ပာယ် အသွားအလာကို နားလည် သည်။ သူ့ကို မကျေမနပ် မော့ကြည့်လိုက်တဲ့ မိန်းကလေးကို ထ,ရပ်ဖို့ လက်ဖျားလေးများနှင့် အချက်ပြရင်း…

"ပြန်ပို့မယ်နော်၊ နောက်မှ ပြန်ချိန်းတာပေါ့"

"ဘယ်သူ့မို့လို့ အဲလောက် အရေးတကြီး ဖြစ်ရတာလဲ"

ကောင်မလေးက စူဆောင့်ဆောင့်မေးရင်း ထ,ရပ် လိုက်ပါသည်။ ညီစေက ကောင်မလေးရဲ့ ခေါင်းပေါ် တစ်ချက်မျှ ပုတ်၍ နှစ်သိမ့်လိုက်ရင်း…

"လိမ္မာတယ် ကလေးက၊ နောက်တစ်ခေါက်မှ ချက်ထရီ ယမ်မှာ ဒင်နာကျွေးမယ်နော်၊ လာ… မြန်မြန်သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့က ခြေလှမ်းကျဲနှင့် လျှောက်နှင့်ပြီမို့ ကောင်မလေးက အပြေးတစ်ပိုင်း ပါလာသည်။ နောက်က မေးခွန်းဆက်တိုက် ထုတ်လာသည်။

"ပန်းဆိုတာ ဘယ်သူလဲ"

"………"

"ပန်းဆိုတာ ဘယ်သူလဲလို့"

ကားနား ရောက်ချိန် ထပ်မေးပြန်တာမို့ ညီစေက ခပ်စိုက်စိုက် လှမ်းကြည့်လိုက်ပါသည်။ ဘယ်လိုဖြေရမလဲ။ ပန်းဆိုတာ ဘယ်သူပါလို့ ညွှန်းဆိုဖို့ရာ သူ့မှာ လုံလောက်တဲ့စကားလုံးမှ မရှိတာ။ လက်ညှိုးထောင် နှုတ်ခမ်းကပ်၍ ထပ်မမေးဖို့ "ရှူး"ခနဲသာ ဟန့်တားလိုက်ပါသည်။

❖ ❤ ❖

ညိုချစ်ဆိုင်သည် အကာအရံ မတက်ရသေးတဲ့ သူရောက်နေသော ရှစ်လွှာအထပ်ပေါ်မှ လမ်းမဘက်နှင့် နီးရာဆီ လျှောက်လာခဲ့ရင်း ရှေ့က ကျောက်လမ်းပေါ် ကြည့်လိုက်ပါသည်။ အောက်က သူ့တပည့်လေးက "အစ်ကို ဧည့်သည်တစ်ယောက် ရောက်နေပါတယ်"ဟု ဖုန်းဆက်ပြောတာမို့ ဘယ်သူများလဲ မြင်ရအောင် အပေါ်မှ လှမ်းကြည့်တာပင်။ သူ့အလုပ်ကိစ္စ မိတ်ဆွေတချို့ကိုတော့ တပည့်တွေ သိကြပေမယ့် အပေါင်းအသင်းတိုင်းကိုတော့ မသိနိုင်။ သူတို့ မမြင်ဘူးတဲ့သူ ဖြစ်မည်။





သူတို့အဆောက်အအုံ ဆောက်နေတဲ့ လမ်းဟာ လမ်းသွယ် ဖြစ်ပေမယ့် သိပ်မကျဉ်းလှ။ ကားနှစ်စင်းစာ ချောင်ချိ စွာ သွားသာသည်။ တိုက်ရှေ့ မျက်စောင်းထိုးလောက်မှာ အနက်ရောင် ရိန်းချ်ရိုဗာကားတစ်စီး ရပ်ထားကာ ကားဘေးမှာ လူတစ်ယောက် ရပ်နေသည်။ ရေဘဲန်မျက်မှန်အနက်နှင့် စပို့ရှပ်လက်တို ဖြူဆွတ်ဆွတ်၊ ဘောင်းဘီအနက်နှင့် ထိုလူကို ညိုချစ်ဆိုင် ခဏ ငေးစိုက်ကြည့်နေမိသည်။

ထိုသူက သူတွေ့လိုတဲ့ ညိုချစ်ဆိုင်ဟာ ဟိုးရှစ်ထပ်အမြင့်မှာဟု ထင်ဟန်မတူဘဲ အဆောက်အအုံရဲ့ အောက်ဆုံးထပ်ကိုသာ လှမ်းကြည့်နေကာ သူ့ရဲ့ရေဘဲန်ကို ဆွဲဖြုတ်လိုက်ပါသည်။ မြင့်မားတဲ့အရပ် ဖြူဖွေးဝင်းဆွတ်တဲ့ အသားအရေ၊ ပုံကျသပ်ရပ်တဲ့ ဆံပင်၊ မျက်ခုံး မျက်လုံး ထင်ထင်ပေါ်ပေါ်တို့နှင့် တော်တော်ကို ကြည့်လို့ကောင်းတဲ့ အဲဒီလူဟာ အချိန်ကာလ ဆယ်နှစ်လောက်အတွင်းမှာ အနည်းငယ် ပိုမိုပြည့်ဖြိုးလာသယောင် ရှိပေမယ့် ခုထိ ကျစ်လျစ်သွယ်လျဆဲပါပင်။ လေဆိပ်ဧရိယာနားတစ်ဝိုက် သူရောက်ခဲ့တိုင်း အမြဲပဲ ငေးကြည့်အားကျ မနာလိုခဲ့ရတဲ့ ညီစေ။

ညိုချစ်ဆိုင်က နောက်ဖက်ကို ပြန်၍ဆုတ်လိုက်သည်။ အစပ်နားမှာ သူ ရှိမနေတော့တဲ့အတွက် အမှတ်တမဲ့ လှမ်းမော့ကြည့်မိတောင် သူ့ကို မတွေ့နိုင်တော့ပါ။ ညိုချစ်ဆိုင်ရဲ့ ရင်ထဲမှာ ဘာမှန်း ပြောပြရခက်သော ခံစားချက် တစ်စုံတစ်ရာက လူးလွန့်လှုပ်ရှားလာသည်။ သူ့ကို ညီစေ ရုတ်တရက် ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ရသလဲ။ သူတို့နှစ်ယောက် တွေ့စရာ ဘာအကြောင်းမှ မရှိတာ။ ဒီလူ တော်တော်ရဲတင်းပါလား။

ညီစေနှင့် ပတ်သက်၍ သူ့စိတ်ထဲ စိုးရိမ်ထိတ်လန့် ပူပန်ခြင်းတို့ ပြန်လည်စတင်ခဲ့တာ မနှစ်က။ တစ်ချိန်က ပန်းပြော ခဲ့ဖူးသည်။

"တကယ်လို့များပေါ့နော်၊ ညီ့အမေ ဒေါ်သင်းသင်းမော် မရှိတော့ဘူး။ သေပြီဆိုတဲ့အခါမှာ ကျွန်မကို ပြန်စဉ်းစား ခွင့်ပေးပါလား"

လက်ထပ်ဖို့ တစ်ပတ်အလိုမှာ ပန်းပြောခဲ့ဖူးတဲ့ အဲဒီစကားကို သူ မမေ့ပါ။ တိုက်ဆိုင်မှု တစ်စုံတစ်ရာရှိတိုင်း သတိရမိတဲ့စကား။ မနှစ်ကတော့ ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်း မာမာသာ ရှိနေသေးတဲ့ ဒေါ်သင်းသင်းမော် နှလုံးရောဂါနှင့် ရုတ်တရက် ကွယ်လွန်ခဲ့သည်။ အဲဒီအကြောင်းကို သူ့ကို ဘယ်သူမှ မပြောသေးဘဲ သူ့ဟာသူ တိုက်တိုက်ဆိုင်ဆိုင် သိခဲ့တာ။

အလုပ်ခွင်မှာ သတင်းစာတစ်စောင်ကို ကောက်လှန် ရင်း နာရေးစာမျက်နှာက နာမည်တွေကို ခပ်ရှမ်းရှမ်း ဖတ်မိရင်း ကပဲ ဒေါ်သင်းသင်းမော်၊ အသက်(၅၈)နှစ်ဆိုတဲ့ နာရေးကြော်ငြာ ကို ဖတ်မိတဲ့တစ်ခဏ၊ သူ့ဦးနှောက်ထဲ ဘယ်ချောင်ကြိုချောင် ကြားက မှတ်မိနေတယ် မသိတဲ့ ထိုအမည်ကို သူ အာရုံစိုက် လိုက်မိသည်။ နာရေးအောက်က သတင်းကို ကမန်းကတန်း ဖတ်လျှင် ညီစေ ဆိုတဲ့အမည်နှင့် Air Line အမည်ကို တွေ့တဲ့ တစ်ခဏ သူ တုန်လှုပ်သွားခဲ့ပါသည်။





လက်မထပ်ခင် ပန်း ပြောခဲ့တဲ့ စကားတစ်ခွန်းကို ပြန်ကြားယောင်လျက် တုန်လှုပ်ချောက်ချားမိတဲ့ အဖြစ်ဟာ အဓိပ္ပာယ် ရှိလေသလား မရှိလေသလား သူ မသိပါ။ လွန်ခဲ့တဲ့ ဆယ်နှစ်က အခြေအနေ၊ အဲဒီတုန်းက စကားတစ်ခွန်းဟာ ခု အခြေအနေ ခုအချိန်အခါမှာ ဘယ်လောက်ထိ တရားဝင်နေမယ် ခိုင်မာနေဦးမယ် သူ မပြောတတ် မတွေးတတ်။ ဦးဆောက်ပန်း ဆိုတဲ့ မိန်းမတစ်ယောက်ဟာ တစ်သမတ် ခန့်မှန်းရခက်ခဲသည့် မိန်းမတစ်ယောက်ဆိုတာ သူ ဆယ်နှစ်တာ အတွေ့အကြုံအရ သိခဲ့ပြီလေ။ ပုံသေတွက်လို့မရ။ လူကိုးဆယ့်ကိုးယောက် ခေါင်း ညိတ်မယ့် ကိစ္စကို သူ ခေါင်းခါရင်ခါမှာ ဖြစ်သလို လူပေါင်း အသိန်းအသန်း လက်မခံနိုင်မည့် အနေအထား တစ်ရပ်ကို သူ လက်ခံချင် လက်ခံမည့် မိန်းမစား။ သူမစိတ်ဟာ အစိုးမရ။

ထိုနေ့က သူ စိတ်လှုပ်ရှား ရှုပ်ထွေးစွာ အိမ်ကို စောပြန်ခဲ့သည်။ သူ အိမ်ရောက်ချိန်တွင် ဦးဆောက်ပန်းက ဖုန်း ပြောနေပါသည်။ သူရောက်လာတဲ့အတွက် ဝရန်တာကို ထွက်သွား ကာ ဖုန်းဆက်ပြောနေသည်။ ဘယ်သူနဲ့ ဘာပြောနေသလဲ ဝရန် တာထိ လိုက်နားထောင်ဖို့ရာကိုတော့ ညီ့ချစ်ဆိုင်ရဲ့ စရိုက်သဘာဝ က မတိုက်တွန်းပေ။ ဖုန်းပြောပြီး ပြန်ဝင်လာမည့် ဦးဆောက်ပန်း တို့ ခုတင်စွန်းမှာထိုင်၍ ငူငူကြီး စောင့်နေမိသည်။

"ရှင် နေမကောင်းဘူးလား"

အခန်းထဲဝင်လာသော ဦးဆောက်ပန်းက မေးလျှင် သူ ခေါင်းသာညိတ်လိုက်သည်။ သူ ညာတာမဟုတ်။ သူ တwww.burmeseclassic.com

www.burmeseclassic.com



ခဏချင်းပင် နေရထိုင်ရမကောင်း ဖြစ်လာတာ။ ပို၍အန်ချင်သလိုလို ပါ ဖြစ်လာသည်။ ရေချိုးခန်း ဗေစင်ကိုပြေးကာ ပို၍နေမိသည်။ ပန်းက ရေချိုးခန်းဝသို့ လိုက်လာရင်း…

"လက်ဖက်ရည်တွေ အရမ်းသောက်လား"

"ဟင့်အင်း"

"ရှင်နဲ့ မတည့်ဘူးနော်၊ ဘာတွေ စားသေးလဲ၊ အစာအိမ် လည်း မကောင်းဘဲနဲ့၊ ဟိုတစ်ခါလိုဖြစ်ရင် ရှင့်ကို မမကြီး ဆူလိမ့်မယ်နော်၊ ဘယ်သူမှလဲ သနားမှာ မဟုတ်ဘူး၊ ကိုယ့်အသက်ကို ကိုယ်ရှည်အောင်မွေး၊ ရှင့်အသက် လေး ဆယ်ပြည့်တော့မယ်နော်၊ အသက်ဆိုတာ ကြီးတယ် ငယ် တယ် မဟုတ်ဘူး၊ ကွေးသောလက် မဆန့်ခင် ဆန့်တဲ့ လက် မကွေးခင်ဆိုတာ ရှိတယ်၊ သူဖြစ်ချင်သလို မထင် မှတ်ပဲ ဖြစ်သွားတတ်တာ၊ ရှင့်ကိုတောင် ပြောရဦးမယ်၊ ဒေါ်သင်းသင်းမော် ဆိုတာ မှတ်မိလား"

"ဟင့်အင်း… ဘယ်သူလဲ"

"ညီစေ့ အမေလေ၊ သူ ဆုံးသွားပြီ၊ မနေ့က ဆုံးတယ်တဲ့၊ ရုတ်တရက် နှလုံးရပ်ပြီး ဆုံးသွားတာ၊ ဘာမှလဲ ရောဂါ လက္ခဏာ ပြင်းပြင်းထန်ထန် မပြဘဲနဲ့"

ညိုချစ်ဆိုင်က ပန်းမျက်နှာကို တထင့်ထင့်နှင့် အကဲခတ်နေမိသည်။





"ရှင်က ဘာကြည့်တာလဲ၊ ခုန ဖုန်းဆက်တာ ကျောင်း တုန်းက သူငယ်ချင်း ကျော့်စွာတဲ့၊ ညီစေ့အမေဆုံးတာကို ကျွန်မဆီ ဖုန်းဆက်သင့် မဆက်သင့် သူဆက် ငါဆက် မဆက်နဲ့နဲ့၊ ငြင်းခုန်ပြဿနာတက်နေကြတာ၊ နောက်ဆုံး တော့ ကျော့်စွာက အခုဆက်ပြောတယ်၊ သူပြောမှသတင်း စာ ကောက်လှန်ကြည့်လိုက်မိကာ၊ ဟုတ်တယ်… နာရေး ပါလာတယ်"

ညိုချစ်ဆိုင်က ပန်းရဲ့မျက်နှာကို မျက်တောင်မခတ် ဆက်စိုက်ကြည့်နေသည်။

"ရှင် ဘာဖြစ်နေတာလဲ၊ မူးနေတာလား၊ အိပ်ရာထဲသွား လှဲနေလေ၊ နားချင်လို့ ပြန်လာတာ မဟုတ်လား၊ နား လိုက်လေ"

"ပန်း"

လှည့်ထွက်မလို့ ပြင်နေသော ဦးဆောက်ပန်းက လှည့်ကြည့်သည်။

"အခု ညီစေ့ အမေ သေပြီလေ၊ မင်း ပြောခဲ့ဖူးသလို မင်း… မင်း… ပြန်စဉ်းစားဦးမှာလားဟင်"လို့ ဖွင့်ထုတ်မေး လိုက်ချင်သည်မှာ ဗလောင်ဆူနေသော်လည်း နှုတ်ဖျားက ထွက် မလာပေ။

"ဘာလဲ… နာရေးကို သွားမှာလားလို့ မေးမလို့ မဟုတ် လား၊ ကျွန်မ မသွားဘူး၊ အရင်လို ညီစေနဲ့ မတွေ့ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှောင်ချင်လို့ မဟုတ်ဘူး၊ ဒီမိန်းမကြီး အသုဘကို မပို့ချင်လို့လေ၊ သူ့အသုဘသွားပြီး သူ့ကို နာကြည်းတာတွေ အမှတ်ရမိနေရင် ကျွန်မလည်း အကုသိုလ်ဖြစ်တယ်"

"သူက သေသွားပြီလေ၊ သေတဲ့သူအပေါ် အာဃာတတွေ ရှိနေတုန်းပဲလား"

"သေတဲ့သူအပေါ် အာဃာတတွေ မရှိရဘူးလို့ ရှင့်ကို ဘယ်သူက ပြောလဲ"

အဲဒီကိစ္စရဲ့ နောက်ရက်ပေါင်းများစွာ သူ့မှာ ရင်တထိတ်ထိတ်နှင့် နေရသည်။ ပန်း သူ့ကိုလှမ်းကြည့်လိုက်လျှင် ပန်း သူ့နာမည်ကို ခေါ်လိုက်လျှင် ဒီကိစ္စ ဒီစကားပြောတော့မလားရယ်လို့ပဲ ရင်တွေ ကတုန်ကယင် ဖြစ်ဖြစ်လာသည်မှာ နှလုံးရောဂါပင် ရမတတ်ဖြစ်သည်။

သို့သော် အဲဒီရဲ့နောက် မကြာသော ကာလတစ်ခုမှာ ပန်း အတော်ကလေး နေထိုင်မကောင်း ဖြစ်ပြန်ကာ ဆေးရုံတစ်ခေါက် တက်ရ ပြုရ ပန်းရဲ့ ကျန်းမာရေးကိစ္စတွေ ဖြစ်ပေါ်လာသည်။ အဲဒါနှင့်ပဲ ရှေ့က ထိုကိစ္စကိုပင် အမေ့မေ့ အလျော့လျော့ ဖြစ်ခဲ့ရပါသည်။ အခု ညီစေကို မထင်မှတ်ဘဲ သူ့အလုပ်ခွင်ထဲ လိုက်လာတာ မြင်လိုက်တဲ့ တစ်ခဏတွင် အံ့အားသင့်ခြင်းနှင့်အတူ သူအရင်ဆုံး တွေးမိသည်မှာ ထိုကိစ္စပင်။

ပန်းနဲ့ပတ်သက်ပြီး ဘာများပြောမလို့လဲ။ ဘာများတောင်းဆိုမလို့လဲ။ ထိရှလွယ်နေတဲ့ ညီချစ်ဆိုင်ရဲ့ စိတ်များသည်





ဒီအချိန်မှာ ဆတ်ဆတ်ထိ မခံနိုင်လောက်အောင် ဖြစ်နေသည်။ မကျေမချမ်းမှု တစ်မျိုးဟာ ရင်ထဲ၌ တဖြည်းဖြည်းချင်း ဆူလောင်လာသည်။ တွေ့မယ် မတွေ့ဘူး အသေအချာပင် မဆုံးဖြတ်ရသေးခင် ညီချစ်ဆိုင်က ရှစ်ထပ်မှ ဆောက်လုပ်ရေးသုံး ဓာတ်လှေကားမှတစ်ဆင့် အောက်သို့ဆင်းချလာခဲ့ပါသည်။

လာမယ့်ဘေး ပြေးတွေ့။ အဆောက်အအုံ မျက်နှာစာ လမ်းမပေါ်အထိ ညီချစ်ဆိုင်က တန်းကာထွက်လာသည်။ သူ့မျက်နှာ သာသာယာယာရှိမှာ မဟုတ်။ ဤသို့ မသာမယာသော မျက်နှာနှင့် ရုတ်တရက် ထွက်ပေါ်လာသော ညီချစ်ဆိုင်ထံကို ညီစေက တစ်မျိုးသော ကိုယ်ဟန်ရှိ့နှင့် ကပ်လာကာ...

"ကိုညီချစ်ဆိုင် ထင်တယ် ခင်ဗျ"

"ဟုတ်"

"ကိုညီချစ်ဆိုင်... ကျွန်တော့်ကို သိမလားတော့ မသိဘူးဗျ၊ ကျွန်တော့်နာမည် ညီစေပါ"

ညီစေက အံ့သြလှုပ်ရှားသွားပုံ မရှိသည့် ညီချစ်ဆိုင် အမူအရာကြောင့် သူ့ကို သိပြီးဖြစ်နေမှန်း သဘောပေါက်ရသည်။

"ကျွန်တော် လိုရင်းပြောပါရစေ ကိုညီချစ်ဆိုင်၊ ကျွန်တော် လေးလေးစားစား ခွင့်တောင်းပါတယ်၊ ကိုညီချစ်ဆိုင်နဲ့ စကားနည်းနည်းပါးပါး ပြောပါရစေ"

"ပြောစရာစကား ကျွန်တော် စဉ်းစားမရဘူးဗျ၊ ခင်ဗျား ရောက်လာတာကို အတော်အံ့သြနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... တကယ်တော့ ကျွန်တော်က ကိုညိုချစ်ဆိုင်ကို လာတွေ့စရာ ဘာအကြောင်းမှမှ မရှိတာပဲ၊ ဒါပေမဲ့ ကျွန်တော် ခုကိစ္စမှာတော့ တွေ့ကိုတွေ့မှ ဖြစ်မှာမို့ပါ၊ ကျွန်တော့်လုပ်ရပ် အပြုအမူ အပြောအဆို မှားယွင်းရိုင်းပျရင် ခွင့်လွှတ်ပါလို့ ကိုညိုချစ်ဆိုင်၊ ကျွန်တော် ဦးဆောက် ပန်းနဲ့ ပတ်သက်ပြီး ပြောစရာ မေးစရာလေး..."

"ခင်ဗျား ပန်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဘာစကားမှ လာပြောစရာ အကြောင်းမရှိဘူး ထင်ပါတယ်၊ ကျွန်တော် လည်း ခင်ဗျားနဲ့ စကားပြောဖို့ အချိန်မရှိဘူးဗျ"

ညိုစေ့မျက်နှာက လေးနက်ငြိမ်သက်သွားကာ...

"ကိုညိုချစ်ဆိုင်... ပန်းရဲ့ ကျန်းမာရေး အခြေအနေကို ကျွန်တော် သိပါရစေ၊ ဒါလေးတော့ ပြောလို့ရမယ် ထင်ပါတယ်၊ ပြောပြပါဗျာ"

ညိုချစ်ဆိုင်က အံ့အားလည်း သင့်သွားသလို ဆို့နင့်ခြင်းတစ်မျိုးလည်း ခံစားရကာ ဒေါသလည်း ထွက်လာပါသည်။

"ခင်ဗျားက ဘာမို့ သိခွင့်ရှိရမှာလဲ၊ ဘာကိစ္စ ကျွန်တော်က ပြောပြရမှာလဲ၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ဘာတစ်လုံးမှ ခင်ဗျားကို မပြောနိုင်ဘူး"

ညိုချစ်ဆိုင် အသံက ဒေါသ၊ တုန်လှုပ်မှု၊ ကြေကွဲမှုတို့နှင့် တုန်ခါ အက်ကွဲနေပါသည်။

❖ ❤ ❖





## (၁၆)

"ပန်းလေး... ဒီနေ့ နေလို့ကောင်းလား"

သူ့ကိုလှည့်ကြည့်လိုက်တဲ့ ပန်းရဲ့မျက်ဝန်းလေးများက ဖျော့တော့ ခြောက်သွေ့နေသည်။ အရောင်တလက်လက် တဖျပ်ဖျပ်တောက်နေတတ်တဲ့ ပန်းရဲ့မျက်ဝန်းများ မှေးမှိန်ခဲ့တာ နှစ်တွေအတော်ကြာခဲ့ပြီ။ အဲဒါအပြင် သူ့အတွက် အမြဲ ရန်စွယ် တငေါငေါ သွက်လက်ခဲ့တဲ့ စကားလုံးထက်ထက်တွေလည်း ပန်း နှုတ်ဖျားက ထွက်ပေါ်မလာတာ ကြာခဲ့ပါပြီ။ နောက်ဆုံး တစ်နှစ်အတွင်းမှာတော့ ပန်းဟာ အလွန်တရာ ပြောင်းလဲနွမ်းညှိုးလာခဲ့သည်။ သူမထံ၌ ခက်ထန်ဆန့်ကျင်ဖို့ရာလည်း လှူရောစိတ်ဝါ ခွန်အား တကယ်ကို မရှိတော့တာပါ။

"ကိုယ် စပျစ်သီးနဲ့ သခော်သီး ဝယ်လာတယ်၊ ပန်း စားလိုက်ဦးနော်၊ ဒီနေ့ကော ဝမ်းသွားရဲ့လား"

ပန်းက ခေါင်းကို အသာယမ်းကာ အနားရောက်လာတဲ့သားကို လက်နှစ်ဖက်ကမ်း၍ ပြုံးပြုံးလေး ကြိုလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သားက သူ့အမေ ရင်ခွင်ထဲ ခါးကိုကိုင်းကာ တိုးဝင်လိုက်ရင်း "မေမေ နေကောင်းလား"ဟု တိုးတိုးမေးလိုက်ပါသည်။

"ကောင်းတာပေါ့ သားရဲ့၊ မေမေက နေကောင်းနေလို့ အိပ်ရာထဲမှာ မနေတာလေ၊ အပြင်မှာ ထွက်ထိုင်နေတာ နေကောင်းလို့ပေါ့ သားရဲ့၊ သားသား မိုက်ဆာလာလား ကြီးကြီးပိုက သားဖို့ သာကူကျိုပေးထားတယ်၊ ကန်စွန်းဥလေးတွေနဲ့ သားအကြိုက်ပဲတဲ့၊ သား ရေချိုးမလား"

"ဟုတ်ကဲ့"

"အေး... အေး... သွားချိုးနော်၊ မချောကို ခြင်းတောင်းပေးလိုက်၊ သား ရေချိုးပြီး သာကူစားပြီးရင် အင်္ဂလိပ်စာ နည်းနည်းပြန်ဖတ်နော်၊ ခဏနေ တီချာစိမ့် လာမယ်နော် သားသား"

"ဟုတ်ကဲ့ မေမေ"

သားက ဦးဆောက်ပန်းရဲ့ပါးကို တစ်ချက်နမ်းကာ မချောထံ သူ့ရဲ့ခြင်းတောင်း ကမ်းပေးပြီး သူ့အခန်းထဲ ဝင်သွားပါသည်။ သားဟာ ရှစ်နှစ်ကျော်အရွယ်နှင့်မလိုက်အောင် သူ့အား သူကိုးနိုင်သည်။ သားမွေးပြီးကတည်းက ကျန်းမာရေးမကောင်းလှတဲ့ ဦးဆောက်ပန်းကို လိုအပ်သော ဆေးစစ်မှုတွေ လုပ်ရာ SLE ဆိုတာကို ရှာဖွေတွေ့ရှိလာခဲ့ပြီး သူ ကျောင်းမှမနေရသေးခင် လေးနှစ်သား အရွယ်လောက်ကစပြီး အခြေအနေက မကောင်းတဲ့ဘက် တိုးလာကာ ပိုဆိုးလာပြီး တရှောင်ရှောင် နေထိုင်





ကောင်း ဖြစ်နေတတ်သော သူ့မေမေကို ဘာတာဝန်ပိုမှ ပေးတတ်သူ မဟုတ်ပေ။ သားတာဝန်တို့ကို နေ့စဉ် အချိန်ပြည့် ဆောင်ရွက်မပေးနိုင်တာကိုသာ ပန်းဝမ်းနည်းရသည်။

"ဒီနေ့ မမတောင် အိမ်လာသွားသေးတယ်"

နဖူးပေါ် ကပိုကရို ကျနေတဲ့ ပန်းရဲ့ ရှေ့ဆံစလေး တချို့ကို သူက ဘေးဘက်ဆွဲယူ နားနောက်ညှပ်ပေးလိုက်ရင်း ပန်းရဲ့နဖူးလေးကို တစ်ချက်ငုံ့၍ နမ်းလိုက်ပါသည်။ သူ့ရဲ့ယုယကြင်နာမှုတို့ကို ပန်းက မတုံ့ပြန်သော်လည်း မငြင်းမဆန် မရုန်းမဖယ် ငြိမ်သက် လက်ခံခဲ့သည်မှာတော့ ခုနောက်ပိုင်း တစ်နှစ်ထဲလောက်မှပင်။ မငြင်းဖယ်ရင်ကိုပဲ သူ ပျော်ရွှင်လှပါပြီ။

"မမလုပ်လာတဲ့ ပူတင်းက စားလို့ကောင်းတယ်"

"ဟုတ်လား... ပန်းကြိုက်ရင် ခဏခဏလုပ်ခိုင်းလေ"

"မမကို နည်းမေးထားလိုက်တယ်၊ ပန်း ကိုယ့်ဘာသာ လုပ်စားလို့လည်း ရပါတယ်၊ မုန့်တွေ ဘာတွေ မလုပ်တာကြာလှတော့ အားလုံးမေ့ကုန်နေပြီ၊ နည်းနည်းလည်းပျင်းတော့ ကိုယ့်ဟာကိုယ် မုန့်လုပ်မလားလို့ စဉ်းစားနေတာ၊ မုန့်လုပ်ဖို့ လိုအပ်တဲ့ ပစ္စည်းလေးတွေ ကိုညို ဝယ်ပေးနော်၊ တစ်နေ့ တစ်နေ့ ငြီးငွေ့တယ်၊ လူ့ဘဝကြီးက မြန်မြန်ပြီးရင်လည်း ပြီးသွားပါစေတော့"

"ပန်း... ဘာတွေလျှောက်ပြောနေရတာလဲ ပန်း၊ အဲသလို မပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နှာခေါင်းသွေး နည်းနည်းလျှံတယ်"

"ဟုတ်လား... နှာခေါင်းသွေး မလျှံတာ ကြာပြီနော်၊ ပန်း ဘာမှားသွားသေးလဲ၊ ဘာလုပ်မိလဲ၊ နက်ဖြန်ဆရာဝန် ဆီ သွားရအောင်"

ညိုချစ်ဆိုင်က စိုးရိမ်ပူပန်စွာ ကမူးရှူးထိုး မေးမိသည်။

"ဘာမှ မမှားပါဘူး၊ မှားရအောင်လည်း အိမ်ထဲက အိမ် ပြင်တောင် ထွက်တာမှ မဟုတ်တာ၊ အဲသလောက် မတုန် လှုပ်ပါနဲ့ ကိုညို၊ တစ်နေ့ ရင်ဆိုင်ရမယ်ဆိုတာ ရှင်လည်း ကြိုသိပြီးသား၊ ကြိုတင်ပြင်ဆင်ထားဖို့ ပန်းပြောထားတယ် မဟုတ်လား၊ စိတ်ကို ထားတတ်မှပေါ့"

ညိုချစ်ဆိုင် ရင်ထဲနင့်ကာ အောင့်လာပါသည်။ ဤသို့သော စကားမျိုးတို့ကို သူ နားမထောင်နိုင်ပါ။ ယောက်ျား တန်မယ့် ငိုချလိုက်ချင်သည်။ သူ့ရင်ဟာ အချိန်ပြည့် တင်းကျပ် ဆို့နင့်နေသည်။ ကြိုလည်း မပြင်ဆင်နိုင်ပါ။ စိတ်ကိုလည်း မထားတတ်ပါ။ ကြားလည်း မကြားချင်ပါ။ လက်လည်း မခံနိုင် ပါ သူ့ဘက်က ဒီလောက်ထိ အဆုံးစွန် ပေးဆပ်သည်းခံ ချစ် လွှတ်ချစ်ခဲ့ရသော ဤမိန်းမကို သူ ဘာကြောင့် အဓောကြီး ခွဲခွာ ရမှာလဲ။ မဖြစ်သင့်ပါဘူး။ ကံကြမ္မာဟာ ရိုင်းလွန်းအား ကြီးလှ သည်။





"အဝတ်သွားလဲဦးလေ၊ ဒီနေ့ ဒေါ်ပိုက ဈေးက ဖက်ဆွတ်မှို လေး ပေါ်ဦးပေါ်ဖျား ရလာတယ်တဲ့၊ အဲဒါ ရှင်တို့သား အဖစားဖို့ ကျွန်မ ချက်ပေးထားတယ်"

"ဟင်..."

ညိုချစ်ဆိုင်က အံ့အားတသင့် ရေရွတ်လိုက်မိသည်။ သူ့ရဲ့"ဟင်"ဟာ ညည်းတွားသံ တစ်ခု ဆန်နေသည်။ ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ သူ့တစ်သက်နှင့်တစ်ကိုယ် အိမ်ထောင် သက် ဆယ်နှစ်အတွင်း ပန်းချက်တဲ့ဟင်းကို သူ တစ်ကြိမ်တစ်ခါ မှ မစားခဲ့ဖူးပါ။ စားဖို့ မမျှော်လင့်နဲ့ ဘယ်တော့မှ မချက်ကျွေး ဘူးဟုလည်း ပန်းက ကြိမ်းဝါးထားခဲ့ပါသည်။

"ဘာ... ဘာဖြစ်လို့ ချက်တာလဲ ပန်းရယ်"

သူ့အသံက တိမ်နေသည်။ သူ တအားဝမ်းနည်း သွားပါသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုညိုချစ်ဆိုင်၊ ရှင်ယောက်ျား မဟုတ်ဘူးလား၊ စားစေချင်လို့ ချက်တာပါလို့ ပြောရင် ခုချက်ချင်းပဲ ငိုချလိုက်တော့မလား၊ ရှင့်ကြောင့် တစ်ခါ တလေ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

ပန်းက အဲသလို ပြောလိုက်ကာမှပင် သူ့မျက်ဝန်း အိမ်ထဲ မျက်ရည်တွေစိမ့်ကာ ပြည့်တက်လာသည်။ သူက ပန်း ကို မျက်နှာလွှဲလိုက်ရပါသည်။ ဘယ်လောက်ပဲ စိတ်ကိုကြံ့ခိုင် အောင် ထိန်းထားနေတယ်ပြောပြော ပန်းဟာ ကာယကံရှင်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ထက်လျှောက်ကာ ခံစားစရာ အကြောင်းမရှိ။ သူ့ရဲ့ပျော့ညံ့ကာ ကြေကွဲဝမ်းနည်းလွယ်မှုက ပန်းရဲ့စိတ်ခွန်အားကို ပြိုလဲအောင် လုပ်ရာမကျချင်။ သူ ငိုချင်တိုင်း ညညအိပ်ရာထဲ၌သော်လည်းကောင်း၊ တစ်ခါတစ်ရံ အလုပ်ထဲမှာ ရုံးမှာ လူရှင်းပြီး တစ်ယောက်တည်းရှိရှိန်သော်လည်းကောင်း သူ ငိုမိပါသည်။

ကျောခိုင်းထားတဲ့ ညိုချစ်ဆိုင်ရဲ့ နောက်ကျောကို ပန်းက တစ်ခဏ စိုက်ကြည့်နေမိသည်။ ဝင့်ကြွေးကြီးလှတဲ့သူ သနားပါတယ်ဟု စိတ်ထဲ၌ မကောင်းဖြစ်နေလေသည်။

"ပန်းကို ထူဦး... အခန်းထဲသွားမယ်"

ညိုချစ်ဆိုင်က မျက်နှာကို တစ်ချက်ပွတ်ပြီး ချာ ချင်းလှည့်လာသည်။ ပန်းရဲ့လက်ကောက်ဝတ် တစ်ဖက်ကို လှမ်း ဆုပ်ကိုင်လိုက်၏။

"အား... လက်ကောက်ဝတ်ကို မကိုင်နဲ့၊ အရမ်းနာနေလို့"

"ဟင်... ကျွတ်... ကျွတ်...၊ ကိုယ် ပခုံးက မ,ရမလား ပန်း"

"ဟုတ်..."

ညိုချစ်ဆိုင် လက်နှစ်ဖက်က ပန်းရဲ့ပခုံးဘေးလ မောင်းရင်းကို ဆုပ်ညှစ်၍ အားယူ ဆွဲမ,လိုက်လျှင် ပန်းသ မျက်နှာကို မပျက်အောင် မနည်းထိန်းထားလိုက်ရပါသည်။ လ မောင်းသား ကြွက်သားတွေပါ နာနေပါလား။ အဆင်အမြစ် ရော ကြွက်သားတွေရော တစ်ကိုယ်လုံးပါပဲ၊ ခုရက်ထဲ အ





နာကျင်နေသည်။ ညိုချစ်ဆိုင်ကို မပြောလိုတော့၍ အံကြိတ်ကာ နာကျင်တာ အောင့်ခံပြီး သူ့ရဲ့ဆွဲအထူ၌ အလိုက်သင့်ပါအောင် ကိုယ်ကို ကြွရသည်။

ညိုချစ်ဆိုင်က ပန်းကိုတွဲကာ ခုတင်ဆီသို့ ခေါ်လာပါသည်။ ခုတင်စွန်း၌ ထိုင်မိလျှင် ပန်းရဲ့ခြေထောက်နှစ်ဖက်ကို မ,ယူကာ ခုတင်ပေါ်သို့ အလိုက်သင့် လွှဲတင်ပေးလိုက်ပါသည်။ တစ်ကိုယ်လုံးက ဇွိုင့်တွေ မှန်သမျှ အမြဲနာကျင်နေရှာတာ မဟုတ်လား။

"တီ တီ... တီ တီ တီ... တီ တီ..."

"ဖုန်းလာတယ် ပန်း၊ ပြောမလား"

နံဘေးစားပွဲပေါ်က ပန်းရဲ့ဖုန်းကို သူ လှမ်းယူကမ်းပေးလိုက်သည်။ ပန်းက ဖုန်းကို စိတ်အနှောင့်အယှက်ဖြစ်သော မျက်နှာနှင့်ကြည့်နေပြီးမှ သက်ပြင်းတစ်ရှိုက်နှင့် လှမ်းယူ ခလုတ်ဖိလိုက်ပါသည်။

"ဟယ်လို...၊ အင်း...၊ အင်း... ကောင်းပါတယ်၊ နေသာပါတယ်၊ ဘာမှ မစားချင်ပါဘူးဟာ၊ ဒုက္ခမရှာပါနဲ့၊ ငါက လူမမာလို့မှ မဟုတ်တာ၊ ဘာမဆို စားလို့ရနေတာပဲဟာ၊ လာမပို့ပါနဲ့... ရတယ်၊ ငါ နင်တို့ကို ပြောချင်သေးတယ် ဇင်ဇင်၊ နင်တို့ ငါ့ဆီ အဲလို နေ့စဉ်နဲ့အမျှ ဖုန်းဆက် သတင်းမေးသလို လုပ်နေတာ ငါ့အတွက် စိတ်အနှောင့်အယှက် ဖြစ်တယ်ဟာ၊ နင်တို့စိတ်ပူတာ ငါသိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျေးဇူးလည်း တင်တယ်၊ ဒါပေမဲ့ အဲဒါက ငါ့အတွက် ခွန်အားမဖြစ်ဘူး၊ စိတ်ချမ်းသာဖို့ မကောင်းဘူး ဖင်ဖင်ရယ်… နော်…၊ ငါ့ကို နားလည်ပါဟာ၊ အေးပါ၊ ငါလည်း နားလည်ပါတယ်ဟာ…၊ အေး… အေး… ဒါပဲ နော်"

စကားများစွာကို နားကာ နားကာ ပြောရင်း ပန်းက နှုတ်ဆက်ကာ ဖုန်းကို ပြန်ပိတ်လိုက်ပါသည်။ ဖုန်းကို ခုတင်ပေါ်ချရင်း တစ်ခဏ ငိုင်နေပြီးလျှင်…

"လူတစ်ယောက် သေတော့မယ် ဆိုတဲ့အခါ…"

"ပန်း…"

"သေတော့မယ်ဆိုတာ သိနေပြီ ဆိုတဲ့အခါ အဲဒီသေမယ့် ကာယကံရှင်နဲ့ ပတ်ဝန်းကျင်က အနီးစပ်ဆုံးလူတွေ ဘယ်သူက ပိုခံစားရမှာလဲ ကိုညို"

"အဲဒါက တရားသေ ဘယ်ပြောလို့ ရမလဲ ပန်းရယ်၊ အသီးသီးဟာ သူ့ပုံစံနဲ့ သူ ခံစားရမှာချည်းပဲပေါ့ ကာယကံရှင်မဟုတ်တာနဲ့ပဲ မခံစားရတော့ဘူးလား၊ ဒီလူကိုချစ်တဲ့ သံယောဇဉ်ရှိတဲ့သူတိုင်း ခံစားရမှာပဲ"

"ရှင့်ကို ပန်း ပြောစရာ တစ်ခုရှိတယ်"

"ဘာလဲ… ပန်း"

"ရှင် သိပ်ခံစားမသွားနဲ့ဦး"

"………"





"နေ့လယ်က ရွှေစင် ဖုန်းဆက်သေးတယ်"

"ရွှေစင်က တစ်ရက်ခြား တစ်ခါလောက် ဆက်နေတာပဲ မဟုတ်လား"

"နေ့လယ်ကတော့ ခါတိုင်း ပြောနေတာတွေထက် ထူးတဲ့ အကြောင်းတစ်ခု ပါလာတယ်လေ၊ ရွှေစင်က ပန်းကိုသိပ်ချစ်တာ ခင်တာ ရှင်သိတယ် မဟုတ်လား ကိုညို၊ ဒီအကြောင်းတွေပြောရင် ပန်းအတွက် သူ မျက်ရည်ကျတာ ငိုတာတွေပါ ပန်း ပြန်သိရတယ်၊ ဒါကြောင့် ရွှေစင့်ကို ရှင်အပြစ်မမြင်စေချင်ဘူးလို့ စကားခံတာပါ"

"ကိုယ်က ရွှေစင့်ကို ဘာလို့ အပြစ်မြင်ရမှာလဲ"

"နေ့လယ်က ရွှေစင်က ပြောတယ်၊ ဟို… ညီစေက ပန်းကိုတွေ့ချင်တယ်တဲ့"

ညိုချစ်ဆိုင်သည် ရင်ထဲ တင်းသွားကာ ပန်း စကားခံထားလျက်နှင့်ပင် ရွှေစင်ကို အတော်အခဲမကြေ စိတ်ခုသွားမိပါသည်။

"သူ… ညီစေ့ကို ပန်းအကြောင်း ပြောလိုက်တဲ့တယ်၊ ညီစေ သိသွားပြီ၊ သူ စိတ်အရမ်းလှုပ်ရှားပြီး Shock ဖြစ်သွားမှာ ပန်း သိတယ်၊ ဒါပေမဲ့ သူ ပန်းကိုတွေ့ဖို့ အရင်မကြိုးစားခဲ့ပါဘူး၊ ဖုန်းဆက်လိုက်ရင်တောင် ရနေပေမယ့် သူ ဖုန်းလည်းမဆက်ခဲ့ပါဘူး၊ သူ အရင်ဆုံး ရှင့်ကိုတွေ့ဖို့ မေးဖို့ ကြိုးစားခဲ့တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ညိုချစ်ဆိုင်က ဆွံ့အသွားပါသည်။ စိတ်ထဲမှာ အပြစ်မကင်းသလို ရှက်သလိုလည်း ခံစားရကာ ဒီလိုခံစားဖို့ မလိုဘူးဟုလည်း ကိုယ့်ကိုယ်ကိုယ် အားပေးလျက် စိတ်ကိုတင်းလိုက်လျှင် ဒေါသပင် ဖြစ်ချင်လာပါသည်။ ပိုင်စိုးပိုင်နင်းနဲ့ ကိုယ့်မိန်းမကို တွေ့ချင်တယ်လို့ ပြောရဲသည့် ရည်းစားဟောင်းကောင်ကို အမှန်တော့ အမှုန့်တောင် ကြိတ်ပစ်လိုက်ချင်သည်။ ဒီကောင်ဟာ ပန်းရဲ့ချစ်မေတ္တာကို နှစ်ပေါင်းများစွာ ပိုင်ဆိုင်ခဲ့ရတဲ့သူ။ အခုထိလည်း ရနိုင်နေသေးတဲ့သူ။

"ရှင်က ဘာစကားမှ မပြောနိုင်ဘူးလို့ ညီစေ့ကို ပြောလိုက်တယ်လို့ ရွှေစင်က ပြောတယ်၊ ပြောစရာမရှိဘူးလို့ ငြင်းလိုက်တယ်လို့ ပြောတယ်၊ အဲဒါကြောင့် ညီစေက ရွှေစင်ကတစ်ဆင့် ပန်းကို တွေ့ချင်တယ်လို့ တောင်းပန်လာတာပါ"

"ကိုယ့်ကြောင့်ပေါ့၊ အဲလိုလား ပန်း၊ ကိုယ်က ဘာကြောင့်သူ့ကို..."

"ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး ကိုညိုရယ်၊ သူ့ကို ဘာမှ မပြောနိုင်ဘူးလို့ ငြင်းလိုက်တဲ့အတွက် ရှင်အပြစ်ရှိတယ်လို့လည်း မသတ်မှတ်ပါဘူး၊ ရှင့်ဆန္ဒရှိသလို ရှင်ပြောနိုင်ပါတယ်၊ ပြောခွင့်ရှိပါတယ်၊ ကျွန်မကလည်း ရှင့်ကို နားလည်ပါတယ် ကိုညို"





ညိုချစ်ဆိုင်သည် ဝမ်းလည်းနည်း စိတ်လည်းအေးသွားကာ အိပ်ရာစွန်း၌ ဝင်ထိုင်ပြီး ပန်းကိုယ်လုံးလေးကို တစ်ခဏ ဖက်ထားမိသည်။ ပန်းက ငြိမ်သက်နေသည်။ သူ့အပေါ် မငြင်းမဆန် အသာတကြည် လက်ခံတဲ့ အခြေအနေတစ်ခုဟာ ဘာကြောင့် ဒီအချိန်ကျမှ ဖြစ်ပေါ်လာခဲ့ရတာလဲ။ ကံကြမ္မာက သူ့အပေါ် တွန့်တိုစေးနည်းလှသည်။ ရက်စက်လွန်းလှသည်။

"ရွှေစင့်ကို ပန်းက ပြောလိုက်ပါတယ်၊ ငါဟာ ခုချိန်မှာ ကိုညိုချစ်ဆိုင်ရဲ့ ဇနီးမယားတစ်ယောက် ဖြစ်နေတယ်လို့၊ သူနဲ့ငါ တွေ့ခွင့်ရှိတယ် မရှိဘူး၊ တွေ့သင့်တယ် မသင့်ဘူး ငါ မသိဘူးလို့၊ ကိုညိုချစ်ဆိုင်ကလည်း တွေ့စေချင်မယ် မတွေ့စေချင်ဘူး ငါမသိဘူးလို့၊ ငါ သူ့ကိုပြောပြမယ်၊ သူက ခွင့်မပြုဘူး ဆိုရင်တော့ ခုချိန်မှာ သူ့ကိုဆန့်ကျင်ပြီးလုပ်ဖို့ ငါ့မှာ ဆန္ဒမရှိဘူးလို့၊ သူဟာ ငါ့အပေါ် အများကြီး ဒုက္ခခံခဲ့သူ၊ အနစ်နာခံခဲ့သူ၊ အပြစ်မမြင်တတ်ခဲ့သူ၊ ငါ ဘာလုပ်လုပ် ခွင့်လွှတ်ပေးခဲ့တဲ့ သူတစ်ယောက်ဆိုတာ ငါရင့်ရင့်ကျက်ကျက် နားလည်တတ်နေပြီလို့ သူ ခွင့်မပြုရင် ငါ မတွေ့ဘူးလို့၊ ရွှေစင့်ကို အဲ့ဒီလို ပြောခဲ့တယ်"

"ပန်းရယ်"

ညိုချစ်ဆိုင်က သက်ပြင်းတစ်ချက် ကျိတ်၍မှုတ်ထုတ်လိုက်မိပါသည်။ ပန်းမျက်နှာကို သူ စေ့စေ့ငေးကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



နိုက် ပန်းကလည်း သူ့မျက်နှာကို စေ့စေ့စိုက်ကြည့်နေခဲ့သည်။ ပန်းရဲ့ဖျော့မှိန်သော မျက်ဝန်းလေးများ၌ အရိပ်တစ်ခု ထင်နေသည်။

"ဒါပေမဲ့ ကိုညို၊ ပန်း... ပန်း... ညီစေ့ကို တွေ့ချင်ပါပါတယ်၊ ခွင့်ပြုတာ မပြုတာ ရှင့်သဘောပါ၊ ပန်း တွေ့ချင်တယ် ဆိုတာကို ရှင့်ဆီမှာ ခွင့်ပန်တာပါ ကိုညိုရယ်"

ကမ္ဘာကြီး ရုတ်တရက် ပြိုပျက်သွားလားပင် ညိုချစ်ဆိုင် ထင်လိုက်မိသည်။ သူ့ရင်ထဲမှာတော့ ရှိရှိသမျှ အရာအားလုံး ပြိုပျက်သွားခဲ့သလိုပါပင်။

❖ ❤ ❖





(၁၇)

စားသောက်ဆိုင်ကနေ ရေထဲကို ထိုးထွက်နေအောင် ဆောက်ထားတဲ့ အမိုးအကာ အရံအတားမရှိသော သစ်ကြမ်းပြင်နှင့် deck ပေါ်က စားပွဲတစ်ခုမှာ သူတို့နှစ်ဦး ထိုင်နေကြသည်။ သူတို့နေရာကနေ ကောင်းကင်ပြင်ကို အဆုံးအတားမရှိ မော့မြင်နိုင်သလို ကန်ရေပြင်ကိုလည်း နီးနီးကပ်ကပ် မြင်နေရပါသည်။ စားသောက်ဆိုင်က နေ့လယ်ခင်းမို့ လူရှင်းလှသည်။ သူတို့ရှေ့စားပွဲပေါ်မှာတော့ သီဟိုစေ့လှော်တစ်ပန်းကန်၊ ကညွတ်ကြော်တစ်ပွဲ၊ ဝက်ကြွပ်ကင်တစ်ပွဲနှင့် ဘီယာပုလင်းတချို့သာရှိသည်။

ညိုချစ်ဆိုင်က ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်ရင်း...

"ဒီလိုအခြေအနေမျိုးမှာ ခင်ဗျားတို့နှစ်ယောက် အတူတူရှိဖြစ်ရင် တိမ်တွေကို အရုပ်ဖွက်လေ့ ရှိတယ်လို့ ပန်းက ပြောဖူးတယ်"

"ပန်းက ခင်ဗျားကို အားလုံးပြောပြတတ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်ရာ မကျဘူးလားဗျာ"

"ခုလို လက်ခံတွေ့ပေးတာ ကျွန်တော် အားလည်းနာတယ်၊ ကျေးဇူးလည်းတင်ပါတယ် ကိုညိုချစ်ဆိုင်၊ ခင်ဗျား ခွင့်မပြုရင် ကျွန်တော့်ကို မတွေ့ဘူးလို့ ပန်းက ရှေ့စင့်ကို ပြောလိုက်ပါတယ်၊ ဒါကြောင့် ကျွန်တော် သူ့ကိုတွေ့ဖို့ ထပ်မတောင်းဆိုဖြစ်ပါဘူး၊ ခင်ဗျားကိုလည်း ထပ်တောင်းဆိုရမှာ အားနာခဲ့တယ်၊ ခုလို တွေ့ဖို့ခေါ်လိုက်မယ်လို့တောင် ကျွန်တော် မမျှော်လင့်ထားပါဘူး"

"ဘယ်တွေ့ချင်ပါ့မလဲဗျာ၊ ရှင်းရှင်းပဲ ကျွန်တော်ပြောပါ့မယ်၊ ကိုယ့်မိန်းမရဲ့ အချစ်တွေကို ရထားတဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်တော် ဘယ်တွေ့ချင်ပါ့မလဲ၊ ဒါပေမဲ့ ကျွန်တော် သူ့ကိုပဲ ညှာခဲ့ပါတယ်၊ ဒီလိုအချိန်မှာ ကျွန်တော် စိတ်မချမ်းသာမှာထက်၊ ပန်း စိတ်မချမ်းသာမှာကို ကျွန်တော် ပိုကြောက်ပါတယ်၊ သူ့ကိုညှာတာရမယ့်အချိန်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်၊ တကယ်တော့ အခုအချိန်မှ မဟုတ်ပါဘူး။ သူ့ကို စ,တွေ့တဲ့အချိန်ကစပြီး ဒီနေ့အထိ သူ့အပေါ် ကျွန်တော် အမြဲညှာတာခဲ့တယ်။ အမြဲဦးစားပေးခဲ့ ခွင့်လွှတ်ခဲ့တယ်၊ ဒါကို သူနားလည်ခဲ့တယ်ဆိုတာ မနေ့က သူ့စကားထဲက ကျွန်တော်သိလိုက်ရတဲ့အခါမှာ ကျွန်တော့်မှာ တခြားရွေးချယ်စရာလမ်း မရှိတော့ဘူး၊ အဆုံးထိဆက်ပြီး ကျွန်တော် ညှာတာခွင့်လွှတ်





သွားရတော့မှာပါ၊ ကံတရားက ကျွန်တော့်ကို ဘယ်တုန်းကမှ မျက်နှာသာ မပေးပါဘူး ကိုညီစေ"

"ကျွန်တော့်ကိုလည်း တူတူပဲ မျက်နှာသာမပေးပါဘူးဗျာ၊ တကယ်တော့ ကျွန်တော်တို့ နှစ်ယောက်လုံးဟာ ပန်းသီးတစ်လုံးကို တစ်ယောက်တစ်ခြမ်းစီ ရကြသလိုပါပဲဗျာ"

လျော့သွားတဲ့ ညိုချစ်ဆိုင်ရဲ့ ဖန်ခွက်ထဲကို ညီစေက ဘီယာငှဲ့ဖြည့်ပေးလိုက်သည်။ ကုန်သွားတဲ့ ဘီယာပုလင်းကို နံဘေးတွန်းရွှေ့ရင်း စားပွဲထိုးကို လက်ပြ၍ နောက်ထပ်တောင်းယူလိုက်ပါသည်။ ဘီယာပုလင်းခွံတွေ များလှပေပြီ။

"ကျွန်တော် ခင်ဗျားကို အခုတွေ့ရတဲ့ အကြောင်းရင်းက ခင်ဗျား ဘာကြောင့် ပန်းကို တွေ့ချင်တာလဲ သိချင်လို့၊ သူနဲ့တွေ့ရင် ခင်ဗျား ဘာလုပ်ချင်လို့လဲ၊ ဘာပြောချင်လို့လဲ၊ အဲဒါကို ကျွန်တော် သိချင်တယ်"

ညီစေသည် မျက်ခုံးညို့ညို့ကိုတွန့်ကာ အသံရောလုံရော ကွဲပဲ့ပြိုအက်နေပုံ ပေါက်နေသော ညိုချစ်ဆိုင်ကို အားတုံ့အားနာ ကြည့်နေမိသည်။ ကိုယ့်ချစ်သူကို ရယူသွားခဲ့သူရယ်လို့ မုန်းတီးတဲ့ အာဃာတမျိုး ရှေ့ပိုင်း လေး,ငါးနှစ်တာန်းကတော့ ရှိခဲ့သည်။ နောက်ပိုင်းတော့ ညိုချစ်ဆိုင်ရဲ့ ယောက်ဖဖြစ်သူ၊ ရှေ့စင့်ဦးလေး တော်စပ်သူနှင့် အမှတ်မထင် သူသိကျွမ်းရာက ရင်းနှီးခင်မင်တဲ့အဆင့်အထိ ရောက်ခဲ့လေရာ သူ့ထံကတစ်ဆင့် ညိုချစ်ဆိုင် ဆိုတဲ့ လူတစ်ယောက်ရဲ့ စိတ်နေသဘောထား



www.burmeseclassic.com

www.burmeseclassic.com



စရိုက် သဘာဝတို့ကိုသာမက အိမ်ထောင်ရေး အခြေအနေကိုပါ တစွန်းတစလေး သိခွင့်ရခဲ့ပါသည်။

ထိုသူကတော့ ညီစေ့ကို ဦးဆောက်ပန်းရဲ့ ငယ်ချစ်ဦးရယ်လို့ လုံးလုံးမသိပါ။ ရင်းနှီးတဲ့ မိတ်ဆွေတစ်စု တစ်ခါတစ်ရံ ချိန်းဆို စားရင်းသောက်ရင်း စကားတိုက်ဆိုင်ရင်းက အိမ်ထောင်ရေးနှင့် ပတ်သက်သော စကားစတစ်ခု စ,မိရာက ဥပမာအနေနှင့် သူ့ယောက်ဖရဲ့ အိမ်ထောင်ရေး အနေအထားကို အနည်းငယ် ထည့်ပြောဖူးခြင်းသာ။ ညီစေကတော့ သူ့ကို ရှေ့စင့်ဦးလေး ညီုချစ်ဆိုင်ယောက်ဖမှန်း ကြိုသိသူဖြစ်လေရာ ညီုချစ်ဆိုင်နှင့် ဦးဆောက်ပန်းတို့ရဲ့ လူသိဖို့မလွယ်သော အိမ်တွင်းရေးပကတိအနေအထားကို အမှတ်တမဲ့ သိခွင့်ရလိုက်တာပင်။

အဲဒီအခါ ညီုချစ်ဆိုင် နေရာက သူ ကိုယ်ချင်းစာတွေးကြည့်နိုင်မိကာ တစ်ဖက်သတ်မုန်းတီးနေတဲ့ အာဃာတစိတ်တွေ မသိမသာ လျော့ကျခဲ့ရတာ။ ခုနောက်ပိုင်းရက်တွေအတွင်းတော့ ရှေ့စင့်ထံက သူသိရပြန်သည်။ ဦးဆောက်ပန်းရဲ့ စိမ်းကားအေးဆက်တဲ့ ဆက်ဆံရေး၊ ညီုချစ်ဆိုင်ရဲ့ မတုန်မလှုပ် သည်းညည်းခံနိုင်စွမ်း။ ဒီလူကို သေချာမြင်ဖူးချိန်မှာတော့ သူဟာ စိတ်ဖြောင့်ပြီး ရိုးသားအေးချမ်းသူ တစ်ယောက်လို့ ညီစေ ခန့်မှန်းနိုင်ခဲ့ပါသည်။

"ခင်ဗျားအတွက် ပန်းကို တွေ့ခြင်း မတွေ့ခြင်းက ဘယ်လိုထူးခြားကွဲပြားပြီး အကျိုးရှိသလဲ၊ ဘာအတွက် တွေ့





ချင်တာလဲ၊ ခင်ဗျား ဘာပြောမှာလဲ၊ ဘာတွေ တောင်းဆိုမှာလဲ ကျွန်တော် ဒါတွေ သိရမှဖြစ်မယ်ဗျာ၊ ခင်ဗျားတို့နှစ်ယောက်ကို တွေ့ဆုံခွင့်ပေးဖို့ စဉ်းစားရတာကိုက ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်ထိ ခံစားရမလဲ နာကျင်ရမလဲ ခင်ဗျား တွေးမိလား၊ ကျွန်တော် မလုပ်ချင်တာကို ကျွန်တော် လုပ်ရမှာ၊ သူ့အတွက် လုပ်ပေးရမှာ"

ညီစေက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

"ကိုညီုချစ်ဆိုင်"

"........."

"ကျွန်တော် ပန်းကို ထူးထူးခြားခြား ပြောစရာအကြောင်းအရာ မရှိသလို ဘာမှလဲ တောင်းဆိုမှာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာများတွေ့ဖို့ လိုသေးလဲဗျာ"

"ကိုညီုချစ်ဆိုင်... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ပွင့်ပွင့်လင်းလင်း ပြောပါရစေ၊ ကျွန်တော် ဒီဆယ်နှစ်လုံးလုံး ပန်းကို မမေ့ပါဘူး၊ ကျွန်တော် သတိရပါတယ်၊ ကျွန်တော် ခုထိ အိမ်ထောင်မပြုဖြစ်တာကို ကြည့်ရင်လည်း ခန့်မှန်းလို့ ရပါလိမ့်မယ်၊ ကျွန်တော် သူ့ကို... ကျွန်တော် သူ့ကို သာမန်အခြေအနေမှာ တွေ့ဖို့ကြိုးစားမှာ မဟုတ်သလို တကူးတကတောင် ရှောင်ခဲ့တာပါ၊ ဘာကြောင့်ပဲ ဖြစ်ခဲ့ဖြစ်ခဲ့ သူ တည်ဆောက်သွားတဲ့ အိမ်ထောင်ရေးကို သာယာချမ်းမြေ့စေချင်တဲ့ သူပါ၊ သူ ပျော်စေချင်တာပါ၊ ဘာအနှောင့်အယှက်မှ မပေးခဲ့ပါဘူးဗျာ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မမေ့တာကို ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ တမင်တကာ လုပ်တာမှ မဟုတ်တာဗျာ၊ ဒါပေမဲ့ သူ့ကို မနှောင့်ယှက်ချင်ဘူး၊ သူ့ခင်ပွန်းကို လေးစားမှုထားတယ်၊ ဆယ်နှစ်လုံးလုံး သူ မမြင်အောင် နေခဲ့တယ်၊ ဖုန်းအဆက်အသွယ်မျိုးတောင်လုပ်ဖို့ မစဉ်းစားခဲ့ဘူး၊ အခုကကျတော့ ပန်းမှာ သေရမယ့် ရောဂါတစ်ခု မကြာခင် လူ့ဘဝက ထွက်ခွာသွားရတော့မယ့် ကျန်းမာရေးအခြေအနေ ရှိနေတယ်ဆိုတာ သိလိုက်ရတော့ ကျွန်တော် ရုတ်တရက် မှ မလို ခံစားရပါတယ်"

ညိုချစ်ဆိုင်သည် ညီစေ့ကို အံ့အားတသင့်သာ ငေးစိုက်ကြည့်နေမိတော့သည်။ မင်း ရူးမယ်ဆိုတာ ငါကောင်းနေချိန်လောက် ရှိမှာပေါ့ ညီလေးရယ်။ ရူးမလို ခံစားရတယ်ဆိုတာ ငါ့ရဲ့အနုဆုံး ခံစားချက်လောက်ပါ။

"အတိုဆုံးလိုရင်း ပြောရရင် သူ မသေခင် ကျွန်တော် သူ့ကို တစ်ခါလောက်တော့ နောက်ဆုံး တွေ့ခွင့်ရချင်ပါတယ် အဲဒါပါပဲ"

ညီစေက စီးကျလာသော မျက်ရည်တို့ကို ခပ်ရှက်ရှက်နှင့် ကလေးတစ်ယောက်နယ် လက်ခုံနှင့် ပွတ်သုတ်လိုက်ေ သည်။ ဒါကိုကြည့်ရင်း ညိုချစ်ဆိုင်က ခေါင်းကိုတညိတ်ညိတ် ညိတ်နေမိပါသည်။ သူတို့ရဲ့အချစ်တွေက အဲသလို ဖြစ်နေတော့ ကိုယ့်အချစ်ဆိုတာကို ဘယ်နားသွားပစ်လိုက်ရပါ့။ ဆယ်နှစ်





လုံး မေတ္တာပြန်မပေးခဲ့တဲ့ ဇနီးသည်ကို ဘယ်လိုစိတ်မျိုးနှင့် သူ ပေတေသည်းခံပြီး မေတ္တာမပျက်နိုင်ခဲ့သလဲ ဆိုတာ ကိုယ်ကိုယ်တိုင်ပင် မသိနိုင်လောက်အောင် ဖြစ်ရတဲ့ထိ ဒူပေဒါပေခံခဲ့သော သူ့အချစ်တို့ကို ဘယ်တွင်းမှာတူးပြီး မြှုပ်ပစ်ရပါ့မလဲ။

"ကျွန်တော် ဘာမှ မပြောပါဘူး အစ်ကို၊ ကျွန်တော် ဘာမှမတောင်းဆိုပါဘူး၊ ကျွန်တော် တွေ့ချင်တာလေးတစ်ခုတည်းပါ။ သူ့မျက်နှာကို ကြည့်ချင် မြင်ချင် တွေ့ချင်တာလေး တစ်ခုတည်းပါ"

"တိတ်စမ်းပါကွာ... မင်းကလည်း၊ မင်း မူးနေပြီထင်တယ်"

မျက်ရည်သုတ်နေတဲ့ ညီစေ့ကို ညိုချစ်ဆိုင် စိတ်ရှုပ်ရှုပ်နှင့် တားမိသည်။ သူက အစ်ကိုခေါ်တော့ ညိုချစ်ဆိုင် စိတ်ထဲလည်း မင်းနဲ့ ငါနဲ့သာ ပြောချင်တော့သည်။ ဒါမှလည်း အားရပါးရ ရှိသည်။ ညီစေ့ကို စိတ်တိုသလို စိတ်ပျက်သလို သူ ကြည့်မိသည်။ ကိုယ့်ဟာနှင့်ကိုယ်မှ အသည်းတွေ ကွဲကြေနေရတဲ့ ကြားထဲ တစ်စစီပဲ့ကြွေနေသူနှင့် လာတွေ့နေပြီ။

"ဆောရီးပါ အစ်ကို၊ တကယ်ဆို ကျွန်တော့်အမေကို သူ ဘယ်လောက် နာကြည်းသွားသွား၊ ကျွန်တော့်ကိုတော့ ညှိနှိုင်းသင့်သေးတယ် မဟုတ်လား၊ မေးပါဦးလားဗျာ၊ နင် ဘာဆက်လုပ်မလဲ ညီစေ...လို့၊ ဘာတစ်ခွန်းမှမပြောတော့ဘဲ ရုတ်တရက် စိတ်လိုက်မာန်ပါ ဆုံးဖြတ်သွားတယ်၊ တစ်ချိန်လုံး မေ့ထားတာတွေပါ၊ အခုမှ အသစ်ပြန်တွေးမိတော့ အရမ်းရင်နာတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ… မင်း ရင်နာရတယ်ဆိုတာ ကိုယ် တစ်ရေးနိုးသလောက် ရှိမှာပါ၊ အဲဒါကိုလည်း နားလည်ထားဦး၊ နေ့ရက်ပေါင်း သုံးထောင်ခြောက်ရာကျော်ကို ဘာချစ်ခြင်းမေတ္တာမှ မရဘဲ ကိုယ့်အပေးနဲ့ချည်း ကျော်ဖြတ်လာခဲ့တဲ့ကောင်ရဲ့ ရင်ဘတ်ထဲရော ဘယ်လိုနာကျင်နေမလဲ တွေးကြည့်ပေါ့ကွာ၊ အခုတစ်ခါ မင်းနဲ့ တွေ့ပါရစေလို့ ငါ့ကိုတောင်းဆိုတယ်၊ ငါ ခွင့်မပြုရင် မတွေ့ပါဘူးတဲ့၊ ဒါပေမဲ့ တွေ့ချင်ပါတယ်တဲ့လေ…

ကဲ… မင်း ရင်နာပါတယ် ဆိုတာကို မင်းပြောရဲသေးလား ညီလေး၊ ပြောထွက်သေးလား၊ ဘယ်လိုဟာမျိုးကို ရင်နာရတယ် ခေါ်တာလဲ၊ မင်းသဘောပေါက်နိုင်ပြီလား၊ ဘာပဲဖြစ်ဖြစ်ပါလေ၊ ကိုယ်က ဦးဆောက်ပန်းအတွက် ဝင်ကြွေးကြီးတဲ့ ကောင်ပါကွာ၊ မင်း ဘာမှမတောင်းဆိုပါဘူး ဆိုတာကိုပဲ ကိုယ် ကျေနပ်ပါပြီ၊ မင်းတို့ တွေ့ချင်ကြတယ် ဆိုတာကိုလည်း နားလည်မပေးချင်တောင်မှ ငါ့ရင်ထဲမှာ နားလည်ပေးနေမိခဲ့တယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုရာ"

"တစ်ခါတလေတော့ ဦးဆောက်ပန်းကို လက်ထပ်လိုက်မိတာ ငါမှားသလားလို့ တွေးမိတယ်၊ အဲသလို တွေးမိတိုင်းသားလေးကို ကြည့်မိတယ်၊ ပန်းရဲ့ကိုယ်ပွားလေး၊ ကိုယ်တို့သားလေး၊ ပန်းနဲ့ ကိုယ်နဲ့သာ လက်မထပ်ဖြစ်ခဲ့ရင်





ဒီကိုယ်ပွားလေး ရှိလာခဲ့မှာ မဟုတ်ပါလား၊ လူဖြစ်လာမှာ မဟုတ်ပါလားလို့ တွေးမိလိုက်ရင် မှားသွားလားလို့ တွေးမိတာကို နောင်တရပြန်တယ်၊ နောင်လာမယ့် အချိန်တစ်ခုမှာ သားလေးပဲ ကိုယ့်နားမှာ ကျန်ရစ်ခဲ့မှာလေ၊ ပန်းရဲ့ကိုယ်စား ပန်းကိုယ်ပွားပေါ့ကွာ"

"ပန်းက ဘာဖြစ်တာလဲ ဆိုတာ ကျွန်တော် မေးလို့ရပြီလား အစ်ကို၊ ဟိုတစ်နေ့က ဘာလို့ပြောပြရမှာလဲ၊ တစ်လုံးမှ မပြောနိုင်ဘူးဆိုလို့ ကျွန်တော် ထပ်မမေးရသေးတာပါ၊ ပန်း ဘာဖြစ်တာလဲ၊ ဘာရောဂါလဲ၊ ရှေ့စင်တို့ပြောနေသလို မကြာခင် သူ တကယ်ပဲ သွားရမှာလား အစ်ကိုရာ၊ ဘယ်တော့လဲ၊ ဘယ်လောက်ကြာကြာ နေလို့ရသေးတာလဲ၊ ဒါတွေ ကျွန်တော် သိပါရစေ၊ သူနဲ့တွေ့ရင်လည်း မေးလို့မရမယ့် စကားတွေမို့ပါ"

ညီရှုစ်ဆိုင်က လေးပင်လာတဲ့ ရင်ထဲက လေပူများကို ပါးစပ်မှ အလုံးအရင်းလိုက် ဗျူးခနဲ မှုတ်ထုတ်လိုက်ပါသည်။

"ပန်းရောဂါက နည်းနည်းရှားပါးတယ် ညီစေ၊ SLE တဲ့"

"SLE ဆိုတာ ဘာလဲ အစ်ကို"

"SLE ဆိုတာ Systemic Lupus Erythomatosus တဲ့၊ ကိုယ်လည်း ပန်းမှာ ဖြစ်တယ်ဆိုမှပဲ ကိုယ်စ,ကြားဖူးတဲ့ရောဂါပဲ၊ ရှားပါးတဲ့ ရောဂါတစ်ခုလို့ ပြောတယ်၊ ဒုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းမှာမှ အယောက်နှစ်ဆယ်ကနေ ခုနစ်ဆယ်လောက် အထိပဲ ဖြစ်နိုင်တဲ့ ရောဂါမျိုး"

"ကျွန်တော် မကြားဖူးဘူး အစ်ကို၊ အဲဒါ ဘယ်နေရာမှာ ဘာဖြစ်တာလဲ"

"သူ ခံစားနေခဲ့ရတာတွေကတော့ အမျိုးစုံပဲ၊ အဆစ်အမြစ်တွေ ရောင်တယ် နာတယ်၊ Arthritis လို လက္ခဏာလိုမျိုးလို ဖြစ်တယ်၊ အဲဒါအပြင် မာဆယ်လ်တွေပါ နာတယ်၊ Skin problem တွေ ဖြစ်တယ်၊ အရေပြားမှာ ယားနာတွေ ဖြစ်တာမျိုး အလားဂျစ်တွေ အင်ပြင်တွေလို ထ,တာမျိုး ကအစ အရေပြားဆိုင်ရာ ပြဿနာတွေလည်း ခံစားရတယ်၊ ဒါတွေကတော့ ခုဆိုရင် အမြဲလို ဖြစ်နေတာမျိုးတွေပေါ့၊ မကြာမကြာ ဖျားတတ်တယ်၊ ဒီကြားထဲမှာ နာခေါင်းသွေး ကလည်း လျှံတတ်သေးတယ်"

"ပန်းက ငယ်ငယ်ကတည်းက ခေါင်းကိုက်တတ်တာတော့ မကြာခဏ သတိထားမိတယ် အစ်ကို"

"သူ့ရောဂါရဲ့သဘောက သူ့ကိုယ်ခန္ဓာရဲ့ Immunity ကို သူ့ဘာသာ Anti body တွေက ထွက်လာပြီး ပြန်တိုက် နေတဲ့ ရောဂါပဲ ညီစေ၊ အဲဒါတော့ သူ့ Immunity ကို ထားဖို့ စတီးရွိုက်ဆေးတွေ ပေးပေးထားရတယ်၊ အဲ အခါ တခြား အပြင်ကရောဂါတွေ ဝင်လာတယ်၊ တစ် တစ်ရံ သွေးဖြူဉတွေ Count ကျသွားတယ်၊ အရေပြား





အမြဲလိုပဲ ရဲနေတယ်၊ နေပူထဲတွေ ဘာတွေလဲ သွားလို့ မရဘူးလေ ညီစေ။ နေရောင်ခံလို့ မရဘူး၊ တစ်ခါတလေ Skin infection ဝင်ရင် အနာလေးတွေလို လက်တွေ လည်ပင်းမျက်နှာတွေမှာ ထွက်လာတဲ့အခါ ဆေးရုံတင်ပေါ့ ကွာ"

ညီစေ့မျက်နှာမှာ စိတ်မသက်မသာ ပျက်ယွင်းလာပါ သည်။

"ဆေးရုံ ခဏ ခဏ တက်ရတာလား အစ်ကို"

"အင်း… လေးကြိမ် ရှိသွားပြီပေါ့၊ နောက်ဆုံးတစ်ခေါက် ကတော့ သူ တော်တော်လေး ဆိုးတယ်၊ အခုက ကိုယ် တွင်းက Organs တွေပါ ထိခိုက်လာတာတွေ ရှိတယ် လေ၊ နှလုံး ခဏခဏရောင်တယ်၊ နှလုံးကမကောင်းဘူး၊ အဲဒါဆို အသက်ရှူကျပ်ပြီး မောပြီး နေရထိုင်ရခက် မထူ မထနိုင် သူ တော်တော်ခံရပါတယ်…

နောက်… ကျောက်ကပ်ထိတယ်၊ တဖြည်းဖြည်းချင်း တစ်ခုပြီးတစ်ခု မကောင်းဘူးပေါ့ကွာ၊ သူ့မှာ ဒီရောဂါရှိ တာ ရှာဖွေတွေ့ရှိတာ ခုဆိုရင် ရှစ်နှစ်ရှိပြီ၊ သွားတစ်သက် ပဲ ဆိုပါစို့၊ နောက်ပိုင်း လေး,ငါးနှစ်ကတော့ သူဝေဒနာ တွေ တစ်မျိုးပြီးတစ်မျိုး တိုးပြီးခံစားလာရတယ်"

"ဒီရောဂါက ဘယ်လောက်ထိ ဘယ်လောက်ကြာကြာ အသက်ရှင်တာမျိုးလဲ အစ်ကို၊ ပန်းအခြေအနေက ဘယ်လို လဲ၊ သူ နောက်ထပ် ဘယ်လောက်…"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက တစ်ဦးနဲ့တစ်ဦး မတူဘူး ညီစေ၊ တချို့လည်း အတော်ကြာကြာ နေနေကြပါတယ်၊ တချို့လည်း လေး၊ ငါးနှစ်ပဲ၊ ဖြစ်လာတာတွေကို ကုသရင်း ရှင်သန်နေကြတာပါပဲ၊ ပန်းကတော့ ရောဂါတစ်ဆင့်ပြီး တစ်ဆင့် တိုးလာတာ တစ်နေ့ရာပြီး တစ်နေ့ရာ ထိလာတာ အချိန်တာမြန်တယ်၊ သူ့ကံတရားပဲ ပြောရမှာပေါ့ကွာ…

သူ့ကို ရောဂါအမည်တပ်လိုက်ကတည်းက ကိုယ် ဒီရောဂါဖြစ်တဲ့ သူတွေကို လိုက်စုံစမ်းရှာဖွေပြီး လိုက်တွေ့တယ်၊ သူတို့ထဲက တချို့နဲ့ဆို ခုချိန်မှာ ခင်ခင်မင်မင်တောင် ဖြစ်လာတဲ့ထိပဲ၊ သူတို့ ဘာတွေခံစားရလဲ၊ သူတို့ ဘယ်လိုနေထိုင်လဲ၊ သူတို့ ရောဂါတိုးလာလား၊ သက်သာလား၊ ဒါတွေကို ကိုယ် အမြဲတမ်း သတင်းမေး နားစွင့်နေတယ်၊ ခုချိန်ထိ ရှစ်နှစ်ကျော်လောက်အတွင်းမှာ ကိုယ်သိတဲ့ လူနာငါးယောက် ခြောက်ယောက်ထဲက တစ်ယောက်ပဲ ဆုံးသွားတာ ကြုံဖူးပါသေးတယ်၊ ကျန်တဲ့သူတွေက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေထိုင်ရင်း ခုထိအခြေအနေ ကောင်းနေပါတယ်…

အခြေအနေ သိပ်မကောင်းတာက ပန်းပဲ၊ ပန်းက ဟိုးငယ်ငယ်ကတည်းက သွေးအားနည်းရောဂါ ရှိတယ်လို့ အလွယ်သိထားတာမျိုး ရှိခဲ့တယ်၊ အခု သေချာစစ်





သိရပြီးမှ သူ့မှာ သွေးနီဥ သွေးဖြူဥတွေက ပျက်လွယ်နေတော့ သွေးဥအရေအတွက်က အမြဲကျနေတယ်၊ လိုအပ်တဲ့အခါ သွေးသွင်းပေးရတယ်၊ နောက်ပိုင်း တစ်ခုပြီးတစ်ခု တိုးလာတဲ့ ဝေဒနာတွေထဲမှာ အခု နောက်ဆုံး သူဖြစ်နေတဲ့ ဝေဒနာကတော့ သူ့ကျောက်ကပ်တစ်ခုက ပျက်စီးစ ပြုလာတယ်"

"ကျွန်… ကျွန်တော် လှူပါရစေ အစ်ကို"

ညိုချစ်ဆိုင်က ညီစေ့ကို လှည့်ကြည့်လိုက်၍ ညီစေကမျက်လွှာချထားလိုက်ရပါသည်။ သူ့ရဲ့အလောတကြီး စိုးရိမ်ပူပန်မှုအတွက် ညိုချစ်ဆိုင်ကို အားတုံ့အားနာ ဖြစ်သွားရပါသည်။ သူ လှူနိုင်တာပေါ့၊ ကျောက်ကပ်တစ်ခုတည်းနဲ့ သူ နေလို့ရတာပဲ။ သူဟာ ကျန်းမာသန်စွမ်းသူ တစ်ယောက်ပဲလေ။

ညိုချစ်ဆိုင်က ညီစေ့ အမူအရာကိုကြည့်၍ ယဲ့ယဲ့မျှ ပြုံးမိသည်။ ဒီကောင်လေးဟာ ပန်းနဲ့ရွယ်တူဆိုတော့ သူ့ထက် ခြောက်နှစ် ခုနစ်နှစ်တော့ ငယ်မှာပင်။ ဒီလူရွယ်ကို သူ နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ သူ ချီးကျူးပါသည်။ ဘဝမှာ ပထမဆုံး ချစ်ခဲ့တဲ့ အချစ်ဦး မိန်းမကို နှစ်နှစ်ကာကာ ချစ်လှ၍ အိမ်ထောင်ပင် မပြုဖြစ်တော့တဲ့သူ။ သူ့ရုပ်ရည် သူ့အသက်မွေးဝမ်းကြောင်း သူ့အနေအထားနှင့် သူဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင် ဖြစ်မှာလေ။ မစွံလို့ မယူရတာ မဟုတ်တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။ ပထမဆုံး ချစ်မိတဲ့ မိန်းမကို ရှိသမျှအချစ် အကုန်ပေးခဲ့မိတာတော့ သူနှင့် ညီ့ချစ်ဆိုင် တူတူပါပဲလေ။

ခုလည်း သူ လှူပါရစေဆိုတာ တကယ်မှန်ကန်တဲ့ စိတ်ရင်းနှင့် ပြောလိုက်တာ ညီ့ချစ်ဆိုင် နားလည်သည်။ ကိုယ်ချစ်တဲ့သူရဲ့ အသက်ကို ကယ်ချင်တာလေ။ ကိုယ်လည်းပဲ ကယ်ချင်တာပဲပေါ့ ညီစေရယ်။

"ပန်းက နှလုံးလည်း မကောင်းတော့ဘူး ညီစေ၊ သူ့ကို ကျောက်ကပ်လဲဖို့ ခွဲစိတ်ဖို့အတွက် သူ မေ့ဆေးဒဏ်၊ ခွဲစိတ်မှုဒဏ် မခံနိုင်ဘူး၊ လောလောဆယ် အနေအထားမှာ ပန်းဟာ ဘာဒဏ်မှ မခံနိုင်တော့ဘူး၊ သူ့အခြေအနေက ယဲ့ယဲ့ပဲရှိပါတယ်၊ ဒါကြောင့် ဆရာဝန်ကြီးက အပရေးမလုပ်ဘူး၊ အဲဒါကြောင့်သာ ခုချိန်ထိ မလဲဖြစ်တာပေါ့ကွာ"

ညီစေသည် အဟောင်းသား ဟ,နေသော ပါးစပ်နှင့် နှုတ်ခမ်းတွေ တရှုရှု ဖြစ်နေရာမှ သူ့နှုတ်ခမ်းသူ ဖိကိုက်လိုက်သည်။ ငူငြေ့ပျက်နေသော သူ့အနေအထားကိုသူ ထိန်းကာ ငြိမ်သက်နေသည်။

မျက်နှာချင်းဆိုင် ထိုင်နေကြတဲ့ ယောကျ်ား နှစ်ယောက်ဟာ ကုလားထိုင်ကိုယ်စီမှာ မှီလျှောထိုင်လျက် နှစ်ယောက်လုံး ရေပြင်ဘက် ဦးတည်ရာမဲ့ တိတ်ဆိတ်လှည့်ငေးနေကြပါသည်။





ရေပြင်ကို နေဖျော့ဖျော့ထိုး၍ လက်လာသော အရောင်က သူတို့မျက်ဝန်းကိုယ်စီသို့ ရောင်ပြန်ဟပ်တဲ့အခါ မျက်ဝန်းတွင်းမှ မျက်ရည်ရောင်ကိုပါ ဖုံးဖိဖို့ ခက်ကြရသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

အမောတကော ခြေလှမ်းသွက်တို့နှင့် ပြေးလာသော ညီစေသည် အခန်းနံပါတ်(...)သို့ ချိုးကွေ့သော စင်္ကြံပေါ်တွင် ခြေလှမ်းကို အလန့်တကြား ဘရိတ်အုပ်လိုက်ရပါသည်။ အခန်းရဲ့အပြင်ဘက်မှာ ရပ်နေသော လူနှစ်ယောက်မှာ သူ့ဘက်မျက်နှာချင်းဆိုင် ရပ်နေတာက ညိုချစ်ဆိုင်။ ကျောပေးထားသူကတော့ သူ အမြဲရှိန်လန့်ခဲ့ရတဲ့ ပန်းရဲ့မေမေ ဒေါ်မာလာနွယ်ပါလား၊

ညိုချစ်ဆိုင်က သူ့ကို လှမ်းမြင်၍ လှမ်းကြည့်နေလိုက်တာကြောင့် ဒေါ်မာလာနွယ်က နောက်ဘက်ကို လှည့်ကြည့်လာသည်။ ညီစေသည် ဘာဆက်လုပ်ရမည် မသိ၍ ခြေလှမ်းကိုစုံရပ်ကာ ကျောက်ပြားတွေ ခင်းထားတဲ့ သမံတလင်းပြင်ကိုသာ မျက်လွှာစိုက်ချ နေလိုက်မိသည်။

ဒေါ်မာလာနွယ် သရဲသဘက်တွေ့သလို တုန်လှုပ်သွားပြီး ညိုချစ်ဆိုင်ထံလည်း စိုးရိမ်တကြီး ပြန်ကြည့်လိုက်ပါသည်။ ညိုချစ်ဆိုင်သည် တင်းမာတော့မလို အနေအထားကြောင်





စိတ်ကျဉ်းကျပ်သွားရသည်။ ဒီအချိန်မျိုးမှာ ဘာပြဿနာမှ မဖြစ်စေ မကြုံစေချင်ပါ။

"မေမေ... ဒါ '......' Air line က ပိုင်းလော့ ညီစေလေ၊ မေမေ မှတ်မိပါလိမ့်မယ်"

"သူ... သူက... ? "

ဒေါ်မာလာနွယ်က ကတုန်ကယင် ရေရွတ်လိုက်ပြီးနောက် မျက်နှာက ခုနညှိုးငယ်နွမ်းဖတ်နေရာက အကြောစိုင်များ တင်းလာလျက် ညီစေ့ဘက် တည့်တည့်လှည့်ရပ်လိုက်ပါသည်။ ညီစေသည် သူနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသော ဆယ့်ငါးပေကွာလောက်က ဒေါ်မာလာနွယ်ကို တစ်ချက်ကြည့်ရင်း...

"အန်တီ နေကောင်းပါလား"

"မင်း..., မင်း ဘာလာလုပ်တာလဲ ညီစေ"

"ဟို... ပန်း... အရေးပေါ် ဆေးရုံတင်လိုက်ရတယ်လို့ ရွှေ... ရွှေစင့်ဆီက သိရလို့ပါ ခင်ဗျာ"

"အဲဒီမိန်းကလေးတွေလည်း ခုချိန်ထိ မင်းဆီကို အကုန်သတင်းပို့နေကြတာလား"

"အဲလို မဟုတ်ပါဘူး အန်တီ၊ အ... အခု ပန်း နေမကောင်းတာ သိရပြီးမှ ကျွန်တော် သတင်းလှမ်းမေးတတ်တာကြောင့်ပါ၊ အရင်ကတော့ ကျွန်တော်လည်း ဘာမှမမေးသလို သူတို့လည်း ဘာမှ မပြောပါဘူး၊ အခုကျမှ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ကိုညိုချစ်ဆိုင်နဲ့လည်း တွေ့ပြီးပြီဆိုတာ သူတို့သိလို့…”

“ဘာ… မင်းက မောင်ညိုနဲ့ တွေ့ပြီးပြီ”

ဒေါ်မာလာနွယ်က ညိုချစ်ဆိုင်ထံ တစ်လှည့် ညီစေ့ထံတစ်လှည့် အံ့သြတကြီး အခါခါကြည့်ရင်း…

“မောင်ညို… မင်းက သူနဲ့”

“ဟုတ်ကဲ့ မေမေ၊ သူက အခြေအနေ သိချင်နေတော့ ကျွန်တော်လည်း ပြောပြသင့်တယ်ထင်လို့”

“ဘာ ပြောပြသင့်တာလဲ၊ ဘာကို ပြောပြသင့်တာလဲ၊ အဓိပ္ပာယ်မရှိတာတွေ၊ ပြီးပြီးသားတွေ၊ ဘာမှ ပြန်ဆက်စပ်လာစရာ အကြောင်းကို မရှိတာတွေ၊ အခု ဘာလဲ၊ မင်းက ပန်းကိုလာတွေ့တာလား၊ တွေ့စရာမလိုပါဘူး၊ မင်းပြန်လိုက်”

ညီစေက ခြေစုံရပ်လျက် ညိုချစ်ဆိုင်ကို လှမ်းကြည့်နေသည်။ ညိုချစ်ဆိုင်သည် ပင်ပန်းနွမ်းဟိုက်နေရာက ခေါင်းတွေပင် ကိုက်လာသည်။ သွေးပါ တိုးလာပြီလားမသိ။

“အစ်ကို… တကယ်တော့ မနက်ဖြန်က ကျွန်တော်တို့ ချိန်းထားတဲ့နေ့ဆိုတော့ ဘယ်လိုအခြေအနေလဲ ဆိုတာလည်း ကျွန်တော် သိချင်တာရယ်၊ ပန်း အခြေအနေက ဘယ်လောက် ပြင်းထန်လဲ ဆိုတာလည်း…”

“မနက်ဖြန်၊ မနက်ဖြန်က ဘာချိန်းထားတာလဲ”

“………”





“မောင်ညို… သူက ဘာကို ချိန်းထားတာလဲ”

“မေမေ… ဟို… ပန်းနဲ့တွေ့ဖို့ သတင်းလေး ဘာလေး မေးဖို့ နက်ဖြန် အိမ်လာတွေ့ဖို့ ညီစေနဲ့ ချိန်းထားကြတာပါ”

“ဘာ…၊ ဘာတွေ လုပ်နေကြတာလဲ၊ ဘယ်လိုတွေလဲ မောင်ညို၊ သူတို့ချင်း ဘာလုပ်စရာ အကြောင်းရှိလို့ တွေ့ရမှာလဲ၊ မတွေ့တာ နှစ်ပေါင်းမှာစွာ ကြာခဲ့ပြီးပြီ၊ ဘာဖြစ်လို့ အသစ်ပြန်လုပ်ပြီး တွေ့ဖို့တွေ ဘာတွေ ဖြစ်ရတာက ဘယ်သူ့အစီအစဉ်လဲ၊ သတင်းမေးရလို့ ဘာဖြစ်သွားမှာလဲ၊ အပိုတွေ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ကြနဲ့၊ မင်းက စီစဉ်နေတာလား မောင်ညို၊ ဘာလဲ ပန်းရဲ့ ဒီလိုအချိန်မှာ ပန်းအတွက် မင်းက တစ်စုံတစ်ခု လုပ်ပေးချင်တယ် ဆိုတာမျိုး ကဗျာဆန်ဆန် ပြဇာတ်ဆန်ဆန် မင်းက ဇာတ်ညွှန်းရေးနေတာလား၊ ပန်းအတွက် ဘာကောင်းကျိုးမှ မရှိဘူး၊ မင်း ပြန်လိုက်တော့ ညီစေ၊ ငါ့သမီးနဲ့ ငါ တွေ့ခွင့်မပြုဘူး”

“မေမေ…”

“………”

“ပန်းဆန္ဒပါ ပန်းက တွေ့ချင်တာပါ”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာနွယ် မျက်နှာသည် ငိုမလို အုံ့မှိုင်းသွားပါသည်။

"မနက်က ပန်း ခြေတွေလက်တွေ ဆိုင်းပြီး လှုပ်မရတော့ဘဲ အသက်ရှူမရလောက်အောင် ရုတ်တရက် ဝေဒနာဖောက်လာတာ မေမေ အသိပါ၊ ဒီညနေမှ နည်းနည်းကလေး ကျွန်တော် သက်ပြင်းချနိုင်တာပါ၊ ပန်း... ပန်း စိတ်ချမ်းသာပါစေ မေမေ၊ ကျွန်... ကျွန်တော် တောင်းဆိုပါတယ်"

"မောင်ညို"

ဒေါ်မာလာနွယ့် အသံက တုန်ခိုက်နေသည်။ ညိုချစ်ဆိုင်ကို မချိတင်ကဲ ဆွံ့အသလို ငေးငေးကြီး စိုက်ကြည့်နေကာ ဝမ်းနည်းပက်လက် ဖြစ်နေမိလေသည်။ ညီစေ့ကိုတော့ အခြေအနေတွေ ရှုပ်ထွေးစေသူရယ်လို့ ဘယ်လိုမှ မကြည်လင်နိုင်တဲ့ မျက်နှာနှင့် တစ်ချက်လှမ်းကြည့်ကာ...

"ဘာပဲဖြစ်ဖြစ် မင်း ဒီနေ့ ဦးဆောက်ပန်းကို လုံးဝမတွေ့ရဘူး၊ ဒီနေ့တော့ ဘယ်နည်းနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး၊ မနက်က အားလုံး စိတ်ပူလိုက်ရတဲ့ အခြေအနေ၊ သူ့မှာ ဒီအချိန်မှာ မင်းကိုတွေ့ဖို့ ခွန်အားလည်းမရှိဘူး၊ မင်းတို့ချင်း ဘယ်လောက်ပဲ သဘောတူထား တူထား ဒီနေ့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ ခွင့်မပြုပေးနိုင်ဘူး"





ခုနက အိမ်ခဏပြန်ဖို့ ထွက်လာတာဖြစ်တဲ့ ဒေါ်မာလာနွယ်က အခန်းတံခါးကိုဖွင့်ကာ အခန်းထဲ ပြန်ဝင်သွားလိုက်မှပါတော့သည်။ ဒေါ်မာလာနွယ် ဝင်သွားမှ ညီစေက ရှေ့နားခပ်သွက်သွက် တိုးလာကာ...

"အစ်ကို..."

"ဟုတ်တယ် ညီစေ၊ မင်း ဒီနေ့တော့ ပန်းကိုတွေ့ဖို့ မဖြစ်နိုင်ဘူး၊ ပန်းမှာ မင်းကိုတွေ့နိုင်မယ့် စိတ်ခွန်အား လူခွန်အား မရှိတာ အမှန်ပဲ၊ ဒီရက်ပိုင်း သူ့အခြေအနေလေးကို ကြံ့ခိုင်အောင် ပြန်တည်ဆောက်ရဦးမယ်၊ မင်း ခဏဆက်စောင့်ပါဦး ညီစေ၊ မင်းကို ပြန်ချိန်းပါမယ်၊ သူ နေပြန်ကောင်းလာတဲ့အခါ ကိုယ် ပြန်စီစဉ်ပေးမှာပါ ညီစေ"

ညီစေက ခေါင်းကို လေးတွဲ့တွဲ့ ညိတ်လိုက်ရင်း...

"ဟုတ်ကဲ့... ကျွန်တော် နားလည်ပါတယ်၊ လက်ခံပါတယ် အစ်ကို၊ အခု ပန်း အခြေအနေ ဘယ်လိုလဲဟင်"

"မကောင်းပေမယ့် မနက်က ဖြစ်ဖြစ်ချင်းကလို မဆိုးတော့ပါဘူး ညီစေ၊ အရမ်းစိုးရိမ်စိတ်ပူရမယ့် အနေအထား မဟုတ်တော့ပါဘူး"

ဒေါ်မာလာနွယ်သည် အခန်းထဲရောက်ပြီးနောက် စိတ်လှုပ်ရှားစွာ ရပ်နေမိသည်။ ညီစေ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာ ရင်တွေကို တုန်လှုပ်ပင်ပန်းစေသည်။ ခုတင်ပေါ်မှာ ပန်းရဲ့ မျက်နှာကလေးဟာ ဖြူဖျော့၍ ကြုံလှီနွမ်းနယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းနားမှာ ခုတင်စွန်းထက် တင်ပုလ္လင်ထိုင်ရင်း သူ့မကြီး ဝတ်မှုန်ဦးက ပန်းရဲ့ခြေသလုံး ခြေဖဝါးများကို လက်နှင့်ဆုပ်၍ နှိပ်နယ်ပေးနေပါသည်။ ဝတ်မှုန်ဦး မျက်နှာဟာ စိတ်မကောင်းခြင်းနှင့် ညှိုးငယ်နေပါသည်။

"မမကြီး... တော်ပါပြီ၊ ပန်း သက်သာပါတယ်"

"အို... သက်သာပေမယ့် မနက်က လှုပ်မရအောင် ဖြင် ထားတာ မဟုတ်လား၊ ခုလို ကြာကြာနှိပ်ပေးတော့ သွေး လျှောက်ကောင်းပြီး ပိုသက်သာတာပေါ့ ညီမလေးရယ်"

"မမကြီးက စကားပြောရင် အမြဲလေသံမာတတ်တဲ့သူလေ. မမကြီးဆီက ဒီလိုနူးညံ့တဲ့ အသံမျိုး ကြားရတာ သိပ်နား ထဲ ထူးဆန်းတာပဲ၊ အရင်လိုပဲ ပြောပါ ဆိုပါ မမကြီး' ပန်းရဲ့အခြေအနေ တစ်ခုပေါ်မှာ မူတည်ပြီး ပန်းရဲ့ပတ် ဝန်းကျင်က လူတွေရဲ့ အပြုအမူတွေ ဆက်ဆံရေးတွေ ပြောင်းလဲတာ ပန်းမကြိုက်ပါဘူး၊ ဟိုးအရင်ကလို လွှတ် လွှတ်လပ်လပ် ပြောဆိုနေထိုင်တာပဲ ပန်းကြိုက်တယ်"

"အေးပါဟာ၊ အရင်လိုပါပဲ ပန်းရယ်"

"အဲလို ပြောတာမျိုးကိုက အရင်လို မဟုတ်တာ၊ မမကြီး ပန်းကို သနားနေတာ မဟုတ်လား"

"အဲလိုတွေ မပြောပါနဲ့ ညီမလေးရယ်"

"အခုဆို မမကြီး တွေးနေမိမှာပဲနော်"

"ဘာကိုလဲ ပန်းရဲ့"





"သြော်... ဒီလိုအချိန်မှာ ပန်း အခုလို ကြုံတွေ့ခံစားရမယ်၊ ဒီလောက် အသက်အရွယ်မှာ ပန်းဟာ မိသားစုဝင်တွေကို ခပ်စောစော ထားရစ်ခဲ့လိမ့်မယ် ဆိုတာမျိုးသာ ကြိုသိခဲ့ ရင် မမကြီး ဟိုတုန်းက ပန်းရဲ့အချစ်ရေးကိစ္စကို ခွဲပစ်ခဲ့ မိမှာ မဟုတ်ဘူး ဆိုတာမျိုးလေ၊ မတွေးမိဘူးလား... ဟင်၊ တွေးမိတယ် မဟုတ်လား"

မောနေတဲ့ကြားက ဖြည်းဖြည်းလေးလေး ပြောနေသော ပန်းရဲ့စကားတွေကြောင့် ဝတ်မှုန်ဦး မျက်နှာမှာ ဝမ်းပန်းတနည်း ပျက်လာပါသည်။

"ပန်းရယ်... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီလိုတွေ မပြောပါနဲ့ ပန်းရယ်၊ ငါတို့ ဝမ်းနည်းအောင် နင် မပြောပါနဲ့"

"မမကြီး ဝမ်းနည်းအောင်ပြောတာ မဟုတ်ပါဘူး၊ ပန်း တကယ်တွေးမိလို့ပါ၊ တကယ်တော့ သေခြင်းတရားဆိုတာကြီးနဲ့ ရင်ဆိုင်ဖို့ ဖြစ်လာတဲ့အခါ အမုန်းဆိုတာတွေလည်း မှေးမှိန်သွားတတ်တယ်၊ အာဃာတ ဆိုတာမျိုးတွေလည်း ဘာမှ အဓိပ္ပာယ်မရှိတော့ဘူးနော်၊ သေတော့မယ့် အချိန်မှာ ဘာဆိုဘာကမှ တန်ဖိုးမရှိတော့ပါဘူး၊ အရာအားလုံးဟာ အသက်ရှင်သန်နေနိုင်မှသာ သူ့တန်ဖိုးကို ကိုယ်ခံစားလို့ ရတာပါ၊ ဒီအချိန်မှာ ငါသေလို့ ရပြီဆိုတဲ့ ကျေနပ်နိုင်တဲ့ ခံစားချက်မျိုးကို အသက်ရှင်နေစဉ် အခ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုံး ခံစားနေနိုင်မှ လူဖြစ်ရကျိုးနပ်တာ မဟုတ်လား"

အခန်းတံခါးလက်ကိုင်ဘုကို ညင်သာစွာ လှည့်ဖွင့်၍ ဝင်လာသော ညိုချစ်ဆိုင်က တောင့်တောင့်ကြီး ရပ်နေတဲ့ ယောက္ခမဖြစ်သူကို ပခုံးမှ အသာဖေးလျက် အနီးက ဆိုဖာတစ်ခု အပေါ် ထိုင်စေလိုက်ပါသည်။ ဒေါ်မာလာနွယ့် မျက်နှာမှာ ဖော်ပြရန် ခက်သော ခံစားချက်ရိပ် စွန်းထင်နေလျက် ဆိုဖာတွင် အလိုက်သင့် မှီလျောကာ နေလိုက်လေသည်။

"ဒေါ်သင်းသင်းမော်ကို မုန်းခဲ့ပေမယ့် သူသေသွားတဲ့အခါ ကျတော့ မုန်းလို့ ရသေးလို့လား၊ မုန်းခဲ့ဖူးတာကရော အဓိပ္ပာယ်ရှိသေးရဲ့လား၊ ကိုယ့်ဘာသာ တွေးကြည့်နေမိတာ ပါလေ၊ ပန်း ထင်မိတယ်၊ အချစ်တွေဖြစ်စေ အမုန်းပဲဖြစ်စေ၊ ပျော်ရွှင်မှုဖြစ်စေ၊ ဝမ်းနည်းဆွေးမြည့်မှုပဲဖြစ်စေ စိတ်ချမ်းသာမှု စိတ်ဆင်းရဲမှု အရာရာဟာ အဆုံးသတ်သွားတဲ့ တစ်နေရာ တစ်ချိန် ရှိတယ်၊ အရာအားလုံးဟာ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အဆုံးသတ်သွားတာ ချည်းပဲ"

"အေးပါဟာ... ငါ လက်ခံပါတယ် ပန်းရယ်၊ ဒါပေမဲ့ နင် ဘာဖြစ်လို့ ဒီအရေးမကြီးတာတွေကို အပင်ပန်းခံပြီး ပြောနေတာလဲ၊ ဘယ်တော့ ပြောပြော ရပါတယ်၊ မနက်ကပဲ နင် အသက်တောင်ရှူရခက်ပြီး တော်တော် နေမ





ကောင်းဖြစ်ထားတယ် မဟုတ်လား၊ နားနားနေနေ နေစမ်းပါဟာ၊ ဘာမှလဲ လျှောက်တွေးမနေစမ်းပါနဲ့ ညီမလေးရယ်"

"ဟင့်အင်း... မမကြီး"

ဦးဆောက်ပန်းက ခေါင်းကလေးယမ်းရင်း ပြုံး ယောင်ယောင်နှင့် မျက်ရည်လည်လာလေသည်။

"ပန်းမှာ ပြောချင်တဲ့ စကားတွေရှိတယ်၊ ပြောချင်တာတွေ အများကြီးရှိတယ်၊ ပန်းအတွက် အဆုံးသတ် အချိန်ဆိုတာ ရောက်လာတော့မှာလေ၊ ဘယ်လောက်နီးကပ်နေပြီလဲ ဘယ်သူမှ မသိဘူး၊ ဘာမှမပြောခဲ့ရပဲ ရုတ်တရက်ထွက်မသွားချင်ဘူး၊ ပန်း... ပန်းမရှိတော့တဲ့အခါ ပန်းရဲ့ခံစားချက်တွေ၊ ရင်ထဲကစကားတွေကို သူသိသွားခဲ့စေချင်တာတွေ ရှိတယ်၊ ပြောခွင့် ရ,မရဆိုတာသာ..."

ပန်းအသံလေးက ရှိုက်သံတစ်ဝက်နှင့် တိုးတိမ်ဆို့နင့်သွားပါသည်။ ညိုချစ်ဆိုင်သည် နာနာကျင်ကျင် ကျဆင်းလာသော မျက်ရည်စတချို့ကို နံဘေးမှ ဒေါ်မာလာနွယ့် မမြင်အောင် တစ်ဖက်သို့ ငဲ့စောင်းရင်း လက်တစ်ဖက်နှင့် အသာအယာ သုတ်ဖယ်လိုက်ရပါသည်။

ပြောသွားခဲ့ပါ ပန်းရယ်၊ မင်းကို ကိုယ် ပြောခွင့်ပြုပါတယ်။ မင်းကို စိတ်ချမ်းသာစေလိုခြင်းဟာ ကျိန်စာတစ်ခုလို ကိုယ့်ရင်ထဲမှာ မြဲမြဲစွဲစွဲ အသားသေနေပါပြီ။ ဆယ်နှစ်လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



မင်း မျိုသိပ်ခဲ့ရတဲ့ ဝေဒနာတွေ ဒဏ်ရာတွေအတွက် ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့။ ကိုယ့်ရဲ့အချစ်၊ ကိုယ့်ရဲ့ပိုင်ဆိုင်လိုမှုတို့ဟာ မင်းဘဝကို ဆယ်နှစ်လုံး ခြောက်သွေ့အထီးကျန်စေခဲ့တယ်ဆိုရင် ကိုယ် တောင်းပန်ပါတယ် ပန်းလေးရယ်။

❖ ❤ ❖

နှာစ်နှင့် ဒေါ်ပိုကိုတွဲ၍ ရေချိုးခန်းထဲမှ ထွက်လာသော ဦးဆောက်ပန်းကို ညိုချစ်ဆိုင်က ပြုံး၍ကြည့်ကာ မှန်တင်ခုံဆီ တွဲခေါ်လာခဲ့သည်။ ခုံဆွဲထုတ်ပေးကာ ထိုင်စေပြီး...

"ပန်းက တကယ့်ကို ပန်းကလေးလိုပဲ၊ ရေထိတာနဲ့ လန်းလာတယ်နော်၊ ချမ်းလားပန်း"

"ဟင့်အင်း... မချမ်းပါဘူး ကိုညို"

ညိုချစ်ဆိုင်က ခေါက်တင်ထားသော ပန်းရဲ့ဆံပင်တို့ကို ဆံညှပ်ခလုတ်ဟ,ကာ ဖြေချလိုက်ရင်း မျက်နှာသုတ်ပဝါအသေးလေးနှင့် အဖျားအနားတို့ကို ရေသုတ်ပေးနေပါသည်။ မှန်ထဲမှာ အရိပ်ထင်နေသော ပန်းပုံရိပ်ကို သူ မကြည့်။ ကြည့်လည်း မကြည့်ရက်။ ပိန်လှီ၍ အသားအရေ ညိုးခြောက်ညစ်နွမ်းကာ ပါးရိုးကလေးတွေ ပေါ်နေတဲ့ ချစ်ရသူကို သူ စေ့စေ့မကြည့်ရက်ပါ။

"ကိုယ် သနပ်ခါး သွေးထားတယ်"

"... ... ..."





"မနေ့က ပန်း သနပ်ခါးလိမ်းတာမို့လို့လေ၊ ဒီနေ့ရော လိမ်းချင်မလားလို့၊ မလိမ်းချင်လည်း မလိမ်းနဲ့လေ... နော်"

"လိမ်းချင်ပါတယ်၊ ဒါပေမဲ့ လက်အဆစ်တွေ နာနေတယ်၊ လက်ချောင်းက ကွေးလို့မရဘူး ကိုညို"

"ကိုယ်လိမ်းပေးရမလား ပန်း"

"လိမ်းပေးလေ"

ညိုချစ်ဆိုင်က ကျွန်းခုံကလေးပေါ်က ပန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် မှန်တင်ခုံအစွန်းမှာ မှန်ဘက်ကျောပေး၍ မှေးထိုင်လိုက်ရင်း နံဘေးက သနပ်ခါးအသင့်သွေးပြီးသော ကျောက်ပြင်ငယ်လေးပေါ်မှ သနပ်ခါးတို့ကိုယူ၍ ပန်းမျက်နှာပြင်ပေါ် ကြိုးစားပြီး လိမ်းလေသည်။ နှာစ်လေးက မြင်ကွင်းကိုရပ်ငေးကြည့်နေသည်။

လှုပ်ရှားမှုကြောင့် မောနေသော ပန်းက နှုတ်ခမ်းလေး ပွင့်ဟနေသည်။

"နှုတ်ခမ်းလေးစေ့ထား ပန်း"

"... ... ..."

ပန်းက နှုတ်ခမ်းစေ့လိုက်ပြီး အမြီးအမောက်မတည့်လှစွာ လက်မယဉ်စွာ သနပ်ခါး လိမ်းပေးနေတဲ့ ညိုချစ်ဆိုင်မျက်နှာကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း… ကိုယ်… ဒါ ပထမဆုံးပဲ၊ ပထမဆုံးလိမ်းဖူးတာပဲ"

"………"

"မျက်စိလေးပါ မှိတ်ထားလေ ပန်း၊ မျက်လုံးထဲ သနပ်ခါးတွေ ဝင်ကုန်မယ်"

ပန်းသည် မျက်လွှာနှစ်ဖက်ကို မှေးမှိတ်လိုက်သည်။ မျက်သားနှင့် မျက်ခွံအတွင်းဘက် အထိအတွေ့မှာ ပူနွေးစွတ်စိုနေသည်။ မျက်ရည်ဟာ ကျမလာသော်လည်း မျက်ဝန်းအိမ်ထဲ၌ ရှိနေတာကို သိရသည်။

"ကိုယ် ခဏနေရင် သားကို ကျောင်းကြိုဖို့ အပြင်ထွက်တော့မယ်၊ တမင်တကာ မေမေနဲ့ မေမေကြီးတို့ကိုလည်း ဒီနေ့ အိမ်မလာဖို့ သေချာမှာထားပြီးပြီ၊ ကိုယ့်အိမ်ကလည်း ဘယ်သူမှ လာမှာမဟုတ်ဘူး သိလား"

"………"

"သုံးနာရီကျော်ကျော်လောက်ဆိုရင် ညီစေ ရောက်လာလိမ့်မယ်နော်၊ ပန်းတို့ လွတ်လွတ်လပ်လပ် စကားပြောလို့ရတယ် သိလား၊ ပန်းနားမှာ ဆရာမ နော်မူးဝါ ဖြစ်ဖြစ်တော့ ရှိနေစေချင်တယ်၊ ဒါပေမဲ့ ပန်းက မရှိစေချင်ဘူးဆိုရင်လည်း အနားခေါ်မထားပါနဲ့၊ ပန်းတို့ကို မြင်နိုင်မယ့်နေရာနားအထိတော့ ဆရာမ နော်မူးဝါကို နေခွင့်ပြုစေချင်တယ် ပန်း"





"ရပါတယ်"

"ပြီးတော့…"

ညိုချစ်ဆိုင်ကို ပန်းက မျက်လုံးလေ ဖွင့်ကာကြည့်လိုက်ပေမယ့် ညိုချစ်ဆိုင်က သပွတ်တံအသေးကလေးနှင့် မျက်ခုံးပေါ်က သနပ်ခါးတို့ကို ခြစ်ရန်ဟန်ပြင်နေတာမို့ မျက်စိကိုပြန်မှိတ်ထားလိုက်ရပါသည်။

"ပြီးတော့… ပန်း စိတ်တွေ တအားကြီး မလှုပ်ရှားစေနဲ့နော်၊ ဝမ်းသာတာ ဝမ်းနည်းတာတွေ အရမ်းကြီးမခံစားစေချင်ဘူး၊ ဘာတွေပဲ ပြောဖြစ် ပြောဖြစ် ပန်းစိတ်ကို ထိန်းနော်၊ ဒီတစ်ကြိမ်ပဲ မဟုတ်ပါဘူး၊ ညီစေ့ကို ပန်း နောက်ထပ် တွေ့ချင်စိတ် ရှိရင်လည်း တွေ့လို့ရပါတယ်၊ အိမ်ကိုဖိတ်ခေါ်လို့ ရပါတယ်၊ ဒီတစ်ခါပဲ နောက်ဆုံးပဲလို့ ပန်း ထင်ပြီး စိတ်မကောင်းမှာ စိုးလို့ပါ"

မှိတ်ထားတဲ့ ပန်းရဲ့မျက်ဝန်းအောက်မှ မျက်ရည်စီးကြောင်းလေးက လျှောခနဲ ကျလာသည်။

"အို… ဘာလို့ မျက်ရည်ကျရတာလဲ ပန်းရယ်၊ မျက်ရည်မကျရဘူးလေ၊ သနပ်ခါးတွေ ပျက်ကုန်မှာပေါ့"

ညိုချစ်ဆိုင်က တစ်ရှူးတစ်ရွက်ဖြုတ်၍ သနပ်ခါးစိုစိုပေါ်မှ မျက်ရည်ကြောင်းကလေးပေါ် ဖိလိုက်ပါသည်။ အခန်းဝနားက ဒေါ်ပို မျက်ရည်ကျိတ်သုတ်နေတာကို ညိုချစ်ဆိုင်က မြင်၍ လှမ်းကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ပို... ဆရာမရော၊ ပန်းကို အဝတ်အစား ကူလဲပေးပါဦး၊ ကျွန်တော် သွားရတော့မယ်၊ သား ကျောင်းမကြိုခင် ဝင်စရာလေး တစ်နေရာလည်း ရှိသေးတာ"

စောထွက်သွားရမှာကို ရှောင်ပေးတဲ့ အဖြစ်လည်း မရောက်ရအောင် ဖုံးဖုံးဖိဖိပြောပြီး ညိုချစ်ဆိုင်က ကမန်းကတန်း ရှပ်အင်္ကျီတစ်ထည်သာ ကောက်လဲ၍ ပန်းကို နှုတ်ဆက်ကာ ထွက်လာခဲ့ပါသည်။ အောက်က ကားပါကင်ဆီမှ ကားဆီရောက်အောင် ကမန်းကတန်း ပြေးသည်။ ကားပေါ်ရောက်သည်ထိ သူ့မျက်ရည်ကို မထိန်းနိုင်မှာ စိုးလို့ပင်။ သူ ဝမ်းနည်းနေတယ် စိတ်မကောင်းနေတယ်လို့ ပန်း မထင်မြင်စေရန် တပ်ဆင်ထားရသော အပြုံးတစ်ခုကတော့ အိမ်ပေါက်ဝကတည်းက ပြုတ်ကြွေကျခဲ့ပြီ။ ကားထဲရောက်လျှင် သူ့ရဲ့နာကျင်မှုများ မျက်ရည်အလုံးလုံးနှင့် ကြွေကျရဦးမည်။

❖ ❤ ❖





(၁၉)

ညီစေက မှိုလျှောလျှော ဒရင်းမ်ဘက်ဒ်ပေါ်မှ ပန်းကို ကြေကွဲကရုဏာသက်စွာ ငေးမောကြည့်နေရင်းက...

"နင် မောနေပြီလေ ပန်း"

"နည်းနည်းပါဟာ"

"တော်ပါတော့ဟာ၊ ခဏနားလိုက်ပါဦး၊ နင် စကားတွေ ပြောတာ များလှပြီ၊ နင် ပြောတာတွေ အားလုံးကို ငါနားလည်တယ်၊ ငါသဘောပေါက်တယ်၊ ငါအားလုံးခံစားလို့ရတယ် ပန်း၊ ငါ ရုတ်တရက် ပြန်ပေါ်လာတာဟာ နင့်ကို ဗျာများစေသလို ဖြစ်သွားသလားလို့ ငါတွေးနေမိတာ"

"မဖြစ်ပါဘူး ညီရာ"

"ငါ လာတွေ့လို့ နင် နေမကောင်း ဖြစ်သွားရင် ကိုညိုချစ်ဆိုင် စိတ်ခုနေပါဦးမယ်ဟာ"

"မခုပါဘူး ညီ၊ သူက သဘောကောင်းပါတယ်၊ ငါ့ကို နင့်အကြောင်းတွေလည်း ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အကြောင်းက လေးလေးနက်နက် စိတ်ဝင်စားစရာ သိပ်မရှိပါဘူး ပန်းရာ၊ ဘာတွေပြောပြရမလဲ"

"ဘာပဲဖြစ်ဖြစ်ပါ၊ ငါခဏနားနေတုန်း နင်ပြောပေါ့"

ညီစေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး…

"နို့မို့ရင် ငါ နင့်ကို ပြန်ဆက်သွယ်ဖြစ်ဖို့ အကြောင်းမရှိပါဘူး ပန်းရာ၊ နင့်ကျန်းမာရေး အခြေအနေကို သိရကြားရတော့ ငါ စိတ်လည်းပူတယ်၊ နင် ဘာလိုအပ်မလဲ၊ ငါ ဘာလုပ်ပေးနိုင်မလဲ ဆိုတာလည်း တွေးမရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ အနည်းဆုံး တစ်ကြိမ်တော့ တွေ့ဖြစ်ကြဖို့ သင့်တယ်လို့ ငါ ခံစားရတယ်၊ ဒါကြောင့် တွေ့ခွင့်တောင်းမိတာပါ…

ငါ့အတွက် နင် မလေးပင်ပါနဲ့ ပန်း၊ စိတ်ထဲမှာလည်း ဘယ်လိုမှ နောက်ဆံမတင်းပါနဲ့၊ တကယ်တော့ နင်တို့ အိမ်ထောင်ရေး အဆင်မပြေကြဘူးဆိုတဲ့သတင်း ငါ အစောကြီးကတည်းက ကြားခဲ့တယ်၊ အဆင်မပြေတာကလည်း နင့်ဘက်က မပြေလည်တာဆိုတာ ကိုညီချစ်ဆိုင်ရဲ့ ယောက်ဖဆီကနေ မမျှော်လင့်ဘဲ ကြားလိုက်ရတယ်။ အဲဒီအချိန်မှာ ငါ ဘာလုပ်ရမယ်မှန်း မသိဘူး၊ အမှန်အတိုင်း ပြောရရင် နင် မပျော်ဘူး၊ နင် စိတ်မချမ်းသာဘူးဆိုတာ သိလိုက်ရတော့ အဲဒီတုန်းကတည်းက နင့်ကိုလာတွေ့ရင် ကောင်းမလား ငါစဉ်းစားခဲ့မိသေးတယ်"

"… … …"





"ဒါပေမဲ့ မသင့်တော်ဘူးလို့ ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး ငါ ခပ်ဝေးဝေး ထွက်သွားဖို့ ကြိုးစားတယ်၊ ဒီမှာတောက်လျှောက်နေနေရင် ငါ အမှားလုပ်မိမှာစိုးလို့လေ၊ ငါ အင်ဒိုနီးရှားမှာ လေယာဉ်မောင်းသင်တန်းကျောင်း သွားတက်ဖို့ ဒီကနေ စာမေးပွဲ ဖြေဖြစ်တယ်၊ ဆေးတွေဘာတွေစစ်၊ စာမေးပွဲလည်းအောင်တော့ အင်ဒိုနီးရှားမှာ ငါ နှစ်နှစ် ကျောင်းသွားတက်ခဲ့တယ်လေ၊ အဲဒါပြီး ပြန်လာတော့ သူ့ပရိုဂရမ်အတိုင်းပေါ့ဟာ၊ မင်္ဂလာဒုံမှာ DCA တက် လိုင်စင်ဖြေ၊ flying hour ယူပေါ့၊ အလုပ်ခွင်ထဲမှာ စိတ်ကိုနှစ်ထားလိုက်ပြီး နင့်အကြောင်း သတင်းကြားရနိုင်တဲ့ နေရာတွေကိုပါ ရှောင်ပြီးနေလိုက်တယ်၊ ငါ့ဟာနဲ့ငါ ပျော်သလိုနေတယ်၊ ဒီလောက်ပါပဲ၊ ပြောစရာက အများကြီး မရှိဘူး၊ ငါ… အဆင်ပြေပါတယ်"

"နင် အဆင်ပြေတယ်ဆိုရင် ငါ ဝမ်းသာပါတယ် ညီ"

"ပြေပါတယ်၊ ငါတကယ် အဆင်ပြေပါတယ်"

ဦးဆောက်ပန်းရဲ့နှုတ်ခမ်းမှာ အပြုံးရိပ်လေးပေါ်လာတဲ့ အတွက် ညီစေ စိတ်ချမ်းသာ ကျေနပ်ရပါသည်။ အချစ်ရေးမှာ ကံဆိုးတဲ့မိန်းကလေး။ ဒီကောင်မလေးကို သူ သနားလှသည်။ ဆာနေတဲ့ကြားက တတွတ်တွတ် ပြောပြနေခဲ့တဲ့ စကားတွေကြားမှာ ကြည်နူးဆွတ်ပျံ့ဖွယ် အချစ်တစ်ခုကို သူ ရှာဖွေတွေ့ရှိပါသည်။ ချစ်ပါသည်လို့ တစ်လုံးမှ ဖွင့်ဟပြောစရာ မလိုအပ်တော့သော ခမ်းနားတောက်ပတဲ့ ချစ်ခြင်းတစ်ခုကို သူခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင်လည်း သူမကို လောကကြီးမှာ ဆက်နေခွင့် ပေးလိုက်ပါလား ကံကြမ္မာရယ်။ ဘာကြောင့် မော်ကဝေဆန်စွာ လှည့်စားရက်စက်ချင်ရတာလဲ။ သူ့ခမျာ ဘာအပြစ်ရှိရှာလို့လဲ။ သူ့ရင်ထဲ တနုံ့နုံ့နာကျင်ရသည်။

"ကိုညိုချစ်ဆိုင် ဘယ်အချိန်လောက် ပြန်ရောက်မလဲ၊ သူ့ကိုငါ စောင့်နှုတ်ဆက်ဦးမှ ထင်တယ် ပန်း"

"သူ တော်တော်နဲ့ ပြန်လာမှာ မဟုတ်ဘူး ညီစေ၊ သားကို ငါးနာရီကြိုပြီးရင်တောင် ငါတို့ လွတ်လွတ်လပ်လပ် အားရပါးရ စကားပြောချိန်ရအောင် သူက တစ်နေရာရာ ဝင်ရင် ဝင်နေဦးမှာ"

"သူက နင့်ကို သိပ်ချစ်တဲ့ လူကောင်းတစ်ယောက်ပါ ပန်း၊ ငါတို့အပြင်မှာ တွေ့ကြတုန်းကတည်းက ငါသေချာ သိခဲ့တယ်၊ သူ နင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာလေး ပြီးတော့ သူက သဘောထားပြည့်ဝတဲ့ ယောကျ်ားတစ်ယောက်ပါ"

ညီစေက ညိုချစ်ဆိုင် ပြောခဲ့တဲ့ အချို့သောစကား လေးတွေကို စဉ်းစဉ်းစားစား ပြန်ပြီးကောက်နှုတ်ကာ ပန်းကို ပြောပြမိပါသည်။ စိတ်ဝင်တစား နားထောင်နေတဲ့ ပန်းရဲ့မျက် ဝန်းကလေးတွေဟာ တရှိုက်မက်မက် အရောင်လက်လျက်သား အဲဒီအတွက် ကြေကွဲခြင်းတစ်ဝက်နှင့်အတူ ညီစေ ကြည်နူးကျေနပ် မိသည်။





"တကယ်တော့ ပန်း..."

"........."

"နင် ငါ့ကို ခုန ထိုင်ပြောပြနေခဲ့တဲ့ စကားတွေကို နင် သူ့ကို အရင်ပြောပြရမှာ ပန်း၊ ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ဝုန်းခနဲ မဟုတ်ဘဲ တစ်နေ့ချင်း တစ်ရက်ချင်း တစ်နာရီချင်း တစ်စက္ကန့်ချင်း နင် ပြောင်းလဲလာတဲ့ ပေါက်ဖွားလာတဲ့ ခံစားချက်အသေးစိတ်ကို သူ သိခွင့်ရသင့်တယ်၊ သူ့ကို နင် ပျော်ခွင့်ပေးသင့်တယ်"

"ငါ ရှက်တယ် ညီစေ"

"........."

ဩော်... ပန်းရယ်...။ ဤသို့သာ ရင်ထဲက ကျိတ်၍ ညည်းတွားမိပါသည်။ တကယ်ပဲ ရှက်သွေးဖြန်းနေတဲ့ မျက်နှာကလေးဟာ ဦးဆောက်ပန်းကို ရောဂါဝေဒနာသည်လေး တစ်ဦးနှင့်ပင် မတူစေတော့။

"နင် သူ့ကို စိတ်ချမ်းသာခွင့် ပျော်ရွှင်ခွင့် ပေးသင့်တာပေါ့"

"ဒါပေမဲ့ ဒါဟာ ငါမရှိတော့တဲ့အခါ သူ့လွမ်းဆွတ်မှု တမ်းတမှုကို ပိုပြီးပြင်းထန် နာကျင်စေမလားလို့လည်း ငါ စိုးရိမ်တယ် ညီစေ၊ ဒီအတိုင်း ထားသွားတာက သူ့ အတွက် ပိုသက်သာစေမလား၊ ငါဝေခွဲမရခဲ့လို့ပါ၊ ဆယ် နှစ်လုံးလုံး သူ့အပေါ် မတရားမိခဲ့ဘူး၊ ကိုယ်ချင်းစာမှု



www.burmeseclassic.com

www.burmeseclassic.com



မပေးခဲ့မိဘူး၊ သူ့စိတ်သက်သာမှုကို မငဲ့ကြည့်ခဲ့ဘူး၊ ငါ မရှိတော့တဲ့အခါ သူ ခံစားပြီး ကျန်ရစ်ခဲ့ရမှာချင်းတူတူ ခံစားမှု အနည်းဆုံး အသက်သာဆုံးဖြစ်မယ့် အခြေအနေမျိုးနဲ့သာ သူ့ကို ထားခဲ့ချင်တာပါ"

"မမှန်ဘူး ပန်း၊ နင့်အတွေး မမှန်ကန်ဘူး"

ညီစေက နာရီတစ်ချက်ကြည့်ရင်း ထိုင်ရာမှထ,ရပ်လိုက်ပါသည်။

"ငါ ပြန်မှထင်တယ်၊ ခုန ဆရာမဆီလာတဲ့ဖုန်းက ကိုညို ချစ်ဆိုင်ဆီက ဖြစ်နိုင်တယ်၊ ငါရှိသေးလား မေးတာ ဖြစ်နိုင်တယ်၊ ပြန်မလာဘဲ အပြင်မှာ အချိန်ဖြုန်းနေပေးနေရင် ကလေးပါ ပင်ပန်းနေမယ်၊ နောက်တော့ နင်လည်းနေသာ ထိုင်သာရှိရင် သူပါရှိမယ့် တစ်ရက် ငါလာပါဦးမယ်"

ညီစေက ဒရင်းဘက်ဒ်ပေါ်က ပန်းရဲ့ခေါင်းပေါ် လက်ဖဝါးတစ်ဖက်နှင့်အုပ်ကာ နှုတ်ဆက်လိုက်ပါသည်။

"ပန်း... သူ တစ်ယောက်တည်း ကျန်ခဲ့တဲ့အခါ သူ့ဘေးမှာမရှိတော့တဲ့ သူ့မိန်းမဟာ ရှိခဲ့စဉ်က သူ့ကို ဘယ်လို ချစ်သွားခဲ့တယ်ဆိုတာ ပြန်တွေးတိုင်း သူ ကြည်နူးခြင်း သိမ့်နိုင်မှာပါဟာ"

❖ ❤ ❖





အိပ်ပျော်နေတဲ့ သားရဲ့နဖူးလေးကို ဖွဖွလေး တစ်ချက်ရှိုက်နမ်းပြီးသော် ရင်ထဲဆို့နစ်လျက် သားခုတင်ပေါ်မှ ပြန်အထ ခြေထောက်များက အားစိုက်လို့မရ။ မျက်ရည်လည်လာကာ အခန်းဝက ညိုချစ်ဆိုင်ထံ လှမ်းကြည့်လိုက်မိသည်။ ညိုချစ်ဆိုင်က အရိပ်အကဲကိုသိကာ အပြေးကပ်လာရင်း...

"လမ်းလျှောက်လို့ မရဘူးလား ပန်းလေး"

"အင်း... နည်းနည်း ခြေထောက်တွေ အားမရှိသလိုပဲ"

"ဆရာမနဲ့ ကိုယ်နဲ့ တွဲမယ်လေ ပန်း"

"ဟင့်အင်း... ကျွန်... ကျွန်မကို... ကိုညို ပွေ့ချီသွားပါ"

"........."

ညိုချစ်ဆိုင် တစ်ခဏ ဆွံ့အသွားပြီး ပန်းရဲ့ပေါ့ရွတ်နေတဲ့ ခန္ဓာကိုယ်ကလေးကို ချက်ချင်းပဲ ကောက်မှုပွေ့ချီလိုက်ပါသည်။

"ဝရန်တာကို သွားရအောင်"

"မအိပ်ချင်သေးဘူးလား ပန်းရယ်၊ နားလိုက်ပါလား"

"ခဏနေ အိပ်မှာပါ... ခဏပါပဲ၊ ဒီညက ကြယ်ရှိမယ့် ညလေ"



www.burmeseclassic.com

www.burmeseclassic.com



ညိုချစ်ဆိုင်က ဝရန်တာမှ ခုံပိုင်းတစ်ခုပေါ် ပန်းကိုယ်လုံးလေးကို အသာအယာ ချပေးလိုက်သည်။

"ရှင်... ဒီမှာ ထိုင်ပါ"

ညိုချစ်ဆိုင်က ပန်း ညွှန်ပြတဲ့ နံဘေးခုံမှာ မထိုင်ဘဲ ပန်းရဲ့ နံဘေးနားက ဝရန်တာကြမ်းခင်း ကြွေပြားပေါ်သာကပ်၍ ထိုင်ချလိုက်ပါသည်။

"ကိုညို"

"ပန်း..."

"ဟိုမှာ ကြယ်တွေအများကြီးပဲ၊ ရှင်နဲ့ ကျွန်မ ကြယ်တွေ ပြိုင်ရေရအောင်လေ"

"ပန်း"

ညိုချစ်ဆိုင်က ပန်းဘက်သို့လှည့်ကာ ထိုင်လိုက်ရင်း ပန်းရဲ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ပါသည်။

"ကိုယ်မြင်နေရတာလည်း ဒီကောင်းကင်၊ ပန်း မြင်နေရတာလည်း ဒီကောင်းကင်၊ ကိုယ့်ရဲ့ကြယ်တွေဟာလည်း ပန်းရဲ့ကြယ်တွေပဲ၊ ပန်းရဲ့ကြယ်တွေဟာလည်း ကိုယ့်ရဲ့ ကြယ်တွေပါ၊ ကိုယ်တို့ အရေအတွက်ပြိုင်ဖို့ မလိုဘူးဆော ပန်း၊ ကိုယ်တို့က အတူတူ ရှိနေတာ"

"တကယ်လို့ အတူတူ မရှိတော့ဘူးဆိုတဲ့ အချိန်ကျရင် ကိုညို့အတွက် အမှတ်တရ အဖြစ်အပျက်လေးတွေ ပေး ထားခဲ့ချင်တာပါ၊ ပြန်စဉ်းစားစရာ အောက်မေ့စရာ အ





တစ်ခုမှ မပေးခဲ့ဖူးတဲ့ ပန်းကို ခွင့်လွှတ်ပါ ကိုညိုရယ်၊ ကိုညို့အပေါ် မလိမ္မာခဲ့တာ တစ်ကိုယ်ကောင်း ဆန်ခဲ့တာတွေ အတွက်လည်း ခွင့်လွှတ်ပါ"

ပန်းရဲ့ပါးပေါ်က မျက်ရည်စက်လေးကို ညိုချစ်ဆိုင်က အသာအယာ သုတ်ဖယ်လိုက်ပါသည်။

"ကိုယ့်အတွက် ထူးခြားတဲ့ အမှတ်တရ အဖြစ်အပျက် မလိုအပ်ပါဘူး ပန်းရယ်၊ ဆယ်နှစ်လုံးလုံး နေ့ရက်တိုင်း အချိန်တိုင်းက အမှတ်တရပါ၊ အမှတ်တရတွေ မရှိခဲ့ဘူးလို့ ပန်း မထင်ပါနဲ့၊ အမှတ်တရဆိုတာ တကူးတက ဖန်တီးပေးမှ မဟုတ်ပါဘူး၊ ကောင်းတာလေးတွေချည်း ပျော်စရာလေးတွေချည်း ချန်ရစ်ခဲ့မှလည်း အမှတ်တရ မဟုတ်ဘူး...

ဘယ်တော့မှ မေ့ပျောက်မသွားနိုင်တာ အားလုံးဟာ အမှတ်တရတွေချည်းပါပဲ၊ ကိုယ့်အနားမှာ အချိန်တွေ အများကြီး ကုန်ဆုံးခဲ့ပေးတာ၊ ကိုယ့်အတွက် သားကလေးကို ပေးခဲ့တာ၊ ဒါတွေဟာ တန်ဖိုးဖြတ်မရတဲ့ အမှတ်တရတွေချည်းပဲ"

ပန်းက သူမရဲ့အေးစက်တဲ့ လက်ဖဝါးလေးတွေနှင့် ညိုချစ်ဆိုင်ရဲ့ပါးပြင်ကို လှမ်း၍ထိကိုင်ထားလိုက်မိပါသည်။

တကယ်တော့လေ... အချိန်သာ ရှိသေးတယ်ဆိုရင် ရှင်နဲ့အတူ ရှင့်ကို ပျော်ရွှင်စေမယ့် အမှတ်တရလေးတွေ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ချင်သေးတာပါ။ ရှင်နဲ့ ကျွန်မ တိမ်တွေကိုလည်း အရုပ်ဖွက် ချင်ခဲ့သေးတယ်။ ကြယ်ကလေးတွေကိုလည်း ရေတွက်ခဲ့ချင်ဖူး သေးတယ်။ ကျွန်မ မြင်ရတဲ့ ကြယ်ကလေးတွေကို အရေအတွက် လျှော့ပြောပြီး ရှင့်ကို ကျွန်မက အရှုံးပေးခဲ့ချင်ပါသေးတယ်။ ဖုန်းထဲကနေ ကျွန်မကသာ သီချင်းဆိုပြီး ဂစ်တာလေး တီးပြ ချင်သေးတယ်။ တစ်ညလုံး စကားတွေထိုင်ပြောရင်း ရှင်ဖြစ်စေ ကျွန်မဖြစ်စေ မတော်တဆ အိပ်မောကျသွားမယ့် အဖြစ်အပျက် မျိုးလည်း ရှင့်ကို ကြုံခွင့်ပေးချင်ပါတယ်။

ကျွန်မ မရှိတော့တဲ့အခါ…

ရှင့်ကို ကျွန်မ ချစ်မိသွားခဲ့ပါတယ် ဆိုတာ သိရရင် ရှင် စိတ်ဖြေသာမလား၊ ရှင့်အပေါ် စိမ်းကားတဲ့ မိန်းမတစ်ယောက် ကို ရှင် အဆုံးစွန် ပေးဆပ်ကြင်နာ လိုက်လျောပေးခဲ့တယ်လို့ တွေးရင် ရှင် ပိုဖြေသိမ့်နိုင်မလား ကျွန်မ သိချင်လှပါတယ်။

❖ ❤ ❖

လမင်းမိုမို

www.burmeseclassic.com